www.burmeseclassic.com

လရောင်ကျူးရှင်

# ကြာသုံးပွင့် အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

## ကြာသုံးပွင့်အိပ်မက်

(ဇာတ်သိမ်းပိုင်း)

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၃၈၈၀၄၁၀

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၆၄၃၀၆၁၀

အကြိမ် – ပထမအကြိမ်၊

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၁၇၆၉)

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ အဖုံးပုံနှိပ်သူ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)

ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၈၈)၊ ၅၁ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရှင့်

ကြာသုံးပွင့်အိပ်မက်/ လရောင်ကျူးရှင့်၊ – ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၀။

၃၂၄– စာ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ကြာသုံးပွင့်အိပ်မက်



## အခန်း (၃၇)

"သွား ... နင်ထွက်သွား၊ ဒီအိမ်မှာ နင်အားကိုးတဲ့ နင့်ရဲ့အဘလဲ မရှိတော့ဘူး။ ကိုကြီးတို့လဲ မရှိတော့ဘူး။ အေး ... ငါတစ်ယောက်တည်း ကျန်မေမယ့် ဒီအိမ် ဒီခြံကို ငါဘာသာဖြိုပဲချချ၊ မီးပဲရှို့ပစ်ပစ် နင်နဲ့မဆိုင်ဘူး။ နင်နဲ့ ဒီခြံ ဘာမှ လုံးဝ မသက်ဆိုင်ဘူး။ သွားဆိုသွား၊"

မငယ်မျက်နှာက ဘီလူးသရဲစီးနေသလို ကြည့်ရဆိုးနေ၏။ နားသယ်စပ်နှင့် နှုတ်ခမ်းဖျားတွေ၊ မျက်ခမ်းစပ်တွေမှာ သီးထနေသည့် ချွေးစက်တွေက အလှည့်ကျ တစ်ပေါက်ချင်းစီးကျနေကြ၏။ လည်တိုင်နှင့် ရင်ဘတ်တစ်ခုလုံးမှာ ရေပက်ထားသလို စိုရွှဲနေတာကလည်း ချွေးတွေ နှင့်မတူတော့ပေ။ အရိုင်း ဘာသာတစ်ခွန်းမှမပြောပါ။

'သွင်ရတနာ'အိမ်ကြီးမှာ ဓနသတ္တေပျက်စီးခြင်းတွေ ဆက်တိုက်ဖြစ်သွားခဲ့တာ မယုံနိုင်စရာပင်။ သူဌေးကြီးဦးမိုးအုံ ဆုံးသွားခဲ့သည်။

သိပ်မကြာလိုက်မီမှာ ဥပဒေနှင့်မလွတ်ကင်းသော ကုန်သွယ်မှုငွေ ... သယ်မှုများနှင့် ကိုကြီးတို့ညီအစ်ကို အဖမ်းခံလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့သည့်တိုက်နှင့်ခြံကြီးကလည်း တစ်ဝက်လောက်ကို သူများလက်ထဲ ထိုးအပ်ရတော့မည့်အခြေအနေ ဖြစ်၏။ မိန်းမသားတစ်ဦးတည်း ကျန်ရစ်ခဲ့မည့် မငယ်အဖို့ ဒီလောက်တော့ တုန်လှုပ်မပေါက်ကွဲနိုင်သည်။

ဒီပစ္စည်း၊ ဒီနေရာလောက်တော့ သိမ်းပိုက်ခွင့်ရှိသည်ဟု နားလည်ပေးရင်း အရိုင်း တိတ်ဆိတ်စွာထရပ်လိုက်၏။ ခြေဦးလှည့်လိုက်သည်က အခန်းထဲက ကိုယ့်အတွက် မဖြစ်မနေလိုအပ်မည့်ပစ္စည်းအနည်းငယ်လောက်ကို ယူမလို့ …၊

“ဟဲ့ ဘာလုပ်မလို့လဲ”

မငယ်က နောက်ကမြေးလိုက်လာပြီး ပခုံးနောက်က အင်္ကျီစကို ဆောင့်ဆွဲသည်။ သူမနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားအောင် မညှာမတာဆွဲလှည့်လိုက်ပြီးမှ …

“ဘာလုပ်မလို့လဲ၊ မဝင်နဲ့ ဒီအိမ်မှာ နင်ပိုင်ဆိုင်ခွင့်ရှိတဲ့ပစ္စည်း ဘာမှမရှိဘူး။ ဒီတိုင်းထွက်… ခုထွက်သွား”

“ကျွန်တော် ဘာပစ္စည်းမှ မယူပါဘူး။ မယုံရင် မငယ် လိုက်ကြည့်ပါ”

မငယ်က တကယ်လိုက်လာသည်။ စားပွဲတင်နာရီထည့်သည့် ကတ္တူဘူးလေးကို သူ့ဗီရိုထဲကထုတ်ယူပြီး လက်ထဲထည့်ပေးလိုက်တော့ မငယ်က ဖွင့်ကြည့်၏။

ရိုးရိုးစာရွက်ဖြူလေးပေါ်မှာ အရုပ်ရေးထားသည့်ပန်းချီစာရွက်လေးတစ်ရွက်နှင့် နောက်တစ်ရွက်က ပိုမာရိန်းနီးယား ခွေးစုတ်ဖွားလေးတစ်ကောင်၏ ဦးခေါင်းပုံ ဆွဲထားသည့် စာရွက်တစ်ရွက်။

ပြီးတော့ သုံးလက်မသာသာ လေးလက်မလောက်ရှိမည့် အထူအပါးအရွယ်အစားမညီသော သားရေဖုံးနှင့်စာအုပ်လေးသုံးအုပ်။





ထို့နောက် …

“ဟင် …”

“အဲဒါက သူများပစ္စည်းပါ”

အောက်ဆုံးစာအုပ်လေး၏ကြားထဲက ထွက်ကျလာသည့် စိန်လော့ကက်နှင့်ပလက်တီနမ်ဆွဲကြိုးလေးတစ်ကုံး …။

မငယ်က ဆွဲကြိုးကို သေချာကြည့်လိုက်စဉ် အရိုင်း က ဖျတ်ခနဲ ဆွဲယူပစ်လိုက်၏။ တစ်သက်လုံး ဒီလို မလေးမစားမလုပ်ခဲ့ဖူးပေ။

အိမ်မှာ လူကြီးသူကြီးတွေ ဘယ်သူမှမရှိကြတော့သည့် ဒီနေ့ထိ တစ်ခွန်းတစ်ပါဒမျှ ခံမပြော။ နောက်ဆုံး သူမ ဘာပြောပြော ဘယ်လိုဆူနေနေ မျက်လုံးတစ်ချက်ပင်လှန်မကြည့်ခဲ့သည့်သူ …၊

လက်ထဲကပစ္စည်းကို ဆိုးဆိုးဆတ်ဆတ်ဆွဲယူခံလိုက်ရသဖြင့် ဒေါသဖြစ်သွားပေမယ့် အံ့ဩတာလည်းပါသည်။ အရိုင်း သည် ကြောက်ရွံ့နောက်တွန့်ခြင်းမရှိသော အေးစက်စက်မျက်နှာနှင့် ဆွဲကြိုးကို အင်္ကျီအိတ်ထဲထည့်လိုက်ပြီး …

“မငယ် ပိုင်တယ်လို့ သတ်မှတ်သမျှပစ္စည်းအားလုံးကို ကျွန်တော် လက်များနဲ့မထိဘဲ ထွက်သွားမှာပါ”

ပြောပြီး မငယ် ကိုင်ထားတဲ့ ကတ္တူဘူးလေးကိုပါ ဆွဲယူလိုက်သည်။

“ဒီထဲကပစ္စည်းလေးတွေက မငယ်နဲ့ လုံးဝမသက်ဆိုင်တာတွေပါ”

‘သွင်ရတနာ’အိမ်ကြီးနှင့် နောက်ဆုံးနှုတ်ဆက်ကျောခိုင်းခဲ့သည့်နောက်မှာ သူ့ရင်ခွင်ထဲမှာ ပွေ့ပိုက်လာခဲ့တာက ‘ရွှေလက်ဆက်’ဆိုသော သူမလေးနှင့်ပတ်သက်သည့် နုလုံးသားမြို့သစ်လေးတစ်ခုထဲက မပြည့်စုံသေးသော ပုံဆောင်ခဲလေးတွေပဲဖြစ်သည်။

ပြီးတော့ ဘယ်လက်အစ်ဖက်မှာ လပ်တီးကိုဆွဲထားပျက် …



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝမှာ အစကတည်းက ခုချိန်ထိ ပူလောင်ပြင်းပြနေဆဲဖြစ်ကာ နောက်ထပ်ဘဝ၏ တစ်ဆစ်ချိုးမှာလည်း ခြေဗလာ၊ လက်ဗလာနှင့် စခဲ့ရပြန်ပြီ။

ဘယ်လိုပုံစံနဲ့ ဘဝခေတ်ခုပေါ် ကိုတက်ရပါစေ သူ ဂရုစိုက်တာက လောကခံကိုမဟုတ်ပေ။ ဘယ်ဆီဘယ်ဝယ်မှာမှန်း မသိသည့် ရွှေလက်ဆက် ဆိုသော မိန်းကလေးနှင့် ပြန်ဆုံနိုင်ခွင့်ရဖို့သာ လိုချင်တောင့်တဆုံး သောဆုဖြစ်သည်။

ပြန်ဆုံခွင့်မရနိုင်တော့မှာ စိုးရိမ်မိသည့် ပူပန်ကြောင့်ကြမှုတစ်ခုသာ သူ့ရင်ထဲမှာရှိသည်။ ရန်ကုန်မြို့ကြီးမှာ ခြေချမိပြီဆိုတာနှင့် ရပ်တည်စရာ တစ်ခုအဖြစ် သူ အလုပ်လုပ်ခဲ့ရသည်က လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်မှာ စားပွဲထိုး။

"သွင် ဆိုတဲ့ကောင်ကွာ မင်းခွေးက လူစားသလိုစားနေတာတော့ တကယ်မျက်စိစပါးမွေးစူးတယ်"

ဆိုင်ရှင်၏သားက လက်ကီးကို ဤသို့စတင်၍ မြင်ခြင်လာသည်။ အပေါ်ယံဖေရှင်ခွေးတွေကဲ့ အသားစားမှ အလုံးလှသည်။ အားရှိမှ အမွေး အမျှင် တောက်ပသည်။

ပြီးတော့ ညစ်ညစ်ပတ်ပတ်သိမ်းလို့မရ။

"ဘာဖြစ်လို့လဲဗျာ၊ ကျွန်တော်စားမယ့်ထဲကကျွေးတာပဲဟာ"

"မင်းစားမယ့်ထဲကမို့လို့ ဒီထိကြည့်နေတာပေါ့ကွ၊ ဒါပေမယ့် ငါတို့ ကြည့်ရတာ၊ အိမ်ရှေ့ပေါ်တင်သိပ်တာက အစ ..."

"အိပ်ရာ ဆိုတာလဲ ကျွန်တော်က နောက်ဖေးအဖီလေးထဲမှာ အိပ်တာပဲ၊ သူ့ကို ခြေရင်းမှာထားတာပါ"

"မင်း ဆင်ခြေမပေးပါနဲ့ အိပ်ရာက ငါတို့ပေးထားတာ၊ စောင့်ခေါင်း





အုံးရော မင်း ပါလာလို့လား၊ မပြောချင်လို့ကြည့်နေတာ၊ ခွေးကို စောင်ခင်း သိပ်ပြီး လူကတော့ ပုဆိုးခြုံအိပ်ရတယ်လို့...၊ အဓိပ္ပာယ်မရှိတာကွာ..."

သားအမိတွေ ဝိုင်းပြောကြတော့ ထိုအလုပ်ကနေ ကျောခိုင်းခဲ့ရ၏။ ထို့နောက် လမ်းပေါ် မှာမိတ်ဖွဲ့ခဲ့မိသည့် အသက်ခပ်ကြီးကြီး ကိုပေါ် ဆိုသူ က ကူညီသဖြင့် သူနဲ့အတူ ကားရေဆေးဆီထိုးမှာ ဝင်လုပ်ခဲ့သည်။

ကိုပေါ် က ဆင်းရဲပါသည်။ ကလေးတစ်ယောက်မှမရှိပေမယ့် လင် မယားနှစ်ယောက်တည်းနေရသည့်အိမ်ကလေးကလည်း တကယ့်ကျဉ်း ကျဉ်းလေးဖြစ်သည်။

ဒါပေမယ့် သူ အိပ်လို့ရအောင် အိမ်ရှေ့မှာ ဝါးတန်းလျားလေး ဖြစ် သလိုထိုးပေးသည်။

အခင်းအကျင်းလေး ပြေးလွှားရှာဖွေဖြည့်ဆည်းလျက် အိပ်ရာခင်း လေးတစ်ခုတော့ ဖြစ်သွားခဲ့၏။ အဓိကပြဿနာက လူက ဆင်းရဲဒဏ်ကို ခံနိုင်ပေမယ့် ခွေးက မခံနိုင်။

လပ်ကီးတို့ သူ့သဘာဝအကျင့်အတိုင်း မွေးမြူမထားနိုင်သဖြင့် တမှိုင်မှိုင်ဖြစ်လာသည်။

"လပ်ကီး မင်း၊ ဒုက္ခရောက်နေပြီမဟုတ်လား"

လပ်ကီးကို ပေါင်တစ်ဖက်မှာခေါင်းတင်စေပြီး တယုတယ ပွတ်သပ် ပေးမိသည်။

"ငါလဲ ဒုက္ခရောက်နေတော့ မင်းဒုက္ခကို မကာယ်နိုင်ဘူးကွာ"

ပြောနေရင်း ရွှေလက်ဆက် ထားရစ်ခဲ့သည့် မိုမာရိန်းနီးယားလေး ကို မျက်လုံးထဲမှာ မြင်ယောင်လာ၏။ ဒီကောင်လေး သူ့လက်ထဲ နှစ်လလောက်ပဲ အသက်ရှင်ခဲ့သည်။

မှားနှာလို့သေသွားတာ မဟုတ်ပေ၊ သူ့ဘာသာ အကစီးခင့်တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သေတာလည်းမဟုတ်၊ ကိုကြီးနဲ့ကိုလေးတို့ ရက်စက်လိုက်ကြတာကို သူသိသည်။

ကိုယ်တောင်မှ ပြုသမျှနေခဲ့ရသည့်ဘဝမို့ ရွှေလက်ဆက် ရဲ့လက်ဆောင်လေးကို သူ မကာကွယ်နိုင်ပေ။

ခုလည်း လပ်ကီးက သူ့ကိုနှုတ်ဆက်ဖို့ ပြင်နေပြီကို သူ နားလည်သည်။

တိုယ့်ဘဝကို ရုန်းကန်မြင့်တင်နိုင်ဖို့က အဓိကလား၊ ကိုယ့်အရိပ်ကို ခိုလှုံနေကြသည့် တိရစ္ဆာန်လေးတွေကို ကာကွယ်စောင့်ရှောက်နေဖို့က အဓိကလား ...။

သို့မဟုတ်လျှင် ဒီသတ္တဝါလေးတွေကိုတောင် မကာကွယ်နိုင်တဲ့ငါပါလားဆိုပြီး ရင်ဘက်ထု ခြေဆင်းငိုနေရမလား။

တွေးကြည့်တော့ ကိုယ့်ဘဝနဲ့ကိုယ် ဆိုသည့်အဖြေမှာ စွန့်သင့်တာကိုစွန့်ရမှာပဲဖြစ်၏။

"ငါ စိတ်မကောင်းပါဘူး လပ်ကီးရာ၊ မင်းက ငါ့ကိုသစ္စာရှိရှိ လက်တွဲလိုက်ပါလာခဲ့ပေမယ့် ငါကတော့ မင်းကို မျက်နှာလွှဲခဲပစ်ထားခဲ့ရတယ်"

လပ်ကီး နားမလည်နိုင်မှန်းသိပေမယ့် တယုတယပွတ်သပ်နေရင်း တတွတ်တွတ်ပြောနေမိသည်။

သိပ်မကြာလိုက်ပါ။ ဖျားနာလို့မဟုတ်ဘဲ ဒိုဘာမင်ခွေးကြီး တစ်ကောင် ကိုက်လိုက်သဖြင့် လပ်ကီးမှာ ဒဏ်ရာတွေရလာသည်။

လည်ကုပ်နှင့်ကျောပြင်တွေမှာဖြစ်နေသောကြောင့် လည်ပတ်ကို ဖြုတ်လိုက်ရ၏။

"တောက် မိကျောင်းရေကိုတောင် ပေါက်မြကုန်အောင်တိုက်တယ်"

ကြည့်ရဆိုးသွားပြီဖြစ်သည့် လည်ပတ်ကိုကိုင်ကြည့်ရင်း ဘာဘ





အမြတ်တနိုးချုပ်ပေးထားတာမို့ ဒေါသက ပေါက်ကွဲသွား၏။

ဒိုဘာမင်ခွေး ဘယ်ကရောက်လာသည်ကို စုံစမ်းလိုက်တော့ ဟိုဘက် တစ်လမ်းကျော်မြို့ကြီးထဲကို ခြေရာကောက်မိ၏။

ထိုဒဏ်ရာများနှင့် လပ်ကီးကို မြေမြှုပ်စွန့်လွှတ်လိုက်ရသည့်နေ့မှာပဲ ခွေးကြီးက မြို့ပြင်ကို ကြွားကြွားရွှားရွှားလျှောက်ထွက်လာ၏။

သက်တမ်း ဘယ်လောက်ရှိနေပြီမှန်းမသိပေမယ့် နားရွက်ဖားဖား ခြေတံမြင့်မြင့်နှင့်ခွေးကြီးက တခြားအလှခွေးခွေးတွေလို ပွေးစုတ်ဖွား လည်းမရှိသည်မို့ နွားပေါက်တစ်ကောင်နှင့်တူနေ၏။

ဒီလောက်မြင့်မြင့်ထွားထွားကြီးနှင့် ကြောက်စရာခွေးကြီးကို မြို့ပြင်ကို လွှတ်လပ်စွာပျော်ပါးသွားလာခွင့်ပေးထားခဲ့သောခွေးရှင်တွေကိုပါ ဒေါသက ကူးစက်ကာ ...

"ရှူး ဟိတ်"

"ဂူး"

အရိုင်း က သံတုတ်တစ်ချောင်းကိုကိုင်ကာ တည့်တည့်ရပ်ဆိုင်ပြီး ရန်စလိုက်၏။

ခွေးကြီးက တလွှားလွှားပြေးလာ၏။ ကိုယ့်ကိုယ်ကို စွန့်လွှတ်ထားပြီးဖြစ်သည့်ဒေါသက ခွေးကို ကြောက်လန့်ထိတ်ပျာသွားခြင်း အလျှင်းမဖြစ်ခဲ့ဘဲ ပါးစပ်ကြီးဖြဲ၍ ခုန်အုပ်လာသည့်ခွေး၏ဦးခေါင်းကို ကျကျနန လွှဲရိုက်ပစ်၏။

"ဂုန်း"

အသံတစ်ချက်မှမထွက်လိုက်နိုင်ဘဲ ခွေးကြီး လမ်းမပေါ် ဗုန်းခနဲ ပစ်ကျသွားသည်။

"လုပ်လေ၊ ဝေလာဦးလေ၊ ခွေးစုတ် ခွေးနာ ခွေးသခင်လူ့ ညလချင်းမတူ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သတ္တဝါလေးတွေကိုတော့ အနိုင်ကျင့်တယ် ...”

အရူးလို့ပဲထင်ကြပါစေ အကြောအဆွဲအသက်ငင်နေသည့်ခွေးကြီးအား မှာ လှမ်းလိုက်လိုရပ်ကြည့်နေပြီး ကျိန်ဆဲလို့ အားမရနိုင်။

“အမယ်လေး ကလေကချေကောင်က ...”

ကြိမ်းဝါးသံ နောက်ဆပ်ပေါ်လာသည်။ သူ့ထက် အသက်နည်းနည်းပိုကြီးနိုင်သည့် လူနှစ်ယောက်က ခြံထဲကမောင်းထွက်လာသည့် ကားပေါ်ကနေ ပြေးလွှားဆင်းလာကြ၏။

“ခွေးတစ်ကောင်ကို ရိုက်သတ်ရဲတာများ မင်းက သူ့ရဲကောင်းလုပ်နေ ကွ”

“ဟား ဟား”

ဒေါသမွှန်နေသည့် အရိုင်းက ဒီဘက်လှည့်ရယ်လိုက်ပြီး ခါးထောက်ရယ်သည်။ ကိုယ့်ထက်တွားကျိုင်းသန်မာကြသော ယောကျ်ားနှစ်ယောက်ကိုကြည့်ပြီး နည်းနည်းတော့ဖြုံသွားသင့်ပေမယ့် သူ့မျက်လုံးတွေက သားသတ်ကုန်းကိုရောက်လာသည့် သတ္တဝါတစ်ကောင်ကိုကြည့်ခဲ့ဖူး သား သတ်သမား၏မျက်လုံးမျိုး ...။

“ခွေးတင်ဘယ်ကမလဲ ခွေးရှင်တွေကိုလဲ ရိုက်သတ်ရဲတယ်၊ ဒီမြို့မှာ ဒီခွေးကို ရိုက်သတ်နေတာမြင်သားနဲ့ သွေးတိုးစမ်းမနေစမ်းပါနဲ့”

အရိုင်း က ပါးစပ်ကတင်စိန်ခေါ်တာမဟုတ်ပေ။ စကားမဆုံးခင် သံတုတ်ကို ဝှီးခနဲမြည်အောင် လွှဲပစ်လိုက်၏။

“ဒုတ်”

“အား”

“ဟိတ်ကောင်”

သံတုတ်က တစ်ယောက်၏ခြေထောက်ပိုင်းကို ကန့်လန့်ဖြတ်ပြေး





ဝင်သွားသည်။ တစ်ယောက်က တုံးခနဲပစ်လဲသွားကာ တစ်ယောက်က မဝင်ရဲတော့ပေ။ ထိုပြဿနာတွေကိုရှင်းပြီးသည်နှင့် ဝါးကွမ်ပျစ်လေးကို သူ ထားခဲ့ရပြန်သည်။

နောက်ထပ် မကျာတစ်နေ့ရာအတွက် အလုပ်တစ်ခုရှာရင်း အလွန်လှသောမိန်းကလေးတစ်ယောက်တလေကိုမြင်တိုင်း လိုက်ကြည့်ရတာလည်း အမော။

နောက်တစ်ခါ ကားကိုဒေါင်စောင့်ဖို့အလုပ်တစ်ခုရတော့ ဂိုဒေါင်ကို စောင့်ရင်း ကွမ်လျက်မှာရှိသည့် ဘော်ဒီရုံမှာ ဟိုဝင်ကျ၊ ဒီဝင်ပါနှင့် ထို ပညာကို ဝါသနာပါလာခဲ့၏။

လူချစ်လူချင်မများလှပေမယ့် ယုံကြည်တဲ့သူပေါ်လာသဖြင့် ထိုရုံမှာပဲ စက်ပြင်ယာဉ်မောင်းအင်ရွင့်ရခဲ့၏။

ဘဝနှင့်ပတ်သက်သမျှ သူ ဘာကိုမှ အမှတ်တမဲ့မနေခဲ့ပါ။ ဒါပေမယ့် အမှတ်တမဲ့သိမ်းထားခဲ့မိသည့် လပ်ကီးရဲ့ လည်ပတ်လေးကိုတော့ တစ်ခါမှ အမှတ်တရ ထုတ်မကြည့်ဖြစ်ခဲ့ပေ။

တစ်ညမှာတော့ သူ့အလုပ်ရုံကကိစ္စနှင့် ခရီးထွက်ရဖို့ဖြစ်လာသည်။ ပစ္စည်းဆိုလို့ အဝတ်စား သုံး၊ လေးစုံလောက်သာရှိသည့် သားရေအိတ်လေးတစ်လုံးသာရှိသော်လည်း အပြင်ကို ညအိပ်ညနေသွားဖို့ဖြစ်လာတော့ ထိုအိတ်လေးကိုပဲ သေချာစီတ်ရသည်။

တစ်ဆွဲနေရင်း တစ်ကပျက်သွား၏။ ထို့ကြောင့် လက်ကိုင်ကွင်းနှစ်ဖက်ကိုပူးကာ လပ်ကီးရဲ့ လည်ပတ်ကြိုးနဲ့ချည်ဖို့ ကိုင်လိုက်မိလျှင်...

ဒါ ဘာလဲ၊ ဒီအာမင်ကိုကိုက်လိုက်လို့ သွားစွယ်ရာတွေဖြစ်နေသည့် ရုပ်ရိုးကြောင်းအပြတ်လေးတွေကြားနေ လက်ခနဲ ဝင်းခနဲဖြစ်နေတာကို ဘတိထားမိလိုက်သည်။ ပြီးတော့ သေချာကိုင်ကြည့်လေ တစ်မျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာလေမို့ ချုပ်ရိုးအတိုင်း ဖြတ်တောက်ဖွင့်ပစ်လိုက်မိသည်။

"ဟင် ..."

ထွက်ကျလာသည့် အလုံးအစဲလေးတွေက ကျောက်ခဲသလဲတွေ မဟုတ်ပေ။ နီရဲလက်ဖြာနေသည့် ပတ္တမြားလုံးချောကြီးတစ်လုံးနှင့် စိန်ကိုးလုံး ...။

ဘဘ ဒီပစ္စည်းတွေကို ဘာဖြစ်လို့ ခွေးလည်ပတ်ထဲမှာမှ မြှုပ်နှံထားရစ်ခဲ့တာလဲ၊ ရုတ်တရက် ထိုအတွေးက ဝင်၏။

"သွား ... ထွက်သွား။ မဝင်နဲ့ ဒီအိမ်မှာ နင်ပိုင်ဆိုင်ခွင့်ရှိတဲ့ပစ္စည်း ဘာမှမရှိဘူး။ ဒီတိုင်းထွက်၊ ခုထွက်သွား"

လက်ညှိုးငေါက်ငေါက်ထိုး၍ အာခေါင်ခြစ်အော်သည့် မငယ်၏အသံ စူးစူးနှင့်ပုံရိပ်တို့ထင်လာသည့်အခါမှာတော့ နားလည်သွားခဲ့ပါ၏။

အချိန်တန်လို့ ခွဲကြရှာကြတော့မည်ဆိုလျှင် ခြေဗလာ လက်ဗလာနှင့်ထွက်ရှာရမည့် သူ့အဖြစ်ကို ကြိုတင်သိမြင်ထားသဖြင့် ဘဘ ဤသို့ စီမံခဲ့ခြင်းဖြစ်ပေမည်။

ဝမ်းသာခြင်း၊ ကြေကွဲခြင်းကို တူညီစွာခံစားလာရရင်း မျက်ရည်ကြည်များပင် ဝေခဲ့သည်။ ဒါကြောင့် ဒီလည်ပတ်လေးကိုချုပ်နေရင်း ဘဘ ပြောခဲ့သည်ပဲ။

"ဘဘ အမြတ်တနိုးသိမ်းထားခဲ့တဲ့ပစ္စည်းကို ဘဘရယ် ..."

"လောကမှာ တန်ဖိုးသတ်မှတ်ချက်တိုင်းဟာ အရည်အချင်းကို ကွဲပြားစေတာပဲ။ ဥပမာ ပစ္စည်းတစ်ခုပေါ့။ ဒီပစ္စည်းတန်ဖိုးကြီးနေရင် ဘာကြောင့်တန်ဖိုးကြီးသလဲဆိုတဲ့အကြောင်းကိုပါ စိတ်ဝင်စားတတ်ရတယ်" တဲ့။

သူကတော့ ဝေ့ါပါ။ လည်ပတ်ကို ဘယ်လိုပစ္စည်းနဲ့ ဘယ်လောက်





တန်ဖိုးထားသင့်ကြောင်း တယုတယချုပ်ပြသည်။ သူ့ဘေးမှာ အမြဲရှိနေသည့် လပ်ကီးရဲ့လည်ပင်းမှာ ချိတ်ပေးခဲ့၏။

သူ ဘာမှ ထဲထဲဝင်ဝင် တွေးကြည့်ဖူးခဲ့လို့လဲ။

အန္တရာယ်တွေဝိုင်းနေသည့်ကြားထဲမှာ ဘဘကလည်း တစ်စွန်းတစ်စမျှ ဖွင့်ဟမပြောခဲ့သလို သူလည်း ဘယ်လိုမှမထင်မှတ်ခဲ့ပေ။

ဆုံးသွားတဲ့အချိန်မှာလည်း ဘဘရဲ့ဘေးမှာ သူ မရှိခဲ့သည်မို့ ဒီပစ္စည်းတွေဟာ လပ်ကီးရဲ့လည်ပင်းမှာ အန္တရာယ်ကြီးမားစွာရှိနေခဲ့တာ အချိန်တွေမနည်းမနောပင်။

ဒါပေမယ့် ဒီပစ္စည်းတွေ ကိုယ်မျက်စိရှေ့ရောက်လာဖို့အတွက် ကံကြမ္မာအကြောင်းဖန်လာပုံက လပ်ကီး၏အသက်ကိုပါ စတေးလိုက်ရသည်မို့ စိတ်မကောင်းနိုင်။

ဘဝမှာ ပြောင်းလဲမှုများစွာနှင့် အကွေ့အကောက်ပေါင်းများစွာကို ဖြတ်သန်းခဲ့ရသည်။

ဒီအချိန်ရောက်လာတော့မှ .....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၈)

"ပြောပါဦး နုမှ ဘာလာလုပ်တာလဲ"

တစ်ယောက် ဝင်လာတဲ့သူဖြစ်ကာ တစ်ယောက်ကတော့ စောင့်နေတာမဟုတ်တဲ့ မြန်းခနဲမြင်လိုက်ရလို့ မှတ်ဆက်လိုက်တာမျိုး။ ခွင်ထိုင်လိုက်သူကို တစ်ချက်လှမ်းကြည့်ပြီး လက်ဖက်ရည်ပဲ့သောက်နေမိသည်။

ဒါပေမယ့် သူ တမ်းတမျှော်လင့်နေခဲ့သည့် နာမည်လေးတစ်ခုကို ထိုသူတို့ထံမှ မထင်မှတ်စွာကြားလိုက်ရ၏။

"ဘာ ... ရွှေလက်ဆက် ကိုလား"

"ဟုတ်တယ်၊ အခု သန်းထွတ်နဲ့မြန်ငြိနေတယ်ကွ"

"မဟုတ်တာကွာ၊ ငါဖြင့် မကြားမိပါဘူး"

"ငါတင်းတာ အဲဒါပေါ့၊ သူ့ရှေ့မှာ မြေကြွေကျနေတဲ့အသည်းတွေကို နင်းချေခဲ့ပြီး ဘာမဟုတ်တဲ့ကောင်အကြောင်းကို စုံစမ်းနေလိုက်တာ ရိုက်သတ်ပစ်ဖို့ကောင်းတယ်"





"သန်းထွတ်ကို ငါသိပါတယ်၊ သူ စုံစမ်းတာသိဆိုဟာ ဟို ဆံပင်ရှည်ရှည်နဲ့ ခပ်ဖြောင့်ဖြောင့်ကောင်လား၊ ငါတို့ ဖိုင်နယ်လ်မှာတုန်းက MR 2 နဲ့လာလာနေတာလေ"

"ဟုတ်တယ်၊ အဲဒီကောင်က သန်းထွင့်နဲ့ ညီအစ်ကိုဆိုလား"

"ညီအစ်ကိုဆိုရင်လဲ ဒီနစ်ယောက်စလုံးနဲ့တော့ မဟုတ်လောက်ပါဘူးကွာ၊ မင်းဟာက ..."

"မသိဘူးကွာ၊ သူ့အလှအပတွေအောက်မှာ ငါက ကောင်းကောင်းကြီးကျဆုံးခဲ့ရတာ၊ ဒီတစ်ခါ ငါ့အလှည့်ပဲ"

"ဘာလုပ်မလို့လဲ"

"အဲဒါကိုသိအောင်မေးမယ်၊ ကောင်းကင်ရောက်အောင်လွှတ်တင်ထားတဲ့ သူ့ရဲ့မာနတွေကို ငါ့အလှည့်မှာ သေချာချနင်းဆုတ်ဖြဲပစ်မယ်"

"နေပါဦး၊ ဒီကကိုလာတာ အဲဒါကြောင့်ဆိုတော့ ... ရွှေလက်ဆက်က ..."

"ဟိုမှာ ဆင်းလာပြီ"

ထိုင်နေသည့်နောက်ရောက်လာသည့် လူရွယ် ဖျတ်ခနဲ့ထရပ်သည်။ အရိုင်း က ထိုသူ လှမ်းထွက်သွားသည့်ဆီကို လိုက်ကြည့်၏။

လမ်းတစ်ဖက်က မိနီမားကက်လေးထဲကနေ တစ်ယောက်တည်း လှမ်းထွက်လာသည့်မိန်းကလေး ...။

အရိုင်း မျက်ဝန်းတွေ ရှုံးရဲကျဉ်းမြောင်းသွား၏။ ဟိုတုန်းက ခပ်သွယ်သွယ်အရပ်မြင့်မြင့်လေးမှာ ဆံပင်တွေက ပခုံးလောက်ပဲရှိသည်။

ခု မျက်စိရှေ့မှာ တင်ပါးထိ ဆံနွယ်ရှည်တွေ တန့်နန့်နှင့် အပြာရောင်ဝတ်စုံက လွင်နေသည်။ ခါးတင်ရင် အားလုံး၏အလှက သွယ်ရှူး တန်းဆင်းသွားသည့် ပေါင်တံများမှာ စနစ်တကျပုံဖော်ပေးသွားသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ရင်သပ်ရှုမောအောင်လှသည့်ကိုယ်ဟန်နှင့်သူမသည် သူခင်တွယ်ခဲ့ဖူးသည့် ရွှေလက်ဆက် ဟုတ်၊ မဟုတ် အနီးကပ်သုံးသပ်ကြည့်ဖို့မလိုပါ။

နှမ်းပြင်ကျယ်လေးကို ဘီးကုပ်နှင့်သိမ်းလှန်ထားသဖြင့် ဘေးတစောင်းကနေ နားသယ်စပ်ဆံယဉ်စလေးတွေ စိမ်းမြစွာဆင်းကျနေတာကိုမြင်ရသည်။

သူ ချက်ချင်းမှတ်မိလိုက်၏။ သူမဟာ သူ ရင်းနှီးခဲ့သည့် ရွှေလက်ဆက် ပဲဖြစ်လေသည်။ ထူးခြားစွာလှပလွန်းသည့်မျက်နှာလေးဟာ ဟိုတစ်ချိန်ကတည်းက ဘယ်မိန်းကလေးနဲ့မှ မတူခဲ့တာပါ။

ဒီဆံပင်တွေ ဒီလောက်ရှည်လာတာ၊ ခုလောက်ထိ လှသွေးကြွယ်လာတာ အားလုံးဟာ ပြောင်းလဲခဲ့တာတွေပေမယ့် သူ့အတွက် မမှတ်မိနိုင်ဖွယ်မရှိ။

သူရော ကိုယ့်ကို မှတ်မိပါ့မလား။ တိုဘိုကပ်ကပ်ညှပ်ပစ်လိုက်သည့် ကိုယ့်ဆံပင်တွေကို သတိရကာ ကုပ်ပိုးကို တစ်ချက်တော့ပွတ်သပ်လိုက်မိသည်။

သူမကို အဝေးကမြင်လိုက်ရပေမယ့် သူမက ရွှေလက်ဆက် ပါလို့ တစ်ဦးတစ်ယောက်က ညွှန်ပြလို့ သူမြင်လိုက်သည်၊ မှတ်မိသည်။

သူ့ကိုတော့ 'ဒီကောင်က အသွင်ရိုင်း'ပါလို့ သူမက သိမှာမဟုတ်။ ဒီမျက်နှာကို အနီးကပ်မြင်ရင်တောင်မှ မှတ်မိပါ့မလား။

ရင်ထဲမှာ လှုပ်ရှားသွားတာကတော့ ခဏအတွင်းမှာ တဒိန်းဒိန်းမြည်နေသလားပင်မသိ။ သူ ထလိုက်သွားဖို့ထိ ခြေထောက်ပြင်မိသည်။ လက်ဖက်ရည်ဖိုးရှင်းဖို့အထိ လက်က ပိုက်ဆံအိတ်ဆီရောက်၏။

ဒါပေမယ့် သူမက တစ်စုံတစ်ယောက် (သို့မဟုတ်) နှစ်ယောက်ကို ရည်ရွယ်ထားပြီးဖြစ်သည်ဆိုသော အသိလေးတစ်ချက် ပြန်ဝင်တာ တွေဝေ





သွားမိ၏။ ထိုစဉ် ...

"ဘာဖြစ်လာတာလဲ၊ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ဆိုပြီး ထွက်သွားပြီးတော့ ..."

ဘောင်းဘီညိုအဖြူ၊ စပို့ရှပ်အဖြူကကက်နှင့် အဆိုတော် ဟဲလေးလိုဆံမျိုးနှင့် လူရွယ်က မေးတာကိုမဖြေဘဲ ခေါင်ခနဲဝင်ထိုင်သည်။ ပြီးမှ...

"ဟုတ်တယ်၊ အခု ဆင်ရော ကျားရော ဘာမှမဖမ်းခဲ့ရဘူး"

"အဟွန်း ... ငါ ထင်သားပဲ"

"တော်တော်ပြောရဲတဲ့မိန်းမ"

ဟု ရေရွတ်ပြီး တက်ခေါက်သံကြားရသည်။

"ဟုတ်တယ်၊ သူက လိုက်နေရတာတဲ့၊ တစ်သက်လုံး အချစ်ခံလာခဲ့ရှာ စိတ်ညစ်လို့ ကိုယ်က ချစ်ကြည့်ချင်တာတဲ့"

"ကြည့်စမ်း"

"ခုလဲ ဟိုက ပတ်ပြေးနေလို့ လိုက်ရှာနေတာတဲ့၊ အဲဒီကောင်ကိုမှရှာရင် သူ သေနိုင်တယ်တဲ့"

"သေပေါ့ကွာ"

"ဟုတ်တယ်၊ သူ့ဟာသူ ရှဲ့ပြောပြော၊ တကယ်ပြောပြော လူတွေ့မှာကိုပြောတာ၊ နားထောင်ရတာ အံ့သြလွန်းလို့ စကားပြန်ပြောဖို့တောင်မေ့နေတယ်၊ မဟုတ်ရင်လဲ လည်ပင်းထညှစ်မိမယ်ထင်တယ်"

"ရှဲ့တာဖြစ်နိုင်ပါတယ်ကွာ၊ ဒီလောက်ပေါ်တင်ကြီးဆိုရင် ..."

"ဟ ... သန်းထွတ်ကိုချဉ်းကပ်ပြီး အဲဒီတစ်ယောက်အကြောင်း မေးနေတာ ငါက သေချာကြားခဲ့ရတာ၊ သန်းထွတ်ကိုယ်တိုင်တောင် လည်နှင်နေတဲ့ပုံ"

ကြားနေရသည့်စကားများက ရင်ဘတ်ထဲကို သံချွန်ဖြင့်ထိုးပြီး မွှေ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပစ်လိုက်သလိုပင်။

အဲဒီကောင်ကိုမှမရရင် သေနိုင်တယ်တဲ့လား .....။

ရင်ယဲမှာ နာနာကျင်ကျင်ထိရှသွား၏။ ကိုယ်က သံယောဇဉ်ကြိုးတစ်စကို မြဲမြဲဆုပ်ကိုင်ထားခဲ့သည်။ ဘဝတစ်လျှောက်မှာ နွံထဲပဲနစ်နစ် မီးပင်လယ်ကိုပဲကူးကူး ဒီကြိုးစကို ဘယ်ထဲမှာမှ နစ်မြုပ်ပြာကျမသွားအောင် သိုသိပ်သိမ်းဆည်းခဲ့သည်။

သူမဘက်မှာကျတော့ ဒီလိုမဟုတ်ခဲ့ဘူးလား .....။

သူ နေရာမှထရပ်လိုက်သည်။ နှစ်ပေါင်းများစွာ အုံမွဲဖြစ်တည်နေခဲ့သည့် ခံစားချက်အစုစုတို့နှင့်ပတ်သက်၍ မြင်လိုက်၊ ကြားလိုက်ရတာ တစ်ချက်နှင့်တော့ ပျော်ပျက်ပျောက်ရှမခံနိုင်ပါ။

ရွှေလက်ဆက် ကို သူ တွေ့နေရပြီမို့ ဒီနေရာမှာ ကျေနပ်ဝမ်းမြောက်ခြင်းနဲ့ပဲ အပြီးသတ်လိုက်သည်။ သူမကိုတွေ့နိုင်အောင်ကြိုးစားသည့် ကိုယ့်အပေါ်မှာ ဘယ်လိုရှိသလဲဆိုတာ သေချာသိရမှဖြစ်မည်။

ခြေလှမ်းကျဲကျဲလျှောက်နေရင်း ကိုယ့်ကိုယ်ကို ပြောနေသလို ခံစားနေရ၏။

တစ်လောကလုံးမှာ သူတစ်ယောက်တည်း အရူးလား .....။





## အခန်း (၃၉)

စီးကရက်ခိုးတွေတငွေ့ငွေ့လွင့်လူးတက်သွားတာကို အမိပ္ပာယ်မဲ့ ငိုက်ငေးနေရင်း ညဏ်ခရီးစဉ်ကိုလည်း မေ့နေခဲ့မိ၏။ ညသည် အမှောင်ကုန်ဆုံး၍ အလင်းရောင်ရှေ့မှာ ဒူးတုပ်ဝပ်စင်းရင်း ခရီးဆုံးမှာ ဗုန်းဗုန်းလဲ သိမ့်မည်။

သူ့ဘဝရဲ့ ခရီးဆုံးကတော့ ရုပ်နာမ်နှစ်လွှာပြတ်ကွာချ၍ဆုံးရမှာ ဘာ။ ခံစားချက်မဲ့ခဲ့သောနှလုံးသားဗလာနှင့်ကိုယ်ဖြစ်ရခြင်းဖြင့် အဆုံးသတ်ရမည်လား ...။

ဖြေသူမရှိဘဲ မေးနေမိတာက သူ ဆုံးရှုံးရမည့်အရာဟာ အသက်ဘာ ဘဝလား။ တစ်ညလုံး ဒရင်းမ်ဘက်ဒ်မှာ ငုတ်တုတ်ထိုင်လိုက် လျှောက်ခင်းလိုက်နှင့် ဘေးမှ စီးကရက်တိုတွေလည်း ပြန့်ကျဲနေ၏။

ဘီယာပုလင်းလည်း ပြောင်သလင်းခါနေပြီဖြစ်သည်။ သူ မီးလာက်



www.burmeseclassic.com

www.burmeseclassic.com



ထိ ဘယ်တုန်းကမှမသောက်ခဲ့ပေ။ ကိုယ်ခန္ဓာကို အရှင်လတ်လတ် မီးရှို့ ခံရလျှင် ဘယ်လိုနေမလဲမသိခဲ့ပေမယ့် မီးတောက်မီးလျှံမမြင်ရဘဲ လောင် မြိုက်နေသည့်ရင်ဘတ်ထဲမှာ ဘာတစ်ခုမှ အကောင်းတိုင်းမရှိတော့ဟု ထင်သည်။

'မင်းရဲ့အိပ်မက်တွေကိုမြင်ချင်တယ်'ဟု ကိုကိုလေး ပြောသည့်စကား တစ်ခွန်းကြောင့် ဒီည ၄၇ အိပ်မက်မက်ခွင့်ပေးခဲ့၏။ အိပ်မက်ထဲက အတိတ်လွင်ပြင်ကြီးမှာ သူ အဆုံးအစမဲ့ ပြေးလွှားရင်း ရူးသွပ်နေခဲ့သည်။

ကိုကိုလေး မြင်ပါ့မလား။ ဟုတ်ပါတယ်၊ အိပ်မက်တွေကို ငါ မညာ နိုင်ပါဘူး။

နောက်ထပ် စီးကရက်တစ်လိပ်ကိုမီးညှိရင်း ဟွန်ခနဲမဲ့မိသည်။ မိန်း တွေရဲ့စိတ်ဝင်စားခြင်း၊ စွန့်စားတတ်ခြင်းက ဒါပဲလား။ စွဲလမ်းတမ်းတခြင်း တွေ၊ မျှော်လင့်စောင့်စားခြင်းတွေ မိန်းမတွေရင်ဘတ်ထဲမှာ ဘာမှ ဘူးလား ....။

ဒီလိုမေးခွန်းများစွာနှင့် သူ ရူးနေခဲ့ရသမျှ ဖြေမယ့်သူလည်းမရှိ ကိုကိုလေး ပြောသလို မှန်ခဲ့လျှင် ဝေဒနာကို မကြေညာခဲ့လို့ သူ အရူးတစ်ပိုင်း ကြေကွဲနေခဲ့ရသည်လား ...။

တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်ခြင်းဖြင့် ကိုယ့်ဝေဒနာ ဖြေရာရှာနိုင်သည်ဆိုလျှင်တော့ သူ ဒီတိုင်းပဲ ရင်ကွဲခံပစ်လိုက်ဖို့ရှိသည်။

ကိုယ်ရူးခဲ့တဲ့အကြောင်းတွေ လူသိအောင်လိုက်ပြောပြီး နောက်ထ မရူးမိအောင်ထိန်းသိမ်းနိုင်ဖို့အတွက် သူ စိတ်ခိုင်မှဖြစ်မည်။

ရှိပါစေတော့ .....။

ရွှေ[illegible]ကိဆက် ဆိုသော သူမ၏နောက်ကို သူ အရိပ်လိုလိုက် သည်။ တမင်တကာလို့ သူမဘက်က စွပ်စွဲလာနိုင်တဲ့အထိ တိုက်ဆို





မှုတွေဖြစ်အောင်ကြိုးစား၍ ဆုံစည်းခဲ့၏။ ထို့ကြောင့် သူမ၏ရပ်ဝန်းထဲ မှာ သူ မရှိတော့သည့်အဖြစ်ကို နားလည်ခဲ့ရသည်။

ဒါတောင် သူ့ဆုံးဖြတ်ချက်တွေ မခိုင်မာခဲ့သေးပါ။ သူမနောက်ကို တကောက်ကောက်လိုက်နေခဲ့မိသေးသည်။ သိုက် ဆိုသည့်ကောင်ကိုပဲ သူမက နေရာပေးခဲ့၏။

ထိုသူ၏ရင်ခွင်ထဲမှာ သူမကိုမြင်လိုက်ရသည့်နောက်တွင် ...

"တောက်"

"ဒုန်း"

"ချွမ်း"

နှုတ်ခမ်းချင်းထိဆက်မိတော့မည့်မြင်ကွင်း .....။

ထိုမြင်ကွင်းကို သူ့မျက်လုံးထဲမှာ ဖျောက်လို့မရ။ ခေါးမှာရှိသည့် ပလတ်စတစ်စားပွဲပုလေးကို အားနှင့်လွှဲရိုက်ပစ်လိုက်မိလျှင် စားပွဲပေါ်မှာ ရှိသမျှ ပုလင်းနှင့်ပန်းကန်ခွက်ယောက်တွေအားလုံး ရောပါကွဲကြေကုန် လေသည်။

အိမ်ရှေ့ကြမ်းခင်းပေါ်မှာ ကွဲကြေကုန်သည့်အပျက်အစီး အကိုင်းအခက် များနှင့် ရှုပ်ပွပြန့်ကျဲသွား၏။

အစတုန်းက မေ့မရလို့ ရှာဖွေခဲ့သည်။ မတွေ့လေ တမ်းတလေနှင့် ဒီစိတ်တွေပဲစိုးမိုးနေခဲ့တော့မှ ကိုယ့်ဘက်က မရှိးသားခြင်းကို ရှာဖွေနိုင် ခဲ့၏။

သူမလည်း ကိုယ့်လိုပဲရှိလိမ့်မည်ဟု အပိုင်တွက်ခဲ့တာကလည်း ကိုယ့် ဘက်က တမ်းတစိတ်တွေ ခိုင်မာနေလို့ပါပဲ။

ဒီတစ်ခါ ပြန်ဆုံခဲ့ကြလျှင် ရွှေလက်ဆက် ဆိုသည့် [illegible]မ၏[illegible]ခြင်းကို သေချာပေါက် ပိုင်ဆိုင်ခွင့်ရလိမ့်မည်ဟုလည်း ထင်[illegible]၏။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ သူမရင်ဘတ်ထဲမှာ ဘယ်တုန်းကမှ ရှိမနေခဲ့သည့်သူ ...၊

သူ့လက်တစ်ဖက်က လည်ပင်းကြားထဲရောက်သွား၏။ စမ်းကိုင်မိသည်က ဆွဲကြိုးပျော့လေးဖြစ်သည်။ စိတ်ရှိလက်ရှိ ဖြတ်ယူလိုက်ဖို့ ဆုပ်ကိုင်ပြီးမှ ဖြတ်တောက်ခြင်းသို့မရောက်ဘဲ ဒီတိုင်းလုပ်ငံ့ကျက်သားနှင့် အံကြိတ်နေမိ၏။

ပြီးတော့မှ နောက်လက်တစ်ဖက်နှင့် ချိတ်ဆက်လေးကိုစမ်းကိုင်ကာ ဘေးသာလေးဖြုတ်ယူလိုက်၏။

အဝါရောင်မီးရောင်အောက်မှာ ပလက်တီနမ်ကြိုးကုံးလေးက လော့ကက်လေးတလှုပ်လှုပ်နှင့် တဖျပ်ဖျပ်လွဲယမ်းနေသည်။ ရွှေလက်ဆက်ထွက်သွားခဲ့သည့်နေ့က သူ ဒီကြိုးလေးကိုရခဲ့သည်။ နောက်တစ်နေ့မှာ သူမလည်ပင်းကနေ ပြုတ်ကျန်ရစ်ခဲ့သည့်ဆိုသော လော့ကက်လေးကို လှိုင်ထဲမှာ သွားရှာခဲ့၏။ ထိုနေ့က ဘဘ ဆုံးသွားတာတောင် သူ အသက်မမီလိုက်ပါ။ လော့ကက်ကိုလည်း မတွေ့ခဲ့ဘဲ ကိုလေး၏လက်သီး တစ်ချက်ကို ခံခဲ့ရသေးသည်။

"ခွေးသူတောင်းစား ဘဘ ပြောနိုင်ဆိုနိုင်တုန်းကတော့ အနားကပ်ပြီး ပလီနေတယ်၊ သေခါနီးမှ ပြုစုရမှာစိုးလို့ အနားမကပ်တော့ဘူး၊ မနေ့ကလဲ မင်းကို ဘယ်ထိလိုက်ခေါ်ရသလဲ၊ ဟိတ်ကောင် ပြောစမ်း"

ဤသို့သော ရင်းနှီးမှုများနှင့် ဒီလော့ကက်လေးကို သူ မတွေ့မချင်းသွားရှာခဲ့သည်။ ဘဘ ဆုံးပြီး ရက်လည်တဲ့နေ့မှာပဲ ပြန်တွေ့ခဲ့၏။

လော့ကက်လေးနဲ့ဆွဲကြိုးလေးကို တွဲလိုက်ပြီး ရွှေလက်ဆက် ကို ပြန်ဆုံလိုက်ရသလို ခံစားရကာ သူ့မှာ ရယ်ချင်သလိုလို၊ ငိုချင်သလိုလို...၊

ထိုခဏလေးမှာ ဘဘ မရှိတော့သည့် အားကိုးမဲ့ခဲ့သော ကိုယ့်ဘဝကိုလည်း သတိမရ၊ ပြန်တွေ့နိုင်ပါ့မလား၊ သူ သတိရနေပါ့မလားဆိုတဲ့





စိုးရိမ်ကြောင့်ကြခြင်းလည်း မဖြစ်ခဲ့ပေ။

ခုတော့ ဒီအပျော်တွေ၊ ကြည်နူးမှုတွေ ဘယ်မှာလဲ။

ဆွဲကြိုးလေးကို ဖျစ်ညှစ်ဆုပ်ရင်း ငိုချင်လာသည်။ ယောကျ်ားနဲ့မျက်ရည်ကို တွဲစပ်မသင့်သောအရာလို့ လူတွေ ဘာဖြစ်လို့ သတ်မှတ်ခဲ့တာလဲ။

ဝမ်းသာခြင်း၊ ကြေကွဲခြင်းကို ခံစားတတ်သည့်လူတိုင်း ရယ်ခြင်း၊ ငိုခြင်းကို လွှန်ဆန်နိုင်ကြလို့လား။ အရိုင်း မျက်ဝန်းမှာ မျက်ရည်ရောင်တွေ လက်လာ၏။

ဒါပေမယ့် သူ အံကြိတ်လိုက်ပြီး နေရာမှ ထ,ရပ်၏။ သောက်စားထားသည့်အရှိန်ကြောင့် လူက မိုက်ခနဲဖြစ်ကာ ယိမ်းယိုင်သွားသည်။

"အစ်ကို ..."

သူနဲ့အတူနေသည့် ဖိုးကွန်းက ဘယ်တုန်းကတည်းက စောင့်ကြည့်နေသည်မသိ။ သေးကို အချိန်မီပြေးလာပြီး တွဲလိုက်၏။

"လေးနာရီခွဲနေပြီ အစ်ကိုရာ၊ သောက်ထားတာလဲ မနည်းတော့ဘူး တော်ပါတော့"

"ဖိုးကွန်း"

"ဗျာ"

"မင်းက ငါ့ကို ဆရာလုပ်နေတာလား"

သူ တွန်းလွှတ်ပေမယ့် ဖိုးကွန်းက လက်မောင်းတစ်ဖက်ကို ထမ်းထားပြီး ခါးကိုဖက်ထားတာလည်း မလွှတ်။

"မဟုတ်ပါဘူး အစ်ကိုရာ၊ အစ်ကို ဒီရက်ပိုင်းမှာ သောက်တာ စားတာတွေ တော်တော်များနေလို့၊ ပြီးတော့ အိပ်မှမအိပ်တဲ့ကို ..."

"မအိပ်တော့ဘာဖြစ်လဲ၊ ငါ့စိတ်ကူးနဲ့ငါ၊ ဟိတ်ကောင် မင်းဖယ်စမ်းပါ"

"လာပါ အစ်ကို အိပ်ပါတော့၊ အိပ်လို့မရလဲ အိပ်ရာထဲမှာ မှိန်းနေလို့



www.burmeseclassic.com

www.burmeseclassic.com



ရှင် အဝန်းပြောတာပဲ၊ ခဏဖြစ်ဖြစ် လှဲနေလိုက်ပါ"

ဖိုးကွန်းက အရိုင်း ကိုယ်ကြီးကို မနိုင်မနင်းနဲ့ပဲ ပါအောင်တွဲခေါ်သွားသည်။ အရိုင်း ထက်စာလျှင် သူ့ကိုယ်က ပိန်သေးသေး ခပ်ပုပုမို့ အင်အားချင်းကတော့ မမျှပါ။

ဒါပေမယ့် အရိုင်း က ဆက်မရုန်းတော့သည်မို့ အိပ်ခန်းထဲထိ တွဲပို့နိုင်ခဲ့သည်။

"ငါ့ကို ရေတစ်ခွက်လောက်ပေး"

"ဟုတ်ကဲ့၊ အစ်ကို ခဏလေးထိုင်နော်"

အရိုင်း က အိပ်ရာထက်မှာထိုင်ချလိုက်၏။ ထိုစဉ် သူ့လက်ထဲကနေ လက်ခနဲ့အရာလေးတစ်ခု ကြမ်းပေါ် ပြုတ်ကျသွားသည်၊ နှစ်ယောက်စလုံး ငုံ့ကြည့်လိုက်ကြတာ ပြိုင်တူပေမယ့် ဖိုးကွန်းက သူ့ပဲကောက်ပေးမလို့ ငုံ့လိုက်၏။

"နေပါစေ"

အရိုင်း က ခြေထောက်တစ်ဖက်နှင့် ဖိုးကွန်း၏ လှမ်းကောက်သည့် လက်ကို လှမ်းတားထားလိုက်ပြီး ...

"ရေသွားခပ်ခဲ့"

ဟု ထပ်ပြောပြီး သူ့ဟာသူ ငုံ့ကောက်၏။ ဖိုးကွန်း မတ်မတ်ပြန်ရပ်လိုက်ပြီး သက်ပြင်းချသည်။

နေရာတကာ အလွန်သဘောကောင်းသည့် ဆရာလည်းဆရာ၊ အစ်ကိုလိုချစ်ရသည်လည်းဖြစ်သော အရိုင်း ကို သူ အလင်ကြီးလေးစားခဲ့တာ အဲဒါကြောင့်ပါ။

အရက်ကြူးလွန်းနေ၏၊ ဆေးလိပ်သောက်တာလည်းရှိသည်။ ဒါပေမယ့် ဘယ်တော့မှ မည်းကမ်းမမဲ့၊ ဣန္ဒြေမပျက်၊ မျက်နှာပေါက်ဆိုးတာပဲ





ရှိကာ စိတ်ရင်းကောင်းခံက ဖြူစင်၏။

အစ်ကို့ကို ဘယ်သူတွေ ဘယ်လိုဝေဖန်ပါစေ အစ်ကိုနဲ့ပြောဆိုရင်းနှီးဖူးတဲ့လူဟာ အစ်ကို့ကို ခင်မင်လေးစားသွားကြတာပဲဖြစ်၏။

ဒီလိုလူမှာ ဘယ်လိုထိခိုက်ခံစားစရာတွေ ရှိနေခဲ့သလဲ၊ စပ်စုချင်တာ မဟုတ်ပေမယ့် တကယ်လို့များရင်ဖွင့်ပြောလာရင်တော့ အကြံပေးချင်သည်။ ကူညီချင်မိသည်။

ခုတော့ ဒီလောက်မူးအောင်သောက်တာတောင် ပါးစပ်ကနေ ကယောင်ကတမ်း ဖွင့်ဟလာတာမျိုးမရှိ။ သတိလက်လွှတ် ပေါက်ကွဲတာလည်းမဖြစ်၊ နှုတ်ခမ်းတင်းတင်းစေ့ထားပြီး အံကြိတ်နေသည်။ သူ ပေါက်ကွဲတာက စားပွဲတွေ၊ ကုလားထိုင်တွေပဲဖြစ်နေတော့ သူ့အတွက် ဘယ်လိုအကြံပေးကူညီရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



<u>အခန်း (၄၀)</u>

"ဟုတ်ပြီ၊ သားသမီးနဲ့မိဘ ပဋိပက္ခဖြစ်ကြတာတွေကို ဖေဖေတို့လက်ထက်မှာ မဖြစ်ချင်တော့ဘူး၊ သမီးချစ်သူ ဆိုတာကို ခေါ်လာခဲ့"

ဖေဖေ ပြောတဲ့အတိုင်း ဆက် က ပြန်ပြောပြသည်။ ခက် နဲ့ မေမြတ် က မျက်နှာချင်းဆိုင်မို့ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ကြသည်။

"ဝါလေ ဘယ်လိုမှကိုမထင်ဘူး သိလား၊ ဖေဖေက အဲဒီလိုပြောတော့ မေမေ့မျက်နှာကို တင်းနေတာပဲ"

ဆက် မျက်နှာလေးက ပြုံးနေသည်။ အိပ်ရာထက်မှာ ဖက်လုံးကို ဘင်းနေအောင်ပိုက်လိုက်၊ အရုပ်ကိုင်သလို မြှောက်ကိုင်ပြီးဆော့လိုက်နှင့် ပ်တ်လှုပ်ရှားနေတာလည်း သိသာ၏။

"ဘာပဲဖြစ်ဖြစ် ဖေဖေကြောင့် မေမေ ခွင့်ပြုရတာပါ။ သန်းထွတ်တို့ အိမ်ကလဲ ဖုန်းတွေလာလိုက်တာ တဂွမ်ဂွမ်နဲ့ ငါနဲ့အရိုင်း ပြေလည်သွားပြီ





ဆိုတာကို သန်းထွတ် သိတယ်၊ ဒါပေမယ့် သူ့အိမ်ကတော့ သိပုံမပေါ်ဘူး၊ နင်တို့စဉ်းစားကြည့်လေ၊ သန်းထွတ်က အရိုင်း နဲ့ရင်းနှီးတယ်၊ အစက ပြောတုန်းက ခွေနီးမျိုးစပ်တော်သေးတယ်တဲ့၊ ခုလို အတိုက်အခံတွေ ဖြစ်လာရင် အရိုင်း နဲ့ပတ်သက်တာတွေကို အတင်းအဖျင်းပြောမှာပေါ့"

"နင်က ဘာကိုပြောတာလဲ"

"အရိုင်း က အဲ .. သိုက် က ငါ့ကိုညာနေတာဆိုရင် သူမပြောဘဲနေမလား"

ခက် ဘာမှမပြောနိုင်။ ဆက် ရဲ့ဘေးမှာထိုင်နေသည့် မေမြတ် က မှန်တင်ခုံရှေ့မှာထိုင်သည့် ခက် ကို နားလည်သည့်မျက်ဝန်းများနှင့် လှမ်းကြည့်၏။

သူမတို့နှစ်ယောက် ဟိုတစ်နေ့က တွေ့ခဲ့သည့် 'အသွင်'ဆိုသည့်လူ အကြောင်းကို ပြောဖို့ရှိသည်။ ဒါပေမယ့် 'မပြောတော့ဘူး'လို့ဆုံးဖြတ်ခဲ့ကြတာလည်း အတူတူပင်။

ဘာဖြစ်လို့လဲဆိုတော့ အားလုံးက မမီနိုင်တော့သည့်အခြေအနေတွေ ဖြစ်ကုန်လို့ပါ။ ထို့ပြင် အသွင် က ရှင့်သီးစွာငြင်းပယ်ခဲ့သည်။ ဘယ်လို အထောက်အထားတွေပဲရှိနေနေ ကာယကံရှင်က မဟုတ်ပါဘူးလို့ ငြင်းလိုက်ပြီးမှ ဘာမှမတတ်နိုင်။

ဆက် ကလည်း ဒီဘက်မှာ ချစ်သူတွေဖြစ်သွားကြပြီဖြစ်သည့်အပြင် မိဘကလည်း သဘောတူလိုက်ပြီဆိုတော့ ပြီးပြီပေါ့။

ခွေးတစ်ကောင်နှင့် အသွင်ဆိုသော လူတစ်ယောက်အကြောင်းကို သူတို့ ဘာမှမပြောကြဖို့တော့ ဆုံးဖြတ်ခဲ့ကြ၏။

ခက် ကတော့ ခုချိန်ထိ ပါးစပ်တပြင်ပြင်နဲ့ပါ။ မေမြတ် က လှမ်းကြည့်ပြီး ခေါင်းခါပြလိုက်၊ မျက်မှောင်ကြုတ်ပြလိုက်နှင့် သင်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

ဆက် က ဘယ်သူ့ မျက်နှာကိုမှ သတိမထားမိဘဲ အဆင်ပြေနေတာတွေ ပြောပြကာ ပြုံးလိုက် ရယ်လိုက်။

"ညကလဲ ငါ့ဆီကို ဆယ်နာရီခွဲမှ ဖုန်းဆက်သေးတယ်"

"ဘယ်သူလဲ"

"သန်းထွတ် ပေါ့"

"ဘာတဲ့လဲ"

"သူ ပြောချင်တာတွေ အများကြီးရှိတယ်တဲ့၊ ဒါပေမယ့် မပြောတော့ဘူးတဲ့၊ သိုက် ကို ငါကချစ်နေပြီဆိုတော့ သူပဲ လူကြမ်းဖြစ်မှာတဲ့။ ရယ်ရတယ်နော်၊ မနိုင်လို့ လက်မြှောက်ရတာကိုများ တမင်အရှုံးပေးလိုက်သလိုလိုနဲ့ ..."

"သူ ဘာပြောမလဲဆိုတာ နင် မေးမကြည့်ချင်ဘူးလား"

"မမေးချင်ပါဘူး။ ငါ အဲဒီလိုမေးလိုက်ရင် အရိုင်း အပေါ် မှာ ယုံကြည်မှုမရှိရာကျသွားမှာ"

"ယုံကြည်ထိုက်တဲ့သူအဖြစ် နင့်ကို သူ့ဘက်က သက်သေပြခဲ့တာရော ရှိလို့လား"

"ဘာ ..."

ခုထိ ဒါတွေပြောနေတုန်းလား ... ဆိုသည့် အကြည့်တွေ ဖျတ်ခနဲရောက်လာသည်။ ပြုံးနေခြင်းတွေအားလုံး ဆက် မျက်နှာလေးမှာ မရှိတော့ပေ။ ခက် က မျက်ဝန်းလေးတွေရှေ့ပစ်လိုက်၍ ...

"အားလုံးကတော့ ပြီးနေပါပြီ၊ ဒါပေမယ့် နင်နဲ့သိုက် ရဲ့ဘဝက ခုမှစရမှာ၊ မစသေးခင်မှာ ဒီထက်ပိုရှင်းထားအောင် နင် ကြိုးစားသင့်တယ်"

"ဟုတ်တယ် လက်လက်၊ ငါတို့တွေ ကြိုးစားကြည့်တယ်၊ အဲဒီကာလထဲမှာပဲ အခု နင်တို့ရဲ့ မင်္ဂလာပွဲက သေချာနေပြီ၊ ခုချိန်မှာ အေးလူတွေအနေနဲ့ ဘာမှကြိုးစားခွင့်မရှိတော့ဘူး၊ နင့်ကို နောင်တမရစေချင်သို့ပါ"

"နင်တို့ ဒါတွေကို ခုချိန်ထိ ပြောတုန်းပဲနော်"

ဆက် ပြန်မေးတော့ နှစ်ယောက်ထံမှ ဖြေသံထွက်မလာခဲ့ပေ။

"ငါယုံတယ်လို့ ပြောပြီးပြီပဲ၊ သူ့ဘက်က ဘာမှမပြနိုင်၊ မဖြေနိုင်ပေမယ့် အဲဒါကိုက အရိုင်း ရဲ့မာနတွေပဲ"

"နင် အရိုင်း ကို ဖွဲလမ်းလွန်းလို့ ဖြေသိမ့်ရာရှာမိတာမျိုးဖြစ်မှာစိုးလို့ပြောတာ၊ တကယ်လို့ လက်ထပ်ပြီးကာမှ သူမဟုတ်ဘူးဆိုရင်ရော ..."

ဆက် မျက်နှာလေး သိသာစွာပျက်ယွင်းသွားသည်။ ပြီးတော့ ခေါင်းခါပစ်လိုက်၍ ...

"အဲဒီလိုဖြစ်လာမှာမဟုတ်ဘူး"

ဟု ပြတ်သားစွာပြောဆ၏။ ခက် ပါးစပ်ပိတ်သွားခဲ့သည်။ သူမျိုးနဲ့ဟရားခွင်မှာ ရင်ဆိုင်နေရသည့်ရှေ့နေဆိုလျှင်တော့ ပြောဖို့ တခိဖြစ်ခဲ့တော့သည်။ ဘူး။

"ကျွန်မ မေးချင်တာ မရှိတော့ပါဘူး..." လို့ .....။







www.burmeseclassic.com

www.burmeseclassic.com



<u>အခန်း (၄၁)</u>

"ဟား ဟား ဟား … ဘယ်လိုပဲနိုင်နိုင် အနိုင်ရဖို့က အဓိကပါ။ ...နှန်တော် အမြဲတမ်း အားလုံးရဲ့နောက်မှာနေခဲ့ရတာ၊ ဒီတစ်ခါတော့…"

"မ... ဒီတစ်ခါလို့မပြောနဲ့ သိုက်၊ မေကျော်တို့မိသားစုအားလုံးကို မင်း မှုမရှိရာက ...ရှုလိုက်တယ်။ တကယ်ဆို သူ့ဒွေးဦးဟန်သိန်းနဲ့ ဒေါ်မေကျော်တို့

"ယ...းစုမှာ မင်းအတွက် နေရာမရှိဘူး"

ဒေါ်နွယ်လီသန်းက မတ်တတ်ရပ်နေရာမှ သိုက် ရှေ့ကို တိုးလျှောက် ...သွား၏။ သိုက် ဒေါ်နွယ်လီသန်း ကို မျက်လွှာပင့်ကြည့်ပြီး ဟွန်းခနဲရယ် ...ပြသည်။

ပါးစပ်ထဲမှာ ပီကေဝါးရင်း ပခုံးတွေပါသွားအောင် ရယ်လိုက်ပုံက ဒေါ်နွယ်လီသန်း၏ဒေါသတွေကို မီးပွင့်သွားစေ၏။

ရှိုင်းရှိုင်းပြောရလျှင် ဦးဟန်သိန်း က ရည်းစားဟောင်းနဲ့လက်ထပ်ပြီး သိုက် ကို ကိုယ်ဝန်ရှိတော့မှ ကံကြမ္မာအကြောင်းတစ်ခုကြောင့် ကွဲကွာခဲ့ကြသည်။





ဒေါ်မေကျော် ကတော့ မိဘတွေ သဘောတူကြည်ဖြူစွာပေးစားခဲ့ကြသည့် ဇနီးပါ။ နောက်နှစ်များမကြာမီမှာ မိခင်ဆုံးသွားခဲ့သည့် သိုက်က စာတစ်စောင် အထုပ်တစ်ထုပ်နှင့် ရောက်လာခဲ့၏။

သိုက် ကို ဦးဟန်သိန်း က ချစ်သည်။ အရေးပေးသည်။ မျက်နှာငယ်လေးမို့ အချစ်ပိုသလို ယုယပွေ့ပိုက်ခဲ့၏။ ဒါကို ဒေါ်မေကျော်တို့သားအမိတွေက မလိုလားပေမယ့် ပြဿနာကြီးငယ်မဖြစ်ရလောက်အောင် ပြောဆိုကြတာလည်း မရှိကြပေ။

ရောက်လာပြီဆိုကတည်းက တစ်အိမ်လုံးကို ဗိုလ်ကျခဲ့သူက သိုက်ဖြစ်သည်။ ဆွေမျိုးမကင်းကြတော့ ဒေါ်မေကျော်နှင့် တစ်ခါတလေ ဆုံဖြစ်ကြလျှင် သူတို့အိမ်တွင်းရေးကို တစ်ခွန်းစ နှစ်ခွန်းစ ကြားရတတ်၏။

"သူ့အဖေက မျက်နှာငယ်လေးဆိုပြီး အရမ်းအရေးပေးတာ၊ ကောင်လေးရဲ့အမေအကြောင်းကို အားလုံး ဖွင့်ပြောထားခဲ့လို့တို့က နားလည်ပါတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ ထားရာနေ စေရာသွားရတဲ့ဘဝမျိုးနဲ့ နားလည်သည်းခံရင်း ကျန်ရစ်ခဲ့လို့ မိန်းမချင်း စာနာမိတဲ့စိတ်ထိဖြစ်ခဲ့တယ်၊ အဲဒါကြောင့် ဒီကလေးရောက်လာတာကိုလဲ တို့ဘာမှမပြောခဲ့ဘူး၊ ခုတော့ မိသားစုတစ်စုလုံးကို သူ နိုင်ချင်တာ၊ ဖြစ်သင့်တဲ့ဘဝအပြေအနေမျိုးမဟုတ်ဘဲ သူက ပြောင်းပြန် နွယ်ရဲ့ သိလား၊ တို့ကလေးတွေကလဲ အေးတော့ ဖြစ်ပြီဆို ခံလိုက်ရတာချည်းပဲ၊ သိုက် က အငြင်းကသန်၊ လက်သမြန်နဲ့ …"

ဒေါ်နွယ်လီသန်း ထိုစဉ်ကတည်းက သိုက် ဆိုတာလေးကို စိတ်ပျက်နေခဲ့တာဖြစ်၏။

ဒီကောင်လေးသတင်းကို ကြားနေသည်မို့ ဘယ်ဆွေမျိုးအသိုင်းအဝိုင်းကမှ သူ့ကို အရေးယူအဖက်လုပ်ပြီး မဆက်ဆံခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတို့ သူက နာကျင်စရာတွေအဖြစ် တေးမှတ်ခဲ့၏။ သူ့စီးပွား သူ့လုပ်ငန်းရယ်လို့ သိမ်းပိုက်ရရှိသွားသည်နှင့် ကိုလိုနီခေတ်က အင်ပါယာရဲ့သလို လုပ်ငန်းတွေထဲမှာ ဖြစ်သလို ရသလို ထိုးဖောက်သိမ်းယူသွားတာ ဘယ်လိုညာဏ်နီညာဏ်နက်တွေလဲ ...။

ဒေါ်နွယ်လီသန်း နှုတ်ခမ်းတွေ ကြာရှည်စွာစေ့ပိတ်နေခဲ့ပြီးမှ ...

"မင်းဟာ ကိုယ့်အတွက် တစ်နေရာကျန်အောင်တော့ ဘယ်နေရာမှာဖြစ်ဖြစ် မရရအောင်လုပ်ယူနိုင်တဲ့သူပါ"

ဟု တိတ်ဆိတ်သွားခြင်းကို ဖြိုခွင်း၍ ဆက်ပြော၏။ သိုက် က မီကေဝါးမပျက် ...

"မင်း ဘယ်တုန်းကမှ မရှုံးခဲ့ဘူး။ ဒါပေမယ့် မင်းကိုယ်မင်း ရှုံးနေတယ်လို့ထင်မှာပေါ့။ မင်းက နိုင်တာမဟုတ်ဘူးလေ၊ အနိုင်တိုက်ယူတာ၊ လူ့စည်းလူ့ဘောင်က သစ္စာ၊ မေတ္တာတံခါးတွေကိုဖွင့်ခဲ့တာမဟုတ်ဘဲ မြောင်ပုပ်၊ ဗွက်ပုပ်ထဲက လျှိုဝင်ပြီး ကျောကနေ ဓားနဲ့ထောက်ယူတာမျိုး"

"အန်တီနွယ် ပြောဖို့ကျန်သေးလား"

သိုက် က ခပ်ဖြည်းဖြည်းထရပ်လိုက်ပြီး လူကြီးရှေ့မှာ ခါးနှစ်ဖက်ထောက်၏။

မျက်မှန်တပ်မထားပေမယ့် ဖုံးအုပ်ကျနေသည့် ရှေ့ဆံပင်တွေကြား မျက်လုံးနှစ်လုံးကိုပင် လက်ခနဲ လက်ခနဲသာမြင်ရသည်။

မိုက်ရိုင်းစွာ အံကြိတ်ထားသည့် နှုတ်ခမ်းများနှင့် မျက်ဝန်းတို့က လူ့သတ်ချင်စိတ်ပေါက်နေသည့်သူနှင့် တူနေ၏။ ထို့နောက် ...

"ပြောစရာရှိသေးရင် ကုန်အောင်ပြော၊ ဒါပေမယ့် အခုခေါ်ရတဲ့အကြောင်းကိုပဲပြောပါ၊ မဆိုင်တာတွေပြောရင် မဆိုင်သလိုတုံ့ပြန်ဖို့ ကျွန်တော်ကလဲ အဆင်သင့်ပဲ"





ကြည့်စမ်း ...၊ ဒေါ်နွယ်လီသန်း မျက်လုံးတွေက အပေါ်ထပ်ကဆင်းလာသည့် သန်းထွတ် ထံသို့ ဝေ့ခနဲရောက်သွားသည်။ သန်းထွတ် က လှေကားရင်းမှာ ခဏရပ်လိုက်ပြီးမှ ဆက်လျှောက်လာ၏။ ပြီးတော့ လက်ထဲမှာကိုင်လာသည့် ဖိုင်နှစ်အုပ်ကို ဒေါ်နွယ်လီသန်းကို လှမ်းပေးလိုက်ပြီး ...

"ရှေ့နေဦးပေါ်လွင်ကို ဖုန်းဆက်ပြီးပြီ မေမေ၊ သူလာမှ အပေးအယူလုပ်ပေါ့"

"အေး ...၊ သား သွားတော့"

သန်းထွတ် က နောက်ဆုတ်ရပ်လိုက်ပြီး သိုက် ကို ချဉ်တူးစူးဝါးသောမျက်လုံးများနှင့်ကြည့်၏။ သိုက် က လှည့်မကြည့်ပါ။ ဆံပင်တွေကို သတ်ခနဲခါထုတ်လိုက်ပြီး ပြုံးသည်။

ဒီလိုဆံပင်ခါတဲ့ပုံကလည်း တခြားလူငယ်တွေဆိုလျှင်တော့ စတိုင်တစ်မျိုးဖြစ်ပြီး ဆွဲဆောင်မှုရှိနေပေမယ့် သိုက် ပုံစံကတော့ ဆံပင် တစ်ခါဆတ်ခါထုတ်လိုက်တိုင်း 'ဘယ်ကောင်မိုက်သလဲ'လို့ စိန်ခေါ်နေတာနှင့်တူသော လူမိုက်ပုံစံ တစ်ခါပေါ်သည်။

မြင်လိုက်ရတိုင်း ထောင့်မကျိုးသည့်ပုံပါ။ ကိုယ်ထင်လျှင် ခုတင်ရှေ့နန်းဆိုတာမျိုး ဆိုရင်တော့ ကိုယ်ကပဲ မုန်းနေလို့လား ...။

ကျောခိုင်းထွက်ခဲ့ရပေမယ့် ဘယ်လိုစကားတွေပြောပြော သိုက် ကို မေမေ နိုင်မှာမဟုတ်ဘူးဆိုတာ သူ သိနေသည်။ ဒီနေ့ မေမေ ခေါ်ခိုင်းတာက မင်္ဂလာကိစ္စ ပျက်ခဲ့ရခြင်းအကြောင်းကြောင့် မခံမရပ်နိုင်ဖြစ်လွန်း၍ ခေါ်ခြင်းဖြစ်ကာ သူက အလွယ်တကူ လိုက်လာခဲ့ပြီး ...

"ဒါကလဲ ဒီညနေ လာမလို့ပါ။ မင်းတို့ ရှယ်ယာထွက်ထားတဲ့ ငွေနှုန်းအချင်းတာကို ငါတစ်ဦးတည်းပိုင်ပြောင်းမှာ၊ မပြတ်မသား လာတင်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ မင်းတို့ကိစ္စတွေကို ဖြတ်ဖို့ ပြောရမယ်လေ”

ညှော်ခန်းကနေ အတူတူထွက်လာကြရင်း ပြောတုန်းက သန်းထွတ် ခြေလှမ်းမှားသွားခဲ့၏။

“ဘာ... ကွန်ပျူတာစင်တာ ဟုတ်လား၊ အဲဒါကို ဈေးငွေနဲ့ အတိုး ပေါ် အတိုးထပ်ပြီး သိမ်းပစ်လိုက်တာ မင်းပေါ့”

“အရှုံးအနိုင်ကိုပဲ ကြည့်စမ်းပါ၊ ဘယ်လိုနိုင်တာလဲဆိုတာကို ဖော်ဖို့ မကြိုးစားပါနဲ့”

“မင်းလုပ်ရပ်ကို ငါကမဖော်လဲ အားလုံးက သိနေကြပါတယ်”

“ဟုတ်တယ်လေ၊ အားလုံးနဲ့ တစ်ယောက်ပဲ၊ ဒါပေမယ့် ငါ့ကို ဘယ်သူ လက်ညှိုးထိုးရဲလို့လဲ၊ အဲဒါ အမှန်တရားပဲကွ၊ မင်းမှတ်ထား၊ ငါမှားနေရင် အမှားကိုထောက်ပြရဲတဲ့သူ ပေါ်လာမှာပဲ၊ ပြစရာမရှိလို့ မပြရဲတာ၊ ပြောလို့မရလို့ မပြောကြတာ၊ ငါစိုက်ထုတ်ပေးလိုက်တဲ့ သိန်းပေါင်း သန်းပေါင်းများစွာက ကလေးကစားတဲ့စက္ကူတွေမှမဟုတ်တာ၊ ရင်းနှီးလိုက်တာ အမြတ်လိုချင်လို့၊ ငါမြတ်ချင်လို့ ငါရင်းခဲ့တာ၊ ငါ့လို ဘယ်သူရင်းနှီးရဲသလဲ မင်း စဉ်းစားလေ”

“မတရားသဖြင့် အတိုးမစားချင်လို့ဖြစ်မှာပါ”

“ဟား ဟား ဟား ...၊ မတရားသဖြင့် ပုံချပေးထားခဲ့တာကိုလဲ ထည့်ပြောလေ၊ စီးပွားရေးလုပ်ကြတာကွ၊ သစ္စာချိန်ခွင်ရှေ့မှာ သစ္စာချင်းပြိုင်ဖို့ ချိန်စက်ကြည့်နေကြတာမဟုတ်ဘူး၊ ငါခံယူထားတာက သစ္စာ၊ မေတ္တာတွေဆိုတာ ငွေရှိမှဖြစ်တာ၊ ငွေမရှိခဲ့တုန်းက ငါ့ကို ဘယ်သူက အရေးလုပ်ကြသလဲ”

“ခုရော မင်းကို အရေးလုပ်လာကြတယ်လို့ ထင်လို့လား၊ ပိုပြီးရွံလာကြတာ”





“ဟား ဟား ဟား ... ရယ်ရတယ်ကွာ၊ အဲဒါလဲ ငွေရှိလို့ပဲလေ၊ ငါက လူချစ်လူခင်များလာအောင် ငွေကိုသုံးနေတာမှမဟုတ်ဘဲ၊ ကိုယ့်ဟာကိုယ် မမြင်လို့ ခလုတ်တိုက်ပြီး ခြေမ ကွဲသွားတဲ့လူက အဲဒီခလုတ် ကန်သင်းကို အမှတ်တရရွှေချထားခဲ့ဦးမှာလား၊ ‘ငါ့ကိုကကန်းတာ’လို့သိပြီး ကိုယ့်ခြေထောက်ကို ပြန်ရိုက်ချိုးတဲ့လူရော ကြားဖူးလား”

တစ်ဖက်သတ်ကို အနိုင်ပြောရဖို့ဆို သိုက် ပါးစပ်ထဲမှာ ဥပမာ၊ သာဓကတွေ များမှများပါ။

“ငါ့ရှေ့ကျမှ မှောက်လျက်လဲနေကြတော့လဲ ငါက လူတကာမုန်းတဲ့ ခလုတ်ကန်သင်းပေါ့၊ ခက်နေတာက အဲဒီလူတကာဆိုတာတွေက ငါ့ဆွေမျိုးတွေပဲဖြစ်နေတယ်”

“ဆွေမျိုးလို့ မင်းသဘောထားဖို့မလိုပါဘူး”

“ခုကစပြီး မထားတော့ဘူးလို့ မှတ်လိုက်ပါပြီ၊ မင်းလာခေါ်တာ ရှေ့လက်ဆက်နဲ့ မင်္ဂလာကိစ္စကြောင့်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် အခု ငါလိုက်မှာက ခေါ်နှယ်လီဆန်း ဆင့်ခေါ်လို့ရောက်လာရတဲ့ ဆွေမျိုးကောင်းတဲ့ကောင်အဖြစ်မဟုတ်ဘူး၊ ဝမ်းနည်းပါတယ်ဆိုတဲ့စကားလက်ဆောင်ပါးရင်း စည်းစိမ်တစ်ဝက်ကို သိမ်းယူမယ့် သိုက် ...”

“ဘာကွ...”

အဲဒီကျမှသိခဲ့ရသည်။ သိုက် ဆိုတာ နည်းနည်းနောနောကောင်မဟုတ်ပါလား။ ဒီစင်တာကို ဘယ်တုန်းကတည်းက အကွက်ကျစီစဉ်ပြီး ဝါးမျိုဖို့ကြိုးစားထားခဲ့သည်မသိ။

သူ့ဘက်မှာ ကံကောင်းခြင်းတွေချည်းပဲ စုပြုံရှိနေခဲ့သည့်အဖြစ်က ဘက်က မင်္ဂလာပွဲကိုလည်း ကြားဖျက်ဖြို့ခွင်းခဲ့သည်။

အရောင်းစင်တာကြီးတစ်ခုလုံးကိုလည်း ဝါးမျိုနိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သန်းထွတ် လှေကားထစ်တစ်ဝက်လောက်မှာ တုံ့နှေးနှေးခြေလှမ်းတွေကို ရပ်တန့်ပစ်လိုက်လျှင် အောက်ထပ်က မေမေ့ဒေါ်သံတွေကို သဲကွဲစွာကြားနေရ၏။

“ကောင်းပြီ ရှေ့နေလာရင် မင်း ဒါကိုရမှာပါ၊ အစကတည်းက ငါတို့က နုတ်ထွက်ထားပြီးသား၊ နောက်ဝင်လာတဲ့ ရှယ်ယာရှင်က တောင်းပန်ထားလို့ ခုချိန်ထိ မပြတ်မသားနေနေရတာ”

“အကျိုးအမြတ်မရှိဘဲ ကူညီနေတာလို့ ပြောချင်တာလား”

ဒေါ်နွယ်လီသန်း မျက်နှာနီသွားသည်။ တကယ်က ကိုယ့်ကို နားလည်လို့ သူတို့ကပဲ ကမ်းလှမ်းတဲ့သဘောတွေ သက်ရောက်အောင်လုပ်ပြီး ကူညီခဲ့ကြတာပါ။

ဒီအတွက် ကုန်သလောက်ရှိနေပြီဖြစ်သည့် ကိုယ့်ဘက်ကရှယ်ယာ အတိုင်းမဟုတ်ဘဲ အများနည်းတူ အကျိုးအမြတ်ခံစားခွင့် ရခဲ့ပါသည်။

ဒါပေမယ့် ဒါကို မလိုလားတဲ့သူလည်းရှိသည်။ ထို့ကြောင့်လည်း တစ်ခုတစ်ယောက်၏မွှေနှောက်ခြေထိုးမှုကြောင့် စင်တာတစ်ခုလုံး အခြေ ယိုင်ခဲ့ရခြင်းဖြစ်၏။

အနာပေါ် ကို တုတ်ချွန်နှင့်ထိုးဆွခံလိုက်ရသလို သိုက်၏စကားလုံးတွေ ဒေါ်နွယ်လီသန်း၏အရှိက်ကို တည့်တည့်ထိ၏။ သိုက် ကလည်း သိသည်။ ဟင့်ခနဲမဲ့၍ ဆိုဖာနောက်ကနေ ပတ်လျှောက်သွားရင်း…

“အလုပ်ကိစ္စ ပြီးသွားပြီလို့ ထားလိုက်ပါ၊ ခင်ဗျား ဘာပြောစရာကျန်သေးလဲ”

“မင်း … မင်းက ငါ့ကို ခင်ဗျားတွေ ဘာတွေနဲ့ …”

“ဖြစ်သင့်တဲ့ အမှန်အကန်တွေပါ။ ကျွန်တော့်ကို လာခေါ်တုန်းက သန်းထွတ် ဒီတိုင်းပြောခဲ့တာပဲ၊ ဆွေမျိုးလို့သတ်မှတ်ဖို့မလိုဘူး တဲ့”





“မင်း မြန်မာလူမျိုးမဟုတ်ဘူးလား၊ သူစိမ်းဖြစ်ဖြစ်၊ ဆွေမျိုးဖြစ်ဖြစ် ဦးလေးတန်ဦးလေး၊ အဒေါ် တန်အဒေါ် ပေါ့၊ လူတစ်ယောက်ကို သစ်ခေါင်းထဲကနေ့က်ထုတ်ယူလို့မရဘူး၊ ချုံပုတ်ပေါ် က သွားကောက်လို့လဲမရဘူး၊ မိဘနှစ်ပါးရှိမှ လူဖြစ်တာ၊ မင်းကြိုက်သလို မိုက်ရိုင်းလို့ရတယ်၊ ဒါပေမယ့် မွေးဖွားပေးခဲ့တဲ့ မိဘနှစ်ပါးမျက်နှာကိုတော့ ထောက်ထားရမှာပဲ”

“မိဘတွေ မရှိတော့ဘူးလေ၊ မိဘက မိဘအလုပ်ကိုလုပ်သွားပြီးပြီ၊ သားသမီးပီပီသသ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်ဖို့ပဲ ဘုန်မဲ့တာ။ တရားသိတဲ့လူကြီးတွေဆို မှုမှုတတတွေးကြပါတယ်၊ သားသမီးတိုင်း မလိမ္မာကြဘူးဆိုတာ …၊ အဟွန်း … ခင်ဗျား နားလည်သင့်တာက မိ,မဆုံးမ ဖ,မဆုံးမဆိုတာနဲ့ မိ,မနိုင် ဖ,မနိုင်ဆိုတဲ့ အဓိပ္ပာယ် အများကြီးကွာတယ်၊ ကျွန်တော်က မိ,မနိုင် ဖ,မနိုင်ထဲကကောင် …”

“တောက်”

“ဒေါ်သတွေပြတ်သိပ်ပြီး ပြောမထွက်တော့ဘူးဆိုရင် ကျွန်တော်ပဲ ပြောမယ်၊ ရွှေလက်ဆက် ဆိုတဲ့ မိန်းမကို သန်းထွတ် နဲ့လက်ထပ်မယ့် မိန်းမလို့ သေချာသိလိုက်ရကာမှ ဒီပွဲပျက်စေရမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ အောင်ယူခဲ့တာ၊ အဲဒါ အမှန်ပဲ”

“ဟင် …”

“သန်းထွတ် ကို မေးကြည့်လေ၊ အနေမတတ် အသွားမတတ်တော့ ခံတာပေါ့။ ကျွန်တော်က အစကတည်းက ရိုင်းချင်နေတဲ့ကောင်၊ ရိုင်းဖို့ ကြံလာရင် နောက်တွန့်မှာမဟုတ်ဘူး၊ အထူးသဖြင့် ဆွေမျိုးဆိုတဲ့လူတွေ ကို ကျောင်းမှန်းကန်မှန်းသိစေချင်တာ”

“ငါတို့အားလုံးရဲ့ မျက်လုံးထဲမှာရော၊ ခေါင်းထဲမှာရော မင်း ကံ့ဝမရှိ ဘူး သိုက်၊ မင်းကို အဲဒီလောက်ထိ စိတ်မဝင်စားခဲ့တာ၊ ပြီးတော့ သန်းထွတ်



www.burmeseclassic.com

www.burmeseclassic.com



က မင်းကိုခင်တွယ်ခဲ့တဲ့သူ ...”

“ကျွန်တော်ကတော့မခင်ဘူး၊ ကိုယ့်ကို စိတ်မဝင်စားကြတဲ့လူတွေ စိတ်ဝင်စားတတ်လာအောင် ဘာလုပ်မလဲဆိုတာပဲ တွေးတယ်၊ အစ္ သိုက် ဆိုတဲ့ကောင်ကို စိတ်မဝင်စားလို့မရတော့ဘူးမဟုတ်လား၊ လိုချင်တာ အဲဒါ ...”

ပွဲက ပြီးပါပြီ။ သိုက် တို့ အနိုင်နဲ့ပိုင်းခဲ့သည်။ ကျွန်ရစ်ခဲ့သူက ဒေါသများနှင့် အသက်ရှူမှား၏။ တရားမရှိ၊ ဓားမရှိတဲ့သူ ...၊ နှလုံးသားရော ရှိပါ့မလား .....။

သူ သိမ်းပိုက်နိုင်သည်ဆိုသော မိန်းကလေးရဲ့ ကံကြမ္မာသည် .....။





## အခန်း (၄၂)

ဖုန်းချလိုက်သည်နှင့် မေမေက အနားမှာပေါ်လာ၏။ ခပ်လှမ်းလှမ်းမှာ အစောကရပ်လျက် ...

“ဘာတဲ့လဲ၊ အလုပ်တွေ အရမ်းရှုပ်နေလို့တဲ့လား”

“ဟုတ်”

တစ်ခုခုထပ်ပြောမည်ကြံပြီးမှ မပြောဖြစ်။ မေမေ့နှုတ်ခမ်းတွေ မဲ့သွား၍ပါ။ မေမေသည် လူတစ်ယောက်အပေါ်မှာ ချိုးချိုးဖွဲ့ဖွဲ့ပြောတတ်သည့် အကျင့် မရှိပေ။

စကားပြောပြီဆို အေးဆေးတည်ငြိမ်သည်။ အထူးသဖြင့် မျက်နှာပြင်ပေါ်မှာ ကောက်ကွေ့ကြောင်းတွေဖြစ်ကုန်တဲ့အထိ အမူအရာတွေ ပါကုန်အောင် ထက်သန်လှုပ်ရှားစွာပြောတတ်တာမျိုးလည်း မမြင်ဖူးခဲ့ပါ။

ခုကျမှ မေမေ့မျက်နှာမှာ မဲ့တော့မလိုလို၊ ပြုံးတော့မလိုလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်တွေဖြစ်လာခဲ့သည်။ ဒေါသနောက်ပါသွားသည့် အေးစက်စက် မျက်နှာပြင်သည် သားသမီးမို့ ခွင့်လွှတ်လိုက်လျှောပေးရမှာပဲဆိုသည့် နားလည်မိတ်နှင့် နူးညံ့သွားခဲ့တာလည်းရှိ၏။

အစော ပြောတော့ ညတုန်းကဆို မေမေ မျက်ရည်တွေ လည်နေသည်တဲ့။ ထို့ကြောင့် ပြဿနာတစ်ခုရှိပြီဆို ဆင်ခြေပေးဖို့တွေ ခေါင်းထဲမှာ အဆင်သင့်ထည့်ထားပြီးဖြစ်တတ်သည့် ဆက် ရဲ့အကျင့်တွေ ပျောက်ဆုံးနေခဲ့၏။

မေမေ့ကို ဆင်ခြေမပေးရက်သလို ပြောစရာလည်းဖြစ်နေပြီမို့ ...

"တစ်ခုခုဆင်ခြေပေးပြီး အလျှောက်ကောင်းအောင်ပြောဖို့ စဉ်းစားနေတာလား ရွှေလက်ဆက်၊ လူကြီးတွေအပေါ် မှာ ဒီလောက်ရိုင်းပျရင့်သီးပြနေတာတောင် ညည်းက ..."

"ပြောမနေနဲ့တော့ ယောင်းမရယ်၊ မင်္ဂလာပွဲပဲ ပြင်ဆင်ပြီးနေပြီ၊ ဘာမှမထူးတော့တဲ့အပြင် စိတ်ဆင်းရဲကြရမှာပဲရှိတာ"

အစော ဝင်ပြောလိုက်တော့ မေမေ့မျက်လုံးတွေ ညှို့ခံပွဲအတွက် ပြင်ဆင်နေကြသည့် အိမ်ရှေ့မြက်ကွင်းကြီးဆီ ဝေ့ခနဲပြေးသွား၏။ ပြီးတော့ အစောကို လှည့်မကြည့်ဘဲ ဆက် ဆီကိုပဲ မျက်လုံးပြန်ရောက်လာ...

"မင်္ဂလာဆောင်နေပါစေ မမစော သူ့ပါးစပ်ကသာ 'ဟင့်အင်း'လို့ တစ်ခွန်းပဲပြော၊ ကျွန်မသမီးလက်ကို ကျွန်မ ဆွဲထုတ်သွားနိုင်တယ်"

ပြောပြီး 'ဘယ်လိုလဲ'ဆိုသောအကြည့်တွေ ဆက် မျက်နှာလေးပေါ် စူးစိုက်လာ၏။ အစောကလည်း အနားရောက်လာပြီး ဘာမှမပြောဘဲ အကဲခတ်သည်။ ဆက် မျက်လွှာလေးချ၍ ခပ်ဝေးဝေးကို ငေးနေလိုက်၏။

မေမေ နားလည်သွားပြီထင်သည်။

"ကလော ဆိုတဲ့မြေကို နင်းခိုင်းခဲ့မိတဲ့အတွက် ညည်းခြေထောက်





မှာ ဒီလို ရှု့ပေလာမယ်မှန်းသိရင် ..."

"ရွှေ ..."

ဦးဆက်သူ ရောက်လာတော့ ဒေါ်နိုင်လွှာရွှေ စကားသံ ပြတ်တောက်သွားသည်။

"အားလုံး သဘောတူစီစဉ်ကြပြီးပြီလေကွာ၊ ဒါတွေပြန်ပြောနေတော့ မမစောတို့လဲ ဘယ်စိတ်ကောင်းပါ့မလဲ"

လူကြီးတွေ အနားမှာ စုပြုံလာပေမယ့် မေမေ့မျက်နှာကို ဆက် မော့မကြည့်ရဲသေးပေ။ ဖေဖေတို့၊ အစောတို့က လိုက်လျှောသည်။ မေမေလည်း ဒီသဘောပါပဲဆိုပြီး စေ့စပ်ခဲ့၏။ လက်ထပ်ဖို့အတွက်လည်း သိက် ဘက်ကပဲ အားလုံးတာဝန်ယူပြီးစီးခဲ့သည်။

သူ့ဘက်က လူကြီးမိဘအဖြစ် တစမ်းတနားလိုက်ပါလာခဲ့ကြတဲ့သူတွေကလည်း မကျေနပ်စရာမရှိလောက်အောင် ဂုဏ်အရှိန်အဝါအားဖြင့် မြင့်မားကြသူတွေပါ။

ဒါပေမယ့် ငွေကိုကြိုက်သလိုပုံအောချပေးထားခဲ့ပြီး သူက ပေါ်မလာ။

နှစ်ဖက်ညှိနှိုင်းခဲ့ဖြတ်ရမည့်အရေးအကြောင်းရှိပြီဆို ဖုန်းဆက်ရသည်။ နှစ်ခါလောက်ဆက်မှ တစ်ခါပဲရ၏။

ထို့ပြင် ဘယ်အချိန်၊ ဘယ်နေရာ ဘာဖြစ်ဖြစ် သူ သတ်မှတ်သွားတာတာပဲ အတည်ဖြစ်သည်။

မင်္ဂလာကိစ္စနှင့်ပတ်သက်ပြီး မေမေ ဘာမှဝင်မပြောပေမယ့် ဒါတွေကို တစ်ချိန်လုံး သတိထားမိနေခဲ့သည့် မေမေ့မျက်ဝန်းတွေကိုတော့ ဆက် နားလည်ပါသည်။

ဒီနေ့ ဒီလိုပြောလာတော့ မေမေ မလွန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ရှင်းကြလင်းကြနှင့် အားကြိုးမာန်တက်ပြင်ဆင်နေကြတာက ကိုယ့်ဘက်က တစ်ဖက်သတ်တည်းဖြစ်နေခဲ့သည်။

မနေ့ကတည်းက ဖုန်းခေါ်တိုင်းမရ၊ လူလာပါခေါ်တာ မလာ၊ ဒီမှာမပြည့်စုံတာတွေရှိသေးသည်။ ကိုယ့်ဘာသာပြင်ဆင်ညွှန်ကြားလိုက်လို့ရပေမယ့် ဖြစ်သင့်တာက ဒီလိုမှမဟုတ်ဘဲ။

ဆက် ကိုယ်တိုင် သူ့ကို လာစေချင်သည်။ သွားလာဝယ်ခြမ်းဖို့ မင်္ဂလာပွဲအတွက် ပြည့်စုံအောင်စီစဉ်ဖို့၊ ဒါတွေက သူပါမှ ပိုပြီးတင့်တယ်ပေမည်။

သူ့ဘက်က လူကြီးမိဘ မရှိကြတော့ဘူးဆိုပေမယ့် သူကိုယ်တိုင်ရှိနေသည်ပဲ။

ပိုပြီးခံရခက်နေတာက မေမေ သူ့ကို မကြည်လင်တာ သူ သိနေသည်။ ထို့ကြောင့်များ မေမေ့ကို ရွံ့နေတာလားဟု စိုးရိမ်စိတ်ဖြစ်နေမိ၏။

ဒါကိုပြောကြည့်တော့လည်း သူက အပြုံးမပျက်။

"ဟုတ်မှာပေါ့။ တို့က ကလေကချေဖြစ်ခဲ့ဖူးတာကိုး၊ မင်းအမေသန်းထွတ်တို့ဘက်က ပို့ချသမျှ တစ်ဝကြီးကြားရမှာပဲ၊ ဒါ ဖြစ်သင့်ပါတယ်၊ နေပါစေလေ တို့နှစ်ယောက်ပဲပေါင်းရမှာ၊ ဒါက ပြဿနာမဟုတ်ပါဘူး" တဲ့။

သိုက် ကလည်း သူ့ဘဝအကြောင်းနဲ့သူ ခံစားချက်တွေ ရင့်နေခဲ့၏။ စကားပြောတိုင်း ဘဝကို ရှေ့တန်းတင်သည်။ ဒါကို ဆက် ကလည်း စာနာပြီးရင်း စာနာနေခဲ့၏။

သူမ သိနေခဲ့သည့် အရိုင်း ၏ဘဝကလည်း ဒီလိုနာကျင်ဖွယ်တွေရှိနေခဲ့သည်။ ဒီလိုရိုင်းပျတတ်သည့် အရိုင်း ၏စရိုက်ကိုလည်း သူမ နားလည်ခဲ့၏။





အရိုင်း နှင့်ပတ်သက်လာတိုင်း ဟိုတုန်းကတည်းက သူမသည်သာ သည်းခံသည့်ဘက်မှာ အမြဲရှိခဲ့ရသည်ပင်။

ခု သည်းခံနေရတာကိုလည်း ကျေနပ်သည်။ ဒါပေမယ့် ...

"စိတ်မကောင်းဖြစ်ဖို့ မလိုဘူး အစ်ကို"

ငိုသံပါလာသည့် မေမေ့အသံကြောင့် ဆက် ထိတ်ခနဲဖြစ်သွားကာ အတွေးတွေလည်း ဘယ်ဆီလွင့်ပြေးကုန်မှန်းမသိ။

"မမစောလဲ သမီးကို ကိုယ့်ရင်သွေးလိုချစ်ခဲ့တာပဲ၊ ကျွန်မ ပြောချင်တဲ့ ဆိုလိုရင်းကို သူ နားလည်ပေးနိုင်တယ်၊ ကျွန်မ ဘယ်သူ့ကိုမှ အပြစ်တင်တာမဟုတ်ဘူး။ ဒီလမ်းကြောင်းဖြစ်သွားခဲ့တဲ့ ကံကြမ္မာရယ်၊ ဒီလမ်းကို မကောင်းမှန်းသိနေလျက်နဲ့ ဖွတ်တိုးလျှောက်ချင်တဲ့ အမိုက်မရယ်..."

"မေမေ"

"မခေါ်နဲ့ ရွှေလက်ဆက်၊ ငါ အခု ထိန်းချုပ်မျိုသိပ်ထားလို့မရတော့ဘူး၊ အကြောင်းကြောင်းကြောင့် အားလုံးသဘောအတိုင်း ငါ ခေါင်းညိတ်ပေးခဲ့ပေမယ့် အခု သူ့ရဲ့စရိုက်လက္ခဏာတွေကို သေချာသိရလေ မခံစားနိုင်လေပဲ။ ဒီလိုယောကျ်ားမျိုးဟာ မိန်းမတစ်ယောက်ဆီကအချစ်ကို အချစ်နဲ့သိမ်းပိုက်မှာမဟုတ်ဘူး၊ မာနနဲ့သိမ်းပိုက်မှာ"

ဆက် စကားလုံးတွေ ပျောက်ဆုံးနေခဲ့သည်။ ရက်ပိုင်းလေးအတွင်းမှာပဲ သိုက် ရဲ့မာနတွေကို တွေ့မြင်သွားခဲ့သော မေမေ့အရည်အချင်းကိုလည်း အံ့သြမိ၏။

"သူ့မာနတွေကို ညည်း ခုကတည်းက ဒူးထောက်လည်စင်းပေးနေရင် တစ်သက်လုံး ဒုက္ခရောက်လိမ့်မယ်"

"ရွှေရယ် ... မင်းကလဲ ..."

"ဟုတ်တယ် အစ်ကို၊ ကျွန်မ လုံးဝမကြည်ဖြူနိုင်ဘူး၊ ဒီကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲကို ကျွန်မသေမိးကို လုံးဝမထည့်လိုက်နိုင်ဘူး"

"စိတ်ကိုထိန်းပါဦးကွာ၊ အားလုံး သေချာနေပြီလေ"

"ဟင့်အင်း"

"မေမေ"

မေမေ မျက်ရည်စက်တွေ လိမ့်ဆင်းလာတော့ ဆက် မေမေ့ကို ဖက်ထားလိုက်မိသည်။

အစောသည် တိတ်ဆိတ်စွာ မျက်ရည်ဝေ့လျက် ရင်ထဲမှာ စကားတွေပြောနေခဲ့၏။

"ဟုတ်ပါတယ်၊ အဲဒါ ငါတို့ကြောင့်ပါ၊ ငါတို့အပြစ်တွေပါ"





အခန်း (၄၃)

"ဖေဖေပဲသွားပါ၊ ဆက် ကားပေါ်ကပဲ စောင့်နေမယ်"

"လိုက်ခဲ့ပါ သမီးရယ်၊ ညွှသည်တွေ သိပ်မရှိပေမယ့် စားသောက်ရင်း စကားပြောဖြစ်ကြမှာဆိုတော့ ကြာမှာ"

"ရပါတယ် ဖေဖေ၊ အေးအေးဆေးဆေးနေပါ"

ဖေဖေ အထဲဝင်သွားမှ ကူရှင်ကိုမှီချလိုက်ရင်း ဆက် မျက်နှာလေး မော့ထားမိ၏။ မဂ်လာရက်ကပ်နေပြီပေမယ့် ဘယ်မှာလဲ ပျော်ရွှင်ခြင်း။

မေမေက မကြည်ဖြူ၊ သိုက် က ဂရုမစိုက်၊ ဖေဖေ့ခများလည်း ကိုယ့်ဓနိးရဲ့ ရောဂါကျမှ ဆေးရှာမရဘဲဖြစ်ကာ သူကိုယ်တိုင် လူမမာဖြစ်နေသည့်ပုံပေါက်လာခဲ့သည်။

လက်ထပ်ဖို့ သေချာပြီးနေကာမှ သိုက် ပုံစံပြောင်းသလိုဖြစ်သွားတာကို ဆက် နားလည်အောင်ကြိုးစားပါသည်။ ဒါပေမယ့် လူကြီးတွေသက်သာ ခွင့်လွှတ်နိုင်ဖို့မလွယ်တာကိုတော့ သူ သိသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ခက် နဲ့ မေမြတ်တို့ကလည်း ဒီရက်ပိုင်းကျမှ ဟိုသွားလို့ ဒီသွားလို့ဟု အကြောင်းတွေများကာ မဆုံဖြစ်ကြတော့ပေ။

တမင်မဆုံအောင် အကြောင်းပြကောင်းနေတာဆိုလျှင်တော့ ဆက် ရဲ့ မင်္ဂလာပွဲဟာ ပျော်ရွှင်ခြင်းကင်းမဲ့စွာ ပြီးဆုံးရတော့မှာလား ...။

ကူရှင်မှာမှီနေရင်းကနေ ခပ်တောင့်တောင့်ပြန်ထိုင်ကာ သက်ပြင်း ရှည်ကြီးချမိသည်။ ရင်ထဲမှာတော့ ပေါ့ပါးမသွားခဲ့ပါ။

ဒီဟိုတယ်လ်မှာလုပ်သည့် ဒင်နာကိုလည်း ဖေဖေ တမင်တကာ ရောက်အောင်လာခဲ့တာဖြစ်သည်။

"သမီးလဲလိုက်ခဲ့လေ၊ အဲဒီမှာ သိုက် နဲ့စီးပွားတူလုပ်ငန်းရှင်တွေ၊ ရင်းနှီးတဲ့မိတ်ဆွေတွေ အများကြီးရှိနေမှာ၊ ဒီချိန်ကျမှ မထူးတော့ဘူးဆိုပေမယ့် ဖေဖေတို့ဘက်က ဝါးတားတားပဲမြင်နေရတာတွေကို ထင်ထင်ရှားရှားဖြစ်လာတာပေါ့။ ဘာဖြစ်ဖြစ် သူ့ရဲ့အယူအဆ၊ အကျင့်စရိုက် တစ်ခုခု ကိုသိထားတာ မမှားပါဘူး။ ဖေဖေတို့က သမီးတို့ချင်း သံယောဇဉ်ကြီး ခဲ့ကြတယ်ဆိုတာထက် ဘာမှပိုသိခဲ့တာမဟုတ်ဘူးလေ"

ဤသို့ပြော၍ ဖေဖေက ဆက် ကိုပါခေါ် လာခဲ့တာဖြစ်၏။ တကယ်ဆို သိုက် ဟာ အရိုင်း တကယ်ဟုတ်၊ မဟုတ်ဆိုတာကိုတောင် ခက် နဲ့ မေမြတ် တို့က ခုချိန်ထိ စဉ်းစားမိုင်းနေတုန်း။

ဒီလိုမသေချာနိုင်သေးသည့် သိုက် လိုလို၊ အရိုင်း လိုလို အခြေအနေမျိုးကိုသာ ဖေဖေတို့သိသွားခဲ့လျှင် လက်ထပ်ဖို့ ခွင့်ပြုပါ့မလား ...။

ရင်ထဲမှာ မောနေမိသည်။ ကိုယ်က သေချာနေပြီလို့ သတ်မှတ်ခဲ့ပါလျက်နှင့် ခက် တို့ ဘာဖြစ်လို့ ဘဝင်မကျနိုင်ကြတာလဲဆိုတာကို တွေးလို့မရပေ။

မျက်လုံးထဲမှာ ခွေးတစ်ကောင်နှင့် လူတစ်ယောက်၏သဏ္ဍာန်က





အရိပ်ထင်လာပြန်သည်။ ထိုသူသာ ပေါ် မလာခဲ့လျှင် အားလုံး၏ ခံစားချက်တွေမှာ ဒီလို ဇဝေဇဝါ ဒွိဟတွေဖြစ်လာခဲ့မှာမဟုတ်ပေ။

ခက် တို့ကို မပြောစေချင်နေသည့်ကြားထဲကတောင် ထိုပုံရိပ်ကို ခဏခဏ သတိရနေမိကာ သူမကိုယ်တိုင် စိတ်အနှောင့်အယှက်ဖြစ်နေခဲ့ရတာ ခုထိ။

ဆက် တစ်ယောက်တည်း ကားရှေ့ပေါ် မှာ ခါးမတ်လိုက်၊ နောက်မှာ မှီနေလိုက်နှင့် သက်ပြင်းတွေ အခါခါချရင်း အတွေးများနဲ့ ရစ်ပတ်နေတုန်း ...

မျက်စိရှေ့မှာ လှုပဖွဲ့ထွားသော အယ်လ်ဖေးရှင်း ခွေးကြီးတစ်ကောင် ဘွားခနဲပေါ် လာသည်။ မှောင်တဲ့ဘက်ကနေ အလင်းရောင်ထဲမှာ ပေါ် လာတာမို့ ချက်ချင်းကြီး မိုးပေါ် ကကျလာသလိုဖြစ်ကာ ဆက် 'ဟင်' ခနဲဖြစ်သွား၏။

ပြီးတော့ နောက်မှာ လူတစ်ယောက်က ဘောင်းဘီအနက်ပွပွ၊ ဂျာကင်အနက်နှင့် သိုးမွေးအနားကွပ်ပါသည့် အဝတ်ဦးထုပ်ကို ဆောင်းထားသည်။

ကိုယ့်ကိုယ်ကို မြန်မာပြည်မှာဆိုတာရော သတိရရဲ့လား။ ကိုရီးယားခင်းသားတွေကို အားကျတာဆိုရင်တော့ ခုလောက်ဆို တစ်ကိုယ်လုံး ချွေးမိုးရွာနေလောက်ပြီ။

သူ ဘယ်သူလဲဆိုတာကို ဆက် သိပါသည်။ သူကတော့ ကားထဲကနေ ဆက် ကြည့်နေတာကို သတိမထားမိပေ။ လက်တစ်ဖက်မှာ စတီးရောင်ပြောင်နေသည့် ကြိုးတစ်ချောင်းကို လုံးထွေးကိုင်ထားလျက် ကြိုးအစ်စက တစ်ထွာသာသာလောက်တန်းလန်းကျနေ၏။

တစ်ဖက်မှာ စီးကရက်တို့ညှပ်လျက်သား လျှောက်လာရင်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ရှေ့ကသိပ်မပြေးနဲ့"

ဟု ပြောရင်း ကားပါတ်ကင်ဘက်ကိုလှည့်ဆင်းလိုက်ရင်း စီးကရက်ကို ခြေဦးရှေ့မှာ ပစ်ချလိုက်သည်။ ခြေထောက်နှင့်ဖိကြိတ်ပစ်လိုက်ပြီးမှ ဂျာကင်အိတ်ထဲက ကားသော့ကို နှိုက်ယူ၏။

ထိုသူ မှောင်ရိပ်ထဲရောက်သွားသည်အထိ ဆက် လိုက်ကြည့်နေမိသည်။ ဟိုတယ်လ်ကြီးက အကြီးကြီးပဲဖြစ်သည်။ ထိုသူ ဘယ်အထပ်က ဆင်းလာတာလဲ၊ ရေကူးကန်ဘက်ကပဲ တက်လာတာလား။

ဖေဖေ ဝင်သွားသည့်ရှေ့တံခါးကနေ ထွက်လာတာတော့မဟုတ်ပေ။ ဆက် နာရီလေးတစ်ချက်ငုံ့ကြည့်ကာ ကူရှင်မှာ ကျောကပ်နေမိပြန်သည်။ ဒီလူကိုမြင်လိုက်တိုင်း စိတ်ထဲမှာ ရန်သူလိုလို၊ မိတ်ဆွေလိုလို...

ဖျင်းခနဲ ဖျတ်ခနဲတော့ လှုပ်ရှားသွားမိတာ အမှန်ပင်။ ထိုပြင် သူက ဘယ်မှာနေလို့ ကိုယ်နဲ့ချည်းပဲ မကြာခဏ လာဆုံနေခဲ့တာလဲ၊

စိတ်ထဲမှာ သိုက် အကြောင်းကနေ ထိုသူ့ဆီ ရောက်သွားကာ သူ ပျောက်ကွယ်သွားတဲ့ဆီ လည်ပင်းလေးလိမ်၍ လိုက်ကြည့်မိပြန်သည်

မျက်စိထဲမှာ အယ်လ်ဖေးရှင်းခွေးကြီးကို ဖျောက်လို့မရ။ ဟိုတုန်းက ခွေးပေါက်သာသာလေးပေမယ့် ခုလောက်ဆို ဒီအရွယ်ကြီးဖြစ်နေရောပေ

ဒီခွေးကြောင့်ပဲ သူ့ကို သတိထားမိနေတာပါ။ ခွေးတစ်ကောင်ရဲ့ သက်တမ်းကရော ဒီလောက်ထိရှိလို့လား ...။

တိုက်တိုက်ဆိုင်ဆိုင် သူ့အကြောင်းတွေးမိနေတုန်း မျက်လုံးရှေ့ ရောက်လာသဖြင့် ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။

စိတ်ထဲမှာ မွန်းကျပ်လာသလိုဖြစ်ကာ တံခါးတစ်ဖက်ဟ၍ ခပ်လျော့ လျော့မှီနေလိုက်မိစဉ် ...

"ဩော် ... မသေချာဘဲပြောပါလား။ ဒီမှာ ဒေါ် စုစုတဲ့၊ ပွဲစားထဲမှ





သက်တမ်းအရှည်ဆုံး၊ သမာဓိအမြင့်ဆုံးနော်"

"ဒါက ပွဲစားနဲ့မဆိုင်ဘူးလေ၊ မမစု သိသားနဲ့"

"ဒါကြောင့်ပဲ ပြောချင်တာ၊ တို့ ကူညီလို့ရတဲ့ကိစ္စမဟုတ်ဘူးဆိုတာလဲ နားလည်လိုက်တော့လေ၊ ဒီကောင်လေးက သူ့ကိုယ်သူ လူကြီးဟန်ပန်တစ်ခွဲသားနဲ့နေတာ၊ အသက် တကယ်တမ်းကြည့်ရင် ဆွေ့သမီးထက် လေး၊ ငါးနှစ်လောက်ငယ်မှာ"

"သူ့အကြောင်း ဘယ်သူသိတာမှတ်လို့ မမစုရယ်၊ ဒီလိုပဲ ခန့်မှန်းနေကြတာပါ။ သူနဲ့ ဆွေ့သမီးလေးကလဲ ခင်ခင်မင်မင်ရှိပြီးသားပါ။ ကြားပွဲစားပဲလိုတာ၊ ကိုယ်က မိဘဖြစ်နေတော့လဲ လူငယ်တစ်ယောက်ကို ကိုယ်က ရ လို့မတော်ဘူး"

"ဘယ်တော်မလဲ၊ မိဘချင်းပြောဆိုကြရင်တောင် အင်မတန်ရှင်းနှီးမှ ..."

စကားသံတွေနှင့် အမျိုးသမီးကြီးနှစ်ယောက် ဟိုတယ်လ်ထဲက ထွက်လာကြသည်။ ကားပါတ်ကင်ကိုဆင်းပြီးမှ မသွားကြသေးဘဲ ဆက်နဲ့ ခပ်လှမ်းလှမ်းမှာ စကားပြောနေကြတာဖြစ်၏။

ဩော်.. ကားထဲမှာနေခဲ့မိတာ မှောင်ရိပ်ခိုပြီး သူများအတွင်းရေးခေါ်စုသလိုဖြစ်နေပါလား။ ကိုယ့်အဖြစ်ကိုတွေးရင်း ဖေဖေ ထွက်လာမှာကိုပဲ မျှော်နေမိ၏။

အမျိုးသမီးကြီးနှစ်ယောက်က ဘေးမှာ ကားရောက်လာတဲ့အထိ စကားပြောလို့ကောင်းတုန်း။

"အစက ကျွန်မ သူ့ကို သမီးနဲ့ခေါ် ပြောနေတာမြင်နေပေမယ့် သိပ်စိတ်မဝင်စားခဲ့ဘူး၊ သမီးက ပြောနေတာလဲကြားတယ်၊ ဒါပေမယ့် ခုလိုဆိုင်ပုံနဲ့ အဲဒီလောက်ထိဖြစ်နိုင်မယ်လို့မှ ထင်စရာမရှိဘဲ၊ မမစုကြီးက စိန်



www.burmeseclassic.com

www.burmeseclassic.com



တွေအကြောင်းကြားရမှပဲ ... အဟွန်း ... ဟွန်း”

“အဲဒါက ငါ့တူဝမ်းကွဲတစ်ယောက်ဆီက ကြားရတာ၊ ကိုဝေါ တဲ့၊ သူတို့လင်မယားက အိမ်လေးတစ်လုံးပဲရှိတာ၊ စီးပွားရေးက ပြေလည်တာမဟုတ်ဘူးလေ၊ ကောင်လေးက ကလေးက ဆင်းလာကတည်းက အဲဒီချွေးတစ်ကောင်နဲ့ပဲ၊ ဒါပေမယ့် တော်တော်ဖွဲ့ရှိတာတဲ့”

“ဒါပေါ့၊ ဒါကြောင့် အောင်မြင်တာ၊ ယောက်ျားကောင်းဆိုတာ စိန်ခဲရွှေခဲကိုင်လာဖို့မလိုဘူး မမစုရဲ့၊ သူတို့မှာ စိန်ရွှေနဲ့မလဲနိုင်တဲ့ ဖွဲ့လုံ့လဝီရိယတွေက ပါပြီးသား”

“အရည်အချင်းပေါ့၊ သူ့အကြောင်းကိုလဲ သူကိုယ်တိုင်ပြောပြတာ ကိုပေါ်တစ်ယောက်ပဲ ရှိသေးတယ်တဲ့၊ သူ့ချွေးကလဲ ကိုပေါ်တို့အိမ်မှာပဲ သေသွားတာလေ”

“သူက ဒီချွေးလည်ပတ်ထဲက စိန်တွေရတဲ့အကြောင်းကိုတောင် မမစုရဲ့တူကို ပြောပြတယ်ဆိုတော့ တော်တော်ယုံကြည်တာပဲနော်၊ ကိုပေါ်ကတစ်ဆင့် ဒါတွေထုတ်ခွဲဖို့ မမစုနဲ့ ဆက်သွယ်ချင်တာလား”

“ဘယ်ကလာဟုတ်ရမှာလဲ၊ သူ အခြေတကျဖြစ်ပြီဆိုမှ ကိုပေါ်ဆီပြန်ရောက်သွားတာ၊ သူ့ကို လူကိုရော ချွေးကိုရော အနစ်နာခံကူညီခဲ့တာ ကိုပေါ်တစ်ယောက်ပဲရှိလို့တဲ့”

“ဒါဆို မမစုဆီကို ဘယ်လိုလုပ်ရောက်လာတာလဲ၊ သူ့ပစ္စည်းတွေ ဒီလောက်များတာ မမစုနဲ့မဟုတ်ဘဲ တခြားပွဲစားတစ်ယောက်ယောက်ဆိုရင် အသက်ပါပျောက်နိုင်တယ်”

“အဲဒါလဲ သူ့အရည်အချင်းပေါ့ကွယ်၊ သူ့ရဲ့စိန်တွေအကြောင်းကို တို့နဲ့ကိုပေါ်တို့လင်မယားပဲသိတာ၊ အခုလဲ ဆွေက သမီးနဲ့ပတ်သက်ပြီး ဒီကောင်လေးကို ဘယ်လိုအဆင့်အတန်းထဲကမှန်းမသိဘူးလို့ ပြောတာ





နဲ့ ...”

“မခံချင်ဖြစ်ပြီး ဘယ်သူ့မှမပြောတဲ့ကိစ္စတွေကိုပါ ပြောပြပြီး ကြွားလိုက်တာပေါ့”

ဒေါ်စုစုစကားကို ဆွေ ဆိုသည့်တစ်ယောက်က ထောက်ခံရင်း ရယ်ကြသည်။

ဆက် ကားပေါ်ကနေ ကိုယ့်ကိုယ်ကို နားကြားမှားသည်လား။ အိပ်မက်မက်နေတာလားဟု ထင်ယောင်ထင်မှားတွေဖြစ်ကုန်သည်။

ကိုယ်က တုတ်တစ်ချောင်းထောင်ထားသလို တောင့်မတ်သွားကာ လက်က ဟိုစမ်းဒီစမ်း ဆုပ်ကိုင်မိလိုက်၊ ပြန်လွှတ်မိလိုက် ...။

ဒါ ... ဘယ်သူ့အကြောင်းလဲ၊ သူလား ...၊ အရှိန်း ကိုပြောနေတာလား ...။

“အဲဒါကြောင့် ဒီသူဌေးကို သမီးလေးနဲ့အဆင်ပြေသွားစေချင်တာပေါ့ မမစုရယ်၊ ကြည့်ပါဦး၊ ဘယ်နှစ်နှစ်မှမရှိသေးဘူး တိုးပွားလာလိုက်တာ လုပ်ငန်းတွေ၊ သူ့ကိုကြည့်ရင် ဘာမှရှိတယ်လို့ မထင်ရဘူး၊ ပြီးတော့ ဆွေမျိုးအသိုင်းအဝိုင်း၊ ဝေဖန်ပြောဆိုမယ့်လူလဲမရှိဘူး၊ ရသမျှ အနှစ်ချည်းပဲ။ ကိုယ်ချင်းမို့ မရှက်မကြောက်ရင်ဖွင့်နေတာနော် မမစု၊ သမီးနဲ့ အဆင်ပြေသွားရင် မမစုအတွက်လဲ အနှစ်ချည်းပဲ ဖြစ်စေရမယ်၊ ကူညီစမ်းပါ”

“စက်တော့တာပဲ၊ ကူညီပါရစေလို့ပြောရအောင် ဒီသူဌေးနေရာမှာ တခြားသူဆိုရင် ပြဿနာမရှိဘူး၊ သူက ...”

“အမလေး သူက ဘာမို့လို့လဲ ယောက်ျားလေးပဲ မမစုရယ်၊ ငါးကြော်ကြိုက်ရင် ကြောင်မိုက်ပေါ့၊ ကြိုးစားကြည့်စမ်းပါဦး၊ ဒီက ရင်ဖွင့်ပြီးပြီနော်၊ အဆင်ပြေမှဖြစ်မှာ”



www.burmeseclassic.com

www.burmeseclassic.com



"ခအားပေါ့လေ၊ ကြိုးစားကြည့်ရတာပေါ့"

တစ်ယောက်က ဘေးမှာ အဆင်သင့်ရပ်နေပြီဖြစ်သည့် ကားထဲကို ဝင်သွားကာ တစ်ယောက်က မှောင်ရိပ်ကျသည့်ဘက်က ကားတွေဆီ လျှောက်သွား၏။

"ဟင်.. အို ... ဒုက္ခပါပဲ"

ဆက် သတိဝင်လာတော့ ဒီဘက်ကားက ဘက်ခ်ဆုတ်သွားပြီဖြစ်၏။ ကားပေါ်ကနေ ကမန်းကတန်းဆင်းလိုက်ပြီး ဒေါ်စုစုဆိုသည့်မိန်းမကြီး ဝင်သွားသည့်ဘက်ကို လိုက်ဖို့ရည်ရွယ်လိုက်၏။

ကယောကဆင်းလာသည့်လူငယ်ဆိုတာ ဘယ်သူတဲ့လဲ၊ ဘယ်မှာလဲ မေးမလို့ ရင်တွေတုလှပ်လှပ်ခုန်ကာ အပြေးတစ်ပိုင်း လှမ်းမိလျှင်...

"ဆက်"

"ဟင်"

သူမရှေ့မှာ ကားဆီးရပ်လိုက်သည့် သိုက် ကို တစ်ခါမှမမြင်ဖူးသလို ဖြူးကြောင်ကြောင်လေးမော့ကြည့်မိသည်။ ပြီးတော့ မှောင်ထဲကထွက်လာသည့်ကားကို လှမ်းကြည့်မိတော့ သိုက် ကလည်း လှည့်ကြည့်၏။

"ဘာဖြစ်လို့လဲ၊ တစ်ယောက်ယောက်ကို ရှာတာလား"

"ဟို ..."

စောစောက ဒေါ်စုစုဆိုသည့် အမျိုးသမီးကြီး မျက်မှန်တဝင်းဝင်းနှင့် ပါသွားသည့်ကားဆီ လှမ်းကြည့်ရင်း ဆက် ဘာမှမပြောဖြစ်။

ဒီဟိုတယ်လ် ဒီနေရာလေးမှာ တစ်ချိန်တည်း လာတွေ့နေရသည့် လူတွေကို အံ့သြလို့မပြီးနိုင်။ ဒေါ်စုစု ပြောသွားသည့် ကလေးကလူငယ်ဟာ စောစောက ခွေးနှင့်သူ့ကို ရည်ရွယ်ပြီး ပြောသွားတာလား ...၊

ဒါမှမဟုတ် သိုက် နဲ့အထဲမှာဆုံကြပြီး ဒါကို ပြောဖြစ်လာကြတာ





လား ...။

လင်းခနဲပြိုးပြက်သွားသည့် အသိတစ်ချက်ဟာ သိုက်ကိုမြင်လိုက်ရသဖြင့် ဝေဝါးသွားပြန်သည်။

ဆက် ခြေလှမ်းတွေ ဘယ်ကိုလှမ်းရမှန်းမသိဖြစ်သွားသည်။ ဘယ်ကိုမှလည်း လှမ်းလို့မမီတဲ့ရှိကာ လက်ဖဝါးလေးတစ်ဖက်ကို သိုက် က လှမ်းဆွဲလိုက်သဖြင့် သူ့ဘက်ကိုပဲ ပြန်လှည့်သွားမိ၏။

"ဒီမှာ တစ်ယောက်တည်း ဘာလို့ချန်ခဲ့တာလဲ၊ အထဲမှာ အန်ကယ်လ်ပြောတော့ တို့ အံ့သြသွားတယ်"

"အရှိုင်း က ဒီကို ဘယ်တုန်းကရောက်နေတာလဲဟင်"

"အန်ကယ်လ်ထက် နည်းနည်းပဲနောက်ကျတယ်၊ ဒါပေမယ့် နှစ်ပိုင်းဆက်ဖြစ်သွားတာပေါ့၊ တို့က အပေါ်ထပ်ကဆင်းလာတာ"

"ဆက် က သူ့ကိုငေးမိပြန်သည်။ ဒါဆို စောစောကမိန်းမကြီးတွေနဲ့ အတူတူများ ...

"အန်တီစုစုကို မင်း သိလို့လား"

"ဟင် ..."

ဆက် လှမ်းကြည့်လိုက်သည့်ကားပေါ် ဒေါ်စုစုဆိုသည့်မိန်းမကြီးကို သိုက် က သိနေပြန်ပြီ။

"ဘာလဲကွာ၊ ကြောင်တောင်တောင် ငူတူတူနဲ့ သရဲခြောက်ခံထားရတဲ့တလေးလိုပဲ၊ လာ အထဲသွားရအောင်"

"အရှိုင်း"

"ပြော"

သူဆွဲထားသည့်လက်ကို ပြန်ရုန်းပြီးခေါ်တော့ သိုက် က မျက်မှောင်ကြုတ်နှင့်ပြန်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင်ဘောင်းဘီရှည် လောင်းကုတ်ရှည်အနက်နှင့် မျက်မှန်အနက်ပါတပ်ထားသည့် သိုက် ပုံစံက ထင်းနေအောင်ချောသည်။

ဟုတ်မှာပါ။ ဒေါ်စုစုတို့ သူ့ကိုပြောနေကြတာပဲဖြစ်မှာပါ၊ မိန်းကလေးရှင်တွေ မျက်စိကျလောက်တဲ့ အရည်အချင်းတွေ သူ့မှာပြည့်စုံနေသည်ပဲ။

ထို့ပြင် ဟိုခွေးကြောင့် ဟိုလူ့ကို သူမက ထင်ယောင်ထင်မှား ဖြစ်နေခဲ့သည်။

ခွေးက သေသွားပြီဆိုတော့ ဒီခွေးကိုဆွဲလာတိုင်း ခွေးရှင်ကို အရိုင်းများဖြစ်နေမလားလို့ သံသယစိတ်တွေဖြစ်နေမိရသည့်ပြဿနာလည်း ရှင်းပြီပေါ့။

ကိုယ့်ဘာသာ မှတ်တမ်းတင်၍ ကိုယ့်ဘာသာပဲ အပြီးသတ်အောင် မှတ်နှင့် ပိတ်ပစ်လိုက်မိသည်။ ရင်မောရတာတွေ အဆုံးသတ်ချင်ပါပြီ။

"ဟိတ် ပြောလေ၊ ဘာငိုင်နေတာလဲ"

"ဩော် ... ဟိုလေ...၊ အရိုင်း နဲ့ အဲဒီအဒေါ်ကြီးက ခင်လို့လားလို့"

"ခင်တာတော့မဟုတ်ပါဘူး၊ သူက နာမည်ကြီးပွဲစားပဲ၊ အရောင်းအဝယ်သမားတွေဆိုတော့ မကင်းကြဘူးပေါ့။ ဘာဖြစ်လို့လဲ ...၊ မင်း တစ်ခုခုကို တော်တော်စိတ်ဝင်စားနေပုံပေါ်တယ်"

"မဟုတ်ပါဘူး၊"

ဆက် ခေါင်းခါလိုက်သည်။ ပျက်ယွင်းသွားခဲ့သည့် ကိုယ့်အမူအရာတွေကို ပြန်ထိန်းလိုက်ကာ ...

"ငါ စိတ်ဝင်စားတယ်ဆိုရင်လဲ နှင့်အကြောင်းပဲရှိတာပါ အရိုင်းရယ်၊ အခု နင်က ဒီဟိုတယ်လ်ထဲမှာ ရှိနေခဲ့တာပေါ့"

"အင်း"

ဆက် က ပြုံးလိုက်သည်။ ရင်ထဲမှာ ဆွေးသွားတာပါ။ မင်္ဂလာပွဲက





နှစ်ရက်ပဲလိုတော့သည်။ ခင်းကျင်းပြင်ဆင်နေကြတာလည်း ရင်ခုန်ဖွယ်ပါပဲ။ ဒါပေမယ့် ရင်ခုန်ဘက်ကတော့ မရှိပါ။

ဟိုတယ်လ်မှာ လူမှုရေး၊ စီးပွားရေးတွေနှင့် အချိန်ပြည့်နေပေးနိုင်ပြီး ကိုယ့်ရဲ့ လက်ထပ်ပွဲကိုတော့ တစ်ချက်မှ ပြန်မကြည့်ခဲ့သည့် ချစ်သူ ...။

တစ်ခါတစ်ခါကျတော့လည်း ဒီမင်္ဂလာပွဲဖြစ်လာခဲ့တာက ကိုယ် တစ်ဖက်သတ်ကြိုးစားခဲ့လို့များလားလို့ တွေးမိပြန်သည်။ သိုက် ဘက်က အဲဒီလောက်ထိ အေးစက်စက်ဖြစ်နေခဲ့၏။

"ဘာတွေတွေးနေတာလဲ ဆက်၊ စီးပွားရေးဆိုတာ တစ်သက်လုံးလုပ်နေရမှာ၊ မင်္ဂလာကိစ္စက တစ်ရက်တည်း တစ်ညတည်းကိစ္စ၊ လွှတ်ထားလို့မရတဲ့ဘက်ကို ကိုယ် ဦးစားပေးနေရတာ မင်း နားလည်စမ်းပါ။ ပြီးတော့ သူစိမ်းဧည့်သည်တွေနဲ့ပြောဆိုဆက်ဆံရတော့မှာ၊ မင်း တို့ကို နင်နဲ့ငါနဲ့ပြောတာကြီးကို ပြင်သင့်ပြီ"

ပြောပြီး လက်ကိုပြန်ဆွဲတော့ ဆက် က မကိုင်မိအောင် လွှဲရှောင်ပစ်လိုက်သည်။

"ငါကတော့ လူတွေသတိထားမိလို့မေးတိုင်း နင်နဲ့ငါ ငယ်သူငယ်ချင်းဆိုတာကို တမင်ဂုဏ်ယူပြီး ထည့်ထည့်ပြောတာ၊ နင်နဲ့ငါပြောတာ ဘာမသင့်တော်တာရှိလို့လဲ"

"ဘာကြောင့်ဖြစ်ဖြစ် မသင့်တော်ဘူးလေ၊ လက်ထပ်ကြပြီဆိုရင် သူငယ်ချင်းလိုနေကြမှာမှမဟုတ်တာ"

"ဒါဆိုလဲ အခု လက်မထပ်ရသေးဘူးဆိုတော့ ပြောလို့ရသေးတာပေါ့"

"မရဘူး၊ အခု မင်းအဖေနဲ့အတူတူ တစ်ဝိုင်းတည်းရှိကြတဲ့လူတွေက..."



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူတွေဖြစ်ဖြစ် ငါ စိတ်မဝင်စားဘူး အရိုင်း၊ အစကတည်းက လိုက်မသွားချင်လို့ ကားထဲမှာနေခဲ့တာ၊ နင့်ဟာနင်ပဲသွား”

“ငါက တမင်တကာထွက်ခေါ်တာ၊ မလိုက်လို့ ဘယ်ရမလဲ”

ဩော် ... ဆက် က ပါမသွားရင် သူ သိက္ခာကျမယ်၊ ဒီလိုလား ...။

ဆက် က သူ့မျက်နှာကို စေ့စေ့ကြည့်၍ ပြုံးလိုက်သည်။ ထိုအပြုံးဟာ ခေါင်းဖောတတ်သူတို့၏ မဲ့ပြုံးမှန်း သိုက် ကလည်းနားလည်သည်။

“လာကွာ၊ မင်း တကယ် ဂျစ်ကန်ကန်နိုင်တာပဲ၊ ဟိုကလေးပိစိတုန်း ကကိစ္စတွေကို ခုချိန်ထိ ယူလာပြီး ခံစားနေတယ်”

“ဘယ်လို ...”

ဆက် မျက်နှာလေး ချောက်ချောက်ချားချားဖြစ်သွား၏။ ဒါ.. သိုက်ရဲ့ ပုံးဖော်ကာပြောလိုက်တာလား ...၊

သူနဲ့ဆက် သိခဲ့ကြတာ ... ကလေးပိစိကွေးတုန်းကလား .....။





## အခန်း (၄၄)

“ဘာထူးလာဖို့ရှိလဲ လက်လက်ရယ်၊ ဘယ်အကြောင်းဖြစ်ဖြစ် နင်သိချင်တဲ့ ခိုင်လုံမှုတွေ ဘာမှရှိမှာမဟုတ်ဘူး၊ အဲဒါကြောင့်လဲ ငါတို့သိထား ဘာတချို့ကိုတောင် မပြောဖြစ်တော့ဘဲနေခဲ့တာ”

“ဘာ ...”

ဖုန်းကိုင်ရင်း ဘယ်ကနေ ညာ၊ ညာကနေ ဘယ်ကို ပြန်ပြောင်းတာလည်း အားမရနိုင်။ ထိုင်ရာကထ၍ ပြတင်းပေါက်နားမှာ ရပ်လိုက်ကာ..

“ပြောစမ်းပါ ခက်ရယ်၊ နင်တို့က တော်တော်နှုတ်လုံကြပါလား၊ ဘာအကြောင်းတွေလဲ၊ ဘယ်သူ့အကြောင်းလဲ”

“ဘယ်သူ့အကြောင်းဖြစ်ရမှာလဲ၊ ငါတို့ပြောတိုင်း နင် ခေါင်းထဲထည့်တဲ့ ခွေးတစ်ကောင်နဲ့လူပေါ့”

ဆက် ရုတ်တရက် တိတ်ကျသွား၏။ အဆမတန်ကြားချင်ပါလျက်နှင့် မကြားရဲ။ ဘယ်လောက်ထိလဲဆိုလျှင် လက်တစ်ဖက်နဲ့ဖုန်းကို ဆောင့်သမ်းအုပ်လိုက်မိတဲ့အထိ။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သုံးယောက် ဟိုတစ်ခါနောက်ဆုံးဆုံဖြစ်ကြတုန်းက ငါတို့ ပြောမလို့ပါ၊ မပြောသင့်တော့ဘူးလေ၊ ငါတို့ကလဲ သတင်းအစအနပဲရတာ၊ နင်ကလဲ စိတ်ဝင်စားမှာမဟုတ်ဘူး၊ စကား ရလိုက်တာနဲ့ နင်ပဲ သိုက်ကို မယုံကြည်ရကောင်းလားဆိုပြီး ငါတို့ကို တစ်မျိုးမြင်တဲ့စကားပြောတာ၊ ဒါပေမယ့် နင်လဲမမှားပါဘူး၊ လက်ထပ်ဖို့ထိ သေချာနေပြီ ဆိုတော့ ..."

"ခနဲ့တာတွေ တော်ပါတော့ဟာ၊ သူ့အကြောင်း ဘာလဲ၊ ငါ စောစောကပြောတဲ့အကြောင်းတွေနဲ့ ဆက်စပ်နေတာလား"

"ဟုတ်တယ် အဲဒါတွေပဲ၊ သူ့ကို သူ့ရဲ့မိတ်ဆွေက 'အသွင်'လို့ခေါ်လိုက်တာ ငါတို့ ကြားတယ်"

"ဟင် ..."

"နင်က သူ့နာမည်က 'အသွင်ရိုင်း'လို့ပြောထားတော့ နင်ခေါ်ကဲ့ 'အရိုင်း'နဲ့ ဟိုကခေါ်တဲ့ 'အသွင်'က နှစ်မျိုးစပ်လိုက်ရင် ပြည့်စုံပြီလေ"

"အင်း အင်း ... ဆက်ပြောစမ်းပါ"

"ပြီးတော့ သူ့ကို 'ကလောက'လာပြီးတော့ ရန်ကုန်မှာ ခတ်ပုံရိုက်နေရသလားလို့ သူ့အဖော်က ပြောတယ်"

ဆက် နားထဲမှာ အသံတွေမြည်သွားသလားမသိ။ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘယ်သူက ဘာလဲ...။

ဆက် ဒူးတွေပင်မခိုင်တော့အောင် ရင်ထဲမှာ တုန်ယင်လှုပ်ရှားလာ၏။

"သမီး"

"ရှင်"

ပုံမှန်ခေါ်တဲ့အသံကို ဖျတ်ခနဲလှည့်ထူးလိုက်သဖြင့် အစော က မျက်မှောင်ကြုတ်သွားကာ ဆက် မျက်နှာကို အကဲခတ်၏။ ပြီးမှ ...

"သိုက် ဆီက ဖုန်းလာနေတယ်"





"ဟုတ်၊ ခက် ..."

အစောကိုခေါင်းညိတ်ပြီး ခက် ကို တစ်ခါတည်းခေါ်လိုက်ကာ..

"ငါ အခုလာခဲ့မယ်၊ ငါ့ကို ကူညီပါ ခက်ရယ်၊ သူက ဘယ်သူလဲ၊ ဘယ်သူက ဘာလဲ၊ ငါ.. ငါ သိရမှဖြစ်မယ်"

"မနက်ဖြန် လက်မှတ်ထိုးကြဖို့ အားလုံး စီစဉ်ပြီးနေပြီမဟုတ်လား"

"ဟင့်အင်း၊ ငါ ခုလာမယ်"

အခန်းဝရောက်မှ အစော ခြေလှမ်းတုံ့သွားသည်။ အခန်းထဲက ခပ်သုတ်သုတ်ထွက်လာသည့် ဆက် လက်ကောက်ဝတ်လေးကို လက်ဖြန့်ဆွဲထားလိုက်ပြီး ...

"ကသုတ်ကယက်နဲ့ ဘာတွေဖြစ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး အစောကလဲ ..."

"မဟုတ်ရင်လဲ မဟုတ်တဲ့အကြောင်း ပြောလေ၊ အဲဒီလို ဘာမှန်းမသိ ပြေးလွှားလုပ်ကိုင်နေတာတွေ ခက်တာ၊ ပေါ်လာကာမှ ဒုက္ခဖြစ်တော့ ဘယ်သူမှ မကယ်နိုင်တော့ဘူး။ ခု ညည်းအမေ ပြန်မလာလို့ မင်္ဂလာပွဲမီအောင် ဖအေလုပ်တဲ့သူက လိုက်ခေါ်နေရပြီ"

ဆက် တွေခနဲဖြစ်သွားမိသည်။ မေမေက မင်္ဂလာပွဲကိုတော့ မီအောင်ပြန်လာမည်လို့ပြောပြီး မော်လမြိုင်ကိုထွက်သွား၏။ မနက်က မရောက်တော့ ဖေဖေ ဖုန်းဆက်သေးသည်။ ဘယ်လိုမှ ဖုန်းခေါ်မရသဖြင့် ...

"ဖေဖေ လိုက်သွားမှဖြစ်မယ် သမီး၊ ပင်ပန်းရမှာတော့သေချာတယ်၊ ဒါပေမယ့် ဒီညအရောက်ပြန်လာနိုင်အောင်ကြိုးစားရမှာ၊ သမီးမင်္ဂလာပွဲမှာ မိဘနှစ်ပါး မစုံရင် သမီး မျက်နှာငယ်ရလိမ့်မယ်" တဲ့။

အစောကတော့ တားပါသေးသည်။

"မင်းလဲ ကျန်းမာရေးကောင်းတာမဟုတ်ဘူး ကိုသူ၊ တစ်ယောက်လို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေ ပြန်ရောက်မလာတော့လဲ တာဖြစ်လဲ၊ သူကော သူ့မိဘ ပါလို့လား"

"မမစောက ကလေးတွေး တွေးပြန်ပြီ၊ အဲဒီလို အတိုက်အခံတွက်လို့ ဖြစ်မလား၊ သူက တကယ်မိဘမရှိတော့တာ၊ ကျွန်တော်တို့က ငုတ်တုတ် ရှိနေကြတဲ့ဥစ္စာ၊ မဖွယ်မရာတွေဖြစ်ကုန်ရင် ကလေး မျက်နှာငယ်ရှာ၊ မမလေးတောင်မှ ခုထိရောက်မလာသေးတာ သဘာဝမကျဘူး"

"အိုကွယ်… အဖိုကိုတော့ ခွတ်ကြီးဆွဲမထည့်ပါနဲ့၊ ဒီမှာလဲ ကျုပ်တို့ ညီအစ်မကို ဘယ်သူမှ သိပ်သိကြတာမဟုတ်ဘူး၊ သူ့မှာလဲ ဟိုမှာ အလုပ် တွေနဲ့ …"

ထိုအချိန်မှာ ဖေဖေ့မျက်လုံးတွေက ဆက် ကို သနားငဲ့ညှာစွာနဲ့ပင်…

ဒီမင်္ဂလာပွဲအတွက် ဖြစ်မြောက်စေလိုခြင်း၊ မလိုခြင်းမှာ မလိုသည့်မဲ က ပိုများနေသဖြင့် ဆက် ကို သနားကရုဏာဖြစ်နေခြင်းသာ။

ဖေဖေတို့ ပြန်ရောက်မလာသေးတာကိုတွေးမိကာ နာရီကို ဖျတ်ခနဲ မော့ကြည့်မိတော့ စူးစိုက်ကြည့်နေသည့် အစောက စိတ်မရှည်သည့် သက်ပြင်းချသံကြီးနှင့် …

"ကြည့်မနေနဲ့၊ ညဦးနက်လောက်မှ ပြန်ရောက်မှာ၊ ခရီးပန်းပြီး ဒီလင် မယားမှမဖျားရင် ဘယ်သူဖျားမလဲ၊ ပွဲကတော့ ကြည့်ကောင်းဦးမှာပါ"

အစောက ရွဲ့ပြောသလိုလိုနှင့် ငိုမဲ့မဲ့မျက်နှာကြီးဖြစ်သွားလျက် ဆက် ကိုလည်း ဘာမှမမေးတော့ဘဲ ထွက်သွားသည်။

ရင်ထဲကအကြောင်းတွေ ဘယ်လိုပြောရမလဲ၊ ဘယ်လိုမှ ပြောလို့ မဖြစ်တဲ့အကြောင်းတွေမို့ …။





## အခန်း (၄၅)

"ဘယ်ကိုသွားစရာရှိနေလို့လဲ"

ကားနှစ်စီးက ခေါင်းချင်းဆိုင်လျက်ရပ်တန့်သွား၏။ ရှေ့ကဝင်လာ သည့်ကားကိုမြင်သည်။ အိပေမယ့် သူစီးနေကျကား မဟုတ်သည်မို့ ဆက် က ဘေးကပ်ရှောင်၏။

တစ်ဖက်ကားက တည့်တည့်မသွားဘဲ ကိုယ့်ရှေ့ကို တည့်တည့်တိုး ဝင်လာပြီး ရပ်သွားမှ ကြည့်လိုက်တော့ သိုက် ဖြစ်နေသည်။

သူ့မျက်နှာကိုမြင်လိုက်၍ စိတ်ဓာတ်ကျဆင်းသွားခြင်းကို ပထမဆုံး ခံစားလိုက်ရ၏။ အနီအနက်စင်းကျားပါသည့် စပို့ရှပ်လက်တိုနှင့် ဘောင်း ဘီအနက်ကို ဝတ်ထားသဖြင့် ဖြူနုနေသည့် သူ့မျက်နှာနှင့် ပုံစံက ရှင်းသန့်ချောမွေ့နေသည်။

ဒါပေမယ့် နှုတ်ခမ်းပါးပါးတိုနည်းပါးလှုန်းနေသည့်မျက်နှာက မြင်သူငိုကို ခနအားမြွှန်းနိုင်။

www.burmeseclassic.com



သိုက် က သူမဘေးရောက်အောင်လျှောက်လာပြီး တံခါးမှာ လက်ထောက်၍ ငုံ့ကြည့်၏။

"ခုပဲ လာခေါ် ပါ့မယ်လို့ပြောထားလျက်နဲ့ သွားစရာ အရေးကြီးလို့ဆိုပြီး ဖုန်းချသွားလို့ တမင်အုပ်မိအောင်လာတာ၊ ဒီအချိန်မှာ အရေးတကြီးသွားစရာရှိတယ်ဆိုတာ တို့ သိသင့်တာပေါ့"

ဆက် က ကားပေါ် ကမဆင်းဘဲ စတီယာရင်ကို ခပ်ဖိဖိဆုပ်ထားရင်း သူ့ကိုမော့ကြည့်သည်။

"ဒီအချိန်မှာဆိုတာ ဘာကိုပြောတာလဲ အရိုင်း၊ မင်္ဂလာပွဲ ကပ်နေတာကိုလား"

ဆက် က မေးပေမယ့် သိုက် ထံမှ ဖြေသံမလာပါ။ ဒါပေမယ့် သူ့မျက်လုံးတွေကတော့ ပို၍ စူးစူးရဲရဲဖြစ်လာသည်။ ဆက် ကလည်း ပခုံးထက်ကနေ လည်တိုင်ထိညွတ်ဆင်းလာသည့် ဆံပင်တွေကို လက် တစ်ဖက်နဲ့ခါထုတ်ပစ်လိုက်ပြီး ရှေ့တည့်တည့်ကိုပဲကြည့်၍ ...

"လူတိုင်းမှာ အရေးကြီးတာတစ်ခုခုတော့ ရှိနေတတ်တာပဲမဟုတ်ဘူးလား အရိုင်း၊ နင့်အလုပ်နဲ့နင် ပြေးလွှားလှုပ်ရှားနေတုန်းက ငါ ဘာမေးခဲ့လို့လဲ"

"မင်းကိုတော့ မေးရမှာပဲ၊ မနက်ဖြန် လက်ထပ်ကြမှာ၊ ဒီလောက်ကပ်နေတဲ့အချိန်မှာ အဆင်သင့်ဖြစ်ဖို့ သိပ်မကပ်သေးခင်မှာ တို့ ကြိုးစားခဲ့တယ်၊ အခု တို့ အဆင်သင့်ဖြစ်နေပြီ"

"ငါကတော့ မဖြစ်သေးဘူး၊ ဘာမှအရေးမကြီးတဲ့ကိစ္စကို ပုံကြီးမချဲ့နဲ့ဟာ၊ ဖယ်ပေး၊ ငါ သူငယ်ချင်းနဲ့ချိန်းထားတယ်"

သိုက် က အနည်းငယ်မျှပင် ရွှေ့ဖယ်မသွားပေ။

"တို့က ချိန်းထားတာတွေအားလုံးကို ဖြတ်ချထားလိုက်တာ၊ မင်းလဲထားခဲ့ပါ၊ ညှော်ခံပွဲပြင်ထားတဲ့ဆီ သွားကြည့်မယ်"

"မလိုပါဘူး၊ အစောတို့ အားလုံးစီစဉ်ထားပြီးပြီ၊ မနက်ပိုင်းကတည်းက ပြည့်စုံသလောက်ရှိနေတာ၊ နင် မအားလပ်နိုင်အောင်အလုပ်ရှုပ်နေလို့ အစောတို့ လုပ်လိုက်ရတာက တော်သေးတယ်၊ ခုကျမှ ကြီးကြပ်သူ တစ်ယောက်လို စစ်ဆေးသလို နင်သွားကြည့်ရင် လူကြီးတွေဘက်မှာ အဆင်မိုးတာပေါ့"

"ဘာ ..."

သိုက် မျက်နှာတင်းသွားသည်။ ကာလာတွေရင့်ကုန်သဖြင့် ပို၍ သိသာ၏။ ဖြူနုသည့်မျက်နှာတစ်ပြင်လုံးက နီစွေးလျက် ...

"ခဏဆင်း"

"အို ..."

တံခါးဖွင့်ပစ်လိုက်ခြင်း၊ လက်ကိုဆွဲချခြင်းက မြန်မြန်ဆန်ဆန်ကြီးမို့ ဆက် ဘယ်လိုမှ ငြင်းဆန်ခုခံချိန်မရလိုက်ဘဲ ကားပေါ် ကနေ ထွေးခနဲသွား၏။

"အရိုင်း ... နင် လွှတ်နော်"

မြေပြင်မှာ ခြေစုံရပ်မိသည်နှင့် သူ့ လက်တွေကို တွန်းတိုက်ဖယ်ချလိုက်ကာ နောက်ကိုလည်းဆုတ်၍ ...

"သိုက်"

စူးရဲသောမျက်ဝန်းတို့ ဆုံစဉ်မှာ သိုက် မျက်ဝန်းတွေ လှုပ်ရှားသွားတာကိုမြင်နေရသည်။

"နင့်ကို ငါမေးမယ်၊ အဲဒါ ... အဲဒါ နင် မဖြေနိုင်ရင် ..."

ဆက် စကားရပ်၍ အံကြိတ်သည်။ မမေးနဲ့လို့ အမြဲတမ်းငြင်းဆန်မျက်နှာကိုပဲ စူးစိုက်ကြည့်ကာ သူ ဘာပြောဦးမလဲလို့ ခဏစောင့်၏။







www.burmeseclassic.com

www.burmeseclassic.com



သိုက် က နှုတ်ခမ်းတင်းတင်းစေ့၍ ငြိမ်သက်နေခဲ့သည်။

“ငါမေးတိုင်း နင် ဘယ်တော့မှမဖြေခဲ့ပေမယ့် ဒါ ငါ့ဘဝအတွက် အရေးကြီးဆုံးအချိန်။ နင့်ကို ငါ လက်ထပ်ရခြင်းရဲ့ အရေးကြီးဆုံးအပိုင်း”

စကားရပ်သွားပြန်သည်။ မျက်လုံးချင်းစူးစိုက်ဆုံမိနေပေမယ့် သိုက် က နှုတ်ဆိတ်နေဆဲဖြစ်၏။

“ငါ နင့်ကို မမေးချင်ဘူး၊ နင် ဖြေနိုင်ချင်မှဖြေနိုင်မှာ၊ ဖြေချင်မှလဲ ဖြေမှာ၊ အဲဒါကြောင့် ငါ့ဘာသာသိရအောင် သိနိုင်မယ့်နေရာကို သွားမလို့ ထွက်ခဲ့တာ”

ဆက် ရဲ့စကားသံက ဓါတ်ိုင်းလို သံယောဇဉ်များနှင့် လျော့ရိလျော့ရဲ ပျော့ညံ့နေတာမျိုးမဖြစ်ပေ။ တစ်လုံးချင်း၊ တစ်ခွန်းချင်း အေးစက်ပြတ်သားနေသည်။

မျက်ဝန်းလေးတွေက တလက်လက်ဖြစ်နေ၏။ ဝတ်ထားသည့် ကြက်သွေးရောင်ရုပ်လက်တိုလေး၏အရောင် ပါးပြင်လေးနှစ်ဖက်ကို အနီရောင်ဆလိုက်ထိုးပေးထားသလိုဖြစ်နေ၏။

ညနေခင်း၏ အလှတရားအားလုံးက ချစ်သူနှစ်ဦး၏ပဋိပက္ခကြား မှာ မနေလိုတော့သလို အမှောင်ထဲကို ပြေးဝင်ပုန်းကွယ်ဖို့သာ တာစူ လျက်ရှိ၏။

နှစ်ယောက်စလုံးကတော့ ပတ်ဝန်းကျင်ကို သတိမရကြပါ။ ဆက် ရင်ထဲက ဆက်တိုက်လွင့်စဉ်လာဖွယ်ရှိနေသည့် လက်နက်ကြီးငယ်တို့ကို မှန်းဆတွက်ကာ သိုက် ကလည်း တုတ်တုတ်မျှမလှုပ်။

“ဘယ်လိုလဲ သိုက်၊ ငါ့ရှေ့က ဖယ်ပေးမလား၊ ငါမေးတာကိုဖြေမလား”

“ဘာအကြောင်းတွေဖြစ်ဖြစ် မင်း ဘာမှကြားရမှာမဟုတ်ဘူးလို့ တို့ ပြောပြီးသား၊ အဲဒီတော့ မင်း ကားပေါ် ပြန်တက်ပြီး နောက်ပြန်လှည့်ပါ”





“မလှည့်နိုင်ဘူး၊ ရွှေလက်ဆက် ဆိုတဲ့ ငါက တစ်ယက်လုံးမှာ သူများ တစ်ပြိုဇာနဲ့ ခြေမလှမ်းခဲ့ဖူးဘူး၊ ဒီမှာ သိုက် … နင် မဖြေပေမယ့် ငါ ပြောမယ်၊ အရိုင်းဆီမှာ ငါပေးခဲ့တဲ့ အမှတ်တရလက်ဆောင်တွေရှိတယ်၊ ငါ မေ့လို့မရနိုင်တဲ့ သူ့ရဲ့အသံ၊ ပြီးတော့ …”

“အဟွန်း”

သူ မဲ့ပစ်လိုက်တော့ ဆက် စကားသံပြတ်တောက်သွားသည်။

ဒီလို ဆက် ရင်ထဲကသံယောဇဉ်တွေကို ပြောနေတာဟာ သူ့ကို ချစ်ကာပဲမဟုတ်ဘူးလား။ ဒီလိုစွဲလမ်းခဲ့လို့ ဆုံစည်းခဲ့ကြတာမှာ အမှတ်တရတွေအကြောင်းပြောနေတဲ့ ဆက် ကို ဒီလိုအပြုံးမျိုးနဲ့ တုံ့ပြန်သင့်လို့ သား …။

ရင်ထဲသံသယအစိုင်အခဲက တစ်စတစ်စ ကျစ်လျစ်မာကျောခြင်း သို့ ရောက်လာသည်။

“ဟိုအရင် ငါတို့ခွဲခွာခဲ့ကြတုန်းက ငါ နင့်ကို ဘာတွေပေးခဲ့သလဲ၊ ဖြေနိုင်ရင်နေပါ၊ ပြောနိုင်ရင် ရပြီ”

“တို့ကလဲ ကိုယ့်အသိနဲ့ကိုယ် လုပ်နေရင်တောင်မှ ဒါလုပ်လိုက်ပါ သားဆိုရင် ပြီးသွားတာတွေကိုပါ ဆွဲဖြိုပစ်တတ်တာ ငယ်ကျင့်”

“အဲဒီငယ်ကျင့်ကို အခု ငါ နားလည်မပေးနိုင်တော့ဘူး၊ ရှေ့က ဖယ် ဆး”

“မဖယ်နိုင်ဘူး”

“အို… ဘာလုပ်တာလဲ”

“လိုက်ခဲ့ရင် သိရမယ်”

“ဘာ … ဟင့်အင်း၊ မလိုက်ဘူး”

ဆက် အတင်းပြန်ရုန်းရင်း သူ့အရှိက်ကို လွှဲကန်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

အမှတ်တမဲ့မို့ သိုက် ဘယ်လိုမှရှောင်ချိန်မရလိုက်ဘဲ အင့်ခနဲကုန်းကျသွား၏။ သို့သော် ဒေါသနောက်ကို လူက ဝုန်းခနဲပါလာကာ ဆွဲထားသည့် ဆက် ရဲ့လက်ကို တအားဆောင့်ဆွဲပစ်လိုက်၏။ ပြီးတော့ ဖျတ်ခနဲဝင်ပွေ့လိုက်သဖြင့် ဆက်တစ်ကိုယ်လုံးကို နောက်ဂလနေ သိုင်းချုပ်ဖက်ထားလိုက်သလိုဖြစ်သွားသည်။

ဆက် ထက် သူ့အရပ်ကြီးက မိုးနေသည်။ အင်အားချင်းက မမျှ။ ထို့ပြင် အမြဲတမ်း ထိတွေ့လေ့ကျင့်နေခဲ့တာမဟုတ်တော့ ဆက် ရဲ့လျှင်မြန်မှုတွေက သူ့ရှေ့မှာ အချည်းအနှီးသာ။

သူ့ရင်ခွင်ထဲမှာ ကျောကပ်လျက်သားနှင့် ဘယ်လိုရုန်းလို့မှမရဘဲ ဖြစ်နေစဉ် နှစ်သက်ဖွယ်ကောင်းသည့် ရေမွှေးနံ့က ကျီစယ်နေပြန်သည်။

လမ်းသွယ်ထဲမှာမို့ ပတ်ဝန်းကျင်မျက်လုံးတွေ မရှိပေမယ့် သူ တအားဖက်ထားသလိုကြီးဖြစ်ကာ ဆက် ရှက်စိတ်တွေ မွှန်သွားသည်။

သူနဲ့ပြန်တွေ့ပြီး သူငယ်ချင်းလိုလို၊ ချစ်သူလိုလိုနှင့် ဖြစ်တွဲဖြစ်ခဲ့သော်လည်း ဒီလို ပွေ့ကပ်ထိတွေ့ဖူးတာ ဒါ ပထမဆုံး။

"အရိုင်း ... နင် လွှတ်နော်၊ သိုက် ... ငါပြောနေတယ်"

ဆက် ရဲ့စကားသံက ရှက်တာရော ဒေါသတွေပါ မွှေနှောက်ကာ တုန်ခါနေ၏။ ပြီးတော့ အရိုင်း လို့ခွဲလမ်းနေလျက်နှင့် သိုက် ဆိုတဲ့ အမြင်တွေ ရောထွေးပါလာနေတာလည်း သိသာသည်။

သိုက် က ဆက် ကိုယ်လေးကိုဆွဲချုပ်ထားသလို အတင်းအကျပ်ဖက်ထားရာကနေ အနည်းငယ်ဖြေလျော့ကာ နူးညံ့ညင်သာသော စကားလုံးများနှင့် သူ့မျက်နှာက ပါးချင်းကပ်မတတ် ငုံ့ကျလာ၏။

"မင်း လိုက်ခဲ့ပါ၊ မင်း သိပ်သိချင်နေတဲ့ စကားတွေကို တို့ ပြောပြမယ်"

"ဟာင် ..."

"မင်းရဲ့လဏ်ဆောင်တွေကိုလဲ ပြမယ်"

ဆက် ငြိမ်သွားသည်။ သိုက် က ဆက် ကိုယ်လေးကို သူ့ကားပေါ် တွန်းတင်လိုက်၏။ ပြီးတော့ ဆက် ရဲ့ကားကို မှန်တွေအလုံတင်၍ တံခါးလုံအောင်ပိတ်ပစ်လိုက်သည်။

"ဘယ်သွားမှာလဲ၊ မိုးချုပ်တော့မှာ"

သိသာစွာနူးညံ့သွားသည့် ဆက် မျက်နှာလေးကို ကားထဲဝင်မထိုင်သေးဘဲ သိုက် က စိုက်ကြည့်သည်။

အောင့်သက်သက်ကျုန်နေဆဲ ရင်ဝနေရာကို ဆက် မြင်အောင်စမ်းပြီး အေးစက်စက်ပြုံးလိုက်ရင်း ...

"တော်တော်ချစ်တာပဲနော်"

"ဘာလဲ"

"တို့သာ အရိုင်း မဟုတ်ဘူးဆိုရင် မင်း တကယ်ထားခဲ့မယ်ပေါ့"

ဆက် က ခေါင်းမညိတ်ပေမယ့် စူးခနဲကြည့်ပြီးမှ မျက်နှာလွှဲပစ်၏။ သိုက် က အဖြေတစ်ခုရလိုက်သလို ဒါမှမဟုတ် သူ့ဘာသာ နားလည်သွားသလိုမျိုး မေးဖျားခပ်ပင့်ပင့်နှင့် ခေါင်းဆတ်ညိတ်သည်။

"မင်္ဂလာပွဲပြင်ပြီးနေတာတောင် မင်း ဘာမှမေးမလာလို့ အံ့ဩနေတာ၊ စိတ်ချလက်ချသာလိုက်ခဲ့၊ သိုက် ဆိုတဲ့ကောင်ကလဲ အဲဒီလို ချစ်တတ်တဲ့လူမျိုးကိုပဲ လိုချင်တာ၊ မင်း ကျေနပ်သွားစေရမယ်"

ပြောပြီး မောင်းသူနေရာမှာဝင်ထိုင်လိုက်တော့ ဆက် က နာရီငွေး ငုံ့ကြည့်ကာ ...

"ဘယ်ကိုလိုက်ရမှာလဲ၊ အချိန်မရှိတော့ဘူး"





မြွှေသမင်ဓာမြေ

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်မနက်ပဲ လက်မှတ်ထိုးတော့မှာ၊ ဘာဖြစ်သွားနိုင်လို့လဲ"

"ဒီလိုမပြောနဲ့လေ၊ လက်ထပ်ပွဲ မပြီးမချင်း နင်နဲ့ငါက ဘာမှမသက်ဆိုင်သေးတဲ့လူတွေပဲ၊ လူကြီးတွေ တခမ်းတနားခင်းကျင်းပြင်ဆင်ပေးနေတာကို စော်ကားသလိုဖြစ်သွားရင်လဲ မကောင်းဘူး၊ အဲဒါကြောင့် ခုပဲ ပြောပြပါ၊ ငါ နင့်ကို ဘာတွေပေးခဲ့သလဲဆိုတာ ..."

သိုက် က ခေါင်းခါလိုက်သည်။

"လက်ထပ်ပွဲပြင်ဆင်ခဲ့တဲ့အထိတောင် ယုံကြည်ပြီးမှ...၊ ဘာလဲ မလိုက်ရဲဘူးလား"

ဆက် ငိုင်သွားတုန်းမှာ ကားလေးက စပ်ကြမ်းကြမ်းဘက်ခ်ဆုတ်သွားသည်။ လောကသည် အလင်းရောင်၏တိုးလျှိုးတောင်းပန်ခြင်းကို ဟားတိုက်ရယ်မောနေပြီဖြစ်၏။





## အခန်း (၄၆)

တွေ့ပြန်ပြီ ဒီကား။ နေ့လယ်ကလည်း ခြံထဲကအထွက်မှာ အတူတူဖြစ်နေသည်။ တစ်လမ်းတည်းသွားဖြစ်နေ၏။ တစ်နေ့တစ်မျိုး ကားတွေ ထည်လဲစီးနေလည်း သိုက် ဆိုသည့်ကောင် ဘယ်အမှိုက်ပုံထဲရောက်နေနေ ဖျတ်ခနဲလှမ်းမြင်လိုက်တာနှင့် သူ သိနေသည်မို့ ကားချင်းယှဉ်မိတော့ မျက်လုံးချင်းဆုံမိကြ၏။

ထိုစဉ် ရှေ့က လိုင်းကားကြီးတစ်စီး ပြေးဝင်လာသဖြင့် သူ တစ်ချက်မြုံးကာ ကားကို ကန့်လန့်ဖြတ်ကျော်တက်ပစ်လိုက်၏။

"ဟား ..."

တိရစ္ဆာန်ကောင် ဆိုသည့် ဆဲရေးသံသဲ့သဲ့ပါလာသည်။ ကားကြီးပေါ်က စပယ်ယာ၏ ယုတ်ယုတ်ပတ်ပတ်ဆဲသံကျတော့ တိုးတိုးသမျှသာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကားမောင်းရင်း ပွန်နံ့ခနဲမဲ့သည်။ 'တိရစ္ဆာန်ကောင်က ငါမဟုတ်ဘူး သိုက်'၊ ဒါပေမယ့် 'တိရစ္ဆာန်ကမှ လူသားစားတာ"။

မကျေနပ်နိုင်သည့်စကားသံတွေ ရင်ထဲမှာပဲတင်ထပ်နေသည်။ အိမ်က ထွက်လာကတည်းက တရိပ်ရိပ်တက်နေခဲ့သည့်ဒေါသတွေ တစ်ေ လယ်၊ တစ်ညနေလုံး စိတ်ကို မီးပူတိုက်ခံနေရသလိုပင်။

အလုပ်ထဲမှာ စိတ်နှစ်ကြည့်လိုက်၊ သိုက် မျက်နှာပေါ်လာပြီး လောင်ကျွမ်းခဲ့သွားလိုက်၊ သူ လူသတ်ချင်စိတ်တွေ ပေါက်နေသည်။

ဒါမှမဟုတ်လျှင် သိုက် ကိုပဲ တစ်ခုခု တုံ့ပြန်တိုက်ခိုက်ချင်၏။ မစား တဲ့အမဲ သဲနဲ့ပက်တာမျိုးလား။ ပေးတဲ့သူက ပေးလို့ ယူတဲ့သူကယူသွားနိ တဲ့ကိစ္စမှာ သိုက် ကိုပဲ သူ မုန်းနေခဲ့တာ အောက်တန်းကျသည့်စိတ်ဓေ လို့ ပြောနိုင်သလား။

ပြောပါစေ၊ အဲဒီအတိုင်းပဲဖြစ်သွားပါစေ ရွှေလက်ဆက် ဆိုသည် နာမည်ကို သူ မကြားချင်၊ သိုက် ကိုလည်း မမြင်ချင်ပေ။ မြင်လိုက်တ နှင့် မိုက်ရိုင်းချင်နေသည့်စိတ်ကို ထိန်းချုပ်ရခက်နေ၏။

ခုလို နောက်ထပ်တစ်ကြိမ်ဆုံမိတော့ ဒီကောင်နဲ့မှ အထွက်ရော အဝင်ရော ဆုံမိနေသည့်အဖြစ်ကို ဘယ်လိုမှသည်းမခံနိုင်အောင် ဖြစ်သွာ ၏။

"ဟင် ..."

ကားကို သူနဲ့တစ်လမ်းတည်းမသွားမိအောင် ဖရိုးကြော်ဘက် နေရာယူလိုက်ပြီးမှ ကားပေါ်မှာ သိုက် တစ်ယောက်တည်းမဟုတ်တ ကို သတိထားမိသွားသည်။

ဟုတ်သည်။ ဆံပင်ရှည်တွေဖြန့်ချထားတာ ရွှေလက်ဆက် ရယ် ညနေခင်း၏ အညိုရောင်က ပိုရှုံမှောင်မိုက်သွားသလိုပင်။ မေ့ဖို့မလွယ်





အကြောင်းတွေကြောင့် ဒီမိန်းမကို မုန်းတီးနာကြည်းသွားအောင် နာကျင်စရာတွေချည်း ပြန်တွေးပြီး အံကြိတ်နေခဲ့မိသည်။

ဒါပေမယ့် မေ့ဖို့လည်းမလွယ်၊ မုန်းဖို့လည်းမလွယ်၊ သူများနဲ့ လက်ထပ်ဖို့ထိ ကိုယ့်အပေါ် မေ့ပျောက်ရက်စက်ခဲ့သူကိုမှ ရင်ခွင်တစ်ပြင်လုံးမှာ သူမချည်းပဲဖြစ်နေခဲ့၏။

"တောက်"

ဒေါသဖြစ်လွယ်သူဟာ မပြည့်ဝတဲ့သူလို့ ပြောကြတာမှန်လျှင် သူက အလကားကောင်ပါပဲ၊ နေရာတကာမှာ လူတော်လူတတ်ဆိုသည့် နာမည်ကောင်းနှင့် သူ့မှာ ဒီလိုသေးသိမ်ညံ့ဖျင်းသည့်ဒေါသမော်ဟတွေရှိနေတာ လူတွေကြားကုန်လျှင် အံ့သြကြမလား။

ကားကို လမ်းကြောအတိုင်းကွေ့ထွက်ခဲ့မောင်းခဲ့ရင်း စိတ်က ထိုကားဆီမှာပါသွားခဲ့သည်။ ဒီအချိန်ရောက်မှ ဘယ်ကိုသွားတာလဲ။

မနက်ဖြန် မင်္ဂလာပွဲရှိသည်ဆိုတော့ အစီအစဉ်တွေလည်းများလိမ့်မည်၊ သွားလာဖို့တွေလည်းရှိနေမှာပေါ့။ ရွှေလက်ဆက် ၏ပြုံးရယ်နေသောမျက်နှာလေးကို ပြန်မြင်လာခဲ့သည်။

ပြီးတော့ ထိုမျက်နှာလေးက သိုက် ရဲ့ရင်ခွင်ထဲမှာ မှိန့်မှိန်နေခဲ့သည်။ ရင်ထဲမှာ အတွင်းကြေဒဏ်ရာတစ်ခုလို ခံခက်ဆိုးရွားသွားသည်။

နှမြောတသခြင်း၊ ယူကျုံးမရခြင်းသည် နာကျင်ခြင်းနှင့် ရောမွှေလျက် သွက်သွက်ခါရူးသွားလောက်အောင် နင့်သီးနေခဲ့၏။

စိတ်တွေ လေလိုလွင့်ကာ ကားကို ရည်ရွယ်ချက်မဲ့ မောင်းနေမိသည်။ ရှေ့မှာ လက်ပြတားနေသည့် မိန်းကလေးတစ်ယောက်ကို မြင်နေတာတောင် ကိုယ်နဲ့မဆိုင်သလို ကျော်ဖြတ်လာခဲ့မိ၏။ ပြီးတော့ နောက်ကြည့်မှန်ထဲမှာ ခေါင်းလေးကုတ်ရင်း ခြေဆောင့်ကျန်ခဲ့သည့်အရိပ်လေး

www.burmeseclassic.com



ကို သတိထားမိသွားသည်။

ထိုပြင် လမ်းဘေးကျကျမှာရပ်ထားသည့်ကားကို ကြည့်ခြင်းဖြင့် သူမ ကားပျက်နေတာမှန်းသိတော့ ကားကို အရှိန်ချပစ်လိုက်မိသည်။

နေဝင်ရီသရောဆိုသည့်အချိန်မှာ ဒီလိုနေရာမှာ ကားပျက်နေသည့် မိန်းကလေးတစ်ယောက်အတွက် အန္တရာယ်လည်းရှိ၏။

သူ ကားပြန်ဆုတ်သွားတော့ သူမ ဝမ်းသာအားရဖြစ်သွားပုံနှင့် ကားဆီသို့ အပြေးတစ်ပိုင်းကပ်လာပြီး ...

"ကိုအသွင်"

နောက်ကိုကြည့်ပြီး ဘက်ခ်ဆုတ်နေတုန်း နာမည်ခေါ်သံကြားလိုက်သဖြင့် လူက ဖျင်းခနဲဖြစ်သွားသည်။ သေချာကြည့်မိတော့ သူမက သူ့ဘေးကိုပြေးကပ်လာကာ ...

"ဝမ်းသာလိုက်တာ၊ ဒီအချိန်မှာ ရှင့်ကိုမြင်လိုက်ရတာ ကားပြင်ပေးမယ့်လူရောက်လာတာထက်ကိုဝမ်းသာတယ်၊ တကယ်ပဲ တိုက်ဆိုင်လိုက်တာ"

"ဘာလဲ"

စိတ်ကောင်းလေးသွင်းပြီး ပြန်လာခဲ့သည့် သူ့မျက်နှာ တင်းသွား၏။ သူမကို မှတ်မိလိုက်သည်နှင့် လက်တစ်ဖက်က ဂီယာတံပေါ် ဖျက်ခနဲ ပြန်ရောက်ကာ ထားခဲ့လိုက်ဖို့အစီအစဉ် ချက်ချင်းဖြစ်သွားသည်။ သူမက လည်း ကားကိုမြင်ကတည်းက သူမှန်းသိနေခဲ့ပုံဖြစ်လျက် ...

"ဒီမှာ ရှင့်ကို ရွှေလက်ဆက် က ..."

"မင်းကို ဘယ်သူက မေးလို့လဲ"

"အို ...နေပါဦး"

ကားက သိမ့်ခနဲရွေ့တိုးသည်။ ကားနဲ့အတူ သူမကပါလာတော့





ခေါ်သကို ထိန်းမရချင်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုအသွင်၊ ခဏလေးဖြစ်ဖြစ်နားထောင်စမ်းပါ၊ ရွှေလက်ဆက် ကလေ ..."

"ဟော့ ... မင်း လူလိုနားမလည်ဘူးလား။ ကားကိုလွှတ်လိုက်စမ်း"

"ကျွန်မက ..."

"မင်း လွှတ်မပေးဘဲကိုင်ထားလို့ ငါ မမောင်းရဲဘူးထင်လို့လား"

"မထင်ပါဘူး၊ ရှင် သတ္တိရှိပါတယ်၊ ဒါပေမယ့် မိုက်ရူးရဲဆန်တာ၊ အတ္တကြီးတာကျတော့ မကောင်းပါဘူး၊ ကျွန်မကို ငါးမိနစ်လောက်ပဲ စကားပြောခွင့်ပေးပါ၊ ကျွန်မတို့က မိန်းကလေးတန်မဲ့ ရှင့်ရဲ့အပြောအဆိုခံပြီး ဒီလောက်ရှင်းပြချင်နေတာ အကြောင်းရှိနေမလားလို့ နည်းနည်းပါးပါး တွေးမိဖို့ကောင်းပါတယ်"

ကားက ပြေးထွက်ဖို့တာစူလျက်နှင့်ရှိနေ၏။ သူ့မျက်နှာကလည်း နီမြန်းတင်းမာလို့ပါ။ ဒါပေမယ့် ခက် မှာ တံတွေးမျိုချိန်မပင်မရ။

"ကျွန်မတို့ကလေ ရှင့်ကို သိပ်တမ်းတနေတဲ့ မိန်းကလေးတစ်ယောက် အကြောင်း ပြောပြချင်တာ၊ ရှင် စိတ်မဝင်စားတော့ဘူးဆိုရင်တောင်မှ ဒါကို ရှင် သိစေချင်လို့၊ ဟိုကမသိ၊ ဒီကမသိနဲ့ မှားယွင်းကျန်ကြမှာနဲ့စာရင် တကယ်မလိုအပ်လို့ ကျောခိုင်းလိုက်ကြတာက ကောင်းတယ်၊ အခု ရွှေလက်ဆက် က 'အသွင်ရိုင်း' ဆိုတဲ့ သူ့ရဲ့ ငယ်ချစ်ကောင်လေးကို တမ်းတပြီး သူ့လိုဝင်ရတဲ့တစ်ယောက်ကို ရွေးချယ်ခဲ့တာ"

သူ့မျက်နှာတင်းတင်းက ခက် ဆီကို တည့်တည့်လှည့်လာ၏။

သူ့မျက်နှာ အပြောင်းအလဲကို အကဲခတ်မိကာ ခက် အားတက်သရောဖြစ်သွား၏။

"ရှင် ... ရှင်က 'အသွင်ရိုင်း' မဟုတ်လားဟွင်"



www.burmeseclassic.com

www.burmeseclassic.com



သူ မဖြေပါ။ မဖြေချင်တာမဟုတ်တော့ဘဲ သူမပြောပြသွားသည့် အဖြစ်တစ်ခုကို မယုံနိုင်စွာ နှစ်မျောသွားခြင်းဖြစ်၏။

ခက် ကတော့ 'ဟုတ်ပြီ'ဆိုပြီ နေသရှာပေါက်တွက်လိုက်သည်။ ကိုယ့် ပြဿနာမဟုတ်ဘဲနှင့် မျက်ရည်လည်လောက်အောင် ဝမ်းသာတုန်ယ သွားခဲ့သည်။

ပြီးတော့ ထိတ်လန့်တုန်လှုပ်ခြင်းတွေ ချက်ချင်းဖြစ်လာကာ ...

"ရှင့် ဟုတ်တယ်ဆိုရင် သူ့ကို ဘာဖြစ်လို့မေ့ထားခဲ့တာလဲ၊ ရွှေ လက်ဆက် ကိုသိလားလို့မေးတုန်းက ဘာဖြစ်လို့ ငြင်းလိုက်တာလဲ၊ ရှ တော့ အားလုံး လွန်ကုန်ပြီ၊ လက်လက် က ရှင့်ကိုပဲချစ်ခဲ့တာ သိလား သိုက် ကို ရှင်လို့ပဲထင်နေတာ၊ ဟိုလူကလဲ ချော်လဲရောထိုင်လုပ်ခဲ့တာ နေ့လယ်ကမှ ဒေါ်စုစုဆိုတဲ့ ပွဲစားဆီက သတင်းတချို့ကြားတဲ့အကြောင် ကျွန်မဆီကို သူ ဖုန်းဆက်တယ်၊ မနက်ဖြန် မင်္ဂလာပွဲက ပြင်ဆင်ပြီးပြ ဆိုတော့ သူ အရမ်းကို ချောက်ချားနေတာ"

ဆက်တိုက်ကြီးပြောပြီး အသက်တစ်အောင့်ရှူသွင်းသည်။ ပြ တော့ ဆက်ပြော၏။

"ရှင်နဲ့သူ ရိုက်ဆက်မမိဖြစ်နေတာပါ၊ ရှင် သူ့နာမည်ပြောတိုင် ဒေါသကြီးနေတာကလဲ သူ့ကိုတစ်ခုခုအထင်လွဲနေတာမဟုတ်လားဟင်"

ဒါလည်း သူ မဖြေပါ။ ရင်ထဲမှာ ဒီရေလှိုင်းတွေလို တရစ်ရစ်တက်လာ သည့် ခံစားချက်ခြင်းက လူကို ကြောင်တောင်ကန်းတစ်ယောက်လိုဖြစ်သွာ စေခဲ့၏။

ဒါမှမဟုတ်လျှင် ငုတ်တုတ်ကနေ မေ့မြောမိသွားတာမျိုးလား လောကရဲ့ပဥ္စလက်တွေဟာ ဒီလောက်ထိ တတ်နိုင်စွမ်းသတဲ့လား ကြားနေရသမျှကို ဖြစ်နိုင်၊ မဖြစ်နိုင်တွေးမိသည်။ အိပ်မက်မက်နေတာ





လား။ တကယ်လားလို့ မယုံနိုင်။ သူ့ရဲ့ရုပ်ရည်ပုံစံဟာ ဒီလောက်တောင် ဆန့်ကျင်ပြောင်းလဲသွားသည်လား ...။

ရွှေလက်ဆက်နဲ့သူ မျက်နှာချင်းဆိုင်ဆုံခဲ့ကြတာ တစ်ခါတည်း ဟုတ်ပေ။ တစ်ယောက်မျက်လုံးတွေကို တစ်ယောက်စိုက်ကြည့်ပြီး ဖြစ်ခဲ့ကြတာလည်း တစ်ခါမက။

သူကတော့သိနေရပြီး သူမက နည်းနည်းလေးတောင် သံသယစိတ် ဝင်ခဲ့ဘူးဆိုတာကို လက်ခံနိုင်ဖို့ခက်နေ၏။

သို့တည်းမဟုတ် သူကရော တခြားတစ်ယောက်ကသာ သူမက ရွှေလက်ဆက် ပါလို့ လက်ညှိုးထိုးမပြခဲ့ရင် မှတ်မိနိုင်လို့လား ...။

ကိုယ့်အားနည်းချက် ကိုယ်ပြန်ရှာကြည့်လိုက်တာ ရင်ထဲမှာ ရှိန်းခနဲ နေသွား၏။

ပြီးတော့ လပ်ကီးကိုမြင်တိုင်း သတိတရလိုက်ငေးတတ်သည့် မျက်ဝန်းလေးတွေ အာရုံထဲမှာ ပေါ်လာသည်။

"ဒီမှာ သူ ရှင့်ကို သူ့ရဲ့အသွင်ရိုင်းလားလို့ သံသယဖြစ်ခဲ့ဖူးတယ်၊ ဒါကြောင့်လဲ ကျွန်မတို့က ရှင့်ကိုသိနေတာပေါ့။ သိုက် ရဲ့မရိုးသားမှုကို ကြိုက်ပေမယ့် ဖော်ထုတ်ခွင့် ကိုယ့်ဘက်မှာမရှိတော့ ဒီတိုင်းကြည့်နေ ခဲ့ရတယ်၊ ရှင့်ကိုမေးတော့လဲ ရှင်က မြေမှမဖြေတာ"

"သူက ဘာတွေပြောပြလို့လဲ"

"ဘာမှမပြောမပြခဲ့ဘူး။ သူ့မှာ ငယ်သူငယ်ချင်းကောင်လေး ရှိ ကြောင်း၊ ဘယ်တော့မှမမေ့ကြောင်း၊ ပြန်ဆုံဖို့ကို အမြဲတမ်းမျှော်လင့်နေ ကြောင်းပေါ့၊ ဒါပေမယ့် 'အရိုင်း'ဆိုတဲ့နာမည်အပြင် နာမည်အပြည့်အစုံ တောင် ကျွန်မတို့ မသိခဲ့ရပါဘူး။ ရှင့်ရဲ့ ဆံပင်ပုံ၊ စိတ်ဓာတ်ပုံ၊ အရမ်း ခြားပြီး ခင်ဖို့ကောင်းတဲ့အကြောင်းတွေပဲ အမြဲပြောတယ်၊ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုရခင်တွယ်နေတာမျိုး ဘယ်ယောက်ျားကိုမှ မဖြစ်ဖူးဘူး ဆိုတာတွေ ...”

အရိုင်း အံ့ဩတကြီး လိုက်မိသည်။ ရင်နာခြင်းဟာ ကိုယ့်ကိုယ်ကိုလား၊ တစ်ယောက်ယောက်ကိုလား ဘာမှန်းမသိဘဲ ရင်ဘတ်တစ်ပြင်လုံး နာကျင်လာ၏။

“ရှင့်မှာ အယ်လ်ဖေးရှင်းခွေးတစ်ကောင်ရှိနေတယ်၊ ဒါပေမယ့် သူ ရင်းနှီးကျွမ်းခဲ့တဲ့ အသွင်ရိုင်း နဲ့ပုံစံက သိုက် ပဲဖြစ်နေတယ်လေ၊ ရှင့်ရဲ့ ခွေးမှာလည်ပတ်လေးကို သူ ရင်းနှီးနေလို့ မေးတော့ ရှင်က နိုးလာတာလို့ ဖြေခဲ့တာ”

အရိုင်း မျက်မှောင်ကြုတ်ထားရင်း ခေါင်းညိတ်သည်။

“ဟုတ်တယ်၊ သိပ်ကိုရှုံးသွပ်ခဲ့တဲ့မိန်းမမို့လို့ သိပ်မုန်းသွားတာ”

“မမုန်းပါနဲ့ရှင်၊ သူလေ သူ ရှင့်ကို ဘယ်လောက်တမ်းတသလဲဆိုရင် အသွင်ရိုင်း ဖြစ်နိုင်မယ့် သက်သေခိုင်မာမှု ဘာမှမရှိဘဲ ရှင့်လိုစိတ်ဓာတ် စရိုက်မျိုးရှိနေတာတစ်ခုတည်းနဲ့ သိုက် ကိုရွေးခဲ့တာ သိလား၊ ကျွန်မတို့ တောင်မှ သိုက် ကို မသိစိတ်က သဘောကျနေတာဖြစ်မှာပဲလို့ ထင်ခဲ့ကြတယ်၊ ဒီနေ့မှ အဲဒါမဟုတ်မှန်းသိရတယ်”

ပြောနေရင်း ခက် က လင်းအားနည်းလာသည့်ပတ်ဝန်းကျင်ကို သတိတရဝေ့ကြည့်လိုက်ကာ ...

“သူလေ ရှင့်ရဲ့သတင်းအစအနကို ရလိုက်တာနဲ့ တော်တော်ကို တုန်လှုပ်သွားတယ်၊ ဘာမှ ရေရာသေးတာမဟုတ်ဘဲနဲ့ သူ ချောက်ချားသွားတာ၊ အခု ကျွန်မဆီကိုဖုန်းဆက်ပြီး ဆုံနေကျနေရာမှာ တွေ့ဖို့ချိန်းလို့ ကျွန်မ ထွက်ခဲ့တာ”

“ဘာလုပ်မလို့လဲ”





“သိတော့မသိဘူး၊ ဒါပေမယ့် သူ့ပုံစံက ရှင့်ကိုမတွေ့ရင်တောင် သိုက် က ရှင်မဟုတ်တာသေချာပြီဆိုရင် မဖြစ်မနေရှန်းထွက်မယ့်ပုံ ...”

ဟင် ...၊ သူ့ စိတ်တွေ ကယောက်ကယက်ဖြစ်ကုန်၏။ မျက်လုံးထဲအ ဆက် ပါသွားသည့်ကားကို ကွက်ခနဲမြင်လိုက်ကာ အဖြစ်နိုင်ဆုံးကို တွေးသည်။ ပြီးတော့ ...

“သူ ပါသွားပြီ”

“ဟင် ...”

“မင်း ခဏစောင့်၊ ကားပြင်မယ့်သူ လွှတ်ပေးလိုက်မယ်”

သူ ဘာမှမစဉ်းစားနိုင်တော့ဘဲ ဝပ်ခ်ရှော့ကို ဖုန်းဆက်အကြောင်းကြားပေးလိုက်သည်။ ပြီးတော့ ကားကို အရှိန်မြှင့်လိုက်၏။

နောက်ထပ် လွဲရဖို့ကို မတွေးရဲပေမယ့် .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၇)

"ဘာလဲဟေ့"

"ကျွန်တော် သိုက် နဲ့တွေ့ချင်လို့"

"လူလေး အနားယူနေတယ်"

လူကြီးက ခပ်ပြတ်ပြတ်ဖြေပြီး လှည့်ထွက်သွား၏။ သူ လှမ်းကြည့်လိုက်တော့ ဆောက်လက်စတိုက်ကြီးရဲ့ပုံရိပ်က မီးရောင်မစုံသေး၊ ကွက်တိကွက်ကျားမှောင်ရိပ်များနှင့် သက်ရှိသတ္တဝါကြီးတစ်ကောင် ကိုးရိုးကားရားထိုင်နေတာနှင့်တူ၏။

သူကြည့်တာက တိုက်ကြီးကိုမဟုတ်ပါ။ ပေါ်တီကိုအောက်မှာ ရပ်ထားသည့် အက်စ်အီးကားအဖြူ ...။

"ဒီမှာ ဦးလေး ..."

လူကြီးက ခြေလှမ်းငါးလှမ်းလောက်သွားပြီးမှ ပြေပြစ်မှုမရှိသည့်





...က်နှာနှင့် ပြန်လှည့်၏။ ဘာလဲ ဘာညာ မမေးဘဲ ကျားလျားသည့် ...ခြေလှမ်းတို့က လွှားခနဲ ခုန်လာသလိုပင်။

"ဟေ့ ဒီမှာ ဒါ ညမှုညတော၊ ဧည့်သည်လက်ခံရမယ့်အချိန်မဟုတ်ဘူး ...င်း နားမလည်ဘူးလား"

"နားလည်တယ်၊ သူ ထွက်မတွေ့နိုင်ရင် ကျွန်တော် ဝင်ပါရစေ၊ ...ကခေါ်သွင်းသွားတဲ့ ဧည့်သည်မိန်းကလေးကို ပြန်လွှတ်ပေးလိုက်ပါ"

"ဘာ ..."

လူကြီး ရှူးရှူးရှားရှားဖြစ်သွားသည်။ ထိုစဉ်မှာ မကြေညာဘဲ ဖြိုး...းဖြောက်ဖြောက်ကျလာသည့် မိုးစက်တို့က မီးကိုငြိမ်းစေမည့်ရေပေါက် ...ဖြစ်ခဲ့ဘဲ ဆီပူပူထဲကို ခုန်ဆင်းပစ်လိုက်သည့်သို့ .....၊

"မင်းကို ခြံချင်းကပ်လျက်မို့ ငါ ခွင့်လွှတ်လိုက်မယ်၊ အေးအေးဆေး...ဆေး ပြန်သွားပါ"

လူကြီး ဒုတိယမ္ဘိပြန်လှည့်သွားသည်။ အရိုင်း က တံခါးရှေ့ကနေ ...ကက်ပြန်နှစ်လှမ်းလောက်ဆုတ်လိုက်ပြီး ဘောင်းဘီအိတ်ထဲမှာ လက် ...ဖက်ထည့်၍ အေးစက်စက်ပြုံးကာ ...

"ကျွန်တော်ကလဲ ခြံချင်းဓာပ်နေလို့ ဧည့်သည်လို ယဉ်ယဉ်ကျေး...ကျေး ဝင်ခွင့်တောင်းတာပါ"

သူ လှမ်းပြောလိုက်တော့ ခြံစောင့်ကြီး ကျောခိုင်းလျက်နှင့် ခြေလှမ်း ...သွား၏။

"ဟောဒီရှေ့ကလွဲရင် ဘယ်နေရာကဝင်ဝင် အိမ်ထဲကိုရောက်တယ်"

"ဝင်လိုက်လေ"

ခြံစောင့်ကြီးက ချာခနဲလှည့်ကြည့်ပြီး လက်သီးလက်မောင်းတန်း...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုကောင်းတာပေါ့၊ အဲဒီတော့ သူမိုးကြမ်းပိုးဆိုပြီး ကုပ်ကနေ အသာလေးဆွဲပစ်လိုက်ရုံပဲ၊ သီးနှံတွေစိုက်ပြီး ချွေးသီးချွေးပေါက်ကျအောင် မလုပ်ရဘဲ ထောင်ထမင်း ထောင်ဟင်းကို အေးဆေးစားနေရတာပေါ့"

"အပွှန်း ... အဲဒီလိုစေတနာထားတတ်ရင် ဘာမှမဆိုင်တဲ့လူကို မထားပါနဲ့ ခင်ဗျားသူဌေး ပြေးလွှားကြံဖန်နေရတာ ပင်ပန်းနေတာပဲ၊ စုဆို မိုလွယ်တယ်၊ မိန်းကလေးတစ် ယောက်ကို လိမ်ညာလှည့်ဖြားပြီး လက်ထပ်ပေါင်းသင်းဖို့ကြိုးစားမှုလေ ..."

"ဟိတ်ကောင်"

"ခင်ဗျားနဲ့ မဆီမဆိုင်ပြောမနေချင်ဘူး၊ သိုက် ကို သွားပြောလိုက်စမ်းပါ၊ 'အသွင်ငိုင်း' ရောက်နေတယ်လို့ ..."

"ဟော ..."

အရိုင်း က ပြောပြောဆိုဆို ကားပေါ်ပြန်တက်ထိုင်လိုက်သည်။ ခြံစောင့်ကြီး နားမလည်စွာကြည့်နေဆဲ ...

"ဟိတ်ကောင် မင်း ..."

"ဖွင့်လိုက်"

"နေဦး"

ခပ်လှမ်းလှမ်းကနေ ကားက ခြံတံခါးဆီ အရှိန်နဲ့ပြေးဝင်လာ၏။ ခြံစောင့်ကြီး မျက်လုံးပြူးသွားသည်။ သိုက် နဲ့ ဒီလူငယ် ခြံချင်းကပ်လျက်နေပြီး မတည့်ကြတာကို သူသိသည်။

ဘာအကြောင်းကြီးငယ်မှမဟုတ်ဘဲ ခွန်းကြီးခွန်းငယ် အပြောအဆို မတည့်ကြရင်း ဖြစ်ခဲ့ကြတာပဲထင်ခဲ့သည်။ ခု ဘာတွေလဲ ...။

"ဂျိမ်း ... ဂျလိမ်း ... ရိန်း"

"ကြည့်စမ်း ...၊ ဒီကောင် ..."





ကားက ခြံတံခါးကို ထိခတ်မိသည်အထိ တိုးဝင်လာပြီးမှ တုံ့ခနဲရပ်သည်။ ခြံစောင့်ဦးကောက်၏မျက်နှာမှာ ဒေါသတွေပြင်းထန်သွားပေမယ့် သံစုံမြည်၍ လှုပ်ခါနေဆဲတံခါးကြီးနှစ်ချပ်ကိုကြည့်ကာ ရှေ့လည်းမတိုးနိုင် ...

"မင်း ... မင်း ရမ်းကားလှချည်လားကွ၊ ဥပဒေမဲ့နိုင်ငံမှတ်နေသလား၊ ဟော့ ... မလုပ်နဲ့"

သူ ပြောနေတုန်း ကားက ရိပ်ခနဲ ဘက်ခ်ဆုတ်သွားသဖြင့် အလန့်တကြားထအော်သည်။

မလုပ်နဲ့ဟု တားဆီးသံ မဆုံးလိုက်ဘဲ အရှိန်နှင့်ပြေးဝင်လာပြန်၏။ မြည်ဟီးသံတွေ ဆူညံသွားပြန်ကာ တံခါးကြီးနှစ်ချပ်က လက်နက်ကြီးနှင့် အပစ်ခံနေရသည့် သတ္တဝါကြီးတစ်ကောင်လို တလှုပ်လှုပ်တုန်ခါ ကျန်ရစ်၏။

လုပ်နေပုံက တံခါးကို တိုးတိုက်ဖျက်ဆီးပစ်ချင်တာမဟုတ်ဘဲ ဒီလို တိုးတိုက်မိခြင်းဖြင့် အသံဗလံတွေထွက်ကုန်အောင်လုပ်နေတာဖြစ်သည်။

ညက မြိုးကောင်ပေါက်အရွယ်ရိုင်းလေးမို့ ပတ်ဝန်းကျင်ကလည်း ကြည်လှပခြင်းများနှင့် နုသစ်နေဆဲရှိသည်။

ထို့ပြင် မိုးစက်သံတို့စိပ်လာခြင်းကြောင့် ဒီကဆူညံသံတွေမှာ လွှတ်လပ်စွာဆူညံခွင့်တွေရနေခဲ့၏။

"နေဦး၊ မင်းကိုညာနေလို့မရတော့ဘူး"

ဦးကောက် ပါးစပ်တစ်လုံးကြီး ကြွမ်းဝါးကာ နောက်ကို ချာခနဲလှည့်ထွက်သည်။ ထိုစဉ် တိုက်ကြီး၏မျက်နှာစာမှာ မီးရောင်တွေ ဖွေးခနဲလင်းထိန်သွားလေသည်။

တိုက်တံခါးဝမှာ သိုက် ၏ပုံရိပ်ပေါ်လာ၏။ ဦးကောက် လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး အပေါ် အင်္ကျီအိတ်ထဲကဖုန်းကို ကပျာကယာထုတ်သည်။ ကား ပေါ် ကနေ အရိုင်း က ရှုံ့စိုက်ကြည့်နေခဲ့၏။ တိုက်နံရံခြံဝက အလှမ်းကွာ ပေမယ့် သိုက် ကို ထင်ရှားစွာမြင်နေရ၏။

ညနေကမြင်လိုက်သည့်အဝတ်အစားများနဲ့ပဲဖြစ်ကာ ရင်ဘတ်နား က ကြယ်သီးတွေကိုဖွင့်ထားသည်။

သိုက် ကို ဖုန်းနဲ့ဆက်သွယ်၍ ခွင့်ပြုမိန့်နှင့်တံခါးလာဖွင့်ပေးခဲ့တာ တောဝစ် အရိုင်း ချက်ချင်းမောင်းမထွက်နိုင်။

"ဟော့ ဝင်လေ"

ဦးကောက်က လမ်းဖယ်ထားပြီး ငေါက်ဆတ်ဆတ်အော်၏။

သူ့မျက်လုံးအစုံက သိုက် ဆီမှာပဲစူးနစ်လျက် ကားကို မြင်းရိုင်းတစ် ကောင်ကိုခြောက်လှန့်လွှတ်သကဲ့သို့ အကြမ်းပရမ်းမောင်းသွားခဲ့သည်။

သူ့ဂျစ်ကားလေး ပေါ်တီကိုအောက်မှာရပ်မိသည့်အချိန်တွင် မိုးက အင်တိုက်အားတိုက်သွန်းဖြိုးချလိုက်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မိုးသံ များ လွှမ်းခြုံသွားခဲ့၏။

အရိုင်း ကားပေါ် က မဆင်းဘဲ သိုက် ရပ်နေသည်ကို စူးစိုက်ကြည့် ၏။ ပြီးတော့ သူ့နောက်က တံခါးဆီတိုင်ငြိမ်သက်နေသည့်ဧည့်ခန်းကျယ် ကို မျက်လုံးဝေ့သွားသည်။

ဧည့်ခန်းဆိုတာလည်း သတ်မှတ်ရေးယာတစ်ခုသာသာပဲရှိပါသေး သည်။

ဒရင်းဘက်ဒ်တစ်ခုနှင့် ကျွန်းကုလားထိုင်ကြီးတွေကို ခဏတစ်ဖြုတ် ထိုင်ထ အသုံးပြုရုံပုံစံပဲ ချထားတာဖြစ်ကာ တည်ဆောက်လုပ်ကိုင်နေဆဲ ခြေရာလက်ရာတွေက နံရံတချို့မှာရှိနေကြသေးသည်။

ပြီးတော့ ခန်းဆီးလိုက်ကာ ဘာမှမရှိသေးသည့် အခန်းတံခါးတစ်





ကို ကားပေါ် ကနေမြင်နေရ၏။

မီးရောင်တွေလင်းထိန်လာကာစမှာ သိုက် ဒီဘက်ကထွက်လာတာ ကို သူ မြင်ခဲ့သည်မို့ ဒီအခန်းက အိပ်ခန်းပဲဖြစ်နိုင်သည်။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြရင်း ထူးခြားစွာ တိတ်ဆိတ်သွားခဲ့ခြင်းက တိုက်နိုက်ကြဖို့ မာန်ဟုန်အပြည့်နှင့်ပြေးလာ ကြပြီးမှ ရင်ဆိုင်ခါနီးမှာ တုံ့ရပ်ကုန်ကြသော သားရဲနှစ်ကောင်နှင့်တူနေ သည်ဆိုလျှင် ရိုင်းသွားမည်ထင်၏။

ကြောက်၍ နောက်တွန့်သွားကြတာမဟုတ်ဘဲ ခြေတစ်လှမ်းစီဆုတ် ၍ ရှေ့တိုးဖို့မြင်လိုက်ကြတာဖြစ်သည်။

သိုက် က အရိုင်း ကို စိုက်ကြည့်ရင်း မေးခွန်းများစွာဖြစ်နေပေမယ့် တစ်ခွန်းမှမမေးဘဲ ရပ်မြဲအတိုင်း ရပ်နေခဲ့သည်။

အရိုင်း ကတော့ ရွှေလက်ဆက် ကို ရှာတာပါ။ သူလာခဲ့တာ ရွှေ လက်ဆက်ကို ပြန်ခေါ်ဖို့ဖြစ်သည်။ သူ့မြင်ကွင်းထဲမှာ ရွှေလက်ဆက် က မရှိပေ။

သူမကို တစ်နေရာမှာထားခဲ့သည်လား၊ ဒါမှမဟုတ် အပြင်မှာပဲ ခဏ တစ်ဖြုတ် စကားပြောပြီး ပြန်ပို့ထားခဲ့တာလား။

သို့ဆိုလျှင် သူတစ်ယောက်တည်း ကမ္ဘာ့ရှုးထိုး ရှုးသွပ်စွာမှားယွင်း တွေးခေါ် မိခဲ့သည်ပေါ့။

ဖိနပ်ချွတ်နေရာကို ဝေ့ခနဲကြည့်မိသည်။ ဖိနပ် တစ်ရန်မှရှိမနေပါ။ ဒါကလည်း ဆောက်နေဆဲအဆောက်အအုံထဲကို ဖိနပ်ချွတ်ပြီးဝင်ဖို့မှမလို ဘဲ။

မိုးက သည်းသည်ထက် ပိုသည်းလာသည်။ ပေါ်တီကိုဟု သတ်မှတ် ထားသည့်မျက်နှာစာအမိုးက တစ်ဝက်လောက်ပဲတင်ထားသေးတာမို့

www.burmeseclassic.com



ဂျစ်ကားလေးက မိုးရေထဲမှာပဲရှိနေရတာနှင့်တူနေသည်။

သူ ဆင်းလျှင်လည်း ရေအရင်စိုပြီးမှ ကားရှေ့ကနေပတ်ပြီး အထဲကို ရောက်မှာဖြစ်သည်။ ဒါက ပြဿနာမရှိပါ။ သူလာတာ သိုက် ဆီမှာ အေး ဆေးစကားထိုင်ပြောဖို့မဟုတ်။

"ပြောပါဦး၊ ငါ့ခြံကို ကားနဲ့တိုက်တာ အပျော်တမ်း ထောင်ထဲဝင်ချင် လို့တော့မဟုတ်လောက်ပါဘူး"

အရိုင်း က မဖြေ။ ခဏစိုက်ကြည့်ပြီး သိုက် က ခပ်မဲ့မဲ့နှင့် ရှေ့တိုး လာ၏။ သူ့လက်တစ်ဖက်မှာ ဝီစကီတစ်ဝက်နှင့် ဖန်ခွက်ကိုကိုင်လျက်-

"ငါကလဲ အကြောင်းကိုသိချင်သေးတယ်၊ ဘာမှန်းညာမှန်းမသိဘဲ အချုပ်ထဲဆွဲထည့်လိုက်ရမှာ ပျင်းစရာကြီးကွ"

"ရတယ်၊ အရိုင်း ဆိုတဲ့ကောင်က ရိုင်းနည်းမျိုးစုံရဲ့ ဖွားဘက်တော်"

အရိုင်း ဆိုသည့် နာမည်ကြောင့် သိုက် မျက်နှာ ကွက်ခနဲပျက်သွား သည်။ အရိုင်း က ပြုံး၍ ...

"မင်းကဘာသွားပြီဆိုရင် လုပ်စမ်းပါ၊ ငါ ရိုင်းခဲ့တဲ့အတွက် ဘယ် တော့မှ နောင်တမရဘူး၊ အေး ... ငါကသာခဲ့ရင်လဲ ရိုင်းရိုင်းစိုင်းစိုင်း အနိုင် ယူပစ်မှာ၊ ငါ မင်းရဲ့စည်းပိုင်းကို ထိုးဖောက်လာရဲတယ်ဆိုကတည်းက မင်း စဉ်းစားကြည့်ပေါ့၊ ငါ ဘာလုပ်ထားခဲ့သလဲလို့ ..."

သိုက် ၏မဲ့ပြုံးတွေ၊ မခိုးမခန့်အကြည့်တွေ အားလုံး ပျောက်ကွယ် ကုန်၏။ မိုးသံတွေကြောင့် သူ နားကြားမှားသွားသလား၊ ဒီကောင် ဘာ တွေပြောနေတာလဲ ...။

ဖန်ခွက်ကို ခပ်ဖိဖိဆုပ်ညှစ်လျက် ရှေ့ကို တစ်လှမ်းချင်းတိုးသည်။ အရိုင်း ကလည်း ကားပေါ်ကနေ အေးစက်စက်စိုက်ကြည့်နေရင်း မလှုပ်

တစ်ယောက်သည် အထက်စီးမှာရပ်လျက် တစ်ယောက်က ကား





ပေါ်မှာ ...။ ထိုစဉ် လျှပ်ရောင် ဝင်းခနဲလက်သွားသည်။

"မင်း ဘာလာလုပ်တာလဲ"

သိုက် က သံပြတ်နှင့်မေးသည်။

"ရွှေလက်ဆက် ဒီမှာလား"

"ဘာကွ"

သိုက် မျက်နှာရောင်ကို မမြင်ရပေမယ့် မျက်ဝန်းတွေ မီးပွင့်မီးဖွား တွေ စဉ်ထွက်သွားတာကိုမြင်လိုက်ရ၏။ အရိုင်း က ဟွန့်ခနဲမဲ့ပြီး ကား ပေါ်ကဆင်းလိုက်သည်။

မစဲသေးသည့်မိုးစက်တွေ သူ့ကိုယ်ပေါ်ကို ဖျန်းခနဲသွန်ကျလာ၏။ ကားရှေ့ကနေ ကွေ့လျှောက်သွားတုန်းမှာ ဆံပင်အားလုံး စိုရွှဲကာ ဆံစ များမှ မျက်နှာထက်သို့ဆင်းသောရေတို့သည် ရေတံလျှောက်ကွဲသို့ ...။

အရိုင်း က သိုက် မျက်နှာရှေ့ရောက်အောင်တက်သွားပြီး တစ်ထစ် နိမ့်သော လှေကားထစ်မှာ ခဏရပ်သည်။ ပြီးတော့ အိမ်ထဲကို ပြောင် ပြောင်ပဲ ဝေ့ပတ်ကြည့်သည်။ ဘောင်းဘီအိတ်ထဲကို လက်တစ်ဖက်ထည့် လိုက်ပြီး နောက်ထပ်လှေကားထစ်ကို အေးဆေးစွာလှမ်းတက်၏။

"ရွှေလက်ဆက် ကို ငါက မေးခွင့်မရှိတဲ့ကောင်လို့သတ်မှတ်ပြီး တင်း သွားတာလား၊ ဒါမှမဟုတ် လန့်သွားတာလား"

"မင်းလိုကောင်ကို ငါ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့လို့ ဘာနာမည် နဲ့ ဘာကောင်မှန်းကို မသိဘူး"

"အဟွန်း"

"မိန်းမလိုမိန်းမရ မာယာတွေများမနေနဲ့၊ လိုရင်းကိုပြော"

"မာယာများတာက ငါလား၊ မင်းလား"

အရိုင်း က ဟိုဒီ မျက်လုံးဝေ့ပြီးပြောနေရာကနေ သိုက် ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဂျိဖျတ်ခနဲလှည့်ရင်ဆိုင်လိုက်၏။

"ငါ ဘာကောင်ဆိုတာ မင်းကိုပြောပြမနေနိုင်ဘူး၊ ရွှေလက်ဆက် မင်းကားပေါ်မှာပါသွားတာ ငါမြင်တယ်၊ ဘယ်မှာလဲ"

"ဟား ဟား ဟား"

သိုက် က ဟားတိုက်ရယ်ပစ်၏။ သူ့ရယ်သံကြောင့် ပြုံကျလာသလ သို့ ရယ်သံ၏အဆုံးမှာ မိုးသံတွေ ပို၍ဆူညံလာသည်။

ထိုမိုးကြောင့် ဘယ်သူသည် အမှိုက်တစ်စလို မျောလွင့်ပါသွားက ဘယ်သူက ကျောက်တိုင်တစ်တိုင်လို မားမားမတ်မတ်ကျန်ခဲ့မလဲ၊ အမှ တရားနှင့် မှားယွင်းမှုတို့ နေရာလုကြသည့်အခါ ...

"မင်း ရယ်နေတာလား ငိုတာလား၊ သေချာလုပ်စမ်းပါ၊ ရယ်နေရင် မျက်ရည်စေ့နေတာ ရုပ်ရှင်ထဲမှာပဲ သနားဖို့ကောင်းတာကွ"

"ဟုတ်တယ် မင်း ငိုရတော့မှာ၊ ငါက မျက်ရည်ဝေ့တယ်ဆိုရ စောင် မင်း က ဒီရှေ့မှာ ဒူးတုပ်လည်ချီစင်းပြီး ချုံးပွဲချငိုရမှာ"

သိုက် က အေးစက်စက်ပြန်ပြောပြီး လက်ပိုက်သည်။ အရိုင်း တ ကိုယ်လုံးကို စီးစီးနင့်နင့်စိုက်ကြည့်ပြီး ရယ်လက်စဖျောင့် ခေါင်းညိတ်၏

သူ ဒီလောက်မတုံးပါ။ အစကတည်းက အတုနဲ့အစစ်၏ဂုဏ်သတ္တ အတိုင်း အစစ်မဟုတ်ခဲ့သည့် သူ့ရင်ထဲမှာ တုန်လှုပ်ခဲ့ပြီးဖြစ်သည်။ သ သော် ...

"ငါကတွေးမိနေပြီ၊ ဒါပေမယ့် မင်းပြောတာကို ကြားချင်သေးတယ မင်းက မင်းကိုယ်မင်း အရိုင်း လို့ ပြောလိုက်တာလား"

"ရွှေလက်ဆက် ဘယ်မှာလဲ"

သိုက် ကို အရိုင်း က မဖြေ။ သူ သိချင်ဆုံးကိုပဲ မရမကမေးခွန်းထုတ သည်။ သိုက် က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး တံခါးမရှိသည့်အခန်း





ဆီကို ခပ်စောင်းစောင်းငဲ့ကြည့်သည်။ ပြီးမှ သူ့ဘက်ပြန်လှည့်၍ ...

"ငါ့ခေါ်သွားမှန်းသိလို့ လိုက်လာတာမဟုတ်လား၊ ဘယ်မှာရှိမယ်ဆို တာ မင်း မတွေးမိဘူးလား"

အရိုင်း မေးရိုးနှစ်ဖက်မှာ အံကြိတ်လိုက်ခြင်းကြောင့် တင်းခနဲ ကားသွား၏။

တစ်ပြန်တစ်လှည့်စီမဲ့ပြုံးတွေဖြစ်ထွန်းနေခဲ့သော မျက်နှာများမှာ သိုက် က မဲ့ပြုံးနှင့်ရှိနေခဲ့ပြီး သူ ချောက်ချားရသည့်အလှည့်မှာတော့ မျက်နှာပြင်သည် ကြေးနီရောင်သမ်းသွားခဲ့လျက် ...

"မင်း ... သူ ..."

စကားတွေ ဆစ်ငေါ့ကုန်တော့ သိုက် က ဟားတိုက်ရယ်၏။

"သူ ရှိတယ်လေ၊ သူက မနက်ဖြန် ငါ လက်ထပ်တော့မယ့် ဇနီး လောင်းပဲ၊ ငါနဲ့အတူရှိနေတာ မင်းမှာ မကျေနပ်ခွင့်ရှိလား"

"ရှိတယ်"

အရိုင်း ဖျတ်ခနဲတိုးကာ သိုက် ရဲ့ကြယ်သီးပွင့်နေသည့်ရင်ဘတ် ကျွယ်ကို ဆောင့်တွန်းပစ်လိုက်၏။

"ဇွန်လိမ် လူညာ၊ မင်း ရွှေလက်ဆက် ကို လိမ်ညာဟန်ဆောင်ပြီး ရအောင်ယူတာ"

သိုက် က နောက်ကို ခြေနှစ်လှမ်းသုံးလှမ်း ယိုင်သွားလျက် မျက်နှာ တင်းသွား၏။ ချက်ချင်း ကိုယ်ကိုပြန်မတ်ပြီး ရှေ့တိုးကာ ...

"ရအောင်ယူတာက မှန်တယ်၊ ငါ ဟန်ဆောင်တာတော့မဟုတ်ဘူး၊ လိုလဲမလိုဘူးလေ၊ ယုန်ကမတိုး ပိုက်ကတိုးဆိုတာ မင်း မကြားဖူးဘူး လား၊ ငါ ဟန်မဆောင်ချင်လို့ ခွာခဲ့တာတောင် သူက အတင်းလိုက်တာ"

"အဲဒါ မင်း ယုတ်ယုတ်မာမာနဲ့ ချော့လဲရောထိုင်နေလိုက်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ သူက မင်းကို လူမှားခဲ့တာ"

"ဘယ်သူက မှားအောင်နေလို့လဲ၊ ဒီနေ့ထိ ငါ့ကိုယ်ငါ 'အသွင်ရှိန်း' ပါလို့ တစ်ခါမှ မပြောခဲ့ဘူး၊ ငါ့ကို အရိုင်း လို့ခေါ်နေတာတောင် အော်ဂလီဆန်တယ်"

"အော်ဂလီဆန်ရင် မဟုတ်ပါဘူးလို့ မင်း ပြောလိုက်ရော၊ မင်း ငြိမ်ငြိမ်လေးနေပြီး သာယာနေခဲ့တာမဟုတ်လား"

"သိပ်မှန်တာပေါ့။ ယောကျ်ားပဲကွ ဂန့်ဒူးမှမဟုတ်တာ၊ ရွှေလက်ဆက် က ပစ်ရက်စရာမရှိအောင်လှနေတော့ ..."

"မင်း ..."

အရိုင်း လက်သီးဆုပ်၍ ရှေ့ကိုတစ်လှမ်းတိုးသည်။ ပြီးမှ ကိုယ်ရှိန် သတ်ပစ်လိုက်ကာ ...

"ရွှေလက်ဆက်ကို ငါ တွေ့ချင်တယ်"

သိုက် က အရိုင်း ပြောလိုက်တာကို စူးစိုက်ကြည့်နေပြီးမှ တစ်ခုခု ပြောမလို့ ပါးစပ်ပြင်လျှင် တစ်နေရာမှ အရိပ်တစ်ရိပ်၏လှုပ်ရှားလာမှု ကြောင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိကြ၏။ စကားသံတွေ ရုတ်တရက်တိခနဲတိတ်ကျသွားသည်။

ထိုအခါ တဝေါဝေါမိုးသံများက ဆူညံစွာမင်းမူလာကြ၏။

မီးရောင်အောက်မှာ အနီရောင်ဝတ်စုံနှင့် ရွှေလက်ဆက်သည် ဆံပင်တွေ ဖြန့်ချထားသည့်ပုံစံနှင့်ပဲဖြစ်ကာ မျက်နှာလေးက ဖြူဖွေးနေ၏။ လှလှပပဝင်းနေတာမဟုတ်ဘဲ သွေးမရှိသလို ဖြူဆုတ်ဆုတ်ဖြစ်နေတာမျိုး ...။

သူမ၏မျက်ဝန်းလေးတွေက အရိုင်း နှင့် သိုက် တို့ကို ငေးကြည့်ပြီးမှ အရိုင်း မျက်နှာထက်မှာ စူးစိုက်သွားခဲ့သည်။





အကြာကြီးငေးနေပြီး နောက်တစ်ခေါက် သိုက် မျက်နှာဆီပြေးသွားသည့် မျက်ဝန်းလေးတွေက သူစိမ်းပြင်ပြင် ...၊

မိုးသံက သိသာစွာလျော့ကျသွား၏။ သို့သော် လူသုံးယောက်ရှိနေသည့် ပတ်ဝန်းကျင်က တိတ်ဆိတ်နေဆဲဖြစ်သည်။ အပြင်မှာ မိုးရွာနေပေမယ့် လေပြင်းတိုက်နေတာမဟုတ်ပေ။

လေနှင့်မိုးရောသော မုန်တိုင်း၏အငွေ့အသက်မျိုးလည်း မဟုတ်။ ဒါပေမယ့် ဆက် ရင်ထဲမှာ ခြောင်းဆန်နေသည်။ ယောကျ်ားနှစ်ယောက်၏ စကားသံသဲ့သဲ့ကို မိုးသံများနှင့်အတူ ကြားနေရပေမယ့် အပြင်ထွက် ကြည့်လိုက်ဖို့ သူမ စိတ်မကူးရဲခဲ့ပေ။

မိုးနှင့်အတူမျောပါခဲ့ပြီဖြစ်သည့် ဘဝတစ်ခုကို မိရာလိုက်ဆွဲထားချင် သည်။ ချောက်ကမ်းပါးအစွန်းကနေ ခြေလွတ်လက်လွတ်ပြုတ်ကျသွား ပြီကိုသိလျက်နှင့် လက်နှစ်ဖက်က ကူပါကယ်ပါအော်ရင်း ဆွဲငင်တွ(?) တ်ဖို့ လှုပ်ရှားကြိုးစားနေမိ၏။

ဒါ အိပ်မက်တွေဖြစ်ပါစေ။ ဒီညဟာ အိပ်မက်ဆိုးမက်သ မြစ်လွှာ ပိုက်မိ၏။ ဖြစ်စမ်းပါ။ မျက်ရည်စက်များနှင့် လူးလိမ့်မူလောင်နေဆဲ စက မ်းသွား ကို သတိထားမိခဲ့သည်။

အခန်းဝနားကိုတိုး၍ သေချာနားစိုက်ထောင်တော့ အကြောင်း ။ ကချို့ကို ကြားလာရ၏။ ထို့ကြောင့် ခံစားနေရသော သောကအရာရာ ကိုမေ့လျော့သွားခဲ့ပြီး သူမ အပြင်ကိုထွက်လိုက်မိခြင်းဖြစ်၏။ မြင်လိုက် ရတာက သူမ မဝံ့မရဲထင်လိုက်မိတာနှင့် ကွက်တိမှန်နေပါသည်။ ဒါပေမယ့် ဘယ်လိုမှမယုံနိုင်သလို ဆက် မျက်ဝန်းတွေ ငေးကြောင်သွားခဲ့၏။

သူဟာ အရိုင်း လို့ယူဆထိုက်နေပြီပေမယ့် ဒီလိုရောက်လာမယ် လို့မထင်။ ကိုယ့်ကို ကြံစည်သိမ်းပိုက်ခဲ့သူဟာလည်း ဒီလောက်ထိ ယုတ်



www.burmeseclassic.com

www.burmeseclassic.com



မာပက်စုက်လိမ့်မည်ဟု ထင်ခဲ့ပုံမလား။

မျက်ဝန်းမှာ မခန်းနိုင်သည့်မျက်ရည်တွေ မြန်ဆန်စွာပြည့်တက်လာကြ၏။ ထိုအခါ မျက်ရည်စက်တို့ တလွန့်လွန့်လူးနေသော မျက်ဝန်းတို့မှာ မြင်လွှာအားလုံးက တွဒ်ဂိုဇဝါးပျောက်ဆုံးသွားခဲ့၏။

ပါးပြင်ထက်သို့ ရေစွေးစီးကြောင်းနှစ်ခု ဖြတ်ဆင်းပြို့ကျသွားသည့် အခါမှာတော့ သူမရှေ့မှာ မားမားမတ်မတ်ရပ်နေသည့် သူ့ကို မြင်လိုက်ရလေသည်။

"ရွှေလက်ဆက်"

ရင်ထဲမှာ 'ဟင်' ခနဲဖြစ်၏။ နှုတ်ခမ်းသားတို့တုန်ယင်နေပေမယ့် ဘာသံမှမထွက်နိုင်။ သူမကို အများတကာခေါ်သလို 'ဆက်' တစ်လုံးတည်းကိုမခေါ်ဘဲ 'ရွှေလက်ဆက်' လို့ပဲခေါ်တတ်ခဲ့တာ သူတစ်ယောက်တည်းပါ။

သူ့ရှိုင်း နဲ့ ဆက် လက်တစ်ကမ်းလောက်ပဲကွာသည်။ သိုတ် က ပြောမလို့ ... ပ်လျှောက်လာပေမယ့် အနားမညီတြိဂံတစ်ခုလို သူတို့နှစ်ကြောင် ၃နှင့် အနည်းငယ်လှမ်းသည့်နေရာလောက်မှာ လက်ပိုက်မပျက်တရက်ရှ၏။

ဆိုက် မျက်ဝန်းထဲမှာ သိုက် ၏ပုံရိပ်က လှုပ်ရှားနေသည့်ဒြပ်ဝတ္ထုတစ်ခုအဖြစ်ထက် ပို၍မရှိခဲ့ဘဲ သူမ ငေးမောနေမိသည်က အရိုင်း ၏ မျက်နှာ ...။

ဟိုတုန်းက ဆာမရိုင်း ... လေးနဲ့ ပိန်ရှည်ရှည် မေးဖျားသွယ်သွယ်လေးနဲ့ကောင်လေး ဘယ်မှာလဲ ...။ ရုပ်အကျိုဝတ်ထားရင်လည်း ခပ်နွမ်းနွမ်း၊ ရှော ... လေးတွေမှာဆို ဒူးပြဲအနားကွဲလေးတွေနှင့် ...။

သူမ အလွန်ခင်ကု ... လေးစားခဲ့ရသည့် ဂျစ်ကန်ကန် မကြောက်





တတ်သော 'အသွင်ရိုင်း' ဆိုသည့်ကောင်လေး၏အသွင်သဏ္ဍာန်အားလုံး ဘယ်မှာလဲ ...။

အသားညိုညို၊ တောင့်တင်းကျစ်လျစ်သည့်ကိုယ်ဟန်နှင့် ဖြစ်ကာ ဆက် မျက်လုံးထဲမှာစွဲနေခဲ့သည့် ဆံပင်အုပ်အုပ်ဘုတ်သိုက်လေးက ခုတော့ တိုကပ်ကပ် ရိုးရှင်းနေသည်။

အနီးဆုံးဖြစ်သင့်လျက်နှင့် အဝေးဆုံးလူတွေဖြစ်ရအောင် လှည့်စားနိုင်ခဲ့သော ကံကြမ္မာ၏ပဉ္စလက်သည် ထိုလူငယ်လေး၏မျက်နှာတစ်ဝက်လောက်ဖုံးနေသော ဆံပင်ဘုတ်သိုက်လေးကို ဤသို့ပြုပြင်ပြောင်းလဲလိုက်ခြင်းဖြင့် အောင်နိုင်သွားခြင်းဖြစ်သည်။

ဒီဆံပင် ဒီပုံလေးဟာ ရက်စက်ဆိုးညစ်သူတစ်ယောက်ထံမှာ ပိုင်စိုးလျက် သူ့မှာတော့ ...

"ရွှေလက်ဆက်"

သူ့ထံမှ နောက်ထပ်ခေါ်သံထွက်လာလျှင် ဆက် မျက်တောင်ခတ်မို့ သတိရသွားသည်။ နောက်ထပ်မျက်ရည်တွေဝေတက်လာတော့ မြင်လွှာတွေပီတဲကွယ်သွားမှာစိုးကာ မျက်တောင်တဖျပ်ဖျပ်ခတ်ပစ်လိုက်မိ၏။

ဟိုးအရင် ဖြူနုသောအသားအရောင်က ဘာဖြစ်လို့ ညိုရိပ်သမ်းသွားဟာလဲ ...။

ဟုတ်ပါသည်၊ တန်းစင်းပေါ် လွင်နေသည့်နှာတံနှင့် ဒီနှုတ်ခမ်း ...။

အရိုင်း မျက်နှာကိုပဲ ဆက် ကြည့်လို့မဝနိုင်.. ဘာမှလည်းမပြောဖြစ်၊ ပြောဖို့လည်းသတိမရ။ ပြန်လည်ဆုံတွေ့ခဲ့ပေမယ့် ဒါဟာ နောက်ဆုံးဖြစ်ခဲ့ပြီမို့ ...

"နင် ငါ့ကို ခွင့်လွှတ်ပါ"

သူ ထပ်ပြောပြီး လက်တစ်ဖက်ကို သူမမျက်နှာရှေ့ထိ ဆန့်ထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြသည်။

"ဟင် ..."

ဆက် မျက်ဝန်းလေး ဝိုင်းဝိုင်းလည်သွား၏။ ဆွဲကြိုးလေးက သူ့ လက်ဖဝါးပေါ်မှာ၊ ဖြတ်သန်းခဲ့သည့်ကာလများကို ဂရုမစိုက်စွာ တဖျပ်ဖျပ်ဝင်းလက်နေဆဲရှိ၏။

ထို့ပြင် ဆက် သူ့ကိုပစ်ချပေးခဲ့တာ ကြိုးကုံးလေးပဲဖြစ်သည်။ လော့ကက်လေးက လှိုဏ်ထဲမှာကျန်ခဲ့သည်မို့ ...

"လော့ကက်ကို ငါ ပြန်ရှာထားတာ"

ဆက် မျက်ဝန်းတွေ ဆွဲကြိုးလေးမှာ ငုံ့စိုက်ငေးရင်း မျက်ရည်တွေ တဖျောဖျောသွန်ကျလာ၏။ ဒါတွေ၊ ဒီပစ္စည်းတွေကို သူ သိမ်းထားမှာပဲ ဆိုတာသိလို့ မြင်ချင်လွန်းလို့ သိုက် ခေါ်တဲ့နောက်ကို သူမ လိုက်ခဲ့မိသည်။ ခုတော့ ...

"နင်ထားခဲ့တဲ့ပိုမာလေးကို အသက်ရှည်အောင် ငါ မထိန်းနိုင်ခဲ့ဘူး။ ဒါပေမယ့် ပန်းချီစာရွက်လေး ငါ့ဆီမှာရှိတယ်၊ နင် ငါ့ကို ..."

သူ့အသံတွေလှိုက်ခါလာတော့ ဆက် ဖျတ်ခနဲမော့ကြည့်၏။ အရိုင်း မျက်ဝန်းမှာလည်း ပြုံးပြဂဲလက်နေလျက် ...

"ထပ်ပြောပါရစေ၊ ငါ့ကိုခွင့်လွှတ်ပါ"

"ဘာ... ဘာကိုလဲဟင်"

ပထမဆုံးပြောလိုက်သောစကားပါ။ သူ ဘာဖြစ်လို့ ခွင့်လွှတ်ဖို့ တွင်တွင်ပြောနေတာလဲ။ ကိုယ်သာလျှင် တစ်စုံတစ်ယောက်ထံမှာ မှားယွင်းစွာ အမြစ်တွယ်ခဲ့တာမဟုတ်ဘူးလား ...။

အရိုင်း က ဆက် မျက်ဝန်းလေးတွေကိုကြည့်၍ ...

"နင် ငါ့ကိုရှာနေတဲ့အချိန်မှာ ငါက နင့်ကို တွေ့နေခဲ့တယ်"





"ဘာ ..."

"ရွှေလက်ဆက် ဆိုတာ နင်မှန်းသိနေပေမယ့်... ငါက ..."

"အရိုင်း ရယ် ..."

ဆက် နှုတ်ဖျားမှရေရွတ်သံသဲ့သဲ့လေးပွင့်ဟလာခဲ့ပြီး မျက်တောင်များလေးတွေ ဖြည်းလေးစွာစင်းကျသွား၏။ ထို့နောက် နေရာမှာပဲ ခွေခေါက်ပုံကျသွားလေသည်။

သူမသည် အလွန်နာကျင်ချောက်ချားခဲ့ရသော အိပ်မက်ဆိုးကြီးဆီသို့ နောက်တစ်ခေါက် .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၈)

ချောမွေ့နေသည့်သူ့မျက်နှာမှာ ရှိုးသားခြင်း၊ မရိုးသားခြင်းလက္ခဏာ တစ်ရပ်ရပ်ကို ဘယ်လိုမှ အဖြေရှာကြည့်လို့မရပေ။ မှောင်ရိပ်သမ်းနေပြီ ဖြစ်သည့်လမ်းပေါ်မှာ ဆက် က သောကမကင်းဖြစ်လျက် ရှေ့ကြည့် နောက်ကြည့်ဖြစ်နေသလောက် သူ့မျက်နှာက အေးအေးလူလူ။

"မှင့်ကို ငါ ဘယ်လိုနားလည်ရမှန်းကိုမသိတော့ဘူး အရိုင်း"

မနေနိုင်သည့်အဆုံးမှာ ပြောလိုက်မိသည်။ သိုက် က ကားမောင်း ရင်း လှည့်ကြည့်၏။

"ဘာဖြစ်လို့လဲ"

"နင့်ကို သက်သေပစ္စည်းပြပါ၊ ကြည့်ရမှဖြစ်မယ်လို့ ငါ ပြောခဲ့လို့လား။ ပါးစပ်ကနေ တစ်ခုခုပြောပြနိုင်ရင် ပြီးပြီ၊ ခုတော့ ..."

"ခုတော့ ဘာဖြစ်လဲ"

"မိုးချုပ်နေပြီလေ၊ မှော်ဘီကနေ ရန်ကုန်ကို ပြန်ရောက်ရင် ဘယ် အချိန်တွေဖြစ်ကုန်မလဲ"





"ဒါကတော့ ကိုယ့်ဒေါသနဲ့ကိုယ်ပဲလေ"

"ဘာ ..."

"မင်္ဂလာဆောင်တော့မယ်ဆိုမှ မင်းပဲထဖြစ်တာ၊ တို့က သက်သေပစ္စည်း ကွတင်ပြပြီးမှ ပန်းကုံးစွပ်ခံဖို့အခွင့်သာရမယ့်အဖြစ်မျိုးဆို လုံးဝပဲ"

"နင် အဲဒီလိုမာနတွေကြီးပြမနေနဲ့ အရိုင်း"

"အဲဒီလို မခေါ်နဲ့တော့လို့ တို့က တားမြစ်တာကျတော့ အရိုင်းလိုပဲ ဝ်မှတ်တယ်ဆိုပြီး မင်းပဲ ဒီတိုင်းခေါ်တာ၊ ခု မယုံနိုင်ဘူး သက်သေပြပါ တော့လဲ မင်းပဲ"

"အဲဒါ ဘာဖြစ်လဲ၊ နင့်ဘက်က ..."

"ပြမယ်၊ အဲဒါကြောင့်ခေါ်လာတာ"

မှော်ဘီကိုမရောက်မချင်း စကားများလိုက်၊ တိတ်ကျသွားလိုက်။ ယ်ဆို ရန်ကုန်မြို့ထဲမှာပဲ သူ့လုပ်ငန်းတွေနည်းသလား။ မှော်ဘီမြေ တာလည်း မကြာသေးခင်ကမှ မြေဝယ်ပြီးတိုက်ဆောက်ခဲ့တာ တစ် ာ်တစ်ပြက်ပဲရှိသေးသည်။

ဟိုတုန်းကတည်းက အမှတ်တရပစ္စည်းကို အဲဒီမှာထားတယ်ဆိုတာ ာဝလည်းမကျပေ။ ဟိုနားဒီနားမှတ်ပြီးလိုက်ခဲ့မိသည့် ဆက် မှာ သာဒုံဘက်ရောက်တော့မှ 'မှော်ဘီသွားမှာ'ပါလားဆိုတာ သိခဲ့ရတော့ နေခဲ့လို့လည်းမဖြစ်။

အတင်းဖွတ်ကြီး ကလေးလို 'ခုချပေး၊ ခုရပ်ပေး'လို့ ခြေဆင်းအော်ငို ည်းမဖြစ်နိုင်။ မနက်ဖြန် လက်ထပ်တော့မည်ဆိုပေမယ့် မိန်းကလေး အထိုင်မတတ်လို့ ဆိုသည့် နာမည်ဆိုးဖြစ်သွားလျှင် ဖေဖေတို့သိကျ တော့မည်။

ဆက် တစ်ယောက်လုံး စိတ်မချမ်းသာစရာတွေတွေးရင်း မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေး မကြည့်မသာဖြစ်လာခဲ့တာ သူ့ခြံတံခါးရှေ့ကိုရောက်လာတဲ့အထိ။

"ဦးကောက် ဘယ်ညှိသည်မှမလာနွေနဲ့"

ခြံစောင့်ကြီးကိုမှာကာ ကားကိုခြံထဲမောင်းဝင်ခဲ့သည်။ ဘာရယ်မဟုတ်ဘဲ ခြံတံခါးပြန်ပိတ်နေသည့် ဦးကောက်ဆိုသောခြံစောင့်ကြီးကို ဆက် သမင်လည်ပြန်လှည့်ကြည့်မိတာ လည်ပင်းလေးပင်လိမ်နေ၏။ ပြီးတော့ သူ့ဘက်ကို ဖျတ်ခနဲပြန်လှည့်ကာ ...

"ခြံတံခါးပြန်မပိတ်ဖို့ ပြောခဲ့တာမဟုတ်ဘူး အရိုင်းရယ်၊ ခဏပဲနေပြီး ပြန်မှာကို ..."

ဆက် ပြောလိုက်တော့ မှန်ထဲကနေ မျက်လွှာပင့်ကြည့်ပြီး သိုက် က နှုတ်ခမ်းဈေပြုံး၏။ ဆက် ဘာဝင်မကျပေမယ့် တိုက်ကြီးထဲထိ ပါသွားခဲ့သည်။

လူနေဖို့ သေသပ်ကျနအောင်ပြင်ဆင်ထားတာလည်း တာမှမရှိ။ ဝင်လိုက်တာနှင့် အသုံးအဆောင်၊ ပရိဘောဂ ဘာမှရှိမနေသည့်မြင်ကွင်းက ဆီးကြိုနေသဖြင့် ဆက် ဒေါသဖြစ်သွားမိ၏။

သူ့မျက်နှာပေါ် ကအပြုံးနှင့် မြင်ကွင်းက သူမ အညာခံလိုက်သလိုလို ခံစားချက်တွေ သူ့အလိုလိုဝင်လာခဲ့သည်။

"အရိုင်း

"သိုက် လို့ပဲခေါ်ပါ"

"ဘာ ..."

သိုက် က အပေါ် က ထပ်ဝတ်ထားသည့် ဝစ္စကုတ်ကိုချွတ်ပစ်လိုက်ပြီး သုတ်သင်သန့်ရှင်းမထားသည့်ကုလားထိုင်တစ်လုံးပေါ် ပစ်တင်လိုက်၏။

ပြီးတော့ နှုတ်ခမ်းလေးကိုက်၍ သူ ဒီဘက်လှည့်လာလျှင် ရန်တွေ့မလို့ အသင့်စောင့်နေသည့် ဆက် ရဲ့ လက်ကောက်ဝတ်လေးကို ဖျတ်ခနဲ





...မ်းဆွဲ၏။

"ဘာလဲ၊ ဘာလုပ်မလို့လဲ"

"ပြမယ်လေ၊ ကိုယ့်အိပ်ခန်းထဲမှာထားတာ၊ လိုက်ကြည့်"

"ဟင့်အင်း"

ဆက် က ဘာမှန်းညာမှန်းမသိသေးပေမယ့် ယုတ္တိမတန်တော့ခြင်း ...းလည်သွားပြီမို့ ခေါင်းခါ၍ ဖွတ်ပြန်ရုန်းသည်။ သိုက် က မလွှတ်ဘဲ ...းမရှိသေးသည့်အခန်းထဲကို ခေါ်သွား၏။

"ချောက်"

တံခါးနောက်ကခလုတ်ကို မီးဖွင့်လိုက်မှ တစ်ခန်းလုံး လင်းလင်းချင်း ...ဖြစ်သွားသည်။

"ဒါ ..., ဒါ ... အို ..."

အခန်းထဲမှာ တောင့်တင်းလှပသည့် နှစ်ယောက်အိပ်ခုတင်အသစ် ...တစ်လုံးရှိနေသည်။ ဒါပေမယ့် အခင်းအကျင်းဘာမှမရှိဘဲ အသစ်စက် ...နှင့် ဖုန်တက်နေ၏။ ထို့ပြင် ...

...စားပွဲနှင့်ကုလားထိုင်ရှိသော်လည်း ချင်းထားတာမဟုတ်ဘဲ စားပွဲ ...မှာ ကုလားထိုင်ကိုမှောက်တင်ထားတာဖြစ်သည်။

...တခြား ဘာမှမရှိဘဲ တစ်ခန်းလုံးမှ ဘိလပ်မြေဖုန်များနှင့် ဒီအတိုင်း။

"...နှင် ဘာလုပ်တာလဲ သိုက်"

"အဟွန်း ... အဲဒါမှအမှန်၊ သိုက် လို့ပဲခေါ်ပါလို့ အစကတည်းက ...ားပဲ"

"နှင် လူယုတ်မာ"

...ကိုမထီမဲ့မြင်ပြုခံရခြင်း၊ တောက်လျှောက်အညာခံခဲ့ရခြင်း အားလုံး ...းမိကာ ရှက်လွန်းသဖြင့် ဆက် မျက်ရည်တွေဝေ့တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သိုက် က ဆတ်ဆတ်ခါဖြစ်သွားသည့် ဆက် မျက်နှာလေးကို ခါးနှစ်ဖက် ခပ်နွဲ့နွဲ့ ထောက်ထားရင်း စိမ်ပြေနပြေ အရသာခံကြည့်၏။ ပြီးမှ…

"ဟုတ်ဘာယ်၊ ဒါပေမယ့် မင်းကြောင့်ယုတ်မာလိုက်ရတာ"

"… …"

"မင်းကိုချစ်လွန်းလို့မထင်နဲ့နော်၊ မိန်းမတစ်ယောက်ကို ဒီလိုလုပ်ယူမှ ပြ မှာဆိုရင် သိုက် ဆိုတဲ့ကောင် တစ်သက် မိန်းမရှိတဲ့လမ်းတောင် ဖြတ် မလျှောက်ဘူး"

"ဒါဆို ဘာလဲ၊ ဘာဖြစ်လို့ ဒီလိုလိမ်ညာရတာလဲ၊ ငါ့ဘဝပျက်စီးသွား တဲ့အတွက် နင့်မှာ အသားတင်အမြတ်တွေ ဘယ်လောက်တိုးပွားလာမှာ လဲ၊ ပြော ပြော လိုက်စမ်းပါ"

ဆက် ဒေါသဖြစ်ဖြစ်နှင့် သူ့ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ပြေးတွန်း မိ၏။ သိုက် က အနည်းငယ်ယိုင်သွားကာ ဆက် ရဲ့လက်ကလေးတွေကို ပုတ်ထုတ်ပစ်လိုက်သည်။

"အသားတင်အမြတ်ထက် ပိုတာပေါ့ကွ၊ မင်းကို ချွေးမတော်ချင် လွန်းလို့ ရွှေလမ်းငွေလမ်း ခင်းနေခဲ့တဲ့ ဒေါ် ယ်လီသန်း ဆိုတဲ့မိန်းမ ကြီးနဲ့မိသားစုတစ်စုလုံးကို နိုင်ခဲ့တယ်"

ဆက် ဘာပြောရမှန်းမသ ဘောင် အံ့သြသွားခဲ့သည်။ ဒီ အကြောင်းကိစ္စတွေကြမှာ သန်းထွတ် နဲ့ သိုက် ရဲ့ပတ်သက်တော်စပ်ခြင်း ကို သူမ မေ့နေခဲ့၏။

ဒါဆို သန်းထွတ် ကတော့ သိုက် ဟာ အရိုင်း မဟုတ်မှန်း အ ကတည်း သိနေခဲ့တာပေါ့။ သိလျှင် ဒီလိုပြိုင်ဘက်ဖြစ်နေတာတောင် ဘာဖြစ်လို့ ကိုယ့်ကိုဖွင့်မပြောခဲ့တာလဲ။ ရှေ့နဲ့နောက်ဖြစ်ရပ်များကို ဘယ် လိုဆက်စပ်မမိနိုင်ဘဲ ဆက် ခေါင်းထဲမှာ ချာချာလည်သွားသည်။





"အဟွန်း"

ဒါကို သိုက် က ခပ်မဲ့မဲ့အပြုံးနှင့် မျက်နှာလွှဲ၏။

"သန်းထွတ် ကို သတိရသွားလို့ ရှုပ်ကုန်တာလား၊ နောက်တော့ ဖင်း နားလည်သွားမှာပါ၊ ပိုပြီးတော့လဲသိလာလိမ့်မယ်၊ သိုက် ရဲ့လက် နှစ်ဖက်ထဲမှာ ဘာတွေရှိနေသလဲဆိုတာ …"

"မသိချင်ဘူး၊ အခုလောက်ထိယုတ်မာတတ်မှန်းသိရတာနဲ့ပဲ လုံ လောက်တယ်"

"အဲဒီလောက်လွယ်မယ်ထင်လား"

"အို … လွှတ်"

ဆက် က တံခါးဘက်ကို ဖျတ်ခနဲလှည့်ထွက်၏။ သိုက် က ဆက် လက်တစ်ဖက်ကိုဖမ်းဆွဲပြီး အထုပ်တစ်ထုပ်ပစ်သလို ခုတင်ဘက်ကို လွှဲ တွန်းလိုက်သည်။

ဆက် ဖရိုဖရဲ ဒယိမ်းဒယိုင်နှင့် ခုတင်ခြေရင်းမှာ ပုံခနဲလဲကျသွား သည်။ သို့သော် ချက်ချင်းပြန်ထရပ်ကာ …

"လူယုတ်မာ၊ ကိုယ့်အဆင့်အတန်းရုပ်ရည်နဲ့မလိုက်ဘူး၊ နင် လိုချင် တိုင်းရနေတာတွေက အဲဒီလိုယုတ်မာတတ်လို့ သိရဲ့လား၊ နင့်တစ်ကိုယ် လုံးမှာ သွေးကောင်းမရှိဘူး၊ ရွှံ့ပုပ်တွေပဲရှိတာ"

"တောက်"

မိန်းမတစ်ယောက်ကို ပြိုင်ဆိုင်အနိုင်လုမပြောတတ်သဖြင့် သိုက် က တက်ခေါက်သည်။ အနာပေါ် တုတ်ကျသည့်အဖြစ်မို့လည်း သည်းမခံနိုင်။

ခြေလှမ်းကျဲကြီးများနှင့် ဆက် ရှေ့ကိုရောက်လာကာ အကြမ်းပရမ်း ဆွဲဖက်ပစ်လိုက်၏။

"အား"



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ချင်း အင့်ခနဲပစ်တိုက်၏။ သေးကျင်သောခါးနဲ့နွဲ့လေးကို ဒေါသများနှင့် ပစ်စလက်ခတ်ဆွဲသိမ်းဖက်လိုက်သဖြင့် အသက်ရှူရပ်သွားပြီလားဟု ကိုယ့်ကိုယ်ကို ထင်လိုက်မိသည်။ ပြီးတော့ ...

"ဖယ် လွှတ်၊ လူယုတ်မာ ... ခွေးတိရစ္ဆာန်၊ ဟင့်အင်း"

အင်အားမမျှပေမယ့် ဆက် အတင်းရုန်းသည်။ ပါးစပ်ကလည်း သူမခံရပ်နိုင်ဖြစ်ပြီး တခြားကို ကိုင်ပေါက်ထုတ်ပစ်ချင်အောင် တရစပ်ပြောဆိုဆဲရေးနေခဲ့၏။

ရိုက်နှက်ပစ်ပါ၊ ကိုင်ပေါက်ပစ်လိုက်ပါစေ၊ သူ ဖျက်ဆီးလို့ ဘဝပျက်သွားရမှာထက်စာလျှင် ကျိုးကန်းပြီး ဒုက္ခိတဖြစ်သွားတာကို ကျေနပ်နိုင်သေးသည်။

ဒါပေမယ့် သူမထင်သလိုဖြစ်မလာခဲ့ဘဲ သိုက် ၏ဒေါသတွေက ဆက် ၏မျက်နှာလေးထက်မှာ ကြမ်းတမ်းရိုင်းပျစွာမွှေနှောက်သွားခဲ့၏။

ထိုအချိန်လေးမှာ မှောင်မိုက်နေသည့်အာရုံထဲသို့ ဖျတ်ခနဲဝင်ရောက်လာသည်က သူမ မျှော်လင့်တမ်းတခဲ့ရပါသည့် ချစ်သူ ...။

"အသွင်ရှိုင်း"

သူမ၏ဘဝအား ချစ်ရသူထံမှာ အပ်နှင်းခွင့်မရနိုင်တော့သည့်အဖြစ်က သေချာသွားခဲ့လျက် ...

"နင့်ကို သိပ်မုန်းတယ် သိုက်၊ ငါသေတဲ့အထိ မုန်းသွားမယ်"

အမုန်းများနှင့် အံခဲကျိန်ဆဲသော်လည်း သူမသည် သိုက်၏ ကြမ်းတမ်းယုတ်မာသောပွေ့ဖက်အနိုင်ယူမှုများမှာ အင်အားမဲ့စွာ ခွေလဲခဲ့ရပြီး .....။





## အခန်း (၄၉)

"သွား ... နင်ထွက်သွား"

ဆက် တအားအော်ပစ်လိုက်သဖြင့် အသံက ရူးရူးဝါးဝါးထွက်သွားသည်။ ကိုယ့်အသံကို ပြန်ကြားလိုက်ပြီး မျက်လုံးတွေဖွင့်ကြည့်လိုက်လျှင် သူမက ခုတင်ပေါ်မှာ...။

ဒီအခြေအနေအတိုင်း ဒီနေရာမှာပဲဖြစ်လျက် ပြောင်းလဲနေသည်က ခုနက ဘာမှမရှိခဲ့သောခုတင်ပေါ်မှာ မွှေ့ရာနှင့်မွှေးပျံ့သောခေါင်းအုံးနေခြင်းဖြစ်၏။

အရိုင်း ဘယ်ရောက်သွားလဲ၊ ဘယ်အချိန်ရှိပြီလဲ၊ ဟိုလူယုတ်မာကောင်ရော ...။ အချိန် ဘယ်လောက်ရှိမှန်းမသိသော်လည်း မိုးမလင်းသေးတာတော့ သေချာသည်။ ထို့ပြင် အနီးအနားမှာ ဘယ်သူမှမရှိ။

ဆက် ခုတင်ပေါ်က ကမန်းကတန်းဆင်းလိုက်ပြီး ကိုယ့်ကိုယ်ကို သေသပ်သွားအောင် ပွတ်သပ်ဆွဲချခြင်းလုပ်ကာ အံပြင်ကို အပြေးထွက်လိုက်၏။ သို့သော် ...

www.burmeseclassic.com



"အမေ့"

တံခါးဝမှာ ဘွားခနဲပေါ်လာသည့် သိုက် နှင့်တိုက်မိမလိုဖြစ်သွား လန့်ဖျပ်အော်မိ၏။

သိုက် မျက်နှာက နီမြန်းတင်းမာနေလျက် ဆက် ပခုံး သားတစ် ကို ဖိဆုပ်ကိုင်ပြီး ခါပစ်လိုက်၏။

"ထွက်ပြေးမလို့လား၊ ငါ အဲဒီလောက် ပက်ပက်စက်စက် အရှ ပစ်လိုက်တာတောင် …၊ မင်းကလဲ ခေါင်းမာသားပဲ"

ပခုံးကနာကျင်မှုကြောင့် ဆက် မျက်ရည်များပင်လည်လျက် –

"ဟုတ်တယ်၊ ဖယ် လွှတ်၊ နင့်လိုလူယုတ်မာနဲ့ အတူနေရမှာ ငါ့ဘဝ ဘာဖြစ်သွားသွား ဖြစ်လာသမျှကို ငါ ရင်ဆိုင်ရဲတယ်"

"မင်း ရင်ဆိုင်ရဲပေမယ့် မင်းမိဘက ရင်ဆိုင်ရဲမလား"

ဆက် အရှိက်ထိသွားသည်။

"အရိုင်း ဆိုတဲ့ကောင်ကို အစကတည်းက မလိုလားဘဲနဲ့ ခွင့်ပြ တား ခု နောက်ထပ် အရိုင်း မဟုတ်လို့ပါဆိုပြီး ဒုက္ခထပ်ပေးဦးမယ် မင်းဘဝ အကြိမ်ကြိမ်အခါခါ နာသွားမယ်၊ အဲဒါကိုရော ရင်ဆိုင်မှာပဲလ

ဆက် နှုတ်ခမ်းလေးကိုဖိကိုက်ထားရင်း မျက်ရည်တွေ တသိမ့် ပြည့်တက်လာ၏။

"တို့က ကိုယ်ထင်သလိုလုပ်တတ်ပေမယ့် တို့နဲ့ပတ်သက်ပြီး သူ က ထင်သလိုလုပ်သွားမှာတော့ ခွင့်မပြုနိုင်ဘူး။ အဲဒီအတွက်ကြောင့် တွေဖြစ်လာမလဲဆိုတာရော မင်း သိချင်လား"

ဆက် က အသီမဲ့နေသူတစ်ယောက်လို မလှုပ်မယှက် အံ့ နေ၏။

"မင်း ဒီကသွားမယ်ဆိုရင် သွား၊ ကြိုက်သလိုဆုံးဖြတ်၊ ဒါပေ





ဖျက်သွားမယ့်မင်္ဂလာပွဲကတော့ ဘယ်သူ့ဘက်က ဘာကြောင့်ဖျက်သိမ်းရပါတယ်ဆိုတဲ့အကြောင်း သတင်းစာထဲမှာ ပါလာလိမ့်မယ်"

ဆက် စကားတစ်လုံးမှ မပြောနိုင်။ ချေမနိုင်စွမ်းမဲ့နေသော နှုတ်ဖျားမှ ပွင့်အန်ထွက်လာခဲ့သည်က နင့်သည်းသော ရှိုက်သံတစ်ချက် …။

သိုက် ကတော့ 'ကြားချင်တာ ဒီရှိုက်သံပဲ' လို့ ပြောလိုက်သလိုမျိုး ဆက် ရဲ့မျက်နှာကို ဖျတ်ခနဲမျက်လွှာပင့်ကြည့်ပြီး ရယ်လေသည်။

"နားလည်သွားပြီလား၊ အဲဒီတော့ မင်း ဘာလုပ်မလဲ၊ အဟွန်း … ဆုံးဖြတ်တဲ့အတိုင်း လုပ်လို့ရတယ်နော်၊ တားဖို့စိတ်ကူးမရှိဘူး"

ရှေ့ကပိတ်ရပ်ထားတာကို နေရာရွှေ့ဖယ်လိုက်သည်။ ပြုံးဆင်းလု လုမျက်ရည်တို့ကို တားဆီးရင်း ဆက်က သူ့မျက်နှာကို တည့်တည့်ပြန်ကြည့်၏။

"နားမလည်တာရှိသေးတယ်"

"ရတယ်၊ မေးလေ"

"ဒီလက်ထပ်ပွဲဖြစ်မြောက်စေချင်နေတာ ဘာရည်ရွယ်ချက်တွေ ရှိသေးလို့လဲ"

"အဟွန်း"

လျှို့ဝှက်သိပ်သည်းသော သူ့အပြုံးက ကောက်ကျစ်မှုတွေ ရောထွေးနေ၏။ ဆက် က ထိုမဲ့ပြုံးကို ရွံရှာစွာစိုက်ကြည့်နေ၏။ သိုက် က ဂရုမစိုက်ပါ။

လောလောဆယ် သူ့အသိထဲမှာ ဒေါ်နွယ်လီသန်းလည်းမဟုတ်၊ သန်းထွတ်လည်းမရှိတော့ပေ။ အားလုံးကို အနိုင်နဲ့ပိုင်းခဲ့ပြီးပြီ။ တစ်ခိုင်း တည်းရိုင်းနေသည့် ရွှေလက်ဆက် ဆိုသည့် သူမကို ပညာပေးသင်ခန်းစာ တွေပို့ချဖို့အတွက်သာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသည့် အစီအစဉ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အမြွက် ကျန်နေသေးတာဖြစ်၏။

နေတော့ လေညင်းသွဲ့သွဲ့နှင့် လှိုင်းကြက်ခွပ်လေးတွေ လွန့်လူးနေခဲ့သည့် ရေပြင်အလှမှာ မြေစိုင်ခဲကြီးအရှိန်နှင့် ပစ်ကျသွားသလို အကျည်းတန်ခဲ့သည်ဟု တင်စားပြောရမည်လား။

တစ်ခုရှိတာက ဂယက်ထသည့်ရေပြင်လို အချိန်တစ်ခဏမှာ ပြန်လည်ငြိမ်သက်သွားဖို့မလွယ်တာတော့ သေချာသည်။ အဲဒါက 'အသွင်မှိန်' ဆိုသည့် နောက်တစ်ယောက်ကြောင့် ...။

အရိုင်း ဆိုသည့်ကောင်ကို သူ ဘယ်တုန်းကမှ ဂရုစိုက်ဖွာ လူလို့ မမြင်ခဲ့ပေ။ လူကြားသူကြားမှာသွားလာရင်း 'သွင်'သူဌေးလို့ခေါ်ကြတာကို တစ်ခွန်းစနှစ်ခွန်းစ ကြားခဲ့တာတောင် လျှောင်ရယ်မူးခဲ့သည်။ ဖွဲလမ်းထမ်းကော်ဖွယ်ရုပ်ရည်မျိုးလည်းမဟုတ်၊ အထင်ကြီးလောက်စရာ ဟိတ်ဟန်ပကာသနဆိုလို့ ဘာမှလည်းမမြင်။

မျက်ကျယ်ကြီးကတော့ သူ့ခြံထက် သုံးဆလောက်ကျယ်သည်။ သုံးမျိုးတစ်မျိုးလောက်မှာ အပုပိုင်းနိုင်ငံတချို့က သစ်ခွမျိုးတွေကို အချိန်ကုန်ခံစိုက်ပြီး အရှုးလိုပြုစုမျိုးထောင်နေ၏။

အဆင်းရုပကာအားဖြင့် တောက်တောက်ပပမရှိ။ ရောင်စုံစပ်ကျားမေမယ်လည်း မလှမပ။ ဒီလိုသစ်ခွတွေကို အရူးမို့လို့စိုက်တာဟု ဒီဘက်ကနေ လက်ပိုက်ကြည့်ပြီး ကဲ့ရဲ့ခဲ့ဖူးသည်။

ဒါတွေကို မကြာသေးခင်ကမှ ခြံလုံးကျွတ် သိမ်းထုပ်ဝယ်ယူသွားသည်ဟု ကြားခဲ့ရ၏။ အမြှတ်အစွန်းကျေရလိုက်တာ အားလုံးရင်သပ်ရှုမောပဲတဲ့။ ဘယ်လောက်ဆိုတာတော့ မသိခဲ့ပါ။ ပြီးတော့ ဂျစ်ကားစုတ်တစ်စီးကို သူကိုယ်တိုင် မြှုတ်လိုက်၊ ပြင်လိုက်၊ တော်ကြာလမ်းမှာပျက်လို့တွေ့၊ ပြင်လို့တွေ့။





တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးရန်စမရှိကြပေမယ့် လူငယ်ချင်းဆိုတော့ ကိုယ်က အထက်ကနေလှောင်ရယ်ပြုံးရတာကို ကျေနပ်မိတာတော့ အမှန်ပင်။

“သွင်သူဌေးက ကိုသိုက် ဝယ်လိုက်တဲ့ခြံနဲ့ ကပ်လျက်ဆို”

“ဘာဖြစ်လို့လဲ”

“ဟာ ... အဲဒီလူ တော်တော်ချမ်းသာတာနော်၊ ပေါ့သေးသေးမဟုတ်ဘူး။ စိန်ကိုးလုံးနဲ့ ပတ္တမြား ရ,ထားတယ်ဆိုတာ လူတွေပြောကြတာပဲရှိတာ၊ တကယ်က အဲဒီလောက် က,ချင်မှက,မှာ”

လို့ ပြောကြတဲ့လူတွေက တစ်ဦးစနှစ်ဦးစ မဟုတ်ပေ။

“အဲဒီလူက ဘာတွေ့ရထားလဲမသိဘူး။ တကယ့်မကွက်နင်းနှစ်ပဲ၊ ကားကုမ္ပဏီကြီးထောင်ထားတာ ဟီးထနေတာပဲဗျ”

“မြင်ခဲ့လို့လား”

“မြင်တဲ့လူက ပြောတာ”

ဆိုသည့် မရေမရာသတင်းကြောင့် 'အပိုတွေ'ဆိုသည့်အပြုံးနှင့် သူမဲ့ပစ်ခဲ့ဖူး၏။

“သွင်သူဌေး ဆိုတဲ့လူက ခန့်မှန်းလို့မရတဲ့လူကွ၊ ကိုကိုလေး ပြောတော့ ဟန်းဖုန်းတွေ၊ ကြိုးဖုန်းတွေများ ကစားစရာကိုင်သလိုကိုင်တာတဲ့၊ ကွန်ပျူတာလဲကျွမ်းတော့ ကိုကိုလေးကတောင် သူ့ကို ဆရာခေါ်ရတာ၊ အဲဒါက ငါ့ရှေ့တင်ပဲ”

လူပြောတွေများလာတဲ့အချိန်မှာ ခြံချင်းကပ်လျက်မို့ အရိုင်း နဲ့ သူ ခဏခဏငြိမိလာသည်။ ရုပ်က ခပ်ကြမ်းကြမ်း၊ စိတ်က မနူးညံ့ဘဲနေတော့ ဂျစ်ကားစုတ်နှင့် အပေအတေပုံ။

ကွယ်ရာမှာ လူတွေရှာကြံအထင်ကြီးနေကြတာဟု ရင်ထဲမှ သတ်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ချက်က အနီးကပ်မြင်နေရလေ သေချာလေ။

ဒီလိုနေရာမှာ အမြဲရှိနေခဲ့တဲ့လူက ကိုယ့်ဘေးကိုရောက်လာခဲ့သည့် မိန်းမလှလေး၏ အသည်းစွဲချစ်သူဖြစ်နေခဲ့သည်။ ဘာကိုချစ်ခဲ့တာလဲ

တွေးမိတိုင်း မကျေနပ်ပါ။ ကိုယ်လိုလူနှင့် ယှဉ်ကြည့်တာတောင် သူ့ကိုမှ ချစ်သည်၊ ကိုယ်က လူယုတ်မာ တဲ့ ...။

ရွှေလက်ဆက် ဆိုသည့် သူမကို အစက ဘယ်လိုသဘောထားခဲ့ မှန်း ကိုယ့်ကိုယ်ကို မဆန်းစစ်မိခဲ့သော်လည်း ခုချိန်မှာ မုန်းတီးနေခဲ့တာ သေချာသည်။

သွင်သူဌေးက သူနဲ့မဆိုင်ခဲ့ပေမယ့် အရိုင်း ကတော့ သူ့ရဲ့ပြိုင်ဘက် ဖြစ်လာခဲ့၏။

ဒီနှစ်ယောက်ကို တစ်လက်စတည်း ခုတ်လှဲနင်းချေနိုင်ဖို့အတွက် လက်ထပ်ပွဲမပျက်ဖို့လိုသည်။

ရွှေလက်ဆက် ကို လက်ထပ်ထားခြင်းဖြင့် အသွင်ရိုင်း ၏မျက် မွေးပေါ်မှာ သူ စကြဲလျှောက်နိုင်လိမ့်မည်။ '

ပြိုင်ဆိုင်ကြပြီဆို ဒါက တိုက်ပွဲ ...။

အနိုင်ရဖို့အတွက် ဘယ်လက်နက်မဆို သုံးခွင့်ရှိသည်။ မတ တာမရှိ။

သိုက် မျက်နှာက နီရဲခက်ထန်နေရင်းမှ ငိုခဝေပြုံးကျသွားလို အံကြိတ်နေလိုက် ...။

ဆက် မေးလိုက်တာ ... ပြီ့ ... စိတ်ကူးထဲမှာ မရှိပေ။ ကြံစည် ဆိုတာ ကြေညာလိုက်လိုဖြစ်သလား။ သူ ဘယ်တော့မှပြောမှာမဟု တာကို ဆက် ကလ ... နားလည်သွားသည်ထင်၏။

ခေါင်းငိုက်စိုက်လေးကျသွားလျက် မျက်ရည်တွေကို လက်ခုံ





သုတ်နေ၏။ သိုက် မျက်ဝန်းတွေ ဆက် ၏ ပျော့အိသောဆံနွယ်လှလှ လေးတွေဆီ ငေ့ခနဲရောက်သွားသည်။

အသွင်းရိုင်း ဆိုတဲ့ကောင်၏ နှလုံးသည်းပွတ်တဲ့လား ...။

ယဲ့ယဲ့လေးပြုံးခြင်းက မဲ့လိုက်ခြင်းသို့ ဖြစ်စေခဲ့၏။

ဆက် ခွေခွေလေးလဲကျသွားတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ် သွားပုံကို သူ အသည်းယားလို့မဆုံး။ သူတောင်မှ ဒီတိုင်းကြည့်နေခဲ့တာ ကို အရိုင်း က ဖျတ်ခနဲခြေလှမ်းပြင်သည်။

ပြီးတော့ ကိုယ်ရှိန်သတ်လိုက်ပြီး သူ့ကိုကြည့်၏။ ထို့နောက် ဆ...် ကိုပွေ့ဖို့ မိုက်ရူးရဲပြေးဝင်၏။

ဒေါသများနှင့်အုံဖွဲ့နေသည့်လက်သီးတစ်ချက်ကို ပစ်စလက်ခတ် ထိုးကျွေးပေးလိုက်တော့ ဆက်ရဲ့ဘေးမှာပဲ အရိုင်း ပက်ခနဲယိုင်ထွက်သွား သည်။

"မင်း ..."

အရိုင်း က ချက်ချင်းတုံ့ပြန်လာသဖြင့် တစ်ပြန်တစ်လှန်တွေဖြစ်ကုန် ကြသေးသည်။ သို့သော် အနိုင်တိုက်ကြတဲ့အထိ မဖြစ်၊ တူညီစွာ သရေ ကျခဲ့တာမျိုးလည်းမဟုတ်ဘဲ အရိုင်း က ဆက် ရဲ့ဘေးကိုဆုတ်ရှောင် လိုက်မိသဖြင့် ပွဲက သူ့အလိုလိုရပ်တန့်သွားခဲ့ခြင်းဖြစ်သည်။

"မှတ်ထား ဟိတ်ကောင်၊ ရွှေလက်ဆက် ဆိုတဲ့မိန်းမကို ငါ ဘယ် တော့မှ လက်လွှတ်မှာမဟုတ်ဘူး။ ဘာ...လို့လဲဆိုတော့ မင်းလို ရူး ကြောင်မူးကြောင်ကောင်ရဲ့နားရွက်ကို ဆွဲချင်လို့ပဲ၊ မြတ်နိုးကိုးကွယ်ထိုက် တဲ့မိန်းမလို့ မဟုတ်ဘဲ ဖျာလိုး ငါးပြီးနင်းမှာ"

"ခွေးကောင် ... မင်း လူ...ဘားပြောစမ်း"

"ဘာစကားဖြစ်ဖြစ် မင်းနဲ့တန်တဲ့စကားကိုပြောတာပဲ၊ ဒါဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ဆက် ဆိုတဲ့မိန်းမကို မခွဲးစားစား၊ ကျိုးထိုးထိုး ထားလိုက်နိုင်ရင် မင်း စိတ်ချမ်းသာမယ်၊ ကောက်ရိုးပုံစောင့်တဲ့ခွေးလိုလုပ်နေရင်တော့ မင်းဘဝကို မင်း သတ်မှတ်လေ"

"ဘာလဲ သိုက်၊ မင်းက ငါနဲ့သက်ဆိုင်သူတစ်ယောက်အနေနဲ့ ရွှေလက်ဆက် ကို ချုပ်ကိုင်ထားပြီး မိန်းမကျင့်မိန်းမကြံ ကြံတာလား"

"ဟား ဟား ဟား"

သိုက် ဆိုတဲ့ကောင်ရဲ့ ပါရမီကို ဒီလိုပုတ်ခတ်ပြောတဲ့စကားတွေမှာ ထိရှခံစားလွယ်တတ်တဲ့အကျင့် မပါခဲ့ပေ။

မခံချိမခံသာ တက်ခေါက်ပေါက်ကွဲသင့်တဲ့စကားပေမယ့် ဟားတိုက်ရယ်ခဲ့၏။

"မိန်းမကျင့်မိန်းမကြံ ဘာဖြစ်လို့လဲ၊ မိန်းမကြံလို့ တိုင်းပြည်ပျက်ဖူး ...၏၊ သူရဲကောင်း ...ချို့ ကျဆုံးခဲ့ရတယ်၊ သူတတ်လို့တော်တာကို လူတော်လို့သတ်မှတ်လိုက်စမ်းပါ၊ မိန်းမမှုလို့ ဦးနှောက်တစ်ခု အပိုထပ်ပါတာမှမဟုတ်တာ၊ ငါ ပြောပြီးပြီနော်၊ မင်းကြောက်တတ်ရင် ဒုက္ခများလာနိုင်တဲ့ ရွှေလက်ဆက် ဆိုတဲ့ ထုံးဖွဲ့မှုကို မေ့လိုက်"

စကားရပ်ပြီး အရှိန်း ကို သူ စိုက်ခနဲတစ်ချက်ကြည့်သည်။

"ငါတစ်ယောက်တည်း သိမ်းပိုက်ပိုင်ဆိုင်ချင်လို့ မင်းကို နောက်ဆုတ်နိုင်းတယ်လို့ ထင်ရင်တော့ ကွယ်ရာကနေ နားတစ်ချက်လောက်စွင့်ကြည့်လိုက်၊ မင်းရဲ့ ရွှေလက်ဆက် ကို ငါ ဘယ်လိုယုယကိုးကွယ်ထားမလဲဆိုတာ ... ဟား ဟား"

"သိုက် ...၊ မင်း ဘယ်လိုကောင်လဲ၊ ဘာဖြစ်ချင်လို့လဲ၊ ရွှေလက်ဆက်ကိုလဲ မမက်မောဘူးဆိုပြီးတော့ ဘာရည်ရွယ်ချက်နဲ့လဲ"

"အခြေအနေမှန်ကို မင်း နားလည်သွားစေချင်တဲ့ရည်ရွယ်ချက်ပေါ့၊





ရှင်းဘူးလား၊ ကြို ပြောထားမယ်နော်၊ သွေးကြောင်ရင် ရွှေလက်ဆက် ဆိုတဲ့ အန္တ[illegible]ပန်းကို မေ့ထားလိုက်တော့"

"ငါက သတ္တိမကြောင်ဘူး၊ မင်းသာ ကြွက်မနိုင် ကျိုက်ကိုမီးရှို့ ..."

"ဟား ... တော်တော်ဝေးတဲ့ကောင်ပါလား အသွင်ရှိုင်း၊ မင်း မမြင်နိုင်တာတွေကိုပဲ မြင်အောင်ပြမှာ၊ တနုံ့နုံ့ခံစားပြီး မင်း ဒူးထောက်ခွေကျသွားတဲ့အထိ ..."

"ဘယ်သူက ခွေကျမှာလဲ၊ အဟုန် ... ငါက ရွှေလက်ဆက်ကြောင့် [illegible]ေင်းရှေ့မှာ ပြေးပြီး ဒူးထောက်လာမယ်လို့ ထင်တာလား"

"ဒါက မင်းသဘောပါ၊ ငါ ဘာလုပ်မယ်ဆိုတာ ပြောပြီးပြီ"

" လုပ်စမ်းပါ၊ မင်းလုပ်ပါ၊ အသွင်ရှိုင်း ဆိုတဲ့ကောင်ကလဲ ရုပ်ရှင်ထဲ[illegible]ာ သူများအကြွပ်ကိုင်လို့ လက်နက်ချအရှုံးပေးတာမြင်ရင်တောင် ကြည့်[illegible]ရတာမဟုတ်ဘူး"

"ကောင်းတယ်၊ အဲဒီကစားပွဲမျိုးကိုမှ ငါက ကြိုက်တာ"

"ကစားပွဲမဟုတ်ဘူး၊ လူတစ်ယောက်လုံးကို ဝတေးထားပြီး အနိုင်[illegible]ိုက်ရမယ့်ပွဲ၊ ဒါပေမယ့် ဒါက ကံကြမ္မာကစားပွဲတစ်ခုပါ၊ လူဆိုး လူ[illegible]ောင်းဆိုတာကို ကံကြမ္မာက သတ်မှတ်ပြီးသား၊ အရှုံးအနိုင်က သူ့[illegible]လိုလိုဖြစ်သွားလိမ့်မယ်၊ မင်း အမျိုးမျိုးယုတ်မာနိုင်ပေမယ့် ကိုယ်ပြု[illegible] နေရတဲ့မိန်းကလေးတစ်ယောက်ကို အရှင်လတ်လတ် မားနဲ့ထိုး[illegible]တ်တဲ့အထိတော့ မလုပ်ဘူးလို့ ငါထင်တယ်"

သိုက် စကားသံတိတ်သွားသည်။ အရှိန်း ၏လေသံက ပို၍မာကျော[illegible]ာ်ကောက်လာ၏။

"မင်းပြောတဲ့ အန္တမ်းပန်းဆို ဘဟာ ငါ့ဘဝအတွက် ဘယ်အခါ[illegible]ယ်အခါဖြစ်ဖြစ် နုတ်ပန်းမြမဥူပဲ၊ အဲဒီပန်းကလေးကို မင်း အပ[illegible]ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ချွေး အညှာကိုပဲချိုးချိုး တစ်ပက်စီ တစ်ရွက်စီနဲ့ ငါ ပြန်ကောက်မယ်၊ ငါ့ရဲ့နှလုံးသားပလ္လင်ထက်မှာ ကိုးကွယ်မယ်၊ မင်း ရှုံးနိမ့်သွားတဲ့အချိန်မှာ ရွှေလက်ဆက်ရဲ့ အသက်ငွေ့ငွေ့လေးပဲကျန်နေပါစေ ကျန်တဲ့ရှင်သန်မှုက ငါ့အတွက် ...”

မာနချင်းပြိုင် အနိုင်လုနေကြရင်း သူ့ဘက်မှာ စကားလုံးတွေရှားပါးသွားခဲ့၏။

သိုက်၏မျက်နှာမှာ သွေးစတို့ စွန်းထင်းသကဲ့သို့ ပါးပြင်နှင့် နှာသီးဖျားတို့မှာပါ နီရဲလာသည်။

“မင်း နှိပ်စက်လိုက် သိုက်၊ သူ့ကိုနှိပ်စက်မှာစိုးလို့ဆိုပြီး ငါက နောက်ဆုတ်အံကြိတ်နေခဲ့မှာမဟုတ်ဘူး၊ ငါ့အမှားကြောင့် ခြေလှမ်းမှား ဘဝပျက်ရှာတဲ့ ရွှေလက်ဆက်ကို ငါ့ရင်ခွင်ထဲရောက်အောင် ငါ ကြိုးစားနေမှာ၊ သူ့အနီးအနားမှာ ၊ အမြဲရှိနေမှာပဲ၊ မင်းပြောသလိုမဟုတ်ဘဲ သူနဲ့ငါ့ရဲ့ သံယောဇဉ်တွေကို မင်း သဝန်တိုခံစားပြီး ရွှေလက်ဆက်ကို သတ်ပစ်လိုက်ပြီဆိုရင်တော့ ငါ့ချစ်သူရဲ့အလောင်းကိုပိုက်ပြီး တစ်နိုင်ငံလုံး သိအောင်ကြေညာမယ်၊ သိုက် ဆိုတဲ့ကောင် ‘မစားရတဲ့အမဲ သဲနဲ့ပက်တာ’၊ ‘သူများရည်းစားကိုလုယူထားပြီး အချစ်ကြီးလို့ အမျက်ကြီးတာ’... ”

“ဟိတ်ကောင် မင်း ...”

“မချစ်တတ်တဲ့ကောင်လို့ မာနကြီးပြခဲ့တဲ့ မင်း။ လူမသိသူမသိ လိမ်ညာဟန်ဆောင်ပြီး ရွှေလက်ဆက်ကို ရအောင်ယူခဲ့တဲ့ မင်း ...”

“ခွေးလေးကျိုး”

သူ့လက်သီးတွေ ပေါက်ကွဲလွင့်ကန်ထွက်သွား၏။ အရိုင်း ကလည်းလျင်သည်။ ရွှေလက်ဆက် ခွေခွေလေး မေ့မြောလဲကျနေသည့်ဘေးမှာ ယောကျ်ားနှစ်ယောက် ထိုးကြိတ်သတ်ပုတ်ခဲ့ကြတာ ဘယ်သူမှမသိလိုက်





ဒါပေမယ့် အချစ်ကြောင့် အနိုင်လု တိုက်ခိုက်နေကြသည်လည်း မဟုတ်ပေ။

သိုက် ဆိုသည့်ယောကျ်ားက ဘာဖြစ်ဖြစ် အသာစီးကရှိချင်နေသူဖြစ်လျက် အရိုင်း ကတော့ ချစ်ရသူကိုပြင်းထန်သောနှိပ်စက်ကလူပြုခြင်း တွေနည်းပါးရအောင် သိုက် မခံနိုင်သည့်စကားများနှင့် တူးဆွတိုက်ခိုက်နေရခြင်းဖြစ်သည်။

ဘယ်သူနိုင်ပြီး ဘယ်သူရှုံးမှာလဲ ...၊ ဒါက မသေချာ .....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၀)

"မင်းသမီးဆီကို တစ်ခေါက်လောက်သွားမကြည့်ချင်ဘူးလား ရွှေ
အိပ်ဆေးတစ်လုံး ပါးစပ်ထဲကိုရောက်သွားပြီးမှ ရေခွက်ကိုကိုင်ပြီ
မသောက်ဖြစ်တော့ လျှာပေါ်မှာ ခါးသွား၏။

ဦးဆက်သူ က ဇနီးဖြစ်သူ မျက်နှာပျက်သွားတာကို အကဲခတ်ပြီ
အိပ်ရာဘေးမှာပဲ ထိုင်ချလိုက်ကာ ...

"ရေသောက်လိုက်ဦးလေ"

လို့ပြောပြီး ရေခွက်ကိုင်ထားသည့် ဒေါ်ခိုင်လွှာရွှေလက်ကို အသာ
လေး ဆက်တွန်းပေးလိုက်၏။ ဒီတော့မှ ဆေးသောက်ခြင်း ပြီးမြောက်
သွားခဲ့သည်။

ဒါပေမယ့် ဒေါ်ခိုင်လွှာရွှေ က ဦးဆက်သူ ပြောလာမည့်အကြောင်
အရာတို့ကို မကြားချင်၊ မပြောချင်သလို အိပ်ရာထက်မှာ တစောင်းစေ
လှဲချလိုက်ပြီး မျက်လုံးတွေကိုပါ မှိတ်ထားလိုက်၏။





ဦးဆက်သူ က ဒါကိုနားလည်နေသည့်မို့ သက်ပြင်းတစ်ချက်ချရင်း
ဒေါ်ခိုင်လွှာရွှေ လက်ခုံနုနုကို ညင်သာစွာထပ်အုပ်ကိုင်သည်။

"တို့မှာ သမီးလေးတစ်ယောက်ပဲရှိတာကွာ၊ ခုဆို မမစောတို့ ညီအစ်မ
သဲ ဒီအိမ်က အဆင်မပြေမှုတွေဟာ သူတို့ပယောဂလဲပါတယ်ဆိုပြီး စိတ်
ကောင်းလို့ ကလေးကို ပြန်သွားကြပြီ"

ထိုစကားအရောက်မှာ ဒေါ်ခိုင်လွှာရွှေ မျက်လုံးတွေ ဖျတ်ခနဲပွင့်လာ
သွက်...

"အစ်ကိုက မမစောတို့ပြန်သွားကြတာ ရွှေ ဒီလိုနေလို့လို့ ပြောချင်
တာလား"

"မဟုတ်ပါဘူးကွာ၊ ငါ့စကားမှမဆုံးသေးတာ၊ မင်း အခု လှုမမာသာ
ဟုတ်တာ စိတ်မကျန်းမာဘူးမဟုတ်လား၊ မင်းအတွက် တွတ်တီးတွတ်
တာ ချစ်စဖွယ်ရင်သွေး အနားမှာမရှိတော့ပေမယ့် သမီးယောက်မဆိုတာ
ကိုးတိုးဖော်တော့ဖြစ်ဖို့တာပေါ့။ ပြီးတော့ အစကတည်းက တစ်ယောက်
ကိုတစ်ယောက် ယုံကြည်ချစ်ခင်ပြီးနေခဲ့ကြတဲ့သူတွေ၊ ငါဖြစ်စေချင်တာ
က သားသမီးကို ကရုဏာဒေါသနဲ့ ယာယီခဏစွန့်ပစ်ထားလိုက်တာက
အပေါ်တော့၊ မမစောတို့ မင်းရဲ့အနားမှာရှိနေကြရင် မင်း ဒီလိုအထီးကျန်
ဆန်ဘူးပေါ့"

"ဘယ်သူမရှိရှိ၊ ရှိရှိ ဖြစ်အောင်နေတတ်တယ် အစ်ကို၊ ကိုယ့်သွေး
သားကိုတိုက်ကျွေးပြီးမွေးမြူခဲ့ရတဲ့ သားသမီးကိုတောင် ဥပေက္ခာထား
နိုင်အောင်ကြိုးစားနေတာ၊ ကျန်တာတွေ အသေးအမွှားပါ"

"ဟုတ်တယ်၊ ဒါပေမယ့် ချစ်ဖို့ခင်ဖို့မဟုတ်ပေမယ့် မင်းအတွက်
စကားပေးမီးယှူဖြစ်ဖြစ် ရှိနေစေချင်တာ ငါ့ဆန္ဒပဲ။ မမစောတို့မရှိတာကို
ခံစားတာရနေတာတော့မဟုတ်ဘူး၊ တစ်ချိန်တည်းမှာ တို့ရဲ့ဘေးကနေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဖျောက်ကွယ်သွားကြတဲ့အဖြစ်ကို စိတ်မကောင်းတာပါ၊ အဲဒ
မင်းအတွက်ပဲ”

'မလိုပါဘူး'လို့ မပြောပေမယ့် ဒေါ်နိုင်လွှာရွှေ က မျက်လုံးတွေ
မှိတ်ပြီး မျက်နှာကို ခေါင်းအုံးထက်မှာဖိကပ်ထားလိုက်၏။

မင်္ဂလာပွဲမှာတုန်းကလည်း ဒေါ်နိုင်လွှာရွှေ မရှိခဲ့ပါ။ ခရီးလွန်နေသ
ဟု အကြောင်းပြကာ ဘယ်လိုမှပြန်ခေါ်မရသည့် ဇနီးသည်ကိုထား
မင်္ဂလာပွဲမှာ ဦးဆက်သွတို့မောင်နှမတွေပဲ ညှိခံခဲ့ရသည်။

"မလိုက်ဘူး အစ်ကို၊ အဲဒီပွဲမှာ ကျွန်မ မရှိလို့ ပျက်သွားမယ်ဆ
ဖုန်းတစ်ချက်ပဲဆက်၊ ကျွန်မသမီးကို ကျွန်မ လာခေါ်မယ်၊ အဲဒီ အ
ရိုင်း ဆိုတဲ့ကောင်ကို နာမည်ကြားကတည်းက မုန်းတာ၊ လူကိုမြင်
ရွံတယ်၊ မိုက်ရိုင်းရမ်းကားမယ့်မျက်နှာ၊ မထီမဲ့မြင်ပြောတတ်တဲ့ရု
ကိုယ့်သမီးကိုယ်တိုင် သူ့ကိုမှမရရင် ကြိုးဆွဲချသေတော့မလိုဖြစ်နေ
ကို ရှက်တယ်၊ အဲဒါကို အနိုင်ယူပြီး မထီမဲ့မြင်ပြောခံရတာကို ဘယ်
မှမမေ့ဘူး”

ဦးဆက်သွ လိုက်ခေါ်တုန်းက ဒေါ်နိုင်လွှာရွှေ က ခါးခါးသီးသီ

"သမီးမျက်နှာငယ်မှာသိပေမယ့် သူကလဲ မိဘမျက်နှာငယ်ရ
ငဲ့လို့လား အစ်ကို၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့မိသားစုထဲမှာ သူ့ကိုမလ
တဲ့သူရှိနေတယ်ဆိုတာ သူ သိကိုသိရမယ်၊ သိလဲသိသင့်တယ်၊
ဒီပွဲကို လုံးဝမတက်ဘူး”

တကယ်သိသွားတာပါ။ တစ်ချိန်က အသွင်ရိုင်း ဟုခေါ်သော
ဆိုသည့်လူငယ်က အပြုံးမပျက်ရှိနေပေမယ့် ဘယ်လိုနားလည
တယ်ဆိုတာ တစ်ခွန်းတလေသော သူ့စကားများက ဖော်ပြနေခဲ

"ဒီပွဲက ဆက် အတွက်ဖြစ်လာတာ၊ သူ့အမေနဲ့ သူ နားလည်





င်ပြီးတာပဲ၊ အန့်တီ ဘာကြောင့်မပါလာတာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်
ဩသနာမရှိဘူး” တဲ့။

သမီး နှစ်ခါလောက်လာသည်။ မအေဖြစ်တဲ့သူက ထွက်မတွေ့ခဲ့
၊ နောက် ကြာတဲ့အထိ ပြန်ပေါ်မလာတော့ ဦးဆက်သွ ကိုယ်တိုင်
သမီး ကျန်းမာရဲ့လားဆိုတာကို ဖုန်းဆက်မေးခဲ့၏။

ထိုအခါကျမှ သိုက် ၏စိတ်ရင်းအမှန်ကို ရှင်းလင်းစွာသိလိုက်
သည်။

"သူ့ဘာသာမသွားတာဖြစ်မှာပါ၊ ကျွန်တော်ကတော့ တိုက်လဲ
တိုက်တွန်းဘူး၊ မသွားနဲ့လို့လဲမတားဘူး၊ အဲဒါတောင် အန်ကယ့်လိသမီး
ကျေးဇူးမတင်တဲ့အပြင် ကျွန်တော့်ကို လိုက်မပို့လို့ အပြစ်တင်သေး
၊ ယောကျ်ားချင်းပဲ အန်ကယ်လ် ကိုယ်ချင်းစာကြည့်ပေါ့၊ ကိုယ့်ကို
ဆိုလားလို့ သမီးတစ်ယောက်လုံးကိုတောင် မကြည်လင်တဲ့ဟာ ဒါကို
ကိနှာပြောင်တိုက်ပြီး ကျွန်တော်က လိုက်ပို့ရဦးမှာလား”

"ဒါက ဒီလိုရှိတယ် မောင်သိုက်၊ သမီးရှင် ဆိုတာက ..."

"ကျွန်တော့်လိုလူကို သမီးရှင်တိုင်း မျှော်လင့်ခဲ့ကြပါတယ်"

ရယ်သံသဲ့သဲ့နှင့် မလေးစားစွာ တိုက်ခိုက်ပြောဆိုနေပုံကြောင့် 'သိပ်
ဆိုးတဲ့ကောင်လေး'လို့ တစ်တစ်ခွခွဝေဖန်ခဲ့သည့် ဇနီးသည်စကားကို
တောင် သတိရမိသေးသည်။

ဒါ ကိုယ့်ယောက္ခမကိုပြောရမယ့်စကားတွေလား ...။

"ဒါပေမယ့် ခုတော့ သူ နားလည်သွားပါပြီ၊ လိုက်ပို့ဖို့အကြောင်း
ပြောတော့ဘူး၊ သူသာ လိမ္မာတဲ့သမီးဆိုရင် သူ့အမေကို ပြောပြသင့်
တယ် သိုက် ဘယ်လိုအဆင့်အတန်းနဲ့နေတဲ့ယောကျ်ားမျိုးလဲဆိုတာ ..."

ဒီစကားတွေကိုကြားတော့ ဦးဆက်သွ တစ်ယောက်တည်း ခပ်ရွှတ်



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်တက်ခေါက်မိသည်။ ဒါမှတွကိုသာ ဒေါ်ခိုင်လွှာရွှေသိရင် မလွယ်၊ ဒါကြောင့်လဲ သူ ဘာမှပြန်မပြောဘဲနေခဲ့တာဖြစ်၏။

သမီး ဘယ်လိုဖြစ်နေရှာပြီလဲဆိုတာ မသိနိုင်သလို ဒီသမက်နဲ့ ဘက္ကမ ညီညွတ်ဖို့ဆိုတာလည်း ဘယ်လိုမှမလွယ်ကူမှန်းတော့ သူ ါသည်။

ဒါပေမယ့် အရင်းကအရင်း၊ အဖျားက အဖျားပေါ့။ သားကိုချစ်တော့ ည်း မြေးကိုချစ်ရမည်။

သမီး မပစ်နိုင်မှတော့ သမက်ကို မုန်းနေလို့လည်း အပိုပေါ့။

မိုက်ရိုင်းစော်ကားတာကိုသိပေမယ့်လည်း လူငယ်ဆိုတဲ့ သဘာဝ ကိုတွေးပြီး ခွင့်လွှတ်ဖို့ကြိုးစားရမည်။ အမိကက သမီးလေး စိတ်ချမ်းသာ ...၊

ဒီသားအမိ မိသားစု သိုက်သိုက်ဝန်းဝန်းရှိနေပြီဆိုလျှင် သမက်ကိစ္စ ဘဲ တော်ရုံဆို မဆိုင်သလိုနေလိုက်ရင်ပြီးတာပဲမဟုတ်ဘူးလား။

ဦးဆက်သူ အရှည်ကြီးတွေးလိုက်မိရင်း အကြာကြီးတိတ်ကျသွား ခဲ့၏။ သတိရတော့မှ ဒေါ်ခိုင်လွှာရွှေ အိပ်ပျော်သွားပြီလားဟု အကဲခတ် ပြီး ...

"အခု သိုက်လဲ ဘန်ကောက်ထွက်သွားတယ်လို့ကြားတယ်၊ သမီး ဘယ်လိုနေသလဲဆိုတာ သွားမကြည့်ချင်ဘူးဆိုရင်တောင် သမီးကို ဒီကို လာဖို့ ..."

"အို ... မဖြစ်ပါဘူး၊ မခေါ်နဲ့"

ဒေါ်ခိုင်လွှာရွှေ တစောင်းကနေ ပက်လက်လေးဖြစ်သွားတဲ့အထိ လှုပ်လှုပ်ရှားရှားငြင်း၏။ သို့သော် မျက်ဝန်းထောင့်တစ်ဖက်မှာ မျက်ရည် စက်တို့ စိုစွတ်လျက်ပါ။





"မိဘနဲ့သားသမီး မိဘက စိတ်ဆိုးနေလို့ ပြုံင်ဆိုင်ပြီး မာနထားသွား သူတောင်မှ မလာဘဲနဲ့ ..."

"မလာတာက သူ့မှာလဲ အခက်အခဲရှိမှာပေါ့ကွာ၊ မင်းက မင်းသမီး စိတ်ဆိုးနေတာ၊ သူ့မှာ မိဘကတစ်ဖက်၊ သူ့စိမ်းက တစ်ဖက်လေ"

ဦးဆက်သူ က သိုက် ၏မလေးမစားစွာ ဝန်ခံခဲ့သော အကြောင်း များအရ သမီး၏ အခက်အခဲကို နားလည်နေသဖြင့် ဖေးဖေးမမ သည်။

မအေနဲ့ခင်ပွန်းသည်ကို သမီးလေးခများ ပြေလည်စေချင်ရှာမှာပါ ယ့် ယောက္ခမကို လူကြီးသူကြီးလိုသဘောနဲ့တောင် ရှိသေလေး မှုမရှိသော ခင်ပွန်းဖြစ်သူကြောင့် မလာရဲတော့ခြင်းဖြစ်ပေမည်။

ဘာကြောင့်ပဲဖြစ်ဖြစ် မိဘမေတ္တာရဲ့သဘောမှာ ကိုယ့်ရင်သွေးကို ဘယ်လိုစိတ်နာခြင်းမျိုးနဲ့မှ မစွန့်လွှတ်နိုင်ကြဘူးမဟုတ်လား။

"ဟူး ..."

ဘယ်ကနေဘယ်လို အစထုတ်ကြိုးစားရမှန်းမသိတော့သည့်မို့ တ်သူ သက်ပြင်းမောကြီးချလိုက်မိသည်။

"ပြဿနာဆိုတာဖြစ်လာရင် အဖြေရှာလို့ရပါတယ်ကွာ၊ လွှန်ကျူးကုန် င်တရကြရင် မကောင်းဘူး။ မင်း ခုလို အိပ်ဆေးတွေမှီဝဲနေရတဲ့ ကို ငါ မမြင်ချင်တော့ဘူး"

တိုးသဲ့စွာပြော၍ နေရာမှထရပ်လိုက်မိသည်။

ဓိတ်တူသဘောတူ အလွှန်လက်တွဲညီကြသည့် ဆရာဝန်လင်မယား ည်တွင်ခဲ့တာ ဒေါက်တာဆက်သူနဲ့ ဒေါက်တာခိုင်လွှာရွှေ ပဲ ဖြစ် သည်။

မီးလေးကို သူ့အဒေါ် တွေလက်ထဲထည့်ထားခဲ့ရပေမယ့် တွေ့သိုလ်



www.burmeseclassic.com

www.burmeseclassic.com



မှ စကာတည်းက အနားယူလိုက်ကြတဲ့အချိန်ထိ သူတို့နှစ်ယောက် အတူ တူ မခွဲမခွာရှိခဲ့ကြသည်။

ဘယ်ကိုပြောင်းပြောင်း၊ ဘယ်မှာတာဝန်ကျပါစေ လင်မယားခွဲနေ တယ်ဆိုတာ မရှိ၊ ခုတော့ အနားယူလိုက်ကာမှ အပန်းမပြေ၊ ညီညွတ်ကြ ဖို့ဖြစ်ကာမှ တကွဲတပြားဖြစ်ကုန်ကြသည်။ ထို့ပြင် ဒေါ်နိုင်လွှာရွှေ လုံးဝ သဘောမတူနိုင်ပါ၊ ဘယ်နည်းနဲ့မှ မပေးစားပါဟု ခါးခါးသီးသီးငြင်းနေတဲ့ ကြားက သမီးကို အလိုလိုက်ပြီး လက်ထပ်ပေးခဲ့တာက သူ …။

ထိုအခါ ဒေါ်နိုင်လွှာရွှေ ထိခိုက်ခံစားနေခဲ့သမျှမှာ ကိုယ့်အပြစ်မကောင်း ဟုတွေးမိရင်း ပြောဖို့ရှိတိုင်း မပြောဖြစ်။ နှစ်သိမ့်ချင်တာတောင်မှ စိတ် က သိပ်မယုံချင်။

ဦးဆက်သူ ခေါင်းငိုက်စိုက်ချရင်း ကျောခိုင်းထွက်ခဲ့ရပြန်သည်။

သူ မှားသွားသည်ဆိုရင်တောင် စေတနာအမှားဆိုတာကို ဇနီးဖြစ်သူ နားလည်နိုင်ပါ့မလား …..။





အခန်း (၅၁)

'စိတ်မညစ်တတ်ဘူးလား'ဟု အမေးခံရဖူးသည်။ သူ့မျက်နှာကို စိတ်ညစ်လို့ ညှိုးငယ်မှိန်ဖျော့နေတာမျိုးမရှိခဲ့ဖူးဘဲ အမြဲတမ်း ကျေနပ် ပိုင်နိုင်သည့်အပြုံးမျိုးသာရှိသည် တဲ့ …။

ခုနေ သူ့မျက်နှာကို အဲဒီလူတွေမြင်ရင် ဘယ်လိုပြောကြမလဲ၊

သိုက် ပြတင်းတံခါးနားမှာ အကြာကြီးရပ်နေပြီးမှ စားပွဲဘက်ကို ပြန်လှည့်မိသည်။ မိန်းမတစ်ယောက်ကြောင့် သူ့စိတ်ဟာ အမြဲတမ်း ကျပ်ခဲပူလောင်နေခဲ့ရ၏။ ဒါဟာ အချစ်နဲ့ပတ်သက်သည့်ပူလောင်သောက ဆိုလျှင် မိန်းမတစ်ယောက်ကြောင့် ဆိုသည့် ခေါင်းစဉ်အောက်မှာ ခံစားရ တာ အဓိပ္ပာယ်ရှိနိုင်သေးသည်။

ခုတော့ အချစ်ကြောင့်မဟုတ်၊ အမုန်းမီးဆိုတာလည်း မမှန်သေးပေ၊ အတ္တနှင့်ဆိုင်သော မောဟမီးတွေသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ဆက် ...။ ✻

အလွန်လှပရဲတောက်နေတတ်သည့်မျက်ဝန်းများနှင့် မျက်တောင်ကော့များသည် သူ့ဘက်လှည့်မလာစီမှာ ရီဝေမှေးဖျော့သွားနေခဲ့ပြီး သူ့ဘက်ကိုရောက်လာသည်နှင့် ဓားသွားလုံ့သွားတွေလို ပြိုးပြက်လက်ကုန်၏။

ထို့ပြင် သုံးရာသီ မခန်းတော့သကဲ့သို့ သူမမျက်ဝန်းတွေမှာ မျက်ရည်မရှိသည့်နေ့ဆိုတာ မမြင်။ နာရီ မိနစ် စက္ကန့်တိုင်းမှာ မျက်ရည်ရောင်တွေနှင့် လက်နေတတ်သည်။

မျက်ရည်တို့ ပြိုမဆင်းအောင် တဖျပ်ဖျပ်ခတ်ပစ်တတ်သည့် မျက်တောင်ရှည်ကြီးများက အံကြိတ်ထားခြင်းနှင့် ဆက်သွယ်၏။ ဒါက အမြဲတမ်းမြင်ကွင်းတစ်ခုပင်။

မျက်စိအောက်ရောက်လာတာနှင့် ဒေါသဖြစ်ရသည်။ ဒီမိန်းမကိုမှ လက်ထပ်မိဖို့ဖြစ်လာရခြင်းကို တနုံ့နုံ့ခံစားလာရ၏။

ပထမဆုံး သံန်းထွတ်နှင့်ပတ်သက်ပြီး သူမနှင့်ငြိတွယ်ခြင်းကို လက်ခံထားခဲ့မိသည်။ အဲဒီအချိန်မှာ ရွှေလက်ဆက်ဟာ ရှုးကြောင်မူးကြောင်ကောင်မလေးတစ်ယောက်ပါ။ ကိုယ့်ဘက်က သူမနှင့် ခုတုံးလုပ်ပြီး အောင်နိုင်မှုတစ်ခုကို ရရှိခဲ့သလို သူမကလည်း တခြားတစ်ပါးသောယောကျ်ားအမှတ်နှင့် ကိုယ့်နောက်ကို ကောက်ကောက်ပါလာခဲ့ခြင်းဖြစ်သည်။ ပိုဆိုးတာက ကိုယ်က စပြီးဟန်ဆောင်လိမ်ညာခဲ့တာမဟုတ်ဘဲ သူမဘာသာ ဟုတ်သည်မှန်သည်သတ်မှတ်ပြီး နောက်တော့မှ ဟုတ်ရဲ့လား၊ မှန်ရဲ့လား သံသယတွေနှင့် ဟိုလိုလှည့်မေး ဒီလိုလှည့်မေးဖြစ်လာတာလည်း သူမပဲဖြစ်သည်။

နောက်ဆုံးပိတ်ကျမှ အဆိပ်သင့်မြားက မထင်မှတ်သည့်အရပ်က





နေ ပြေးဝင်လာခဲ့တာဖြစ်၏။ ဘာမဟုတ်သည့် အပေအတေကောင်တစ်ယောက်က သူမ အရှုးအမူးတမ်းတနေတဲ့ချစ်သူ ...၊

တစ်ယောက်က ကိုယ့်ဇနီးဖြစ်နေခဲ့လျက် တစ်ယောက်ကတော့ ကိုယ့်ဇနီးကို အသေရရအရှင်ရရ ပြန်လုယူမည်ဟု ကြေညာထားတဲ့သူ...၊

ကိုယ့်ဘက်က ဘယ်လိုပဲရက်စက်မယ်လို့ကြေညာပါစေ ဘာတွေပဲလုပ်ဖြုပြ ...၊

ဒီမိန်းမကို မသေမရှင်လေးပဲပြန်ရရင်တောင် ကောက်ယူမည်တဲ့ ...။ ဘာကယ့်ကို အဲဒီလောက်ချစ်တာလဲ။ ကိုယ့်ကို အနိုင်မခံ အရှုံးမပေးပြောသွားတာလား ...။

ခုချိန်ထိ အသွင်ရိုင်း ဆိုသည့်ကောင်ထံမှ တစ်စုံတစ်ဉာလှုပ်ရှားမှုမရှိသေးပေမယ့် ရွှေလက်ဆက် ဆိုသည့် သူမကတော့ ဘုရားစင်ရှေ့မှာ သက်အုပ်ချိုရှိခိုးတာတောင် နမောတဿ သုံးကြိမ်ပြီးတာနှင့် ...

"ဘုရားတပည့်တော်မသည် ယခင်ဘဝအကြောင်းမကောင်းခဲ့သောကြောင့် ယခုဘဝတွင် ရန်သူမျိုးငါးပါးမှ တစ်ပါးအပါအဝင်ဖြစ်သော ချစ်မနှစ်သက်သောသူနှင့် အတူနေထိုင်ပေါင်းသင်းရသည့် ဝဋ်ဒုက္ခအားလွဲမရှောင်သာ ခံစားနေရပါသည်။

တပည့်တော်မသည် ထိုယောကျ်ားအပေါ်တွင် မိမိ စွဲလမ်းနှစ်သက်သူအမှတ်ဖြင့်သာ နှစ်လိုကြည်သာစွာ ဆက်ဆံခဲ့ခြင်းဖြစ်လျက် တပည့်တော်မ၏နှစ်သက်သူအပေါ်မှာ ဒီနေ့ထိ လွဲမှားဖောက်ပြန်ခြင်း အမှုမပြုပါ။

ဤမှန်သောသစ္စာတရားကြောင့် သည်ဘဝ သည်ခန္ဓာ မစီမီနှင့်နောက်ဘဝသံသရာမှာ ခန္ဓငါးပါးဖြင့် ရှင်သန်ကျင်လည်ရသည်ရှိသော်ချစ်ရသူနှင့် ပြည့်စုံအေးချမ်းစွာပေါင်းဖက်ခြင်းကို ရပါစေ။



www.burmeseclassic.com

www.burmeseclassic.com



သည်ဘဝ၌ သည်ဝဋ်ကြွေးကုန်ဆုံးရစေပြီး မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖက်နေထိုင်ရခြင်းမှ ဘဝအဆက်ဆက် ဝေးရပါလို၏ဘုရား...”

ဆုတွေတောင်းနေလိုက်တာ ဒီအတိုင်း ...။

“တောက်”

ချမ်းသာရပါစေ၊ ပြည့်စုံရပါစေဆိုသည့် ဆုတွေကို မတောင်း၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ဆိုတာတွေ မပါ။

တစ်ချက်မှ တုံ့နှေးသွားတာမရှိ၊ စဉ်းစားထစ်ငေါ့နေတာလည်းမဖြစ်။

ဒီဆုကိုတောင်းတိုင်း ရှည်လျားစွာ အထစ်အငေါ့မရှိ ခံစားချက်ပြင်းသည့်အသံက ပြတ်တောက်စူးရှနေ၏။

ဒါကိုပဲ သူပဲ မကြာခဏနားယောင်မိနေ၊ ကြားနေခဲ့သည်။ ဒါကြောင့် ဒီဆုတောင်းသံကို မမှတ်မိလို့ကိုမရတော့တာဖြစ်သည်။

သုံးပွင့်ဆိုင်ဇာတ်လမ်းတစ်ပုဒ်ဟာ မေတ္တာဘွဲ့ဇာတ်လမ်းမဟုတ်ဘဲ အမုန်းကနေ ‘တာ’ လွှတ်၍ အမုန်းနိုင်ငံ ဆုနှင့်ပန်းဝင်မည့် ‘မောဟ’ မျိုးပြိုင်များဖြစ်နေခဲ့၏။

ဘယ်လောက်ဂရုမစိုက်ဖူးပဲပြောပြော လူ့ကျင့်ဝတ်သိက္ခာများအရ ပြောချင်တိုင်းပြောလို့မရတာတွေရှိသည်။ ထင်သလိုလုပ်ပစ်လို့မဖြစ်တော့ ထိန်းချုပ်နေရတာတွေရှိ၏။

ဘာ ‘ဤမုန်သောသစ္စာ’ လဲ ...၊

ဘာ ‘ဝဋ်ကြွေး’ လဲ ...၊ နောက်ဘဝ ရှေ့ဘဝတွေထိရောင့်ပြီး ဘာလုပ်မှာလဲ။

နှုတ်ခမ်းတွေစေ့ပိတ်ထားလျက်နှင့် တုန်ချင်နေ၏။ တစ်သက်နှင့်တစ်ကိုယ် ဒီလောက်ထိ အသားတုန်အောင် ဒေါသဖြစ်ရတာမျိုး မရှိခဲ့ဖူးလို့ထင်သည်။





ဒီအကြောင်းတွေကို တစ်စတစ်စဆုံးတွေးမိလိုက်တိုင်း ထိုင်မရ၊ ထမရအောင် တဆစ်ဆစ်ခါသည်။ တစ်စုံတစ်ခုသော အကြောင်းတစ်မျိုးမျိုးပေါ်မလာမချင်း ပေါက်ကွဲပစ်ချင်နေသည့်စိတ်က တော်တော်ထိန်းရခက်နေတတ်၏။ ထိုစဉ် ...,

“အစ်ကို ဒီမှာ ဆားဗစ်စင်တာမှာ အင်တာဗျူးအောင်ကဲ့သူတွေရဲ့ အမည်စာရင်း”

သူက နားနေခန်းထဲမှာရှိနေတာဖြစ်သည်။ စာရွက်လေးကိုင်၍ သူ့တပည့်ကောင်လေးက တံခါးအပြင်မှာရပ်နေ၏။

အလူမီနီယမ်အော်တိုတံခါးလေး၏အပေါ်ပိုင်း ဖန်အထူကွက်လေးမှာ ဗလ၏ပုံရိပ်ကို ခပ်ဝါးဝါးမြင်ရသည်။

သူ့မှာ လုပ်ငန်းတွေရှိပေမယ့် သူ့အတွက် လှုပ်ပုံက ဗလ ပဲဖြစ်သည်။ အတွင်းရေးမှူးဆိုတာ မရှိမဖြစ်ထားရသည်။ သို့သော် သူရှိသည့်နေရာမှာ ဗလ ရှိနေမှဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ဗလ က သိုက် အမြောက်က ညီဝမ်းကွဲတော်သလို ယောကျ်ားမိန်းမ ဆက်ဆံနေရသည့်အလုပ်သမားတွေမှာ မိန်းကလေးတွေနှင့် ပြောဆိုဆက်ဆံတိုင်း သူ့လေသံ[illegible]ကြာသည်၊ စကားပြောတာစီးသည် စသည် မလိုလားအပ်သော ဝေဖန်သံတွေထွက်လာတတ်သည်။

တချို့မိန်းကလေးတွေကျတော့ အဲဒီလိုပြောဆိုနေထိုင်တတ်တာကို သဘောကျသည့်တဲ့၊ တချို့ကျတော့ လူစိတ်ဝင်စားအောင် တမင်ထွင်တာဟု ကဲ့ရဲ့သည်။

နဂိုကတည်းက ဘယ်လိုလူကိုမှ အရောတဝင်ပေါင်းသင်းဖို့ ဝါသနာမပါသူမို့ သူ့အတွက် နေရာတကာကိစ္စများမှာ ဗလ ပဲဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိုက် က စားပွဲနောက်က ခလုတ်လေးကို လှမ်းနှိပ်လိုက်ကာ ...

"ဝင်လာခဲ့"

ဗလ က လူကသာ ဗလ ဖြစ်ကာ ပုံစံက အရပ်အနေတော်လောက်နှင့် သေးသေးနွဲ့နွဲ့ ...၊

မျက်နှာက တရုတ်ပေါက်လို ဝိုင်းဝိုင်းပြည့်ပြည့်၊ ဆံပင်က နားထင်နှစ်ဖက်နှင့်ကုပ်ပိုးအထက်ပိုင်းများမှာ တိုတိုရှင်းရှင်း၊ ရှေ့ဆံပင်က ဘဲမြီးသာသာ။

"ဟိတ်ကောင် မင်း အဲဒီဆံပင်တွေကို ကတုံး တုံးပစ်လိုက်စမ်း"

"ဗျာ ..."

ပြုံးလို့ကိုင်လာတာက နာမည်စာရင်းတွေ ကြည့်ပြောလိုက်တော့ ခေါင်းကဆံပင်။ ဗလ ခြေလှမ်းရပ်သွားကာ လက်တစ်ဖက်က ကိုယ့်ဆံပင်ကို ပြန်ကိုင်လိုက်မိ၏။

"အစ်ကို ဘာပြောလိုက်တာလဲ၊ ကျွန် ... ကျွန်တော့်ဆံပင် ..."

"ဟုတ်တယ်"

"အစ်ကိုရယ် ဒါလေးရှည်အောင် မနည်းမွေးမြူနေရတာကို ..."

"အေး... ရှည်ချင်ရင်လဲ ကြိုက်တဲ့ပုံစံ အတုဝယ်ပြီး စွပ်ထားလိုက်၊ အဲဒီဆံပင်ကို လုံးဝမမြင်ချင်ဘူး"

နှစ်ယောက်စလုံး စာရွက်ပေါ်မှာမဟုတ်ဘဲ အာရုံတွေကတခြား လက်ကတခြားနှင့် ဗလ ကမ်းပေးသည့်စာရွက်ကို သိုက် က လှမ်းယူပြီး စားပွဲနောက်မှာ ဒေါသမကင်းစွာထိုင်သည်။ စာရွက်ပေါ် ကနာမည်နှင့် ပညာအရည်အချင်းတွေကို မျက်လုံးက ရောက်သွားခဲ့တာလည်း စိတ်ဝင်စားမဟုတ်သေးဘဲ ...

"ဟင် ..."





နာမည်ခုနစ်ခု၏ထိပ်ဆုံးကနာမည်မှာ သူ့မျက်ခုံးတွေ စုကုပ်ကျသွား၏။ မျက်လုံးအစုံ သေးငယ်ကျဉ်းမြောင်းသွားကာ လူက ဝုန်းခနဲပြန်ထရပ်မိပြီး ...

"အသွင်ရိုင်း ဆိုတဲ့ကောင်ကို ဘယ်သူရွေးလိုက်တာလဲ"

ဒေါသသံက ကျားဟိန်းတာထက်ပြင်းသည်။ ဗလ ပါးစပ်အဟောင်းသားနှင့်ပြန်ကြည့်လျက် ...

"စင်တာမှာရှိတဲ့ မကျွင်းနှစ်ဟောင်းတွေပဲလေ၊ ဆရာကျော်ကဆို အံ့သြနေတာ။ ဟို သူ ... သူက ဆရာကျော့်ကို ပြောပြနေတာကော့ အစ်ကိုနဲ့ အရမ်းရင်းနှီးတာတဲ့၊ သူငယ်ချင်းတွေမို့လို့ အစ်ကိုက သူ့ကို အစ်ကို့လက်အောက်မှာ လာမလုပ်စေချင်ဘူးတဲ့၊ အဲဒါကြောင့် ဒီမသားဗစ်စင်တာမှာ မကျွင်းနှစ်ကောင်းမရှိတဲ့အသံကြားလို့ သူ့နည်းသူ့ဟန်နဲ့ ဝင်ခဲ့ရတာ တဲ့"

"တောက်"

အင်တာဗျူးမှာ ဒီနာမည်ဆန်းနှင့်လူကို ဆရာကြီးတွေအားလုံး သဘောကျနေကြတဲ့အကြောင်း ဆက်ပြောမလို့ ဗလ ပါးစပ်ပြင်ပေမယ့် သိုက် ရဲ့ဒေါသတွေကြောင့် ရုတ်တရက် မပြောရဲ။

ဒါပေမယ့် အစ်ကိုဖြစ်သူနှင့် ထူးခြားစွာပတ်သက်နေပြီမှန်းသိတော့ သူခံစားမိလာတဲ့ ထူးခြားတာတချို့ကိုလည်း ပြောပြချင်သည်မို့ ...

"ပြီးတော့ ရှိသေးတယ် အစ်ကို။ ဆရာကျော်က ပြောတော့ သူ့ကို 'အသွင်'သူငွေးလို့ ကြားဖူးခဲ့တာတဲ့။ ဒါပေမယ့် အားလုံးရှေ့မှာပြောသွားတာကျတော့ သူ့မှာ အရင်းအနှီးရော ထူထောင်ဖို့အပိုင်းမှာရော လိုအပ်ချက်တွေအများကြီးနဲ့ မပြည့်မစုံဖြစ်နေလို့ပါတဲ့၊ အစ်ကိုက သူငယ်ချင်းဆိုတော့ အဝူတူလက်တွဲလုပ်ရင်း ပညာလိုချင်တာမျိုးပါ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးသူတောင်းစား"

"အစ်ကို့ဘက်ကကြည့်တော့ သူငယ်ချင်းဖြစ်နေတဲ့အတွက် လ မတွဲချင်တာထင်ပါတယ်၊ ဘာဖြစ်ဖြစ် ဒီနေရာလေးကို သူ့နည်းသူ့ဟန် ရအောင်ယူခဲ့တာမို့လို့ အစ်ကိုက လက်မခံချင်ဘူးလို့ ပြောလာရင်လ တောင်းပန်ရတော့မှာပဲတဲ့"

"တောက်"

နောက်ထပ်တက်ခေါက်ရင်း စားပွဲစွန်းကိုဖိဆုပ်ထားမိ၏။

ပြောပုံက ကိုယ်ကပဲ မနာလိုစိတ်နှင့်လက်တွဲမခေါ် ချင်လို့ အကြောင် ပြကောင်းကောင်းနှင့် ပုတ်ခါချနေခဲ့သလိုလို ...။

သူ့ဘက်မှာ တကယ်ကို သနားစရာသတ္တဝါလေးဖြစ်လို့ပါလား။

ကွန်ပျူတာနှင့် ဟန်းဆက်အမျိုးမျိုး အရောင်းခန်းကြီးတွေ သူ ဖ ချဲ့ဖွင့်ထားသည်။ ဆားဗစ်စင်တာကျတော့ တစ်နေရာတည်းမှာ တစ်ခ ထားခဲ့၏။

ဒါပေမယ့် တကယ့်နည်းပညာရှင်တွေချည်းပဲ ခေါ်င်းဆောင်သည် တကယ်တတ်မှ တကယ်ခန့်၏။

ဒီစင်တာမှာ နည်းနည်းမှ အတိမ်းအစောင်းမခံနိုင်သည်မို့ သိပ်တ ဝန်ထမ်းမမြဲခဲ့ပေ။

ကျွမ်းကျင်မှုနည်းတာ၊ ဂရုစိုက်မှုမရှိတာ၊ ခဏခဏအလုပ်ပျက်တ စသည် တခြားသောအကြောင်းများနှင့်မှာ ခွင့်မလွှတ်ခဲ့သည့် စည်းက များကြောင့် ဒီစင်တာက ဝန်ထမ်းအသစ်ခေါ် ယူခြင်းကြော်ငြာကို သတ တမှာ မကြာခဏထည့်နေရ၏။

ထို့ကြောင့် စင်တာတစ်ခုလုံးမှာ ဆုံးဖြတ်ဖို့၊ ခန့်အပ်ဖို့ သူ့ကိုယ် ဆောင်ရွက်နေကြသည့် ပညာရှင်တွေချည်းပဲ ငါးယောက်။





နောက်ထပ် အဆင့်ဆင့်ကြပ်မတ်သူတွေလည်းရှိသေးသည်။

သူ့ဆီကို ဒီလိုစာရင်းပို့လိုက်ခြင်းက ဒီစာရင်း အတည်ပြုစေလိုတာ မဟုတ်ဘဲ အတည်ပြုပြီးစီးကြောင်း တင်ပြလိုက်ခြင်းသာဖြစ်သည်။ ဒီလို လုပ်ခွင့်ရှိတဲ့လူတွေအဖြစ် သူကိုယ်တိုင် နေရာထားပေးခဲ့တာ။

လူထက်ပို၍ ဒေါသကကြီးထွားနေပေမယ့် ဘယ်လိုလုပ်ရမလဲ။ အလုပ်ကို သေချာဖိဖိစီးစီး နေကုန်အောင်ထိုင်၍ ကြပ်မတ်အုပ်ချုပ်ခဲ့တာ လည်း သူ ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးပေ။ လုပ်ဖို့အတွက် စိတ်လည်းမပါ။

ကွန်ပျူတာနှင့် စက်ပိုင်းဆိုင်ရာတချို့မှာ သူ တတ်ကျွမ်းသည်၊ ဒါပေ မယ့် ကျွမ်းကျင်အဆင့်တော့မဟုတ်ပေ။

တွက်ခဲ့တာက အရှုံးအမြတ်အတွက် လိုအပ်တာ အရင်းအနှီး။

ထိုအရင်းအနှီးဟာ ငွေပဲဖြစ်၏။ ငွေရှိလျှင် ပညာရှင်များစွာကို ခေါ် ယူခိုင်းစေနိုင်သည်။ ဒါကြောင့် သက်ဆိုင်ရာနေရာများမှာ သူ့အလိုက် န့်အပ်ထားခဲ့တာပါ။

ဘွဲ့ရပညာတတ်ဖြစ်တိုင်း တော်ကြတတ်ကြတာမဟုတ်ပေ။ သူ့မှာ ာ်အိုးဘွဲ့ရှိသည်၊ ဒါပေမယ့် အင်ဂျင်နီယာဖြစ်တိုင်း နေရာတကာမှာ ာတ်ကျွမ်းနေတာမျိုးတော့ သူ မဖြစ်ခဲ့။

အရိုင်း ဆိုတဲ့ကောင်က ဘာဘွဲ့တွေရခဲ့လို့လဲ။

"ရော့ ... အဲဒါဖတ်ကြည့်၊ ဒိုင်ယာရီဆိုတာ သစ္စာရှိပါတယ်၊ မဟုတ် ာတွေကို သူ မပြောဘူး၊ ရှင် သိချင်တဲ့ ကျွန်မရင်ထဲက မေ့ဖို့မလွယ်တဲ့ အကြောင်းတွေ အဲဒီထဲမှာ ..."တဲ့။

ဆက် ပေးဖတ်ခဲ့ဖူးသည့် ဒိုင်ယာရီထဲမှာ 'အသွင်ရိုင်း'ဆိုသည့် လူ ယ်တစ်ယောက်ရဲ့ ဘဝကြီးက ဘယ်လိုမှဘွဲ့ရပညာတတ်ဖြစ်လာမိုးမို၊ ဒါပေမယ့် ကိုယ့်အိတ်ထဲကို ဝင်လာခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အထင်တကြီးခန့်အပ်ထားတဲ့ပညာရှင်တွေကိုယ်တိုင်က လက်[illegible] ခဲ့သည်။ ပြီးတော့ ဟိုအရင်ကတည်းက သူ ကြား[illegible]သတင်းတချို့ ထဲမှာ ဒီကောင် ကွန်ပျူတာ တော်တော်ကျွမ်းကျင်သည်ဆို တဲ့။

ဘာဖြစ်လို့ ဒီပညာတွေတတ်နေတာလဲ၊ ဘယ်လိုနီးစပ်ခဲ့လို့လဲ။

"သူ့ကို အင်တာဗျူးလုပ်နေတော့ ကျွန်တော်ရှိတယ် အစ်ကို၊ မေး နေတာကို ဖြေသွားတာများ တန့် နဲ့၊ အဲဒီမှာ တခြားဆက်သွယ်ပုံတွေ ကိုပါ ထည့်ပြောသွားသေးတယ်၊ သူ ပြန်သွားတော့ ဆရာကျော်က ဒီ ကောင် လူသာငယ်တာ ပညာတော်တော်မြင့်တယ် တဲ့"

"ဗလ ..."

"ခင်ဗျာ"

"မင်း သွားတော့"

ဗလ ဟုတ်ကဲ့လို့ပင် မပြောရဲတော့ဘဲ ခေါင်းညိတ်၍ ကပျာကယာ ထွက်သွား၏။ [illegible] အထဲကိုဝင်လာပြီးလျှင် တမင်ပြန်မပိတ်တဲ့ လော့[illegible] မကျပေ။

ထို့ကြောင့် ဗလ ရှုပ်သုတ်သုတ်ပြန်ထွက်သွားတော့ သိုက် နေရာမှာ ပြန်ထိုင်လိုက်၏။ ရင်ဘတ်တစ်ခုလုံးက ဖားဖိုထိုးသလို ဖြစ်နေပြီထင် သည်။

မျိုးသိပ်ကြိတ်မှိတ်ရင်း ဒေါသက အလုံးအခဲဖြစ်ပြီး ထွက်ပေါက်ရှာ နေ၏။ အသွင်ရိုင်း ... မိန်းမလိုမိန်းမရကောင် ...။

ငပ်ကောင်လို ကွယ်ရာမှာစုပ်လျှိုးနေပြီး အကြံကြီးကြံနေသည် မာယာအပလီတွေသုံးပြီး ဝင်လာ၏။

နောက်ထပ်ပြီး ဘာမှမသိကြသေးသည့်လူတွေထဲမှာ ဘယ်လို စကားလက်နက်တွေနဲ့ ဘယ်လောက်ထိ ချည်တုပ်ဦးမည်မသိ။





သူငယ်ချင်းပါဆိုပြီး ပြောသွားလိုက်တဲ့စကားတွေ ...။

ဒီကနေ ဒီကောင်ကို ဖြုတ်ပစ်လိုက်ပါဆိုလျှင် သူ့ကို သဘောကျခန့် [illegible]ပ်ထားတဲ့လူတွေက ဘာပြောကြမလဲ။

"ဒီ ... ... ... ဒီ"

ရှေ့မှာတင်ထားသည့်ဟန်းဖုန်းက တုန်ခါသံပေးလာ၏။

သူ မကိုင်သေးဘဲ ငုံ့ကြည့်လိုက်တော့ သူ သိသည့်နံပါတ်မဟုတ်။ စိတ်က ထွေထွေနှင့် ဒီတိုင်းကြည့်နေမိတုန်းမှာ ဖုန်းခေါ်သံရပ်သွား ခဏလေးအတွင်းမှာပဲ မက်စ်ဆေ့ချ်ဝင်လာပြန်၏။

ဒါကိုတော့ ဖျတ်ခနဲကောက်ကြည့်လိုက်မိသည်။

"ပြောစရာရှိလို့ပါ၊ မင်း နားမထောင်ရဲဘူးလား"

"ဟင် ..."

သိုက် ဆတ်ခနဲ ကိုယ်မတ်သွား၏။ 'အသွင်ရိုင်း'လို့ ရင်ထဲမှာ ကျယ် [illegible]သင်စွာမြည်ဟီးသွားစဉ် ဖုန်းဝင်လာခဲ့သည်။ သူ ချက်ချင်းဖွင့်ပေးလိုက် —

"မင်း မရှက်ဘူးလား ဟိတ်ကောင်၊ အဲဒါ အလစ်ချောင်းပြီး ခြေသလုံး [illegible]ကိုက်ဖို့ကြံတာ"

"ဟား ဟား ဟား"

အရိုင်း၏ရယ်သံက လေတိုးသံနှင့်ရောကာ ပို၍နားဝင်ဆိုးနေသည်။ တားပေါ်ကပြောနေတာဖြစ်နိုင်၏။

"ခွေးရူးကိုက်လို့ ခွေးလဲ ဝက်လဲ လဲရတဲ့လူကို အရှက်မရှိဘူးပြော [illegible]တယ်၊ မင်း တော်တော်ဥပေက္ခာပါရမီရင့်နေပြီပဲ။ ငါကလဲ ကိုယ့် [illegible]ဘးနားရင် ခွေးရူးဖြစ်ဖြစ်၊ ဝက်ရူးကိုဖြစ်ဖြစ် ဖက်ကိုက်ပစ်မှာပဲ။ [illegible]ွန်ဆိုတာ ကိုယ့်ကို လက်နက်ရှာချိန်ပေးမှာမဟုတ်ဘူး၊ [illegible]ရွှန်လို



www.burmeseclassic.com

www.burmeseclassic.com



လူတွေဆိုရင်တော့ ခြေသလုံးတင်မဟုတ်ဘူးဟိတ်ကောင် ခြေမပဲမိ ခြေသန်းပဲမိမိ ...၊ ဝါ့နာမည်ကိုက အသွင်ရိုင်း ..."

"ယုံတယ်၊ မင်းက သတ္တဝါရိုင်းတစ်ကောင်ဆိုတော့ ဘာမဆို ဖြစ်နိုင်တာပေါ့၊ မင်း အခု ဝါ့အလုပ်ခန်းထဲကို ရောက်အောင်ဝင်လာတာ မယားနိုးဖို့ ခြေလှမ်းစ,တာလား"

"မနိုးပါဘူး။ ပြန်ခေါ်သွားမှာ၊ နိုးချင်ရင် မင်းဆီမှာ အင်တာဗျူး လာထိုင်ပါ့မလား"

"ဘယ်သူ့ဆီမှာလဲ၊ ဘာမှမသိတဲ့လူတွေကို မင်း ကလိမ်ကကျ ဝင်နှောက်သွားတာ"

"ဒါဆိုရင်တော့ မင်းရဲ့ ဆားဗစ်စင်တာကြီးတစ်ခုလုံးမှာ ဘာမှမသိ လူတွေချည်းပါလား၊ နာမည်ကြီးနေတာ အံ့ဩစရာပဲ"

"ဟိတ်ကောင် မိန်းမလျှာသံနဲ့ ရှုံ့စောင်းမနေနဲ့"

"အေး... မိန်းမလျှာသံဆိုရင်လဲ မင်းအသံထက်တော့ သာယာမှာ ကလိမ်ကကျစ်က ဝါမဟုတ်ပါဘူး၊ အဲဒါ [redacted] ပါပဲသိတာလေ၊ ဒါတွေ ဘာမှမသိတဲ့လူတွေက ဒါတွေနဲ့ ဘာမှမဆိုင်တဲ့ ဒ-တတ်ပညာပိုင်းဆိုင် အတွက် ရိုးရိုးလေးရွေးသွားတာ၊ ပာစ်ချက်လောက်မေးကြည့်လိုက်စမ် ကွ၊ ဒီနေရာကို ငွေကြေးလဲလှယ်မှုတွေနဲ့ ရအောင်ယူသွားတာလား တကယ်တတ်လို့ တကယ်ရွေးခဲ့တာလားဆိုတာ ..."

"တိတ်စမ်း"

"အမိန့်မပေးပါနဲ့၊ ငါကလဲ နာခံတာ ဝါသနာမပါတဲ့ကောင်ပဲ၊ အဲ ကြောင့် သူများကိုပဲ အမိန့်ပေးလို့ရတဲ့ပညာ ဝါ့မှာရှိတယ်"

သိုက် တင်းခနဲအံကြိတ်၏။

"ဒီမှာသိုက် ...၊ ငွေရှိတိုင်း နိုင်းလို့ရတာမှန်ပေမယ့် လက်ညှိုးထိုး





ိုင်စမ်း၊ ထစမ်းနိုင်းချင်ရင် အိမ်ဖော်မာလီပဲရမှာ၊ မင်း အခု နှစ်ပတ် ုံးပတ် လိမ့်နေအောင် ကျွမ်းထိုးဖြေနေရတဲ့ဒေါသတွေ ပေါက်ကွဲဖို့ မရှိ ဘာဘူးမဟုတ်လား၊ မှတ်ထား အဲဒါ မင်းမကတ်လို့ အမိန့်မပေးရဲတော့ ာ ..."

"ငါ အမိန့်မပေးရဲဘူးလို့ မင်းက ထင်နေတာလား"

"လုံးဝ တာပ်အပ်သိနေတာ၊ မင်း အံကြိတ်နေတာကိုကြည့်ပြီး ပြော နေတာ၊ မယုံဘူးလား၊ ဟား ဟား ဟား ... မင်းဒေါသတွေကို ငါ နှိုးဆွ နေတာ နားလည်စမ်းပါ၊ ငါ မင်းရဲ့စင်တာမှာ ဘယ်လောက်ထိ ပညာ နှံသုံးခဲ့သလဲ၊ မင်းကောင်လေးမြင်တယ်၊ သူ ပြောမပြဘူးလား"

မေးပြီး ဟွန့်ခနဲမဲ့လိုက်သံ ကြားရသေးသည်။ ပြီးတော့ ...

"အဲဒီသက်သေပြချက်နဲ့ပတ်သက်ပြီး စင်တာတစ်ခုလုံးကိုတောင် ငါ စ်ယောက်တည်းမွှေနှောက်သွားလို့ရတယ်ဆိုတာ အားလုံး လက်ခံ ားကြတယ်"

"ဟိတ်ကောင် ..."

"နေဦး၊ သတ္တိရှိရင် နားထောင်စမ်းပါ၊ ခုနေ မင်း ငါ့ကို ဘာအကြောင်း နိုင်လုံဘဲ ဖြုတ်ပစ်လိုက်ရင် စိတ်ဝင်စားလာကြတဲ့လူတွေကို ငါ ဘာ တွေပြောပြမယ်ထင်လဲ"

"မင်းက မယားနိုးမယ့်ကောင်ပဲ"

"အနိုးခံရတဲ့ကောင်ပါ၊ အဲဒါတွေ မင်း ယှဉ်ပြောမလား၊ ဒါမှမဟုတ် တိုင်းနေလိုက်မလား၊ ဒီစိန်ခေါ်ပွဲကို မင်း စခဲ့တာနော်၊ ငါက အရှုံးမပေး တဲ့သူ။ ရက်စက်တာ၊ ကောက်ကျစ်တာတွေကို အိတ်သွန်ဖာမှောက် ခွင့်ရှိတယ်လို့လဲ မင်းပဲပြောတာ၊ အခု ငါ မကြောက်လို့ရောက်လာ ၊ ရွှေလက်ဆက် က ငါ့မိန်းမဆိုတဲ့နိုင်ကွက်နဲ့ မင်းနိုင်မယ်ထင်လို့



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ခဲ့ပြီးမှ သတ္တိမရှိဘူးလား"

"အဝိုတွေပြောမနေနဲ့တော့၊ ဟိတ်ကောင်၊ မင်း အချိန်ပြည့် ကျာ[illegible]
ချောင်းချောင်းနေမှာကို ငါက ဂရုစိုက်လိုက်ကြည့်နေမှာမဟုတ်ဘူး၊ မင်[illegible]
ကောက်ကျစ်သလို ငါလဲယုတ်မာတတ်တယ်"

"လုပ်လေ၊ ငါ ကောက်ကျစ်ခဲ့ရင်တောင် မိန်းမတစ်ယောက်[illegible]
'မုဒိမ်းကောင်'လို့ အပြောခံရတဲ့အထိ ဖြစ်ဖို့မရှိဘူး"

"တိတ်စမ်း ... တောက် ..."

ဖုန်းကိုပိတ်ပစ်လိုက်ပြီးမှ မှားသွားပြီကိုသိလိုက်သည်။ အရိုင်း ဆိုတဲ့
ကောင် ဘယ်လောက်များ အားရပါးရ ရယ်နေလိမ့်မလဲ။

"ဒုန်း"

"ခွမ်း"

ဖုန်းကိုင်လျက်နှင့် စားပွဲကိုထုပစ်လိုက်မိသည်။ ပြီးတော့ ရောက်ရာ[illegible]
ရာရောက်လွှဲပစ်လိုက်မိတာ ဘာနဲ့ထိနိုက်မိသွားသည်မသိ။

ကွဲကြေသွားတာကတော့ အမှန်ပင်၊ ဒါပေမယ့် ကိုယ့်ရင်ဘတ်ထဲမှာ[illegible]
မဟုတ်သေး .....။





## အခန်း (၅၂)

"ရွှေလက်ဆက်"

"ဟင်"

"နေကောင်းရဲ့လား"

"အင်း"

စကားသံက တိတ်ကျသွားသည်။ ရင်ထဲမှာနင့်နေသည့်ခံစားချက်
[illegible] မျက်ရည်တွေသာပြည့်ဝိုင်းလာခဲ့ပြီး စကားတွေ[illegible]ဖောင်သာဝေအောင်
[illegible]ပြောဖို့ကျတော့ အင်အားမဲ့နေ၏။

ဖုန်းကိုင်ရင်း ဆက် နှုတ်ခမ်းလေးတို့ တဆတ်ဆတ်တုန်လာခဲ့သည်။
သူ့အသံကိုကြားလိုက်ရတိုင်း နှစ်ပေါင်းများစွာ မိခင်နှင့်ကွာဝေးနေ
[illegible]ငိုကြွေးတမ်းတနေရသော ကလေးငယ်တစ်ဦး၏မိခင်အသံကို ကြား
[illegible]ိက်ရသည့်ခံစားချက်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေလက်ဆက်"

"ဟင်"

"တစ်ခုခုပြောပါလား"

"ဟင့်အင်း"

"နင် စိတ်မဆိုးဘူးဆိုရင် ငါ ရဲရဲကြီးခံပြီး တစ်ခုတော့ပြောချင်တယ်"

"အင်း"

"ငါ နင့်ကိုသိပ်ချစ်တယ်"

"အရိုင်းရယ် ..."

ဆက် မျက်ရည်တွေသွန်ကျလာခဲ့၏။

မတန်တော့ပါဘူး ချစ်သူရယ်...။

ရင်ထဲမှာ မီးတောက်တွေဖြစ်နေပြီလားမသိ။ အစားအသောက်မမှန် အိပ်လို့မရခဲ့သောကိုယ်ခန္ဓာက နင့်သည်းသောခံစားချက်တစ်ရပ်ကို လှိုက်လှိုက်လှဲလှဲခံစားခွင့်မပြုခဲ့ဘဲ ဒူးတွေညွှတ်ကျချင်သလိုလို ...၊

ပူလောင်ခါးသီးသောရင်ဘတ်၏ တဒိန်းဒိန်းဆောင့်စုန်အားကြောင့် မျက်လုံးတွေပြာသွားသလိုလို၊ မှောင်ကျသွားသလိုလို ...။

ဒါပေမယ့် ဒီဖုန်းမှာ ဒီနံပါတ်လေးပေါ် လာမှ ပျော်ရွှင်ရသည်။ သူ့အသံကိုကြားလိုက်ရမှ ပူပင်သောကအပေါင်း တဒင်္ဂငြိမ်းချမ်းသွားသလိုဖြစ်၏။

ဖေဖေနဲ့မေမေ့အတွက် နောင်ဘဝထိပ် စိတ်ဆင်းရဲခြင်းကင်းအောင် သူ့မဘဝကို နှစ်မြှုပ်ထားခဲ့သည်။ ဒါပေမယ့် ဖေဖေ ရောက်လာမလားလို့ မတမ်းတခဲ့ပါ။

မေမေ ခွင့်မလွှတ်နိုင်တာကိုလည်း ကြေကွဲပူဆွေးမနေခဲ့မိ။ ဖေဖေ သို့မဟုတ် မေမေနှင့်ပတ်သက်သည့် ခံစားချက်ဟာ မိဘကျေးဇူးဆိုတာ





နှင့်သာပတ်သက်သည်။

ဒီတစ်ခါ ကိုယ်ကပေးဆပ်ရမယ့်အလှည့်ပဲ နှလုံးသွင်းထားခဲ့ပြီမို့ ထူးခြားသည့်ပူလောင်မှုဆိုတာ မရှိ။

ဒါဆို အရိုင်း ကိုကျတော့ သူမ အားကိုးမျှော်လင့်နေခဲ့သည်လား...။

မဟုတ်ပါဘူး၊ ရင်ထဲမှာဖြစ်လာသည့်မေးခွန်းကြောင့် ဆက် ခေါင်းခါပစ်လိုက်တော့ မေးဖျားလေးတွေမှာခိုတွဲနေခဲ့သည့်မျက်ရည်စက်တို့ အစီအစဉ်မကျစွာ လွင့်စဉ်ကြွေကျကုန်၏။

"ရွှေလက်ဆက် ငါပြောတာကို စိတ်ဆင်းရဲသွားတာလားဟင်"

"ဟင့်အင်း"

"တစ်ခုခုပြောစမ်းပါ၊ နင် အရမ်းကိုစိတ်ဆင်းရဲနေတယ်မဟုတ်လားဟင်"

"ငါ ..."

"မဆင်းရဲပါနဲ့၊ နင့်ရဲ့ဘေးမှာ ငါ အမြဲရှိတယ်၊ နင့်ကို တစ်နေ့နေ့မှာ သိုက် ရင်ခွင်ထဲကနေ ငါ ဆွဲထုတ်နိုင်မှာ၊ အဲဒါကိုယုံကြည်ပြီး ..."

"အရိုင်း"

"ဟင်"

"နင် ... နင် မကြိုးစားပါနဲ့"

"နင့်ရင်ထဲမှာဖြစ်နေတာတွေ ငါသိတယ်၊ ဒီလိုစကားတွေ နင် မပြောတာလဲ ငါ့ခေါင်းထဲကိုထည့်မှာမဟုတ်ဘူး၊ တစ်ခုပဲပြောချင်တယ်၊ ငါနဲ့ သိုက် အတိုက်အခံ အလောင်းအစားတွေလုပ်နေတာဟာ ကစားပွဲတစ်ခု ခန့်တီးကြတာမဟုတ်ဘူး၊ မာနတွေ, အတ္တတွေနဲ့ မိန်းမတစ်ယောက်ကို ခုတုံးလုပ်ပြီးယှဉ်ပြိုင်ကြတာလဲမဟုတ်ဘူး၊ သူ့ရင်ထဲကို ငါကမသိပေမယ့် ငါ နင့်ကိုသိပ်ချစ်တယ်၊ တကယ်ယှဉ်ပြိုင်နေတာက နင့်ကို တကယ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



သူဖို့ပဲ"

"အရိုင်းရယ် ... ငါက နင်နဲ့ ..."

"ဘယ်သူနဲ့မှမတူအောင် ငြိတွယ်ခဲ့ကြတဲ့ ဖြူစင်တဲ့ချစ်ခြင်းတွေပါ"

"သူ ဘယ်တော့မှအရှုံးပေးမှာမဟုတ်ဘူး၊ သူ ... သူဟာ သူမလိုချင်တော့ရင် အဲဒီကစားစရာကို မီးပုံရှို့ပစ်မယ့်လူ"

"ငါစောင့်နေတာ သူ မီးပုံရှို့မယ့်အချိန်ကိုပဲ၊ နင် အဲဒါတွေကို နားမလည်ပါဘူး၊ အဲဒါကြောင့် ကိုယ့်ကိုယ်ကို စိတ်ကိုလျှော့ချမပစ်ပါနဲ့၊ သူ့ကို နင် ဘယ်တော့မှလက်မခံနိုင်ဘူးဆိုတာ ငါ နားလည်တယ်၊ အနိုင်ကျင့်ခံနေရတဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝ၊ ဒါမှမဟုတ် ငါ့ကြောင့် ဘဝနစ်မွန်းသွားခဲ့တဲ့ မိန်းမတစ်ယောက်၊ ပြီးတော့ သူဟာ ငါ အနှစ်နှစ်အလလ တမ်းတမျှော်လင့်ခဲ့ရတဲ့ချစ်သူ၊ ပန်းဆိုတာ လန်းနေမှလှပေမယ့် တင်စားကြတာပဲရှိတာပါ၊ တကယ်တော့ မိန်းကလေးတစ်ယောက်ဟာ ပန်းတစ်ပွင့်မှမဟုတ်ဘဲ ချစ်ခြင်းမေတ္တာမှာ လန်းတာကြွေတာတွေမရှိဘူး၊ ငါ နင့်ကိုသိပ်ချစ်တယ် ရွှေလက်ဆက်၊ အဲဒါကိုယုံကြည်ပါ၊ တစ်နေ့နေ့ဆိုတာ ရောက်လာရင် ငါ့အတွက် နင့်ရဲ့အလှအပတွေကို ခံစားခွင့်မပေးတော့ဘူးလား"

"ငါ ဒီလောက်စိတ်ဆင်းရဲနေရတာ အရိုင်းရယ်၊ ငါ ... ငါလေ ..."

"ဘဝဆိုတာ ကျော်ဖြတ်ခြင်းပဲလေ၊ သွားနေရင် ခလုတ်ပဲတိုက်တိုက်၊ ဆူးပဲစူးစူး၊ လဲနေရင်ပြန်ထ ဆက်သွားရမှာပဲ၊ ငါကတော့ ငါ့ဘဝကြမ်းတမ်းခေါင်မိုက်ခဲ့သမျှ နင့်ကို ပြန်တွေ့ပြီး ငါ့အတွက် နင် ရှိနေပေးခဲ့တယ်ဆိုဟာကို သိလိုက်ရတဲ့အချိန်မှာ အားလုံး ငြိမ်းချမ်းသွားတာပဲ၊ ငါ ဒီတိုင်းပျော်နေပါရစေ၊ အားငယ်စရာတွေ မေ့နိုင်အောင်မေ့၊ ခံနိုင်ရည်ရှိအောင်မွေးပြီး ဝေးနေပေမယ့် မျှော်လင့်ချက်တွေနဲ့ အမြဲရှင်သန်လန်း





ဆန်းနေကြတဲ့ တို့ရဲ့ချစ်ခြင်းကြောင့် မလိုသူတွေ သွေးကြောင်သွားကြပါစေ၊ အံ့သြပြီးရင်းအံ့သြကုန်ပါစေ ပြောတာကို နားလည်ရဲ့လား"

"အင်း"

"ဖုန်းဆက်တာကို သူ မသိဘူးလား"

"မသိဘူးထင်တယ်၊ ဖုန်းလာတိုင်းမှာ သူမရှိတာ"

"သူသိရင် နင် မလွယ်ဘူး၊ ဒါပေမယ့် ဖုန်းလေးနဲ့မှ နင့်အသံကိုကြားခွင့်မရှိရင် နင့်ရဲ့အခြေအနေကို ငါ ဘယ်လိုသိတော့မှာလဲ၊ စိတ်ချပါ ဖုန်းဆက်နေတာကို သူ မမြင်စေရဘူး၊ အဲဒီအတွက် ငါ ကြံမယ်"

"အရိုင်း"

"ဟင်"

"ငါ နင့်ကို ခဏလေး အဝေးကဖြစ်ဖြစ် မြင်ချင်လိုက်တာ"

ဖုန်းထဲမှာ အရိုင်း အသံ ခဏတိတ်သွားပြီးမှ ရယ်သံသဲ့သဲ့နှင့်...

"ငါက နင့်ခြံခေါင်းရင်းထောင့်မှာပဲ၊ နောက်ဖေးဝရန်တာကိုထွက်လိုက်လေ"

"ဟင် ... တကယ်"

"ဟုတ်တယ်၊ ဒါပေမယ့် ဟိုကောင် ပြန်ရောက်တော့မယ်၊ နှစ်မိနစ်လောက်ထွက်ရပ်ပြီး ပြန်ဝင်တော့"

သူပြောနေတာမဆုံးခင် ဆက် ဝရန်တာတံခါးကိုပြေးဖွင့်လိုက်သည်။

"မမလေး ဘာလိုချင်လို့လဲ"

တံခါးဖွင့်နေတုန်း နောက်ကနေ အိမ်ဖော်ကောင်မလေး ရောက်လာသည်။

ဆက် က ဆံပင်တွေနဲ့ ခနဲသိမ့်ခါသွားအောင်လှည့်ကြည့်လိုက်ပြီး မျက်နှာလေးကို တင်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်လုပ် ဝေးဝေးသွားနေ"

ကောင်မလေးက 'ဟုတ်ကဲ့' လို့မပြောပါ။ ဒါပေမယ့် သွားချင်ပုံမပေါ်ဘဲ တံခါးဖွင့်လိုက်ပြီဖြစ်သည့် ဝရန်တာအပြင်ကို တစ်ချက် မျက်လုံးဝေ့ပြီးမှ လှည့်ထွက်သွား၏။

ဆက် ဝရန်တာထောင့်တစ်ဖက်ကိုပြေးကပ်လိုက်ပြီး သစ်ပင်တွေအုံ့ဆိုင်းနေသည့်ကြားထဲကို ပြူးပြဲရှာမိသည်။

တွေ့ပါပြီ ...။

အရိုင်း .....

အရိုင်း က လက်ထဲမှာ ဖုန်းလိုဟာလေးကိုကိုင်လျက်နှင့် ထိုလက်ဖြင့် မြှောက်ပြသည်။

အညိုရောင်လုနေသည့် အနီရောင်ရှပ်လက်တိုနှင့် အသားလတ်လတ်မျက်နှာကို အဝေးကနေ ခပ်ဝင်းဝင်းလောက်ပဲမြင်ရ၏။

ဆံပင်တိုကပ်ကပ်နှင့် အလွန်အကျည်းတန် အကြည့်ရဆိုးလှသည်ဟု ဒေါသတွေနှင့် မျက်စောင်းထိုးမဲ့ရွဲ့ကြည့်ခဲ့ဖူးသောမျက်နှာ ...၊

ထိုမျက်နှာဟာ ခုတော့ ဆက် မျက်လုံးထဲမှာ မင်းသားတစ်ပါးရယ်ပါ။ ရင်ထဲမှာ ကျဉ်ရှုသောဝေဒနာနှင့် မျက်ရည်သာပြည့်တက်လာခဲ့လျက်လက်ပြဖို့မေ့နေသည်။ ကိုယ်ရယ်ပြတာကို သူ မြင်မည်လား၊ မမြင်နိုင်ဘူးလား မသေချာသော်လည်း မရယ်နိုင်ခဲ့ပါ။

"အရိုင်းရယ် ..."

နှုတ်ဖျားမှ တယုယုခေါ်ရင်း လက်ပြဖို့သတိရတော့ သူက သူ့လက်ကနာရီကိုပြန်ထိုးပြပြီး အကဲဝင်ဖတော့မို့ပြောသည်။

သူပြောပြီးတဲ့အထိ မဝင်နိုင်သေးဘဲ ကျောက်ရုပ်လေးလိုရပ်နေခဲ့သည့် ဆက် ကို သူ ဝေးခနဲဓာကြည့်နေပြီးမှ လှစ်ခနဲပျောက်ကွယ်သွားခဲ့၏။





ရင်ထဲမှာရှိသမျှ ကလီစာအစိုင်အခဲတွေ ဖြုတ်ခနဲကြွေကျပျက်စီးသွားခဲ့သလို ဆက် ရင်ထဲမှာ ဟာသွား၏။ ဖုန်းကို ကယောင်ကတမ်း ဖြန့်ပြုကြည့်ကာ သူ့ကိုပြန်ခေါ်ပြီး အသံလေးဖြစ်ဖြစ် ဓာလေးကြားလိုက်ချင်သေးသည်။

ဒါပေမယ့် ...

"ဒါက ဘာလုပ်နေတာလဲ"

"ဟင် ..."

နောက်ကအသံကြောင့် ထိတ်ခနဲဖြစ်သွားပေမယ့် ဆက် လှည့်မကြည့်ပါ။

"ဒေါ်ရွှေလက်ဆက်"

ခေါ်သံနှင့် တစ်ထပ်တည်း ပခုံးနှစ်ဖက်ကို နောက်ကနေ ဆောင့်ခါခြင်း၊ ဆွဲလှည့်ခြင်းကို အရုပ်တစ်ရုပ်ကဲ့သို့ မညာတာစွာပြု၏။

ဆက် သူနဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားပေမယ့် ပြာခနဲဖြစ်သွားသည့်မျက်လုံးတွေက ရုတ်တရက် သူ့ကိုမမြင်။

"ငါ့ကိုကြည့်စမ်း၊ ဟိတ် ... မော့လိုက်စမ်း"

စက်ကျိုးသလိုဖြစ်သွားသည့် ဆက် ကို သိုက် က မျက်နှာမော့ပါလာအောင် အမျိုးမျိုးလှုပ်ခါဆောင့်ပစ်နေသဖြင့် သူ လက်လွှတ်လိုက်သည့်အချိန်မှာ ခွေခွေလေး ပုံကျသွား၏။

ကိုင်ထားသည့်ဖုန်းကိုတော့ တင်းကျပ်စွာဆုပ်ထားမိဆဲ...။

"ပေးစမ်း"

သူက ဆက် ပုံပုံလေးမှိုကျနေသည့်ရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်ပြီး ဖုန်းကို ဆောင့်ဆွဲယူ၏။ ပြီးတော့ ကောလ်ဟာစ်စာရင်းရှိကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ဘယ်မှာလဲ ...၊ ဟန်းဖုန်းတိုင်း ကောလ်ဟစ်စထရီကို အထူးရှာရတာမဟုတ်အဲ ဒီဖုန်းကျမှ ရှာမတွေ့ဘဲဖြစ်နေသည်။ ထို့ပြင် ...

ဖုန်းဘုတ်ခ်တစ်ခုလုံးမှာလည်း တကယ်ရှာတော့ ဘာမှမရှိ။ ဘယ်လိုဖုန်းမျိုးလဲ။ ဆက် က အမြင်အာရုံတွေ ပြန်လည်ကြည်လင်လာသည်နှင့် ဖုန်းပေါ်မှာ အာရုံစိုက်နေသည့် သိုက် မျက်နှာချောချောကို အေးစက်စက်ကြည့်သည်။

ဘယ်ကပြန်လာလာ မျက်မှန်တပ်ထားတတ်သည့်ပုံစံက စမတ်ကျကျဝတ်စားတတ်သူမို့ ရှေ့နောက် ဘယ်ကကြည့်ကြည့် ချောသည်၊ ဖြောင့်သည်ဟုသာ သတ်မှတ်ထိုက်သူပါ။

ဒီလိုလူ့ရဲ့ရင်ထဲမှ ကျိုးအသေးလို ရှုံ့ရှာဖွယ်သဘောစိတ်ဓာတ်တွေ ရှိနိုင်မည်ဟု ဘယ်သူ ဝင်မှာလဲ ...။

ပြီးတော့ ဒီအိမ်ကိုပြောင်းလာခဲ့ကြတော့ သူ ပြောသေးသည်။

"မင်း အတင်းကာရောလိုက်ခေါ်၊ လိုက်ဆွဲနဲ့ ငါ့ကို ပတ်သက်ဖို့ကြိုးစားခဲ့တာတွေက ငါ့ကိုတစ်ဖက်သတ် သဘောကျခဲ့တာဆိုရင်တောင် အထင်မကြီးနိုင်ပေမယ့် သနားငဲ့ညှာပေးဖို့ အလားအလာရှိနိုင်သေးတယ်၊ ခုတော့ ငါ အသုံးချခဲ့တဲ့မင်းက ငါ့ကိုပြန်ပြီး တစ်ပတ်ရိုက်ကြိုးဆွဲချင်တာ" တဲ့။

သူ့ကိုယ်သူ ချောတဲ့လှတဲ့သူဆိုပြီး မိန်းကလေးတိုင်းကြိုက်မယ်နိုက်မယ်လို့ ထင်နေသူ ...၊ အဲဒီလိုအနေအထားမှာ စီးကြောမောက်မာချင်တဲ့သူ ...၊

လှပချောမွေ့ခြင်းနှင့် မသက်ဆိုင်သည့် တချို့သောသံယောဇဉ်တွေအကြောင်းကို သူ နားလည်ရဲ့လား ...။





"ရှင့် မျက်မှန်နီနီမှောင်မှောင်ကြီးကိုချွတ်ပြီး ကြည့်ပါလား သိုက်"

တစ်လုံးချင်းပြောလိုက်သည့် ဆက် ထံမှအသံကြောင့် သိုက် က ဖုန်း ကို မကျေနပ်ဖြစ်ရာကနေ မျက်လွှာပင့်ကြည့်၏။

ထိုအခါကျမှ သူ ပို၍ သေချာမြင်သွားသည်က ဆက် ၏မျက်တောင်ရှည်တို့မှာ ခိုတွဲနေသည့် မျက်ရည်စများဖြစ်သည်။ မျက်ရည်၏အခင်းအားကို မေးဖျားတစ်ဖက်စီမှာ စိုစွတ်နေဆဲဖြစ်ရပ်က အတိအကျဖော်ပြနေခဲ့၏။

"ဒီဖုန်းကို ဟိုကောင်ပေးထားတာပေါ့"

"ဟုတ်တယ်"

သိလိုက်ပြီးသားကို သေချာသွားတော့လည်း ရင်ထဲမှာ ထောင်းခနဲဖြစ်သွားပြန်သည်။ ဖုန်းကို ထင်သလိုတပ်ဆင်ပြောင်းလဲပစ်ရအောင် သင်းက ဘာလဲ ...။

ကိုယ်မတတ်နိုင်သည့်စွမ်းအင်တစ်ရပ်ကို ဘယ်ကိုပြေးလိုက်ပြီး ချုပ်ဖမ်းဖျက်ဆီးပစ်ရမှန်းမသိ ဟန်းဖုန်းတစ်ခုလုံးမှာ ဖုန်းပြောခြင်းတစ်ခုကိုပဲ သုံးလို့ရသည်။

"တောက်"

"မင်းက ဝစီကံ မနောကံတွေနဲ့အကြီးအကျယ်ဖောက်ပြန်နေတာပေါ့၊ ဟုတ်လား ဆက်"

"ဖောက်ပြန်ရအောင် ဘာလဲ၊ ရှင်က ကျွန်မကို အချုပ်သား တစ်ယောက်လိုထားတာလေ၊ ကျွန်မကလဲ ရှင့်ကို ထောင်မှူးတစ်ယောက်လိုမြင်ထားတာ၊ တစ်ခုတော့ကွာပါတယ်၊ ကျွန်မက ရှင် ခွင့်မပြုဘဲ ဖောက်ထွင်းကျော်ခွပြီး ပြေးဖို့တော့ ဘယ်တော့မှမကြိုးစားဘူး"

"ကြိုးစားရင် ဘာဖြစ်သွားမလဲဆိုတာ သိနေတာကိုး၊ မင်းလို အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရှိရက်နဲ့ တခြားတစ်ယောက်ကိုလွမ်းပြီး ပေါ်တင်တိုက်ခိုက်နေတဲ့မိန်းမကို ...”

“သိုက် ... ရှင် စကားပြောတာ နှစ်ဖက်စလုံးအနေအထားကို ပါအောင်ပြော”

ဆက် က ကျောခိုထားသည့် ဝရန်တာတန်းကို နောက်ပြန်ကိုင်ရင်း ထရပ်လိုက်သည်။ အဖြူရောင်မှာ အနက်ရိုပ်လေးတွေပါသည့်ဝတ်စုံနှင့် ဖြူဖျော့သောမျက်နှာလေးက ငိုထားခြင်း၊ ချွေးစေးတို့ တင်ရှိနေခြင်းကြောင့် လှလှပပတော့မရှိပါ။

ရှည်လျားလှပသည့် ဆံနွယ်တို့သည်လည်း ခုရှိန်မှာ ခြောက်သွေ့ညှိုးလျော်နေကြ၏။ ခပ်ချောင်ချောင် ဆက် ၏မျက်နှာလေးနှင့် တစ်ကိုယ်လုံးကို သိုက် က နှာခေါင်းခပ်တွန့်တွန့်နှင့်မဲ့ကြည့်ရင်း မတ်တတ်ပြန်ရပ်လိုက်သည်။

နှစ်ယောက် မျက်နှာချင်းဆိုင်ရပ်လိုက်မိသည်နှင့် ဆက် က ရှောင်ထွက်သွားဖို့ကြိုးစား၏။ သိုက် က လက်မောင်းကိုပြန်ဆောင့်ဆွဲကာ–

“ဒီကောင် ဘယ်တုန်းကတည်းက ဖုန်းပေးထားတာလဲ”

“ဒီကိုပြောင်းလာကတည်းက ...”

“ဘာ ...”

နှစ်လ ...၊ နှစ်လတောင်ရှိပြီပေါ့၊ ဒါကို သူ ဘာလို့မသိခဲ့တာလဲ။ ခံလိုက်စမ်း သိုက်၊ မင်း ပိုင်ဆိုင်နေနိုင်တာ တိုက်တာလုပ်ငန်းတွေပဲ။ မင်း အနိုင်ယူနိုင်တာလဲ မင်းရဲ့ ငွေပေးထားခဲ့ဝဲ့လူတွေ ..။

“တောက် .. မင်း ...”

သိုက် က ဖုန်းကို ခြံထဲထိ လွှင့်ပျံကျသွားအောင် လွှင့်ပစ်လိုက်ပြီး ဆက် လက်မောင်းလေးတစ်ဖက်ကို ဆတ်ခနဲ ဆောင့်ဆွဲ၏။





သူ ဘာလုပ်တော့မှာကို ဆက် သိသည်။ အသားနာမှာကို လူတိုင်းကြောက်လိမ့်မည်။ နုအိလှပလွန်းသည့်မိန်းကလေးတစ်ယောက်အဖို့ လက်ဝါးတစ်ချက်ရောက်တိုင်း လနဲ့ချီ၍ အရာထင်ကျန်ခဲ့သည့် ရိုက်ချက်မျိုးကို မကြောက်ဘဲနေပါ့မလား။ ဒါပေမယ့် ဒါက ပေးကိုဆေးဆပ်ရမှာဖြစ်တဲ့ဝဋ်ကြွေး ..။

မျက်နှာလေး မော့ခနဲ ပါသွားသည်နှင့် မျက်လုံးတွေမှိတ် အံကြိတ်ထားလိုက်မိ၏။ သိုက် မျက်နှာက နီရဲတင်းမာလျက် ဆက် ကို ငုံ့မိုး၍စူးစိုက်ကြည့်နေ၏။ အရိုင်း နှင့်ပတ်သက်လျှင် ဘယ်အချိန်မေးမေး၊ ဘာကိစ္စပြောပြော၊ ကြောက်ရွံ့နောက်တွန့်သွားသည်မရှိ။ သူ ဒေါသဖြစ်လို့ ဝုန်းခနဲ ထဖြစ်သွားပစေ ..။

“သူက ကျွန်မသိပ်ချစ်တဲ့ယောကျ်ား ..” ဆိုသည့်စကားကို ရဲရဲဝံ့ဝံ့ပြောခဲ့၏။ သူ့ရင်ထဲ စိတ်ရိုင်းတွေက ပြေပျောက်ဖို့ဖြစ်မလာဘဲ ကုန်းအဆင်းမှာလိမ့်သွားသည့် ဘီးကဲ့သို့ ...။

“ဖြန်း ....”

ဆက် ခွေခနဲ ပုံကျသွားသည်။ မူးမိုက်ပြာဝေသွားသော နောက်ဆုံးသတိမလစ်ခင်အချိန်လေးမှာ နှုတ်ခမ်းလေးကို ဖိကိုက်ထားမိသည်။

ဤကဲ့သို့ ကျေနပ်စွာပေးဆပ်ရခြင်းကြောင့် ဝဋ်ရှိသမျှ ကြေပါစေ ..။

ထို့နောက် မိန်းမလှလေးတစ်ယောက်၏မျက်နှာကို စေ့စေ့ကြည့်ပြီး ကျကျနန ရိုက်နှက်ရက်သော ယောကျ်ားတစ်ယောက်၏ ဥပေက္ခာသူမ တစ်ရေးအိပ်ပျော်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅၃)

"မမလေး..."

ခေါ်သံဆိုသည့် တစ်စုံတစ်ရာကို နားမှာလက်စံလိုက်ပေမယ့် ထိုအသံကြောင့် ကိုယ်ဘာလှုပ်ရှားရမယ်ဆိုတာကို အာရုံက နိုင်းဖေ ခြင်းမပြု။

"မမလေး ... ဆရာက ခုဆင်းခဲ့ပါတဲ့"

နောက်ထပ်လိုရင်းကိုပါထည့်ပြောပြီး ကောင်မလေးအသံ ပျောက် သွားသည်။

ဆက် က တုတ်ဘုတ်မျှမလှုပ်ပါ။ သူမ ၏ညာဘက်လက်တစ်ဖက် သည် ဒေါက်တင်ထားသည့် ကင်းဘတ်ဖြူဖြူထက်မှာ နူးညံ့ညင်သာ စွာ လှုပ်ရှားနေလျက် မမှိတ်မသုန်သော မျက်ဝန်းအစုံက သူမ ရှေ့ခြယ် နေသော ပုံလွှာတို့ဆီမှာပဲ စိတ်ဝင်စားနေခဲ့သည်။

ထိုစဉ် သူမ နောက်မှာ သိုက် ရောက်လာတာကိုလည်းမသိ။ သိုက် ၏မျက်လုံးတွေက ဆက် ရေးဆွဲနေသည့် ပန်းချီပုံပေါ်ကို တမိုးရွဲ





[illegible]သွားသည်။ နုသစ်ငယ်ရွယ်သော မိန်းကလေးတစ်ယောက်က [illegible]တ်ဝဲလေးနှင့်ဖြစ်ကာ ရှော့ပင်ပွပွ စပို့ရှပ်ဖားဖားနှင့် ပိန်ရှည် [illegible]ကောင်လေး၏ပုံက ယခု သူဦးခေါင်းထက်မှာရှိနေသည့်ဆံပင်မျိုး [illegible]ခို့ဆိုထဲမှာက မသေမသပ်။

သူငယ်လေး၏ဆံပင်ပုံက ကုပ်အောက်ထိပိုရှည်သည်။ နုဘတ် [illegible]သောလောက်ထိ ဖရိုဖရဲဆင်း၏။ တော်တော့်ကို ပစ်စလက်ခတ် [illegible]သော ဒီဇိုင်းမျိုးဖြစ်သည်။ ဒါပေမယ့် မိန်းကလေးနှင့် ရွယ်တူသော [illegible]ပို့ရွယ်ခြင်းက သိသာသည်။

နုဘတ်တွေ၊ နှုတ်ခမ်းတွေနေရာမှာ မျဉ်းဖြောင့်နှင့်မျဉ်းကွေးလေး [illegible]သုံးထားသဖြင့် ဘယ်မျက်နှာ၊ ဘယ်သူ့ပုံဆိုတာ မသိနိုင်ပေမယ့် [illegible] ကတော့သိသည်။ ထို့အပြင် ကောင်လေးရဲ့ဘေးမှာ လည်ဆံမွေး [illegible]ား၊ အမြီးရှည်ဖွားဖွားနှင့် ခွေးတစ်ကောင်က မျက်စိထဲကို ကန့်လန့် [illegible] ခွေးကိုတော့ သေချာရေးခြစ်ထားသဖြင့် အယ်လ်ဇေးရှင်းခွေး ပုံက [illegible]သာစွာ ပေါ်လွင်နေသည်။

သူမ ကိုင်ထားသည့်စုတ်တံသည် ခွေး၏လည်ပတ်လေးကို လည် [illegible]ခွေးကားကားတို့၏အလယ်မှာ ပေါ်လွင်အောင် သေချာကြီး ခြယ်မှုန်း [illegible]ခဲ့၏။ ဒါပေမယ့် လက်ရာမသေသပ်သည့်ပန်းချီကားက ပုံသဏ္ဍာန် [illegible]တွေ ပီပြင်လာတာလောက်ပဲရှိကာ လှပသည့်ဆွဲဆောင်မှုမရှိ။

ရှေ့ကိုတစ်လှမ်းချင်းဝင်ခဲ့ရင်း သိုက် မျက်လုံးတွေ တစ်ခန်းလုံး [illegible] ဝေ့ပတ်သွားသည်။ ဒီလိုပုံမျိုးတွေချည်းပဲ နံရံပေါ်မှာ၊ ဗီရိုတံခါး [illegible]မှာ၊ ပြီးတော့ လုံးချေပစ်ထည့်ထားခြင်းခံရသည့် အမှိုက်ခြင်းထဲမှာ။

"ရွှေလက်ဆက် .."

သူခေါ်သံကြောင့် ဆက် ၏လှုပ်ရှားနေသည့်လက်ကလေး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ဖြစ်သွား၏။ ဒါပေမယ့် ဒီအတိုင်းဆက်၍ လှုပ်ရှားနေပြန်သည် ပြီးတော့ နာကြည်းရှုံ့ရှာသောမဲ့ပြုံးလေး နှုတ်ခမ်းထက်မှာ လွှ ထင်၏။

သူ့ကို အရိုင်း လို့ပဲ ခွတ်ထင်၊ ခွတ်လိုက်နေရစဉ်မှာ ဒီလိုသာ ခဲ့လျှင် ရင်နာနာသံတွေ ဖြန့်လာနိုင်သည်။ "ဟုတ်ပါတယ်၊ ဒီလို နာမ အပြည့်အစုံကိုခေါ်ခဲ့တာ အရိုင်းတစ်ယောက်ပဲရှိတာ၊ သူက အရိုင် အရိုင်း" လို့ နောက်ထပ်သေချာခြင်းတွေထပ်ဆင့်ပြီး ပီတိတွေ ဘယ်သူ ဘာပြောပြော ဂရုမစိုက်ဖွာ နေခဲ့မိသည်။

ခုကျတော့ သူခေါ်တဲ့ "ရွှေလက်ဆက်" ဆိုသည့် နာမည်သုံး ဟာ ရင့်သီးသောစကားတွေ ပြောတော့မလို့ အစပျိုးလိုက်ခြင်း၊ မဟုတ် ကိုယ့်ရဲ့ပါးပြင်ကို ရိုက်နက်မလို့ လွှင့်စင်လာသည့် ဒေါသတစ်

ထို့ကြောင့် နာကျင်စေခြင်းအားလုံးအတွက် ဥပေက္ခာထား အောင် ကြိုးစားထားခဲ့ပြီးသည့်စိတ်ထဲမှာ ထူးခြားသော ကြောက် တုန်လှုပ်မှုမျိုးလည်း မရှိတော့ပါ။

ဆွဲလက်စပန်းချီကားလေးပေါ်မှာ မဆွဲတတ် ဆွဲတတ်ပေမ ကိုယ့်ခံစားချက်၊ ကိုယ့်အတွက်နဲ့ အသက်ဝင်လာသည်ဟု သတ်မှတ်ထ ခဲ့သည့်ပန်းချီကားလေးကို ဆက်လက်ရေးဆွဲဖို့ စုတ်ချက်တင်လိုက် ည်။ ဒါပေမယ့် ...

"ရွှေလက်ဆက် .. မင်းကိုဖြစ်ဖြစ်၊ အဲဒီပန်းချီကားအစုတ်အပြ ကိုဖြစ်ဖြစ် ငါ တစ်ခုခုကို တစ်စစီ ဆုတ်ဖြဲပစ်ချင်နေတယ်၊ ဘာကို မလဲ"

ဆက် ၏လက်ကလေး ကျောခိုင်းနေရာကနေ တွဲလွဲကျသွားခဲ့ ပြီးတော့ စုတ်တံကို ဆေးခွက်နှုတ်ခမ်းထက်မှာ သာသာလေး လ





ပြီး ဒီဘက်လှည့်ရပ်လိုက်၏။

"ပန်းချီကားက အစုတ်အပြတ်မဟုတ်ပါဘူး၊ လူကတော့ ရှင့်ရဲ့ က်နက်ချက်တွေနဲ့ စုတ်ပြတ်ပြီးသား၊ အဲဒီတော့ ကျွန်မကိုပဲ ထင်သလို ပ"

သိုက် မျက်ခုံးနှစ်ဖက်တွန့်သွားသည်။ ဆတ်ခနဲ ခါထုတ်ပစ်လိုက် ဖြင့် တဒင်္ဂသိမ်းဖယ်သွားသော ရှေ့ဆံပင်များအောက်မှာ မျက်ခုံး န်နှစ်ဖက် တွန့်ကုတ်သွားတာကို မြင်နေရ၏။

ဒါကိုမြင်လိုက်ရပြီး ဆက် ရင်ထဲမှာ နာသွားသည်။ ဒီယောကျ်ား ယောက် ဘာဖြစ်လို့ ဒီလောက်ထိ တိုက်ဆိုင်စွာ ဆင်တူနေရတာလဲ၊ င်တူပါလျက်နှင့် တစ်ယောက်ကတော့ မင်းသားလေးလို နူးညံ့ချောမွေ့ပြီး ခဲ့လျက် တစ်ယောက်ကတော့ စစ်သူကြီးကဲ့သို့ ရဲရင့်ခိုင်ညားမှုတွေ ညာင်းနေပြီး နူးညံ့ချောမွေ့မှု ဘာမှမရှိ။

တကယ်တမ်းချစ်လာမိသည့်အချိန်မှာ နူးညံ့လှပခြင်း၊ ရုပ်ဆိုးအကျည်းပြင် ခြင်း ဆိုသည့် ခြားနားမှုတွေဟာ အဓိကမဟုတ်တော့မှန်း ကိုယ်တိုင်တွေ တတ်လာမှသိသည်။

သူမ သည် အရိုင်း ဆိုသည့်ယောကျ်ားကိုမှ အသည်းအသက်တစ်မျှော်င်း ခဲ့မိကာ သိုက် ကိုတော့ မျက်နှာချင်းဆိုင်မြင်တွေ့လိုက်ရတိုင်း မစင့်ပုံ ဘ် သို့ ..။

"သိပ်လှနေပါလား ရွှေလက်ဆက်၊ အဟွန်း .. ရိုက်ပစ်လိုက်ချင် စိတ်တွေတောင် ပျောက်သွားတယ်"

ဆက် က သူမ ခန္ဓာကိုယ်တစ်ခုလုံးအား ရှုမှက်ဆန်ဆန် သိမ်းကျုံး ပြီးပြောလိုက်သည့် သိုက် မျက်နှာကို ရှုံ့ရှာစွာကြည့်၍ ...

"မုလရည်ရွယ်ချက်အတိုင်းပဲ ရှေ့ဆက်လိုက်ပါ၊ ကျွန်မ အလှပြင်



www.burmeseclassic.com

www.burmeseclassic.com



ထားတာ ရှင့်အတွက်မဟုတ်ဘူး"

သိုက် မျက်နှာ နီရွေးသွား၏။ မိတ်ကပ်ရောင်ဖျော့ဖျော့၊ အပြော သားဝတ်စုံလေးက ကိုယ်ပေါ်မှာ တင်းကျပ်ချပ်ရပ်လျက် ဆံပင်တွေ ကျကျနန ဖြန့်ချထားသည့် ဆက် က လှချင်တိုင်းလှနေ၏။

ပြီးတော့ ဆေးသားတင်ထားသည့် ပုလဲရောင်ပြောင်အိနေသည့် နှုတ်ခမ်းသားလေးတွေက စေ့စေ့မကြည့်ရဲအောင် ဖူးကြွညို့ဝင်နေသည် ဒါပေမယ့် နှတ်သမီးတစ်မျှ လှနေအောင် ပြင်ဆင်ထားတာ သူ့အတွက် မဟုတ်ပါဟု ကြေညာခဲ့ပြီ။

ဒေါသသည် စကားလုံးတွေ လျှာဖျားထိရောက်လာတာကို လက် ခံဘဲ ရိုက်ပုတ်ကာဆီးနေသလိုဖြစ်ကာ သိုက် မျက်နှာကြီး နီရဲလျ ချက်ချင်းစကားမဆိုနိုင်။ ဆက် က ရင်ဘတ်လေးမို့တက်သွားသည် အ ပင့်သက်ရှိုက်လိုက်ကာ ...

"တကယ်လို့ ရှင် နိုပ်စက်လို့မသေခဲ့ရင် ဒီအလှအပတွေဟ နှံ့မချစ်တဲ့ .."

"တောက် .. ငါ ..."

လက်တစ်ဖက် ရိပ်ခနဲ မြောက်တက်သွားသည်။ ရိုက်ချလိုက် လျှင်တော့ မျက်လုံးတွေမှိတ်ပစ်လိုက်ပြီး ပြုသမျှနုရန်အသင့်ဖြစ် သည့် သူမ ဟာ တစ်ချက်တည်းနှင့် ပုံကျမေ့မြောသွားမှာပဲဖြစ်၏။

ဒါပေမယ့် အင်နှင့်အားနှင့် မြောက်ရွယ်ပစ်လိုက်သည့်လက် လေထဲမှာပဲ ရပ်တန့်သွားခဲ့သည်။ မျက်ဝန်းတို့သည် အတင်းကြီးပိမှိ ထားသည့် မျက်ဝန်းအိမ်လေးမှ ကော့ညွတ်ထောက်ကပ်နေသ မျက်တောင်နက်နက်လေးတွေမှာ စူးစိုက်သွား၏။

ပြီးတော့ နှင်းဆီပြင်ပါးပြင်လေးတွေနှင့် သန္တာရောင်နှုတ်ခမ်း





ရှုတ်ချည်း မွှေနှောက်တိုက်စားသွားသည့် မာနတွေ၊ ဒေါသတွေရဲ့ နောက်မှာ ရင်ခုန်သံတို့၏ စည်းချက်ကလည်းမညီ။

ဆက် ၏ နုနွဲ့နွေးထွေးသည့်ကိုယ်ခန္ဓာတစ်ခုလုံးကို တင်းကျပ် စွာ ပွေ့ဖက်သိမ်းပိုက်ပစ်လိုက်ကာ ...

"ဟင့်အင်း .. လွှတ် ..."

ရိုက်ပစ်လိုက်ပါ၊ သတ်စမ်းပါဟုဆိုကာ ရဲရဲရင့်ရင့် ခေါင်းမော့ခံယူ တတ်ခဲ့သော သူမသည် မရုန်းသာ မလွန့်သာအောင် ဖိချုပ်ပွေ့ဖက်၍ နမ်းရှိုက်ခြင်းကိုတော့ စက္ကန့်များစွာ မျိုသိပ်သည်းခံပြီးသည့်နောက် ....

"မစင်ပုံလိုကောင် .."

ထွီခနဲ တံတွေးတစ်ချက်ကို တစ်ဖက်လှည့်ထွေးပစ်လိုက်ပြီး ဒီဘက်ပြန်အလှည့်မှာ လက်တစ်ဖက်က ရိပ်ခနဲ ..။

သိုက် မျက်နှာတစ်ခြမ်းမှာ ကျယ်လောင်သည့်ထိခတ်သံတစ်ချက် နှင့်အတူ ဘေးကို လည့်ထွက်သွား၏။ အရိုက်ခံလိုက်ရသည့် ပါးပြင် တစ်ဖက်သည် မီးစနှင့် အထိုးခံလိုက်ရသလို ဒါမှမဟုတ် အသားတွေ ကွဲထွက်ကုန်ပြီလား ...။

မီးပွင့်သွားသည့်မျက်လုံးတွေထဲမှာ ရုတ်တရက် လျှပ်စီးကြောင်း တစ်ချက် ဖြတ်စီးသွားတာနှင့်လည်းတူ၏။ ဒါတောင်မှ မိန်းမတစ်ယောက် ရဲ့လက်အား ..။ ထိုမျှအထိ တုံ့ပြန်လာမည်ဟု သူ မထင်ခဲ့ပါ။

နာကျင်မှုနှင့်မထင်မှတ်ခြင်းက တစ်ချိန်တည်းမှာ ညီမျှခြင်းရဲ့ တစ်ဖက်စီ အဖြေထွက်နေ၏။ ထို့ပြင် နောက်ဆက်တွဲပါလာသည်က မာနကြီးလွန်းသည့် မိန်းမတစ်ယောက်ထံမှ စကားသံတွေ ...။

"အဲဒါ မှတ်ထားလိုက် သိုက်၊ ကျွန်မကို ရှင့်ရဲ့ ကျေးကျွန် ဘောဘောဆင် ခလေးတဲ့ ဖွဲ့အိတ်၊ ကြိုက်သလိုသဘောထား၊ သဘောကျ နိုပ်စက်၊ အစ



www.burmeseclassic.com

www.burmeseclassic.com



ကာတည်းက ကျွန်မက ရှင်ထားပေးတဲ့နေရာမှာ ကျေကျေနပ်နပ် နေခဲ့တဲ့သူ…"

ဆက် က ရိုက်ချပစ်ခဲ့သည့် လက်ဖဝါးလေးကို ဖိဆုပ်ထားရင်း တုန့်ယင်လျက် …

"အရုပ်လိုသဘောထားခဲ့တယ်ဆိုရင်လဲ ကိုယ်ကိုယ်တိုင် ကိုင်ထားတဲ့အရုပ်ကို ဘီလူးရုပ်လို့ပြောပြီးမှ မင်းသမီးရုပ်ပါလို့ ချက်ချင်း ပြောင်းလဲပြောခဲ့တာ ရှင် မရှက်ဘူးလား"

"မင်းကို …"

"ကျွန်မက ရှင့်ရဲ့ကစားစရာအရုပ်ပါပဲ၊ စစ်တုရင်ခုံပေါ်က အရုပ်တစ်ရုပ်လား ဒါမှမဟုတ် ရှင်စေခိုင်းတဲ့အတိုင်း ဖြစ်ပေးနေရတဲ့ မော်နီတာပေါ်က စက်ရုပ်လား … ဘာဖြစ်ဖြစ် ထားလိုက်နိုင်တယ်၊ ဘယ်တော့မှ ထားလိုက်လို့မရတာက ရှင့်ရဲ့ ဇနီးဆိုတဲ့နေရာ …"

"ဘယ်နေရာဖြစ်ဖြစ် ရရမယ်၊ အရုပ်ဆိုရင် ပိုရတာပေါ့၊ တစ်စစီ ချိုးဖဲ့ပြီး ရွံ့ဗွက်ထဲ နှစ်ပစ်ဖို့ …"

"ရှင် …"

"အဲဒီလိုစိန်ခေါ်ရင် သိုက် ဆိုတဲ့ကောင်ဟာ ယုဂန်ထွတ်များမှာ ကြာကန်တည်ရမယ်ဆိုရင်တောင် ဟင့်အင်း … မရှိစေရဘူး"

"ရှင် … မယုတ်မာနဲ့ … လွှတ် … လွှတ်စမ်း …"

ဆက် က နောက်ဆုတ်ရှောင်သည်။ တစ်ယောက်က တစ်လှမ်းဆုတ်တိုင်း တစ်ယောက်က တစ်လှမ်းတိုးလိုက်သည်။ ပွေ့ဖက်ထားမိပေမယ့် ဆက် အကြောက်အကန်ရုန်းနေသဖြင့် နှစ်ယောက်သား တွန်းထိုးလုံးထွေးရင်း သားရေပျော့အခင်းနှင့် အဝန်းဖြေခုတင်သေးသေးလေးထက်သို့ လဲကျသွားကြ၏။





"ဟင့်အင်း … သွား … ရှင် … ရှင် မရှက်ဘူးလား၊ လူရမ်းကား …"

သူ အတင်းဖိချုပ်၍ အနိုင်ကျင့်ဖို့ကြိုးစားနေသဖြင့် မိန်းမသားအင်အားနှင့် ဘယ်လိုမှ တွန်းကန်ခုခံဖို့ မနိုင်နိုင်ဘဲဖြစ်နေခဲ့၏။ ဒီလိုလူကို အားမတန် မာန်လျှော့ရတာမျိုးနဲ့လည်း မကြည်ဖြူနိုင်၊ ထစ်ခနဲရှိ တိုင်းရိုက်၊ အပြစ်မဟုတ်ဘဲ ရိုးမယ်ဖွဲ့၏။ ထို့ပြင် …

"ငါကတော့ ကစားပွဲလို့ပဲ သတ်မှတ်လိုက်တယ်၊ အဲဒါကြောင့် သူဘက်က ဘယ်လိုပုံနဲ့ဖြစ်ဖြစ် ကြိုးစားခွင့်ရှိသွားပြီ၊ ဘယ်လိုမှ ကိုယ့်သဘောနဲ့နေလို့မရတာက မင်းဘက်ကပဲ ဆက်၊ မင်းလဲ ငါ့ကို လူမှားသို့သာ ခင်တွယ်ခဲ့တာပါလို့ ဝန်ခံပြီးသား၊ ဒီအတွက်လဲ မင်းက ငါ့အတွက်ဘာမှမဟုတ်တဲ့ မိန်းမပဲ၊ ရှင်းတယ်နော်၊ ဆိုလိုတာက မင်းတို့နှစ်ယောက်ဟာ ငါ့လက်တစ်ဖက်စီထဲက ပန်းနှစ်ပွင့် …"

ဆိုသည့်စကားကို ခါးနှစ်ဖက်ထောက်လျက် မညှာမတာ ပြောသေးသည်၊ ရင်ထဲမှာ ခံပြင်းလွန်းလို့ ဆက် ပြန်ပြောခဲ့တော့ သူက ရက်နှာမော့ရယ်၏။

"အရိုင်းနဲ့ကျွန်မက ပန်းနှစ်ပွင့်ဆိုတော့ ရှင်ကတော့ မျိုးကွဲ သတ္တဝါကြီးပေါ့"

"ဟုတ်တယ်၊ ငါက ပန်းလိုနေရာယူပြီး ဒီပွဲမှာ သုံးပွင့်ဆိုင်ဖြစ်ခိုင်တောင် မင်းတို့က နေကြာ၊ ငါက မြကြာ …" တဲ့။

ဘယ်လိုအရောင်အသွေး အမျိုးအစားပဲဖြစ်ဖြစ် ဒီကြာသုံးပွင့်ဟာ ရေကန်အလယ်မှာ အတူရှိခွင့်မရနိုင်သော ပန်းမျိုးတွေပဲမဟုတ်ဘူးလား။

သူ ယုတ်မာပက်စက်စွာ အနိုင်ယူပြောဆိုခဲ့သမျှသည် နှလုံးသွေးသို့စိမ့်၍ တစ်ကိုယ်လုံးသို့ သွေးစိမ်းတွေသာ ဖြန့်ကြက်စီးမျောခဲ့သည်ရှာ …



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် အနိုင်ယူပါ ရှင်ပြောသလို ရွံ့ဗွက်ထဲ နှစ်ပစ်တဲ့အထိ ပေါ့။ ကျွန်မကလဲ ဒီလိုပေးဆပ်ရတဲ့အခါတိုင်း သွေးနဲ့ သစ္စာပြုနေမယ် လူနဲ့ဆင်ဆင်တူသော သတ္တဝါမျိုးနဲ့ မှားယွင်းပေါင်းဖက်ရခြင်း ကင်းပါ စေလို့ ..."

"ဘာ ..."

တစ်ကိုယ်လုံးမှာ ဆူကြွနေသည့်စိတ်ရိုင်းများ ဖြုတ်ခနဲ ငြိမ်ကျ သွား၏။ တရှိန်းရှိန်းတောက်လောင်လာသည့် ဒေါသမာနများက စော စောက ကိုယ့်ပါးကိုရိုက်၍ စော်ကားရဲခဲ့သောအဖြစ်နှင့် ပူးပေါင်းကာ ကျိုးခနဲ အံကြိတ်ခြင်းကို ဖြစ်စေခဲ့ပြီး သူမ ပါးပြင်ထက်သို့ အားပြင်းစွာ ...။

"အား ...."





## အခန်း (၁၄)

ဒီကားက ဘာလဲ ..။

မြို့ထဲကို ဖြတ်သန်းမောင်းနေစဉ်ကတည်းက ကိုယ့်နောက် နှစ်စီး သုံးစီးကျော်လောက်မှာ ပါလာတာဖြစ်သည်။ မန်ကျည်းရောင်မှောင် လက်နေသည့် မော်ဒယ်အမြင့်စားဖြစ်မှန်းလည်း သိသာနေသဖြင့် သူ သတိထားမိခဲ့၏။ ခုကျတော့ အလယ်မှာ ကားနှစ်စီးစာလောက် ကွာ နေပေမယ့် ဘာကားမှရှိမနေတော့သဖြင့် ရှင်းလင်းစွာ မြင်နေရ၏။

ဒီ့ထက်လည်း ပိုကပ်မလာ၊ နောက်ကျန်ရစ်ခဲ့တာလည်းမရှိ။ သိုက် မျက်လုံးတွေ ကျဉ်းမြောင်းသွားတဲ့အထိ ဘက်မှန်ထဲကနေ စူးစိုက် ကြည့်မိသည်။ ဒီကား သူ့နောက်လိုက်နေတာလား ..။

သေချာအောင် သူ့ကားကို အရှိန်တင်ကြည့်သည်။ ပြီးတော့ သိသာ စွာ လျှော့ချ၏။ သူ ဘယ်လိုအတိုးအဆုတ်လုပ်၍ မောင်းနေပေမယ့် ထိုကားက အရိပ်နှင့်တူနေသည်။ ဇဝါခနဲ မြေးကပ်လိုက်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ကမန်းကတန်း အရှိန်လျှော့ချပြီး ပံ့ပန်းပျက်သွားတာမျိုး လည်းမဖြစ်။

ကိုယ့်နောက်ကို မရိုးသားစွာ ကပ်လိုက်နေပြီမှန်းသိလိုက်တော့ စိတ်ထဲမှာ တင်းသွားသည်။ ထိုအခါ အရိုင်း မျက်နှာကြီး ကွက်ခနဲ ပေါ်လာ၏။

ဂျစ်ကားစုတ်နှင့် ဒီကားမယှဉ်သာပေမယ့် ဒီကောင် ဘယ်လို ကောင်မှန်းမသိတာက ဖြစ်နိုင်ချေတွေရှိနေသည့်အချက်။

အရိုင်းဖြစ်ဖြစ် ဘယ်ကောင်လာလာ ငြိချင်လို့ထိလာလျှင် ငြိပေး လိုက်ဖို့ပဲရှိ၏။ နာရီကိုကြည့်လိုက်တော့ ညနေခြောက်နာရီ ..။

သွားမှာက အင်းယားကန်ပေါင်ကိုဖြစ်ပေမယ့် သူ့ကားကို ရွှေ တောင်ကြားရိပ်သာထဲသို့ ကွေ့ဝင်ပစ်လိုက်၏။

ထင်သည့်အတိုင်းပင် နောက်ကားက ဒီလမ်းအတိုင်းပဲ ကပ်ပါလာခဲ့ သည်။ သိုက် မျက်လုံးတွေ ဘက်ကြည့်မှန်ထဲကနေ ရှေ့ကိုပြန်ရောက်ပြီး နေရာရှာလိုက်၏။

တစ်နေရာမှာဆုံပြီး ရှင်းလိုက်ချင်စိတ်ကူးကာ အနည်းငယ်ကျယ်သော လမ်းကွေ့တစ်ခုကို လှမ်းမြင်လိုက်သဖြင့် ထိုနေရာကို သတ်မှတ်လိုက် သည်။

သို့သော် သူ့ဘက်ကရပ်စောင့်ပြီး ပြန်လှည့်ရင်ဆိုင်ဖို့အထိ ဖြစ် မလာခဲ့ဘဲ ...

"ဟာ ..."

"ဂိုမ်း ..."

လမ်းကွေ့ကို ရောက်ရုံရှိသေးသည်။ ကားကိုအရှိန်ချပြီး မျက်လုံး က ဘက်မှန်ဆီ ရောက်သွားချိန် .. ရိပ်ခနဲ ပြေးတက်လာသည့်ကားကို





မြင်လိုက်ရ၏။

အနက်ရောင်ဆိုသည့် သတိပေးချက်လောင်းသံတွေ မြည်သွားပေ မယ့် နောက်ကျသွားခဲ့သည်။ တည့်တည့်ပစ်ဆောင့်မည့်အနေအထား နှင့်ပြေးဝင်လာသည့်ကားက သူ့ ကမန်းကတန်း ရှောင်ပစ်လိုက်တော့ တစ်ခြမ်းစောင်းနှင့် ချိတ်မိသွား၏။

ဘာပဲဖြစ်ဖြစ် ကျကျနန တိုက်မိသွားတာပဲဖြစ်သည်။ ပွတ်တိုက် သံကြီး ဟိန်းထွက်သွားသော်လည်း ဒီလိုလမ်းထဲမှာ ကားအသွားအလာ ကျဲတတ်တာများသည်။ ပြီးတော့ ခြံတံတိုင်းကျယ်များ၏ အစွန်နေရာ ကျကျမို့ ထူးခြားမှုတစ်စုံတစ်ရာဖြစ်သွားမှန်းတော့ သိချင်သိကြပေ လိမ့်မည်။ ထွက်ကြည့်မည့်သူမရှိ။

တိုက်မိကြသည့်ကားတို့နှင့်အပြိုင် ကားထဲကဆင်းလာကြသည့် မောင်းသူနှစ်ယောက်၏ ဒေါသနှစ်စင်းက နေနှစ်စင်း တစ်ပြိုင်တည်း ခွန်းတည့်သွားသည့်အတိုင်း ..။

"တောက် .. ဟိတ်ကောင်၊ မင်းနဲ့ငါ ဝမ်းဘိုင်ဝမ်း။ ကားကို ဘာ ဖြစ်လို့ ပြဿနာရှာတာလဲ၊ ရူးနေလား"

"ရှာချင်လို့ရှာတယ်၊ မင်းနဲ့ ရန်ဖြစ်ချင်လို့ ရှာတယ် .."

အရိုင်းက အေးဆေးမပြောဘဲ လှတိုက်သလို အနားရောက်လာ တာ ရိပ်ခနဲ ထိုး၏။ ရှောင်လိုက်ပေမယ့် နားထင်စပ်ကို ပွတ်ထိသွား သဖြင့် မီးပွင့်သွား၏။

သိုက် အသားလည်းနာသွားသည့်ပြင် ဒီကောင် ရွှေလက်ဆက် အတွက် ပေါက်ကွဲလာတာမှန်းလည်း သိလိုက်၏။ ထို့ပြင် ဘေးတစ်ခြမ်းလုံး စုတ် ပြတ်သွားသည့် ကိုယ့်ကားအဖြစ်ဆိုးသွားတာကိုမြင်တော့ စုပြုံပေါက်ကွဲ သည့်ဒေါသက ဘာကိုမှ မမြင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ချက် ရန်ပွဲက မျှတစွာ ဖြန့်ခင်းရင်း နှစ်ယောက်စလုံး အထိနာကုန်ကြမှ ခပ်နဲ့နဲ့မျက်နှာချင်းဆိုင်ရပ်မိကြကာ ...

"သွေးထွက်သံယိုဖြစ်လောက်အောင် မင်း ရိုက်နှက်တာ၊ မင်းကို သူက ဘာတွေတုံ့ပြန်တိုက်ခိုက်နေလို့လဲ၊ ကိုယ်ပြုသမျှ နပ်ုမယ်ဆိုတဲ့ လူကို ထပ်ပြီး နှိပ်စက်ကလူပြုနေတာ မင်းကိုယ်မင်း လူစွမ်းကောင်းလား"

"ဟုတ်တယ်၊ အများတကာ ရှုံသွပ်စွာ ကိုးကွယ်ချင်နေတဲ့မိန်းမမျိုးကို ငါ အဲဒီလိုဆက်ဆံနိုင်တာ လူစွမ်းကောင်းပေါ့၊ အဲဒါ ဘာဖြစ်လဲ၊ မင်း ဘာလုပ်ခွင့်ရှိသလဲ"

"အခု လုပ်ခွင့်ရှိတဲ့ဘက်က လုပ်တာလေ"

အရိုင်းက ငြီထားဆဲပုံစံနှင့် ကားနှစ်စီးကို မှန်ရွဲ့မေးငေါ့၍ ...

"စုတ်တာနဲ့တိုက်ရင် အစုတ်မို့လို့ ပျက်စီးခံနိုင်တာလိုဖြစ်ဦးမယ်၊ အဲဒါကြောင့် မြင်တယ်နော်၊ ဒီကားက မင်းကားထက်မြင့်တယ်"

ကားချင်းယှဉ်ပြောပြီး နှုတ်ခမ်းထောင့်ကသွေးကို လက်ခုံနဲ့ သုတ်သည်။

ပြီးတော့ ပါးစပ်ထဲမှာ ယိုစိမ့်နေဆဲ ငန်ကျိကျိသွေးတို့ကို ထွီခနဲ လှည့်ထွေးပစ်လိုက်ကာ ...

"ရှေ့လက်ဆက် ကို မင်း အဲဒီလိုနှိပ်စက်တိုင်း ငါကလဲ ဒီအတိုင်း လုပ်မယ်၊ မင်းတောင် မိန်းမသားတစ်ယောက်ကို သွေးအေးအေးနဲ့ နှိပ်စက်ရဲသေးတာ၊ အသက်မရှိတဲ့ကားကို ငါအပြစ်ပေးတာလဲ ယုတ်မာတယ်လို့ မဆိုသာပါဘူး၊ ဒါပေမယ့် ကားပျက်စီးမှာစိုးလို့ ကျိုးလန့်စာစားဖြစ်နေရတယ်ဆိုရင်တော့ အမှုတွေဘာတွေဖွင့်လေ၊ ငါကတော့ ပြေးတိုင်တတ်တဲ့အကျင့် ငယ်ငယ်ကတည်းက မရှိဘူး၊ တိရစ္ဆာန်ကို မကျေနပ်ရင် ရိုက်သတ်တယ်၊ လူကိုဒေါသဖြစ်ရင် တက်ရိုက်တယ်၊ အသွင်ရိုင်း ဆိုတာ





အဲဒီလိုကောင် ..."

သိုက် က သွေးမတိတ်နိုင်ဖြစ်နေသည့်နှာခေါင်းကို လက်တစ်ဖက်နှင့်ဖိကပ်ထားရင်း တစ်ဖက်က မေးဖျားကနေ စီးလာသည့်သွေးကို သုတ်သည်။ သူ့မျက်လုံးတွေက စကားမပြောချင်လောက်အောင် အလွန်အမင်းဒေါသထွက်နေသည့်အကြည့်များနှင့် အရိုင်း ထံမှာ စူးစိုက်လျက်...

"မိန်းမတစ်ယောက်ကြောင့် ရှုးကြောင်မှုးကြောင်တွေ မင်း လျှောက်လုပ်နေတာ၊ ကားတွေပျက်စီးတော့ ဘာအကျိုးရှိသလဲ၊ သတ္တိရှိရင် နှစ်ယောက်တစ်ယောက်ကျန်စနစ်နဲ့ မင်း စိန်ခေါ် လိုက် .."

"ဟား ဟား ... ... ..."

အရိုင်း က သိုက် ရဲ့ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ပြီး ဆောင့်ပိတ်ပစ်လိုက်ကာ ...

"နှစ်ယောက်တစ်ယောက်ကျန် တဲ့၊ ရယ်ရတယ်ကွာ၊ မင်းနဲ့ငါ တစ်ယောက်ယောက်သေမှ ဒီပြဿနာအေးမှာဆိုရင်း မင်းကို ငါက ထားခိုးအဖြစ်ခံပြီး မသတ်ဘူး၊ ကိုယ့်ဘာသာ တိုင်နဲ့ခေါင်း ပြေးဆောင့်ပြီး သေလိုက် .."

"အဟွန်း ..."

သိုက် က ပါးစပ်ထဲက သွေးတို့ကို ထွီခနဲ ထွေးထုတ်ပြီး မဲ့သည်။

"ကိုယ်နဲ့ထိုက်တန်တဲ့ရာထူးကိုတော့ မင်းသိသားပဲ အရိုင်း၊ အဲဒီလို မဖြစ်ချင်ရင် ငါ့ကိုမသေနိုင်းဘဲ မင်းသေရမှာ၊ ပိုင်ဆိုင်ခွင့်ဆိုတာ ယူလို့ရတာဖြစ်ဖြစ်၊ ယူလို့ရတာပဲဖြစ်ဖြစ် အဲဒါ ရှုံးခြင်း ..."

"ခိုးယူထားတာကျတော့ရော ..."

သိုက် ကွက်ခနဲ မျက်နှာပျက်သွားသည်။ အရိုင်း က ရှေ့ကိုတစ်လှမ်းတိုး၍ ခြေဖျားဆီကို ငုံ့ကြည့်ရင်းရယ်လိုက်၏။ တကယ်ဆို ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ငိုနေသည့်ရှိုက်သံတွေ ဆူညံနေခြင်းဖြစ်၏။

အချစ်က ကိုယ့်အချစ်၊ ဒါပေမယ့် ကိုယ့်ထံမှာမဟုတ်။ အမှာ တကာရဲ့အမြင်မှာ သူက ပိုင်ရှင်၊ သို့သော် သူ့ပစ္စည်းမဟုတ်ဘဲ သိမ်း ပိုက်ရယူထားခြင်းသာ ..။ ဟိုးအရင် သမဝါယမ ဆိုတဲ့ ခေတ်စနစ်တွေ အတိုင်း တစ်ဦးမှာလိုအပ်နေသည့်ပစ္စည်းနှင့် တစ်ဦးမှာရှိနေသည့်ပစ္စည်း လဲလှယ်ခြင်းသာဖြစ်နိုင်မည်ဆိုလျှင် အားလုံးအေးချမ်းသွားမှာပေမယ့် ...

"ဘာပဲဖြစ်ဖြစ် မင်းက တော်ပါတယ်"

အရိုင်းက သွားကြားစေ့သံနှင့် အံကြိတ်ပြောသည်။ နှစ်ယောက် စလုံး၏အကြည့်များမှာ ပေါ့ပျက်လှောင်ရယ်ခြင်းတို့ တာဒင် ကင်းစင် နေခဲ့၏။

"လူတိုင်း မခိုးရဲဘူး၊ မင်းက ခိုးရဲလို့ရတယ်၊ သူခိုးဆိုတာ နာမည် ဆိုးပေမယ့် လောလောဆယ်တော့ ရသွားတာပဲလေ၊ ပြန်ယူဖို့ကျ တော့ ပိုင်ရှင်ပေမယ့်လဲ လွယ်လွယ်ကူကူမဖြစ်တော့ဘူး၊ အေး တစ်ခု တော့ရှိတယ်၊ သူခိုးဆိုတော့ သူခိုးကျင့်အတိုင်း ပြန်ပေးရမယ့်ပစ္စည်း ဆိုပြီး ဖြုတ်လိုဖြုတ်၊ ဖျက်လိုဖျက် လုပ်ဖို့တော့ မင်းမကြိုးစားနဲ့ မင်း ခိုးယူထားတာ အရုပ်မဟုတ်ဘူးနော်၊ ရွှေလက်ဆက် ဆိုတဲ့မိန်းမ ပတ်သက်ရင် သွားတစ်ချောင်းဆို တစ်ချောင်းချင်း၊ လက်တစ်ဖက် ကျိုးရင် တစ်ဖက်ချင်းပဲ"

"ဒုန်း ..."

အရိုင်း က သိုက် ရဲ့ကားကို စိတ်ရှိလက်ရှိ လွှဲကန်ပစ်လိုက်ပြီး တက် ခေါက်၏။ သိုက် ဒေါသဖြစ်ကာ ရှေ့ကို ဖျတ်ခနဲ တိုးလိုက်သေး သည်။ ဒါပေမယ့် နေရာမှာပဲ ပြန်ငြိမ်ရပ်နေလိုက်ကာ ...

"ပြန်ရဦးမယ်လို့ မင်းက မျှော်လင့်နေသေးသလား၊ စိတ်မကောင်း





ဘူးပဲ"

ကျောခိုင်းမလိုဖြစ်ပြီးမှ အရိုင်း ချာခနဲ ပြန်လှည့်သည်။

"မင်း ဘယ်တော့မှ အေးချမ်းစွာ ပိုင်ဆိုင်ခွင့်ရမှာမဟုတ်ဘူး၊ အဲဒါ ကို နားလည်လား၊ ရွှေလက်ဆက် ရဲ့ မှားယွင်းစွာ နှောင်တွယ်မိတဲ့ စိတ်တစ်ခုကို မင်း ယုတ်မာထားတဲ့အတွက် အဲဒီမကောင်းကျိုးက မင်းကို ဆပ်ခေါ်လိမ့်မယ်"

"ဟားဟားဟား ..."

ရယ်သံက ခြောက်ကပ်ကပ်ကြီးဖြစ်နေ၏။ သူကိုယ်တိုင် သူ့ရင်ထဲ က ကျပ်ခဲစွာ ခုန်သွားသည့်ဝေဒနာကို သတိထားမိသည်။

လက်ရှိအခြေအနေမှာလည်း ရွှေလက်ဆက် ၏ ရင့်သီးပက်စက် သော ဆဲဆိုပြောဆိုခြင်းများကို သူ ခံနေရတာ ဘယ်သူမှမသိ။

သူဟာ ဒီလိုယောကျ်ားမျိုးလား ..။ ကိုယ့်ကိုယ်ကို အိမ်ထောင်ပြု ခြင်း၏ ဘဝတစ်ဆစ်ချိုးနောက်မှာ ဤကဲ့သို့ ယုတ်မာစုတ်ပြတ်သည့် ယောကျ်ားတစ်ယောက်အဖြစ် ရပ်တည်သွားရနိုင်သည်ဟု ယောင်၍မျှ တွေးစားဖူးခဲ့ပေ။ ဒါပေမယ့် အားလုံးဟာ ကိုယ်ထွင်ခဲ့သည့်လမ်းပဲ ဖြစ်သည်။ ထို့ကြောင့် ...

"ကောင်းကျိုး မကောင်းကျိုးကိုစောင့်ပြီး ရင်ထဲမှာ ပိုအေးချမ်း သွားအောင် တရားစခန်းဝင်လိုက်ပါလား ..."

သိုက် ၏ အရှုံးမပေးတတ်သည့် ဉာဉ်တစ်ခုက ရင်ဝမှာ အဆိပ် ငွေ့များနှင့် သေလုမျောပါးဖြစ်နေပါစေ ..။ ရန်သူကို ကျောခိုင်းထားပြီး အားတိုက်ရယ်ရင်း နောက်ဆုံးထွက်သက်အထိ အောင်နိုင်သူလို ဟန်ဆောင်သွားမှာဖြစ်၏။

"ဒီမှာ အသွင်ရိုင်း ...၊ မင်းအားကိုးတဲ့ ရင်ဘတ်ထဲက ကပ်ပါစာ



www.burmeseclassic.com

www.burmeseclassic.com

တွေအကြောင်း ငါစိတ်မဝင်စားဘူး ဒါပေမယ့် တစ်ခုတော့ သနားသ
ငါပြောပြလိုက်မယ်၊ ဆက် ကို မင်းလက်ထဲ ပြန်မရောက်ဖို့အတွ
ငါ့ဘက်က ယုတ်မာဖို့တွေ ခုမှ အစပဲရှိသေးတယ်၊ နောက်ဆုံးကျွ
အရုပ်တစ်ရုပ်မဟုတ်ဘူးလို့ မင်းပြောတဲ့မိန်းမက ငါ့အတွက် ကစား
အရုပ်လောက်ပဲရှိတယ်ဆိုရင်တောင် ကိုယ်လွှင့်ပစ်တဲ့ပစ္စည်း သူ
ကောက်ယူလို့မရအောင် မီးပုံထဲ ပစ်ထည့်လိုက်မယ်၊ ပင်လယ်ထဲ
သွားမျှောမယ်"

"တောက် .. မင်း ..."

မငြိမ်းသော ရန်စမီးသည် နှစ်ယောက်စလုံး၏သွေးစတို့
ခဲ့တဲ့အထိ ဖြစ်ပေမယ့်လည်း ..."





## အခန်း (၅၅)

"ဗလ .. ဘဲကင် လုပ်ကွာ"

"ဟုတ်ကဲ့ အစ်ကို .."

ဗလကို မိုင်းလိုက်ပြီး တံခါးပြန်ပိတ်ကာ စားပွဲမှာ ဝင်ထိုင်လိုက်
သည်အထိ အရင်းနှီးဆုံးမိတ်ဆွေဖြစ်သည့် ဟိန်းလွင် က တိတ်ဆိတ်
စွာ လိုက်ကြည့်နေခဲ့သည်။ သူ ဝီစကီပုလင်းကို ကိုင်လိုက်မှ ...

"အခု သူက ဘယ်မှာလဲ"

"ရှိတယ် .."

"အေးလေ ... မင်းတို့ အိမ်မှာအတူရှိကြတဲ့အချိန် ဘယ်လိုနေကြ
သလဲလို့မေးတာ .."

သိုက် က ကိုင်ထားသည့်ပုလင်းကို လွှတ်လိုက်ပြီး မှုန်ကုပ်ကုပ်
နှင့် မျက်နှာလွှဲပြီးမှ ...

"ဘယ်လိုနေရမလဲ မြင်နေရရင် သူသေပြီး ငါထောင်ထဲရောက်မှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ အဲဒါကိုသိချင်လို့မေးတာ .."

ဟုပြောပြီး ပါးရိုးတစ်ဖက်နှင့် ညာဘက်နှုတ်ခမ်းထောင့်မှာ ရှ ရော်င်နေဆဲ သိုက် မျက်နှာက ဒဏ်ရာတွေကိုကြည့်ကာ ...

"မိန်းမတစ်ယောက်ဆီက အချစ်ကို ..."

"အချစ်နဲ့ ဘာမှမဆိုင်ဘူး"

သိုက် က ငေါက်ဆတ်ဆတ်ပိတ်ပစ်၏။ ဟိန်းလွင် က ခေါင်း ညိတ်၍ ...

"အေးပါ၊ သူက မင်းကိုမချစ်ဘူးဆိုတာ ငါသိတယ်၊ မင်းက မ ဘူးဆိုတာတော့ ..."

"မယုံဘူးပေါ့ .."

ဟိန်းလွင် က ဘာမှမဖြေဘဲ စိတ်မသက်မသာနှင့် သက်ပြင်းရှိုက်

"ငါပြောမယ် သိုက်၊ မင်းမှ အပြောကောင်းသလို သူမှာလဲ ပြော တွေရှိလိမ့်မယ်၊ ဥပမာ .. အရိုးစင်းဆုံးကွာ .. မင်းမှာ အရည်အ ရှိတယ်၊ ရုပ်ရည်၊ ပညာ အားလုံးပြည့်စုံတယ်၊ အဲဒါကြောင့် လိုချင် မိန်းမ မရှားဘူး၊ သူကရော .. မင်းထက်နိမ့်တာ ဘာရှိသလဲ၊ အဲ ပြန်ကြည့် .."

"မင်းက ဘာသဘောလဲ"

"မင်း ရွှေလက်ဆက် ကို အထင်သေးနေတယ်ထင်လို့ ထော ပြတာ၊ ရင်းနှီးတဲ့မိတ်ဆွေချင်းမို့ အားမနာတမ်းပြောရရင် မင်း သူ ဆက်ဆံတာ ရက်စက်လွန်းတယ်"

သိုက် မျက်နှာ ချက်ချင်းညိုရဲသွား၏။ ဟိန်းလွင်ကို စူးစူးရဲရဲကြ ပြီးမှ စိတ်ကို ပြန်ထိန်းလိုက်ရသလို မျက်နှာခပ်လွဲလွဲနှင့်မဲ့၍ ...

"မိန်းမတစ်ယောက်ရဲ့လျှာစောင်း ဘယ်လောက်ထက်သလဲ .. မ





သားဖူးသလား"

"ဒါကတော့ ခြေရောလက်ရော ကြိုးတုပ်ခံထားရတဲ့သူဟာ ပါးစပ် တစ်ခုပဲ အားကိုးရှိတာ၊ သူပြောနိုင်သလောက်တော့ ပြောမှာပဲလေ၊ ပြောတာမခံနိုင်ရင် မင်း လွှတ်ပေးကြည့်လိုက်ပေါ့"

"ဟိန်းလွင် .. မင်း ..."

စားပွဲကိုထုချလိုက်တာ ဒုန်းခနဲ ဖြစ်၏။ ဝီစကီပုလင်းက တုန်လှုပ် ရုံပဲဖြစ်ပေမယ့် ရေခဲထည့်ထားသည့် ဖန်ကလပ်ချွန်ချွန်လေး လဲကျသွား တာ ရေခဲတုံးကလေးတွေ ခုန်ပေါက်ပြေးဆင်းသွားကြ၏။

"ဆောရီး ... တကယ် .. ဆောရီးပါ"

ဟိန်းလွင် က လက်ကာ၍လည်းတောင်းပန်သည်။ လက်သီးဆုပ် ထားသည့် သိုက် ရဲ့လက်ကို ဆုပ်ကိုင်လှုပ်၍လည်း တောင်းပန်၏။

"ငါက မင်းရဲ့လူပါ၊ မိတ်ဆွေကောင်းပီသစွာ အကြံပြုချင်တဲ့စိတ် နဲ့ ဥပမာလွန်သွားတာ၊ အဲဒါကိုယုံပါ"

ယုံပေမယ့် ဒေါသက မပြေ ..။ သိုက် မျက်နှာက နီမြန်းတင်းမာ နေလျက် တင်းတင်းစေ့ထားသည့်နှုတ်ခမ်းများက ဒဏ်ရာကနာသည့် အရှိန်နှင့် တစ်လှုပ်လှုပ်တွန့်ခါနေ၏။

"ငါပြောချင်တာက ရွှေလက်ဆက် ဟာ သိပ်ကိုလှတဲ့မိန်းကလေး၊ အရိုင်း ဆိုတဲ့ကောင်တင်မကဘူး၊ သူ့ကို ရှုးသွပ်စွဲလမ်းနေကြတဲ့ ယောကျ်ားလေးတော်တော်များများက ခုချိန်ထိ ခေါင်းထောင်ကြည့် နေတုန်း၊ မင်းတို့ရဲ့အိမ်ထောင်ရေးကို နားစွင့်နေကြတုန်း .."

"ဘာလဲ .. အကျကောက်ဖို့လား"

"အဲဒါက မင်းအပြောရင့်တာ ..၊ ငါဆိုလိုတာက အလှအပဆိုတာ ဒို မခံစားတတ်တဲ့လူမရှိဘူး။ မင်းကိုယ်တိုင်ပဲ မချစ်ပေမယ့် မင်းရဲ့နေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အဖြစ်မှာ ကျေကျေနပ်နပ်ထားခဲ့တာပဲ၊ အချစ် ဆိုတာ ချုပ်ကိုင် အမိန့်ပေးလို့မရပေမယ့် သိမ်းသွင်းစည်းရုံးလို့ရတယ်ကွ၊ မုန့်တိုင်းကို လူတွေကြောက်သလိုပေါ့၊ မုန့်တိုင်းမှာ မွေးတဲ့ရနံ့မရှိဘူး၊ မုန့်တိုင်း ကနေ 'လေကောင်းလေသန့်' ကို မရနိုင်ဘူး၊ နူးညံ့ချိုသာမှုနဲ့ စည်းရုံး ရင် တိရစ္ဆာန်လေးတွေတောင်မှ ယဉ်ပါးလာကြတာပဲ သိုက် ရာ၊ မင်း နည်းနည်းလေး နူးညံ့လိုက်လျော့ကြည့်လိုက်ပါ"

"ဒီမိန်းမမျိုးက ..."

"သူ့အချစ်ကို မင်းလိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ မင်းရဲ့ ပြိုင်ဘက်အပေါ်မှာ နိုင်ဖို့က သူ့ကို မင်းပိုင်ထားမှဖြစ်မှာမဟုတ်ဘူးလား ဒါမိန်းမဖြစ်နေပြီပဲလို့ မင်း မာနထားပြီး ဒီအတိုင်းသွားရင် မှားမှာပဲ နှစ်ဦးသဘောတူချစ်ကြတဲ့ အိမ်ထောင်ဘက်တွေတောင်မှ တစ်သက် လုံးမြဲတတ်ကြလို့လား၊ တကယ်တော့ အိမ်ထောင်ဘက်ဖြစ်ကြတယ် ဆိုတာ စိတ်ချင်းပေါင်းကြတာပဲ၊ နားလည်မှုလွဲတာတွေ၊ ညီညွတ်ကြ တာတွေအားလုံးက စိတ်ကြောင့်ဖြစ်တာ၊ မင်း သူ့ကို နိုင်နင်းတယ် ဆိုတာ ဒေါသဖြစ်တိုင်း ရိုက်ပစ်လိုက်လို့ရတာပဲ ရှိမှာပေါ့ ဟုတ်ဘူးလား ..."

သိုက် က အံကြိတ်၍ စားပွဲပေါ်မှာ အရည်ပျော်တစ်ဝက်ဖြစ်နေ သည့် ရေခဲတုံးကလေးတွေကို လက်တစ်ဖက်နှင့် တိုက်ချပစ်လိုက်၏။ ဒါကို ဟိန်းလွင် က တစ်ချက်ငေးကြည့်ကာ ...

"အရည်ပျော်စေတဲ့ အကြောင်းအမျိုးမျိုးတွေထဲမှာ အပူရှိန်တစ်ခု တည်းလိုအပ်တာမဟုတ်ဘူး၊ ကိုယ်တိုင်ပျော်ဝင်ရတော့မှာဖြစ်ဖြစ် ကိုယ်က ပျော်ဝင်လာစေချင်ရင်ဖြစ်စေ ဘာ့ကြောင့်ပျော်ဝင်စေနိုင်မလဲ ဆိုတာကို မင်းမစဉ်းစားလို့မရတော့ဘူး"

"ငါ အဲဒါတွေကို စိတ်မဝင်စားဘူး ဟိန်းလွင်၊ မင်းသိထားတဲ့





...ာတွေကို ဆက်ရှုတ်မနေနဲ့၊ ငါ အခုရင်ဆိုင်နေတာ အိမ်ထောင်ရေး ...တ်ဘူး ... အပြီးမဲ့တိုက်ပွဲ၊ ဒီတိုက်ပွဲမှာ ငါနဲ့ရန်သူ နှစ်ဖက်ပဲရှိတယ်၊ ...ရဲ့သေကွင်းသေကွက်ကို ထိုးနှက်ဖို့တစ်ခုကလွဲရင် ဘာမှမလိုဘူး"

"ဘယ်ဟုတ်မလဲ၊ သူ့ကိုသတ်ဖို့ချည်းပဲ ကြိုးစားရင် မင်းအရင် ...သွားမှာပေါ့၊ ပြိုင်ဘက်ဆိုတာ သူ့မှာလဲ ကိုယ့်ထက်မညံ့တဲ့ အရည် ...ချင်းမျိုးရှိတယ်၊ သူ့ရင်ဝကို အသေသတ်ပစ်ဖို့ မင်းက လေးတင်နေ ...အချိန်မှာ ကိုယ့်ရင်ဘတ်ကြီးတစ်ခုလုံးက သူ့ရဲ့ပစ်ကွင်းဖြစ်နေတာ ...မေ့လို့မရဘူး၊ ငါက မင်းကို ကဗျာတွေရွတ်ပြနေတာမဟုတ်ပါဘူး ...တ် ရာ၊ မင်းလက်ထဲမှာ ဆုပ်မိထားတာကို သူများပုတ်ချပစ်လိုက် ...ဦးလို့ပါ၊ ခုပဲကြည့် ... မင်းက သူ့ရဲ့အညာကို ကိုင်ထားမိပြီထင်ပေ ...ဲ့ သူက 'အမလေး' အော်ပြီး ပြန်လှည့်ပြေးသွားလို့လား"

သိုက် က နေရာမှထရပ်လိုက်ပြီး စောစောစီးစီး စိတ်အိုက်လာ ...ကို သူကိုယ်တိုင်သတိမထားမိဘဲ ဆံပင်တွေကို ခါထုတ်ပစ်လိုက် ...ပြီးတော့ ထပ်ဝတ်ထားသည့်ကုတ်အင်္ကျီကို ချွတ်ပစ်လိုက်သည်။

ဟိန်းလွင်က သိုက် ကို ထိုင်နေရာကနေ မော့ကြည့်နေလိုက်ပြီး ...ညိတ်သည်။ ဖြူဝင်းချောမွေ့နေသည့်မျက်နှာမှာ ချွေးစို့သည့်အရာ ...မှမမြင်ရပါဘဲ အင်္ကျီချွတ်ပစ်လိုက်ရသည့်အဖြစ်ကို သိုက် သတိထား ...လား ...။

တိုက်ပွဲဆိုတာမှာ အရှုံးအနိုင် အဖြေထွက်လာတာမြန်ပေမယ့် ...ဘတ်ထဲကမီးကြောင့် တမြေ့မြေ့ကျွမ်းလောင်နေသည့် သယံဇာတ ...မှာ ဘယ်လိုဒဏ်ရာရပြီး အဖြေထုတ်မလဲ ...။

အထူးသဖြင့် ကိုယ့်ကိုယ်ကိုနားလည်ဖို့ မကြိုးစားသူဟာ ...။

"အခု မင်းပျက်စီးခဲ့တာ ကားသုံးစီးရှိပြီ၊ ကားချင်းတိုက်မိတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လူချင်းငြိကြတာလဲ ဒဏ်ရာကိုယ်စီနဲ့ချည်းပဲ၊ သိပ်ကို ကလေးဆန်တယ် လို့ ပြောစရာဖြစ်လာပေမယ့် မင်းတို့ရဲ့တိုက်ပွဲက လက်ရည်တူချင်း ပညာစမ်းရင်း သူ့သေကိုယ်သေအဆင့်အထိ ဖြစ်လာပြီ၊ အသွင်ရိုင်း ဆိုတာ ဘယ်လောက်ချမ်းသာနေနေ အစက ဘယ်သူမှ သတိမထား မိဘူး။ အခု မင်းနဲ့ငြိတဲ့ကိစ္စတွေကြောင့် သူ့ကို မင်းလိုပဲ လူတွေ သိ ကြပြီ"

"အခု ငါတင်းနေတာ အသွင်ရိုင်း ကိုမဟုတ်ဘူး ဟိန်းလွင်၊ မိန်း တစ်ယောက်ကြောင့် ဒီလိုဖြစ်နေရတာကို မကျေနပ်တာ၊ ဒီပြဿနာ လူသိသွားရင် ငါ့သိက္ခာသွားပြီ"

"ဘယ်သူမှမသိဘူး၊ အဲဒါကို မင်းအေးအေးဆေးဆေး၊ မင်းနဲ့သူက ခွန်အ ဗလချင်း အတူတူပဲ၊ စီးပွားဘက်ချင်းမို့လို့ ပြိုင်ဆိုင်နေကြတယ်ပဲထ တာ၊ အဲဒါက သေချာပါတယ်၊ မင်းကားသုံးစီးဆုံးသလို သူလဲ ကားသုံး ဆုံးတယ်၊ မင်းနဲ့ အချိုးတူ ဆုံးရှုံးခံပြီး တိုက်ခိုက်နေတာ ဘာကြော ဆိုတာ သူ့ဘက်ကလဲ သူကလွဲပြီး တစ်ယောက်ယောက်တော့သိ တယ်၊ မင်းဘက်ကလဲ ငါပဲသိတာ၊ ဒါပေမယ့် ..."

ဒါပေမယ့်ဆိုတော့ သိုက် က ငုံ့ကြည့်၏။ ထိုစဉ်မှာ ဗလ ဘဲကင်လာပို့သည်။ အရည်ပျော် ပျောက်ပျက်သွားပြီဖြစ်သည့် ရေခဲ တို့၏ စိုစွတ်နေဆဲရပ်ကြွင်းအစအနတွေကိုပါ သုတ်သင်ရှင်းလင်း သွား၏။ နောက်ထပ် ရေခဲတုံးတွေ လာပို့ပြီးမှ အပြင်ကနေ တံခါး စေ့ရင်း ထွက်ခွာသွားခဲ့၏။

ခဏလေးပြတ်ကျသွားသည့်စကားကို သိုက် က နားစွင့်နေသ ဟိန်းလွင် က သူ့အတွက် ဝီစကီထည့်ပေးပြီး ပြန်ထိုင်မှုမေးဆက်ကာ –

"မင်းဒေါသဖြစ်တိုင်း လက်ပါတဲ့အကျင့်ကို ဆင်ခြင်သင့်တ





ရွှေလတ်ဆက် ဘာမှအစွန်းအထင်းမဖြစ်ရင် ဟိုကောင်လဲ သူ့အကြံ အစည်နဲ့သူ သိမ်မွေ့စွာ လှုပ်ရှားသွားမှာပဲ၊ ညင်သာစွာ ပေါက်ကွဲခြင်း မျိုးပေါ့"

"ဒါဆို ရွှေလက်ဆက် ကို ထိရဲရင်ဖိုးကြည့်လို့ သူ ငြိမ်းချောက် တာကို ငါက ဂရုစိုက်သလိုဖြစ်သွားမှာပေါ့"

"မစိုက်တော့ရော ဘယ်သူ့မှာအကျိုးရှိလို့လဲကွ၊ ငါ ဒီလောက် ပြောနေတာကိုတောင် မင်းလက်မခံနိုင်တာ၊ မင်းတစ်ခါ သူ့ကိုရိုက်မိ တိုင်း သူက အရေပြားပေါ်ကနေ ရင်ထဲအထိ ဆွဲယူသိမ်းထားမှာ .."

"အဲဒါ ဘာဖြစ်လဲ"

"အကျိုးမရှိတာကို ဘာလုပ်မှာလဲကွာ၊ ငါ့စကားကို မင်းနည်း နည်းလေး ခေါင်းထဲထည့်ကြည့်စမ်းပါ၊ သူ့မှာ ရည်းစားပဲရှိရှိ၊ ညားခဲ့ဖူး တဲ့သူပဲရှိရှိ အခုလက်ရှိ မင်းရင်ခွင်ထဲမှာမဟုတ်ဘူးလား"

"မဟုတ်ဘူး .."

ဒီစကားကိုပြောလိုက်ချိန်တွင် ရင်ထဲမှာ မျက်ခနဲ တစ်ချက်ဖြစ်၏။ ဘယ်သူမှမသိလိုက်ပေမယ့် သူ့ အံကြိတ်ပစ်လိုက်တာကို ဟိန်းလွင် က မြင်သည်။

"အဲဒါ ငါသိတယ်လေ၊ ငါဆိုလိုတာက မင်းပိုင်ဆိုင်ထားတဲ့မိန်း ကွာ – အဲဒါ ..."

"ဒီနေ့ထိ သူ့ကိုငါ ..."

ဘယ်လိုမှပြောမထွက်နိုင် ..။ ယောကျ်ားချင်းမို့ ပွင့်လင်းဖို့ကြိုးစား ပေမယ့် ကိုယ့်မိန်းဖြစ်လာအောင် မရမက ချုပ်နှောင်သိမ်းပိုက်ခဲ့ရတာ ကို မပြောချင် ..။ ထို့နောက်မှာ နမ်းလိုက်မိတိုင်း ခါထုတ်ပစ်တဲ့ မိန်းမ အကြောင်း၊ ဒွေးရောယှက်တင် ပေါင်းဖက်ဖို့ကြိုးစားတိုင်း တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ဘဝရောက်အောင် ပက်ပက်စက်စက် ခိုင်းနှိုင်းပြောတတ် တဲ့ မိန်းမရဲ့ စကားလုံးတွေ ...။ အဲဒါတွေကို ဘယ်လိုပြောပြမလဲ။

သိုက် ဆိုတဲ့ကောင် မိန်းမတစ်ယောက်ကို ဒီလိုနည်းနဲ့ ရအောင်ယူပြီး ဒီလိုဘဝမျိုးဖြစ်နေတယ်ဆိုတာ နင့်သည်းစွာ ရင်ဖွင့်ရအောင် ဒီအဖြစ်မှာ သူ အလဲလဲအကွဲကွဲ လူးလှိမ့်ခံစားနေရလို့လား ...။

စကားတစ်လုံးမှမဆိုသေးဘဲ သိုက် မျက်နှာမှာ မာနရိပ်များနှင့် ခက်ထန်လာ၏။ အစကတည်းက ရှေ့လက်ဆက် ဆိုသည့်မိန်းမ့အပေါ်မှာ မကျေနပ်ချက်များနှင့် လက်ထပ်ယူခဲ့သည့်စိတ်က ဒီနေ့ အဲဒီမိန်းမကိုမြင်လိုက်တာနှင့် လူသတ်ချင်စိတ်တွေ ပေါ်ပေါက်လာတာ ဘယ်သူ လွန်တာလဲ။

ဘာအကြောင်းတွေပဲရှိခဲ့ရှိခဲ့ မိန်းမယားဆိုတာ လင်ယောကျ်ားအပေါ်မှာ သစ္စာတရားရှိရမှာပဲဆိုတာ သူမ ကျတော့ မသိနားမလည်ခွင့်တွေရှိသလား။ သိသိကြီးနဲ့ မှောက်မှားဖောက်ပြားခွင့်တွေ ရှိနေတာလား ...။ ကိုယ့်မျက်စိအောက်မှာနေပြီး နာရီစက္ကန့်နဲ့အမျှ စိတ်ကူးထဲမှာ ကျေကျေနပ်နပ်ကြီး ဖောက်ပြန်နေသည်။ ဒီကောင် ဝုန်းဒိုင်းထကြဲတာ ကျူမှ အပြစ်ဆိုတာကျတော့ ...

"ပြောလေကွာ ...၊ မင်းက ယောကျ်ားချင်းတောင် မပြောရဲအောင် ဖြစ်နေလို့လား"

သူ တိတ်ကျသွားတာကို အကြာကြီးစောင့်ကြည့်နေပြီးမှ ဟိန်းလွင်က မနေနိုင်စွာ ပြန်စ၏။

"ဟုတ်တယ်၊ ငါ့အဖြစ်က ဘယ်လိုခေါင်းစဉ်တပ်ပြောရမှန်းကို မသိတဲ့အဖြစ်၊ မိန်းမတစ်ယောက်ကို လုယူသလိုဖြစ်သွားခဲ့တာ မှန်တယ် ဒါက ..."





"ဒါက မင်းမှာအကြောင်းတွေရှိတာ ငါသိတယ်လေ၊ ဘာရှိသေးသလဲ"

"ငါထင်ထားခဲ့တာက အဲဒီလိုတွေဖြစ်ဖို့မဟုတ်ဘူး၊ အခု ဒီမိန်းမ ကို ငါ ရှုံးနေသလိုပဲ"

မာနကြီးသည့်ယောကျ်ားတစ်ယောက်၏ဝန်ခံချက်က မိတ်ဆွေရင်းချာတစ်ယောက်အနေနှင့် နားထောင်ရက်ဖွယ်မရှိ။ ဒဏ်ရာအထပ်ထပ်၊ သွေးအလိမ်းလိမ်းနှင့်ဖြစ်နေတာတောင် ဒူးအစား ခါးကိုထောက်၍ အံကြိတ်ခေါင်းမော့နေတာမျိုး ...။

"သိပ်ပက်စက်တဲ့မိန်းမ၊ သူ့အကြည့်၊ သူ့စကားတွေကိုမခံနိုင်လို့ တုံ့ပြန်တော့ ငါက ရက်စက်တယ်တဲ့"

"ငါ သဘောပေါက်ပြီ၊ အဲဒါတွေကို ပြီးခဲ့တာတွေလို့ မင်းမထား လိုက်နိုင်ဘူးလား"

ပြောလိုက်တာက ဒေါသဖြစ်စရာပေမယ့် ဒီတစ်ခါ သိုက် ထံမှ ပေါက်ကွဲခြင်းတစ်စုံတစ်ရာမှ ဖြစ်မလာပေ။ ဒီပွဲမှာ ပန်းဝင်ကြိုးမရှိသော်လည်း ဘယ်သူ ပန်းဝင်ကြိုးဖြတ်နိုင်မလဲဆိုတာကို ဖရိုသတ်တစ်ယောက်အနေနှင့် သူကတော့ သိနေပါပြီ။

သိနေတာကို ပြောပြချင်လို့ 'ဒီလိုမနေနဲ့၊ ဒီလိုနေ' လို့ အကြံပြုချင်လို့ ဒါပေမယ့် သိုက် ကို အလွယ်တကူ ပြောဆိုစည်းရုံးလို့မရနိုင်မှန်းလည်း သိနေခဲ့၏။

"ထားခဲ့လိုက်ပါကွာ၊ မင်း အခုလုပ်ရမှာက မင်းစိတ်မဝင်စားဘူးဆိုတဲ့ ချစ်ခြင်းမေတ္တာနဲ့လဲ မဆိုင်သေးဘူး၊ အိမ်ထောင်ရေးကွန်ယက်တစ်ခုလဲမဟုတ်ဘူး၊ ကိုယ့်ကို ပြိုင်ဆိုင်အနိုင်ယူဖို့ကြိုးစားနေတဲ့ကောင်ကို ရှုံးနိမ့်ဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ရဖို့လို့ ပြောပါလား ..။ သိုက် မျက်နှာမှာ အလိုမကျမှုတွေ ဖြတ်ပြေးသွား၏။ မရှုံးနိမ့်ဖို့ဆိုတာက ရှုံးဖို့ရှိနေတယ်လို့ဆိုချင်တာလား။ ဟိန်းလွင် ကလည်း သူ စကားမှားသွားပြီကို သိလိုက်၏။

သိုက် က ဘာမှမပြောသလို မကြားလိုသည့်ပုံနှင့် ပုလင်းနဲ့ဖန်ခွက်ကိုကိုင်သည်။ ဘဲကင်ကိုတော့ ဟိန်းလွင်ရှေ့ တွန်းပေးလိုက်၏။

"စားစရာရှိတာကိုစား၊ စကားမများနဲ့တော့" လို့ ကိုယ့်ပါးစပ်က မပြောပေမယ့် ဟိန်းလွင် နားလည်သွားလိမ့်မည်။

ဘာလုပ်ရမှာလဲ ..၊ ဒီအကြောင်းတွေ ဒီလိုရင်ဖွင့်လိုက်တာနှင့် ထွက်လာမယ့်စကားသံက ဒါတွေပဲဆိုတာကိုသိပြီးသား ..။ တကယ်တမ်း ရင်ဖွင့်တိုင်ပင်ကြတယ်ဆိုတာ လူပျော့လူညံ့တွေအလုပ်ပါ။

ကိုယ့်ရင်ထဲကအမှန်တွေကို ကိုယ်မဟုတ်တဲ့ အခြားသူက သိနိုင်မလား ..။ သူလိုငါလို ရင်ကွဲစာတ်လမ်းမျိုး သိုက် ဆိုတဲ့ကောင် မဖန်တီးဘူးဆိုတာ သိစေချင်သည်။

အချစ်ကို လှူတိုင်း ဆာလောင်တတ်ကြပေမယ့် သူ ဆာနေတာက အမြဲတမ်း အောင်နိုင်ဖို့အင်အားတစ်ခု ..။





## အခန်း (၂၆)

"တောက် .."

ဖုန်းကိုင်ရင်း ရင်ထဲမှာ တနုံ့နုံ့ဖြစ်လာ၏။ ထိုစဉ် တစ်ဖက်မှ လှုပ်ရှားမှုတစ်ချက်နှင့်အတူ ...

"ကိုသိုက် .."

"လေဆိပ်ကပစ္စည်းတွေကို သွားရွေးဖို့ အသွင်ရိုင်း တို့သုံးယောက်ကို လွှတ်လိုက်တယ်ဆို .."

"ဟုတ်တယ်လေ .. ကိုသိုက်ပဲ .."

"မလိုချင်ဘူး၊ တခြားလူတွေထဲက မြန်မြန်ရွေးပြီးလွှတ်လိုက်၊ အသွင်ရိုင်း မပါစေနဲ့"

"မဟုတ်ဘူး ကိုသိုက်၊ အဲဒါ ..."

"အောင်ဟိန်း ... မင်းက ငါပြောတာကို အထွန့်တက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကိုသိုက်ရယ်၊ အဲဒါ ကိုသိုက် နိုင်းတာဆိုပြီး ဦးလေးကြူးကိုယ်တိုင် လွှတ်လိုက်တာ .."

"ဦးကြူးကိုခေါ်လိုက် .."

"ဟုတ်ကဲ့ .."

သိပ်မကြာလိုက်ဘဲ ဖုန်းက လက်ပြောင်းသွား၏။

"မောင်သိုက် .. ဘာဖြစ်လို့လဲ"

ဦးကြူးအသံကြားလိုက်တော့ ပင့်သက်တစ်ရှိုက်နှင့် ဒေါသအနည်းငယ်ကို ပြန်မျိုချရသည်။ ဦးကြူးက သူ ထုထောင်ထားသမျှအိလက်ထရွန်းနစ်လုပ်ငန်းအားလုံးကို ကောင်းမွန်နိုင်နင်းစွာ အုပ်ချုပ်နိုင်သူ ..။

"ဦးကြူး ... အသွင်ရိုင်း ကို ဘာဖြစ်လို့လွှတ်လိုက်တာလဲ၊ သူက လူသစ် .."

"သိပ်တော့ မသစ်တော့ပါဘူးကွာ၊ ပြီးတော့ သစ်သစ်ဟောင်းဟောင်း .. သူ့အရည်အချင်းကို ကျေနပ်စိတ်ချလို့ သူ့နေရာနဲ့သူ စေ့အပ်ခဲ့တာမို့လား"

"မဟုတ်ဘူး ဦးကြူး၊ ဘာပဲဖြစ်ဖြစ် သူ့ကို ဒီလို ကိုယ်စားလွှတ်တာက ..."

"မောင်သိုက် စိတ်ချနေပါ၊ သူ့အပြင် ဒီနေရာကိုသွားနိုင်တာ တခြားလူမရှိလို့မဟုတ်ပေမယ့် သူနဲ့သာအသင့်တော်ဆုံးဆိုတာ ဦးကြူးသက်သေပြပါ့မယ်"

"ကျွတ် ..."

"ဟိုတစ်ခါလဲ ပစ္စည်းတွေမမှန်လို့ တို့တွေ အားလုံးလက်ထဲရောက်လာမှ စိတ်ညစ်ကြရတယ်၊ အခု ဝင်လာတဲ့ပစ္စည်းက နှစ်ဆင့်ခံပစ္စည်း





ဖြစ်နေတယ်လေ၊ နိုင်ငံခြားပစ္စည်းဆိုတော့ ကိုယ်စားလှယ်စိတ်ချရမှ နောက်ကြောင်းအေးတာ၊ တို့မှာ စိတ်ချရတဲ့ နိုင်ငံခြားကိုယ်စားလှယ် မရှိသေးဘူး၊ ပစ္စည်းရောက်လာတိုင်း ရင်မောရတာ အဲဒီအချက်ပဲ"

"ပြီးရောဗျာ ..၊ အဲဒါကိုထားလိုက်တော့၊ နောက်ကို နိုင်ငံခြား ကနေ တိုက်ရိုက်မမှာနဲ့တော့၊ LADDER ကုမ္ပဏီကနေ လိုသလောက် မှာယူလိုက်"

ဖုန်းထဲက ဦးကြူးရဲ့သက်ပြင်းချသံသဲ့သဲ့ကို သူမကြားလိုက်တော့ပါ။

"ကိုသိုက် .. ခုတစ်လော တစ်မျိုးပဲနော်"

ဦးကြူးက ဖုန်းချလိုက်ရင်း ခေါင်းတခါခါဖြစ်နေသည်။

"သူလဲ လူငယ်ကိုး၊ အသွင်ရိုင်း နဲ့ဆို မတိမ်းမယိမ်းပဲဖြစ်မယ်၊ သူတို့ချင်း ပြေလည်ကြပုံမပေါ်ဘူး"

လူကြီးဝီဝီ နားလည်ဖို့ပဲ ကြိုးစားလိုက်၏။ အောင်ဟိန်း ကတော့ တွေးမရသည့်ပုံနှင့် ဦးကြူးဘေးကနေ ပါလာကာ ...

"အသွင်ရိုင်း ဆိုတဲ့လူကတော့ ကိုသိုက်ကို တော်တော်ခင်ပုံပဲ၊ ပြီးတော့ သူ့ခမျာ ကိုသိုက်ကိုပဲ မျက်နှာရလုပ်ချင်နေတာ၊ ဦးလေးကြူး ပြောသလို ကိုသိုက်က မကြည်ဖြူလို့ အလုပ်ဖြုတ်လိုက်မှာကို ကြောက်လို့ထင်တယ်"

ဦးကြူးက နားနေခန်းထဲရောက်ပြီးလို့ ထိုင်ချလိုက်ကာမှ ...

"အင်း .. အဲဒီလိုထင်ရပေမယ့် အသွင်ရိုင်း ကလဲ ညံ့တဲ့လူတော့ မဟုတ်ဘူး၊ ကိုမောင်ဦးပြောပုံအရဆိုရင် ..."

စကားကို ဒီနေရာမှာပဲ ရပ်ပစ်လိုက်ပြီး ဦးကြူးက မျက်မှောင်အုပ်နှင့် ငြိမ်သွား၏။

"အသွင်ရိုင်းက ဝန်ထမ်းပုံပမ်းနေပေမယ့် အလုပ်ရှင်ပုံပေါက်မနေ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ကိုကြူ။ ဒါပေမယ့် မောင်သိုက်လိုတော့ မဟုတ်ဘူးနော်၊ မောင်သိုက်က စီးပွားတွက်ကြမ်းတယ်၊ သူက ပညာကိုအလေးထား ပြီးနေစပ်တာ၊ ကျွန်တော်ကြားထားသလို သွင်သူဌေးဆိုတာများ အသွင်ရိုင်း ဖြစ်နေရင်တော့ တော်တော်စိတ်ဝင်စားစရာပဲဗျ"

ဟုတ်သည် ..။ ကိုမောင်ဦး ရယ်ရင်းပြုံးရင်း ပေါ့ပေါ့ပါးပါး ပြော သွားတာပေမယ့် ဒါဟာ ကြာလေ စိတ်ဝင်စားဖို့ကောင်းလေ ...။

တစ်ယောက်က ပြုံးနေနိုင်သူဖြစ်ကာ တစ်ယောက်က မှန်နေ သလိုလို ..။ သူငယ်ချင်းတွေဖြစ်ခဲ့ဖူးရင်တောင် ဟိုတုန်းကပဲ ဖြစ်လိမ့် မည်ထင်သည်။ ဒါမှမဟုတ်လျှင် အပြိုင်အဆိုင်ကလဲ့စားတွေများလား။

သိုက် က ခင်မင်ခြင်းလုံးဝမရှိတာကတော့ သေချာနေခဲ့လျက် ..။





## အခန်း (၁၇)

မိုးတွေ ဝုန်းဒိုင်းကြဲရွာနေသည့်ကြားထဲမှာ အေးအေးလူလူ ရှိနေ သင့်ပါလျက် အိပ်မပျော်ဘဲဖြစ်နေ၏။ အိပ်ရာထဲလှဲနေပြီး အိပ်မပျော် တိုင်း ဟိုဘက်ဒီဘက်လှိမ့်နေတော့ ကိုယ်ပေါ်တင်ထားသည့်စောင်က တစ်ကိုယ်လုံးမှာ ကြိုးတုပ်ထားသလိုဖြစ်လျက် အစပျောက်နေ၏။

ရေအိမ်သွားချင်လို့ ထဖို့လှုပ်ကြည့်ရင်း ကိုယ့်အဖြစ်ကို ဒေါသ သည်းဖြစ်၊ ရယ်လည်းရယ်ချင်။ ထိုစဉ် ...

"မမလေး ..."

"ဒေါက် .. ဒေါက် .."

တံခါးခေါက်ရင်း ခေါ်လိုက်သည့်ကောင်မလေးအသံက အရေး တကြီး ..။

"ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ကလူတွေ ဘယ်သူ့ကိုမှ ပြေပြေပြစ်ပြစ် မဆက်ဆံခဲ့ပေ။ အားလုံးက သူ့လူတွေချည်းပဲဖြစ်သည်။ နောက်ထပ် လူတွေ တိုးပွားလာတိုင်းလည်း သူ့သဘော၊ သူ့ဆန္ဒအတိုင်း လှုပ်ရှားနေကြသည့် စက်ရုပ်သာသာတွေ ..။

"မမလေး .. အစ်ကိုလေး အဖျားတွေတက်နေလို့ .."

"အဲဒါ ဘာဖြစ်လဲ"

အိမ်သားအားလုံး သူနဲ့ကိုယ်ရဲ့ဆက်ဆံရေးအခြေအနေကို သိနေကြတာပဲမို့ ဘာမှဟန်ဆောင်မှုတွေလုပ်ပြီး သွားဖြဲဖြဲပြနေဖို့မလို ..။

"ဟိုလေ .. ကျွန်မတို့ ဘာမှမလုပ်တတ်လို့ပါ"

"မလုပ်တတ်ရင် ဆရာဝန်ပင့်လိုက်၊ ငါက ဆရာဝန်မှမဟုတ်တာ"

ရေအိမ်သွားမည့်အစီအစဉ်ကိုဖျက်လိုက်ပြီး စောင်ကိုခွာချပြီးကာမှ ကိုယ်ပေါ်ကိုပြန်ဆွဲတင်ကာ ဖျတ်ခနဲ ပြန်လှဲပစ်လိုက်သည်။ မျက်လုံးက နာရီဆီရောက်သွားစဉ် ဆယ့်နှစ်နာရီထိုးနေပြီကို သတိရသွား၏။

ဒီအိမ်မှာ မိသားစုဆရာဝန် ဘာညာဆိုတာလဲ မရှိသေးပါ။ အချိန်မတော် ဘယ်ဆရာဝန်ကိုခေါ်မလဲ ..။ အပြင်ကခေါ်သံပျောက်သွားတော့လည်း စိတ်ထဲမှာ တစ်မျိုးဖြစ်သွားမိသည်။ သူတစ်ပြန် ကိုယ်တစ်ပြန် ပြောဆိုရန်ဖြစ်နေနိုင်တုန်းမှ .. တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုလက်နက်ကြီးငယ်တွေနဲ့ပဲ ပစ်ခတ်တိုက်ခိုက်နေနေ အကြောင်းမဟုတ်။ ခုလို နာမကျန်းဖြစ်နေတုန်းမှာ ဒီလိုနေဖို့ မတော်ဘူးထင်သည်။ ငါက ဘေးလူပြောစရာဖြစ်မှာစိုးသည့်စိတ် မဟုတ်ပေ။

စာနာတတ်သည့် ရင်ထဲကတကယ့်စိတ်ရင်းဖြစ်သည်။ သို့သော် မကြာမကြာ ရိုက်နှက်ခံခဲ့ရသည့် ပါးပြင်ကို ပြန်စမ်းကြည့်မိတော့ စိတ်ထဲမှာ တင်းခနဲဖြစ်၏။





"မမလေး ..."

တံခါးမခေါက်တော့ဘဲ နောက်ထပ်ခေါ်သံပေါ်လာတော့ ဆက်ဘတ်တုတ်ထထိုင်လိုက်ရင်း ...

"လာမခေါ်နဲ့ .. သွား။ ဘယ်သူဖြစ်ဖြစ် တူသောအကျိုးပေးမှာပဲ၊ သူများကိုနှိပ်စက်လို့ သူ့ကို အမှန်တရားက နှိပ်စက်တာ၊ ဘာဖြစ်ဖြစ် လုံးဝမလာဘူး"

အော်ထုတ်ပစ်လိုက်ရင်း ဆက် အသက်ရှူပြင်းနေခဲ့၏။ ပြီးတော့ တစ်ညမှာ သူ နာကြည်းစွာပြောခဲ့သည့်စကားတွေကို ပြန်သတိရမိသည်။

"ဘာလဲ၊ ဘာကိုအနိုင်ကျင့်တာလဲ၊ မင်းမှာ မိနဲ့ဘနဲ့ အဒေါ်သားချင်းတွေနဲ့၊ ငါက ဘယ်တုန်းကမှ အသိုင်းအဝိုင်းမရှိခဲ့တဲ့ကောင် .."

"မင်းကို ငါက အရိုင်း လို့ခေါ်ပါတယ်၊ ချစ်ပါရစေ၊ ကြိုက်ပါရစေလို့ ပြောခဲ့တာလား။ မင်းကိုယ်မင်း ပြန်မေးကြည့်စမ်းပါ"

"ရစ်ပတ်ချည်နှောင်ခြင်းဆိုတာကို မင်း ဘယ်လိုနားလည်သလဲ ဟေ၊ အဲဒါ အတူတွဲပြီးပြောနေကြပေမယ့် လုံးဝမတူဘူးနော်၊ မှတ်ထား .. ရစ်ပတ်ခြင်းက သဘာဝ၊ ချည်နှောင်တယ်ဆိုတာကျတော့ ဖန်တီးတာ မင်းနဲ့ငါ ချည်နှောင်ခဲ့ကြတာမဟုတ်ဘူး၊ ရစ်ပတ်မိကြတာ၊ ဒီလိုဖြစ်အောင်လဲ မင်းကစတာ .."

"ဒီပြဿနာမှာ မင်းတို့နှစ်ယောက်ကတော့ သန့်စင်မွန်မြတ်ခြင်းတွေနဲ့ ချည်နှောင်ပြီး မဟာဆူစွာတွေထားကြလို့၊ ငါကတော့ နှစ်နားညီပြီးဖြစ်ဖို့အတွက် လိုတဲ့အနားသတ်မျဉ်းတစ်ကြောင်း .."

"ပြောရင် ငါက ပက်စက်တယ်ချည်းပဲ၊ မင်းကိုယ်မင်း ပြန်မေးကြည့်ပါဦး၊ ဘယ်အချိန် ဘယ်အရွယ်လောက်ကတည်းက မညီးစား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလပ်ဖြစ်ခဲ့တာလဲ၊ ငါလိုကောင်က ယောက်ျားပေမယ့် မိန်းကလေ
ဖြစ်တဲ့မင်းထက် အများကြီးသန့်စင်ခဲ့တာ၊ မင်းကြောင့် ...”၊

သူ နာကျဉ်စွာပြောသည့်စကားတွေထဲမှာ ဆက် ကိုယ်တိုင်လက်
ထားခဲ့မိတာ ဒီစကားတွေကိုပါ ..။ အဖြစ်တွေ ဘယ်လိုပဲရှိခဲ့ရှိခဲ့ သိုက်
ဆိုသည့်လူ ဘယ်လောက်ထိ ဘဝင်တွေမြင့်နေမှန်း ဒီလူကိုစပြီး မိ
ဝင်စားပြီဆိုကတည်းက ကြားခဲ့ရသည်။

အရိုင်း လို့ထင်ပြီး ဆက် က လိုက်ခေါ်တုန်းကလည်း သူ့ဘ
က ဖော်ရွေလိုက်လျောမှုတွေနှင့် လက်ကမ်းကြိုခဲ့တာမဟုတ်။ ကို
က အားမလျှော့ခဲ့လို့သာ တွဲခဲ့ ငြိခဲ့မိတာဖြစ်သည်။ ဒါတွေကို တစ်ချ
ကလေး ပြန်ငဲ့ပေးခဲ့ရင်း သူ ယုတ်မာရက်စက်သမျှကို ဝဋ်ကြွေးတ
လို့ပဲမှတ်၍ ပေးဆပ်နေခဲ့တာပါ။

ဒါပေမယ့် ကိုယ်ကလည်း ကျောက်တိုင်ကြီးမဟုတ်၊ ရှင်
ကိုယ်တိုင်ကလည်း ရက်စက်တဲ့သူပါ။ လူတိုင်း ကိုယ်ပေးသမျှကို ပြ
ကြတာဆိုတော့ ခံကြည့်ပေါ့ပါဦး ...။

ရင်ထဲမှာ စာနာစိတ်နှင့်ယှဉ်သော နာကြည်းမှုတွေ တရိပ်
တက်လာရင်း ဆက် နှုတ်ခမ်းလေးမဲ့မိသည်။ ပြီးတော့ အိပ်ရာပေါ်
ဆင်းလိုက်၏။

အခန်းတံခါးဖွင့်လိုက်သည်နှင့် အခန်းထောင့်နေရာတိုင်းမှာရှိ
သည့် အပြာရောင်ညအိပ်မီးလုံးလေးများ၏ အလင်းရောင်ဖျော့
နှင့်အတူ မိုးသက်လေအေးက စိမ့်ခနဲ ဝေ့သွား၏။ ဘယ်နားက ပြတ
ပေါက်ပွင့်နေပြီလဲ ...။ ရေအိမ်ကိုမသွားဖြစ်ဘဲ လေတိုးဝင်လာသ
ဘက်ကိုပဲ ထွက်လာခဲ့မိသည်။ ထိုစဉ် သိုက် ၏ စကားသံတစ်ခ
ညည်းထွက်လာ၏။





“သွားကြစမ်းပါ့ ငါ ကန့်ထုတ်မိတော့မယ်”

သိပ်မကြာလိုက်ဘဲ လူရိပ်တွေ ကမန်းကတန်း ထွက်လာကြတာ
မြင်တော့ ဆက် က အပေါ်ထပ်ဧည့်ခန်းကျယ်ကြီးထောင့်မှာ အသာ
ငြိမ်နေလိုက်၏။ ဖြစ်နိုင်သည်က ဗလနှင့်မနီတို့ ဆူခံထိပြီဖြစ်၏။

သိုက် ဆိုသည့်လူစားက သူလိုအင်ဘယ်တော့မှ ပြည့်ဝမည့်လူ
မဟုတ်ပေ။ လောကမှာရှိသမျှ ပြည့်စုံကြွယ်ဝခြင်းအားလုံးကို မခက်ခဲ
ဘဲသိန်းဘဲ ရယူချင်တဲ့သူ ...။ ဒီအတွက် သူဘေးမှာရှိနေသူအားလုံးဟာ ...။

“ဟင် ...”

ဆက် ဒီဘက်ကိုပြန်လှည့်လိုက်စဉ် အခန်းထဲကထွက်လာသည့်
သိုက် ကို လှမ်းမြင်လိုက်ရ၏။ ဆောင်းတွင်းဝတ် သိုးမွေးညဝတ်အကျီ
ရှည်ကြီးနှင့် လက်ပိုက်ထားသေးသည်။ ပြီးတော့ အခန်းပြင်ကိုရောက်
လာပြီး ခြေနှစ်လှမ်းသုံးလှမ်းလောက်မှာ နံရံပေါ် ပစ်ကပ်မှီကျသွား၏။

“အား ... ကျွတ် .. ကျွတ် ...”

ဘယ်လိုဝေဒနာကြောင့်ညည်းမှန်းမသိဘဲ မတ်မတ်ပြန်ရပ်ဖို့ကြိုးစား
နေတာမြင်ရ၏။ သို့သော် ခြေလှမ်းစလိုက်သည်နှင့် နံရံမှာပဲ ကျောကပ်
လျက် မှီကျသွားကာ ဒီတစ်ခါ အကြာကြီးငြိမ်သက်သွားသည်။

ဆက် ထိုဘက်ကို ခြေဦးလှည့်ခဲ့မိသည်။ ပါးပြင်မှာ ဒဏ်ရာမပျောက်
သေးပေမယ့် ဒီလိုဖြစ်နေတာကြီးကို ကျောခိုင်းထွက်သွားဖို့ထိတော့ သူမ
ခြေဦးမကြီးနိုင်။

“ကျွတ် .. ကျွတ် ...”

သူမ အနားရောက်သွားတော့ သိုက် က အနည်းငယ်လှုပ်ရှား
သွား၏။ သို့သော် ဘယ်လိုမှမဟန်နိုင်ဘဲ ရှေ့ကို စိုက်ခနဲ ယိုင်ဆင်းလာ
ခြင်း ဆက် ကို ကျူးဖက်လိုက်သလိုဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အို .. လဲကုန်တော့မှာပဲ"

ကိုယ့်ကိုယ်ကို သူနဲ့အတူ လဲကျမသွားအောင်ထိန်းရင်း သူ့ကိုယ်ကြီးကိုပဲ ပြန်ဖက်ထားလိုက်ရသည်။ ထိုအခါ နှစ်ယောက်သား ပွေ့ဖက်ထားသည့်ပုံနှင့် ဒယီးဒယိုင်တွေဖြစ်ကုန်ကြ၏။

"သိုက် .. ရှင် သတိထားလေ၊ ဒီမှာ ..."

"ဟင် ..."

သိုက် တစ်ကိုယ်လုံး ပူခြစ်လျက် လက်ဖျားတွေက အေးစက်နေသည်။ သူ ဒီလောက်ဖြစ်နေမှန်းသိတော့ ဆက် ရင်ထဲက မတင်မကျဖြစ်လာခဲ့သော မကျေနပ်သည့်အဖုအကြိတ်တွေ တခဏ် ပျောက်ဆုံးသွားခဲ့ပြီ။

"သိုက် ..."

"ဟင် .."

သူကလည်း မဟန်နိုင်အောင်ဖြစ်နေပေမယ့် ခေါ်လိုက်တာနှင့် ပြန်ထူးသည်။ ပြီးတော့ သူ့မွေ့ပိုက်ထားသည့်သဏ္ဍာန်ကို စူးမှသတိထားမိသွားသလို မေးစင်းသည့်မျက်ဝန်းများနှင့် ငုံ့ကြည့်၏။

"ဆက် .. မင်း .."

ဒါပဲပြောပြီး အသံတော်တော်ကြီးတိုးကျသွားကာ ...

"ရွှေလက်ဆက် ..."

ဟု ခေါ်သည်။ သူ့လက်တွေကို ဖြေချမလိုပြင်လိုက်ပြီးမှ ပြန်၍ အားပြုဖက်ထားလိုက်ရင်း ...

"တို့ကို လေတိုးနေတဲ့ ပြတင်းနားထိ နည်းနည်းတွဲပေးပါ"

"လေတိုးနေပါတယ်ဆိုမှ ဖြစ်မလား။ ရှင်ဒီလောက် ကိုယ်ပူနေတာ .."





"ပူနေပေမယ့် အဲဒီပူတာကို လုံးဝမခံချင်ဘူး။ ဖယ် .. ဖယ်တော့"

"မဟုတ်ဘူး၊ အို .. ရှင် ဘယ်လိုဖြစ်နေတာလဲ"

ပြောပြောဆိုဆို သူက ဆက် ကို တွန်းဖယ်လိုက်၏။ ဆက် က နောက်ကိုဆုတ်ပေးလိုက်သလိုဖြစ်ပြီးမှ အတင်းပြန်ထိန်းဆွဲကာ ...

"ပြတင်းပေါက်နားမှာ မိုးလဲပက်ဦးမှာ၊ ရှင် ကလေးမဟုတ်ဘဲနဲ့ ခေါင်းမာမနေစမ်းပါနဲ့၊ အထဲကျမှ ဒီအင်္ကျီကြီး ပြန်လဲလွှားလိုက်ရင် သက်သက်သာသာနေလို့ရတယ်"

"အဲဒါလဲမရဘူး၊ ပူလိုက်ချမ်းလိုက်ဖြစ်နေတာ၊ ချမ်းလာပြီဆို ကိုယ်ပေါ်ကို ဘာဆွဲတင်လို့မှမပြေဘူး"

"အဲဒါ ပြတင်းပေါက်နားကိုသွားတော့ ပိုဆိုးမှာပေါ့"

ဆက် က သူ့ကိုတွဲ၍ အခန်းထဲပြန်ခေါ်သည်။ သိုက် ထံမှ နောက်ထပ်ညည်းညူသံမကြားရတော့ဘဲ အိပ်ရာထဲလှဲမိတဲ့အထိ တိတ်ဆိတ်နေ၏။ ဆက် က သူ့အတွက် ညဝတ်အင်္ကျီအပါးတစ်ထည် ထုတ်ယူလိုက်ပြီး ခုတင်ဘေးမှာ ဝင်ထိုင်လိုက်ကာ ...

"ထ .. ဒီအင်္ကျီလဲဝတ်လိုက်"

သိုက် က သူ့ဟာသူလက်ထောက်၍ ထထိုင်လိုက်သည်။ အင်္ကျီတော်ဆိုပြီး ချပေးလိုက်ဖို့ စိတ်ကူးဖြစ်လိုက်မိပေမယ့် သူ့မျက်နှာနီရဲနေတာနှင့် မျက်စိမပွင့်လောက်အောင်ဖြစ်နေတာကို မြင်သည်မို့ ဆက် ကိုယ်တိုင်လဲပေးလိုက်သည်။

ဖရိုဖရဲဖြစ်နေသည့် စောင်အထူကြီးကို သေချာပြန်ခေါက်ကာ ဗီရိုထဲက စောင်ပါးလေးတစ်ထည်ထုတ်၍ နှစ်ထည်စလုံးကို ခြေရင်းမှ သပ်ထားလိုက်သည်။ ပြီးတော့ ကော်ဖီပူပူတစ်ခွက်ဖျော်ပြီး သူ့ကို လှည့်ကြည့်မိ၏။ မျက်လုံးတွေမှိတ်၍ မိန်းမောနေမည်ထင်သည့် သိုက်



www.burmeseclassic.com

www.burmeseclassic.com



က သူမ ထင်သလိုမဟုတ်ဘဲ မျက်တောင်ဖျားတွေ မှေးစင်းနေလျှင် နှင့် သူမ ကို လိုက်ကြည့်နေ၏။ မျက်လုံးချင်းဆုံလိုက်မှ ...

"မင်းကို မိနီ လာခေါ်တာလား"

မဟုတ်ဘူး၊ ဟုတ်တယ် ဖြေဖို့က နှစ်မျိုးစလုံးမှာ ရင်းပြဖို့တွေ ရှိနေသဖြင့် ဆက် က ခေါင်းညိတ်ရုံပဲညိတ်ပြလိုက်၏။ ကိုယ့်ဘာသာ ရောက်လာတာပါဟုဖြေလျှင် စေတနာ၊ မေတ္တာ ဆိုတာတွေကို ကိုယ် က ဖွင့်လှစ်ပြချင်တာမျိုးသက်ရောက်နိုင်၏။

"ရှင် ပြန်ထလိုက်ဦး၊ ပါရာစီတမောနဲ့ ကော်ဖီသောက်လိုက်၊ ချွေး ထွက်သွားမှ ပူနေချမ်းနေတာတွေ နည်းနည်းသက်သာမှာ ..."

"အခု သိပ်မပူတော့ပါဘူး၊ ဒီမှာ မင်းဘာအကြံတွေနဲ့ မာယာတွေ သုံးနေတာလဲ"

ဆက် မျက်နှာလေး မည်းခနဲဖြစ်သွား၏။ ကျေးဇူးကန်းသည် ရာဇဝင်၊ ပုံပြင်တွေအများကြီးထဲက ဘယ်ပုံဝတ္ထုကိုရွေးပြီး နိုင်းနှိုင်း မှန်းမသိ။ ဒါပေမယ့် နားလည်လိုက်သည်က သူ မေးထိုက်သည်ပဲ ..။

သူက ကိုယ့်ကို မသေရုံတစ်မယ်ထိ ညှဉ်းပန်းနှိပ်စက်သွားမည် ဆိုသော ရည်ရွယ်ချက်တွေကိုပင် ထုတ်ဖော်ကြေညာခဲ့တဲ့သူ ..။ ထို ကြောင့် မြန်မြန်ဆန်ဆန်ခေါင်းညိတ်ပစ်လိုက်ရင်း ...

"ဟုတ်တယ်၊ ရှင့်ကို မြန်မြန်သေအောင်သတ်ချင်လို့ ..."

သိုက် က ဘာမှမပြောဘဲ ဆက် မျက်နှာလေးပြောင်းလဲနေတာ ကို စိုက်ကြည့်နေ၏။ စကားဝါရောင် ပိုးဖျော့ညဝတ်အင်္ကျီပွပွလေးနှင့် ဆံပင်တွေ ဖြန့်ချထားသည့် ဆက် သည် ပါးပြင်လေးတွေပါ ဝါရွှေဝင်း နစ်နေသည်။

ဆံပင်ရှည်သလောက် နဖူးပေါ်မှာ ဆံမြိတ်တို့မရှိသည်မို့ အနည်





ငယ်မေးရိုးကားသော သူမ မျက်နှာလေးက လှပနုသစ်ခြင်းအပြင် ဆွဲ ဆောင်မှုအပြည့်နှင့် ထူးခြွေကြီးစွာရှိနေ၏။

ကကြီးပုံ နဖူးပြေပြေလေးနှင့် သွယ်တန်းလာသော မျက်ခုံးတန်း နက်နက်လေးတွေက မီးရောင်အောက်မှာ ပုံချပေးထားသလိုပင်။ ညှို့မျှ ယူဆသန်းစိုနေသည့် မိန်းမလှလေးတစ်ဦးက သူ့ရင်ခွင်ထဲမှာရှိနေလျက် နှင့် သူ့ရဲ့ အဝေးဆုံးလူဖြစ်နေခဲ့၏။

ဒေါသလို့သတ်မှတ်လိုက်သည့် ခံစားချက်တစ်ရပ်က ရင်ထဲမှာ ကျွင်းခနဲ ထိရှသွားသည်။ သူ ဒီမိန်းမကိုမှ တိမ်းညွတ်နေခဲ့ပြီလား ..။ ဒီလိုတော့ ဘယ်နည်းနဲ့မှအဖြစ်မခံနိုင် ..။

ရက်ရက်စက်စက် ကျကျနန နှိပ်စက်နေတာတောင်မှ အသွင်ရိုင်း ဆိုတဲ့ကောင် ထိုးနက်ဖော်ကားသွားတာတွေက တစ်ခါတစ်ခါ ကိုယ့်ကိုယ် ကိုယ် ဘာကောင်ဖြစ်ဖြစ်သွားမှန်းမသိ။ အကယ်၍ ဒီမိန်းမကို သူ ချစ်မိ နေတဲ့သူ ဖြစ်နေခဲ့လျှင် ...။

"အေး .. မင်းရင်ထဲမှာ ဘာရှိရှိ ငါကတော့ မင်းကိုမယုံဘူး။ စော စောက မင်း တမင်ရွဲ့ပြောလိုက်တာမှန်း နားလည်ပေမယ့် မတော်သာ တဲ့အပိုင်းနဲ့ စေတနာလက်တစ်ဆစ်လောက်တောင် မထားလိုက်နဲ့၊ ပြန်တော့ .."

တမင်စော်ကားပြောလိုက်တာမို့ ရုတ်တရက် မျက်နှာကိုကြည့် ပြောတဲ့အထိတော့ မတတ်နိုင်ခဲ့ပေ။ သူမ စူးစူးဝါးဝါး စိုက်ကြည့်နေတာ တို့ စိတ်ကခံစားမိလာမှ မထားတတ်သလိုဖြစ်နေသည့်မျက်နှာကို မျက်မှောင်ကုပ်ထားရင်း ပြန်လှည့်ကြည့်လိုက်၏။

"မင်း ငါ့ကို အဲဒီမျက်လုံးနဲ့မကြည့်နဲ့"

"ကြည့်ခွင့်ပြုပါ၊ အဲဒီလိုကြည့်မှ ရှင်က ပြန်ကြည့်လာမှာမို့ ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



မှဖြစ်မယ်၊ ကျွန်မက ရှင့်မျက်နှာကို မျက်လုံးချင်းဆုံကြည့်ပြီး ပြောဖြ ချင်တာရှိလို့လေ”

မယုံနိုင်အောင် အေးစက်စက်ထန်နေသည့် သူမ မျက်ဝန်းတွေ ကို မယုံနိုင်ခြင်းနှင့်အတူ ဘယ်လိုမှ အထင်သေးလို့မရတော့ဘဲဖြစ်ခဲ့၏။

သူ အပေါ်ယံစံစားမိလိုက်တာက သူမ ဘက်က တမင်နှုးညံ့ချင် တာမဟုတ်ရင်တောင် သူ့အတွက်မို့ မနေနိုင်မထိုင်နိုင်ရောက်လာခဲ့ရ သည်။ သူကသာ သူမ၏ပြုစုယုယခြင်းတွေကို ကြည်မွေ့စွာ လက်ခံ ရယူနေမည်ဆိုလျှင် သူနဲ့သူမ ဒီအတိုင်း ...

“ဒီတိုင်းပဲ ရှင့်ဘေးမှာ ကျွန်မက အများသူငါနေရာယူသလို လင် မယားယောင်ဝင်အောင် ကြိုးစားတယ်လို့ ရှင်ထင်သွားတာလား”

သူမ ကလည်း သူ့မျက်ဝန်းထဲကစာကို ကုန်စင်အောင်ဖတ်တတ် ခဲ့ပြီး နှုတ်ခမ်းလှလှမှာ အကျည်းတန်သည့်မဲ့ပြုံးနှင့် ...

“အဖြစ်မှန်ကိုမမြင်ဘူးဆိုတော့ စိတ်မကောင်းစရာပဲ၊ ကျွန်မရဲ့ စိတ်ကိုက မစားရတဲ့သူကိုကျွေးချင်တယ်၊ မရှိရင်ပေးချင်တယ်၊ လမ်း သွားရင်း ဖိနပ်ပြတ်တဲ့ လူအိုလူနာ တွေ့ရင် ဖိနပ်ချွတ်ပေးပစ်ခဲ့တာ မျိုး...”

အိပ်ရာထက်မှာ ထိုင်လျက်ဖြစ်သွားတဲ့အထိ သိုက် မခံရပ်နိုင် အောင်လှုပ်ရှားသွားတာကို ဆက် က တစ်ချက်ငဲ့ကြည့်ပြီး နာကျင်စွာ ပြုံး၏။

“တစ်ခါကဆို သိုက်ကောင်မပြောဘူး၊ ခွေးလေခွေးလွင့်သားအမိ တစ်အုပ် ခြံရှေ့မှာမိုးမိပြီး ခိုက်ခိုက်တုန်နေတာမြင်လို့ ခြံထဲခေါ် လာပြီး နေရာပေးတယ်၊ သူ့ ကိုယ်က ရေစိုနေတာတို ခြောက်သွေ့အောင် သုတ်ပေးပြီး အနွေးဓာတ်ရအောင် ဖန်တီးပေးတယ်၊ ခုလိုမျိုးပေါ့လေ၊





ဒါပေမယ့် အဲဒီခွေးသားအမိတွေက အရှိမ်းကို ကျေးဇူးတင်သွားတာ သိသာတယ်၊ လမ်းပေါ်မှာ သူကလေးတွေကို ရန်စတဲ့၊ လူ၊ ခွေး၊ ဘယ် သတ္တဝါမဆို ခွေးမကြီးက လိုက်ဆွဲနေတာ နာမည်ကိုကြီးလို့၊ ကျွန်မ ဆိုရင် ခြေထောက်နဲ့ပဲသွားသွား၊ ကားနဲ့ဖြစ်ဖြစ် မြင်လိုက်ရင် အမြီးကို နှံ့နေတာပဲ”

ပြောပြီး မျက်လုံးမှေ့လိုက်တော့ သိုက် မျက်မှောင်ကုတ်ထား လိုက်တာ မျက်ခုံးထိပ်ချင်း ထိဆက်လုလုဖြစ်နေ၏။ ကျဉ်းမြောင်းစူး လာက်နေသော မျက်ဝန်းတွေမှာ စောစောက ယိုင်နဲ့နဲ့လှုမမာဟန်တွေ ဘာမှမရှိတော့ပေ။

ပြီးတော့ သူ ထိုင်ရာမှ တဖြည်းဖြည်းထရပ်လိုက်၏။ သူ တုံ့ပြန် လာမှာကို သိလိုက်သည်နှင့် ဆက် က အံကြိတ်ထားပြီးသား။ တကယ် ပါ ..။ သူမ အပိုပြောခဲ့တာ တစ်ခုမှမပါ၊ သတ္တဝါတစ်ဦးအနေနှင့် မျက်စိ အောက်မှာ အမြင်မတော်နေတာကို ကူညီပေးခြင်းအပြင် ‘သိုက် ဆို’တာ ဝိုယောဇ်ကျ၊ ဝါပြုစုပေးသင့်တယ်’ ဆိုသည့် စေနီးဝတ္တရား တကယ်တာမှ မပါ။

သူ့ဘက်က အသိအမှတ်မပြုတာကို ပြောထွက်တဲ့အတိုင်း ကိုယ့် ဘက်က ဒီလိုရှိတာကို မပြောလို့မဖြစ်။

“မင်း တော်တော်သတ္တိကောင်းတယ် ရွှေလက်ဆက် ..”

“နောက်ထပ်သတ္တိက ကျေးဇူးပြုပြီး ရွှေလက်ဆက် လို့မခေါ်ပါနဲ့”

ပြောပြီး စူးစူးရဲရဲစိုက်ကြည့်သေးသည်။ သူမ မျက်ဝန်းထဲမှာ အကြောက်တရား လုံးဝမပါ။

“ဘယ်လိုခေါ်ရမလဲ”

“အဲဒီသုံးလုံးကို တစ်ပြိုင်တည်းခေါ်တာကလွဲရင် ဘယ်လိုခေါ်ခေါ် ...”



www.burmeseclassic.com

www.burmeseclassic.com



"မင်း .. တောက် ..."

ဒေါ်သက ရေတံခွန်ထိပ်ကနေ လေ့စီးမျှော့ချလိုက်တာထက် မာန်ဟုန်ပြင်း၏။ တက်ခေါက်မစ်လိုက်ပြီး ကိုယ့်ဒေါ်သကိုထိန်းဖို့ ကြိုးစားပေမယ့် ...

"ကဲကွာ .. အဲဒါ ပြောရဦး"

ဆက် သူ့ရှေ့မှာပဲ ခွေခနဲ ပုံကျသွားသည်။ သူက ပခုံးနှစ်ဖက်ကနေ ကိုင်ပြီး ပြန်ဆွဲယူလိုက်၏။

"လွတ်လွတ်လပ်လပ် ယုတ်ယုတ်မာမာ ဖောက်ပြန်နေတဲ့မိန်းမ"

နောက်ထပ်လက်ပြန်ရိုက်ချက်မှာ ဆက် ကိုယ်လေး ခုတင်ထက်မှာတစ်ဝက်၊ ကြမ်းပြင်မှာတစ်ဝက် ...။ လုံးဝသတိလစ်သွားခြင်းကြောင့် ကိုယ်ခန္ဓာသည် ကြိုးတစ်စကဲ့သို့ ခုတင်ပေါ်ကနေ ကြမ်းပြင်သို့ တအိအိလျှောကျသွား၏။

"တောက် ..."

သိုက် ရင်ဘတ်ထဲမှာ မီးတောက်တွေလျှံနေသည်။ ရိုက်ပစ်လိုက်သည့်လက်ကို ဖိကျစ်နေအောင်ဆုပ်ထားမိပြီး နံရံကို ထိုးချပစ်လိုက် လျှင် အရေပြားတွေ မြင်မကောင်းအောင်လန်ထွက်ကုန်သည်။

သွေးတွေ တစိမ့်စိမ့်ရဲတက်လာပြီးမှ တပေါက်ပေါက်ကျဆင်းခြင်းသို့ရောက်၏။ ဘယ်လိုပဲအံကြိတ်ကြိတ် မျက်လုံးတွေက သူမ ထံသို့ ငုံ့ကြည့်မိပြီး ဖြစ်ရပြန်သည်။ မြင်နေရသည့်ဘယ်ဘက်ပါးပြင်လေး ထက်မှာ ညိုရဲသောလက်ဝါးရာကြီးက မျက်နှာပေါ်မှာ တစ်ချို့တစ်ဝက် မေးတင်နေသည့် ဆံနွယ်ရှည်များအောက်မှာရှိနေတာတောင် အထင်းသားမြင်နေရ၏။

သူ လွန်ပါသည်။ အစစအရာရာမှာ အမှားကို ဂရုမစိုက်ဘဲ နေရဲ





ခဲ့သော်ငြား သူမ ကို တစ်ခါရိုက်မိတိုင်း ရင်ထဲမှာ ဒဏ်ရာတစ်ခုဖြစ်၏။ ရက်ရက်စက်စက်လှနေသည့် ရွှေလက်ဆက် မည်သောသူမကို လှတာ မလှတာအပေါ်မှာ သူ ဂရုစိုက်ခဲ့မိတာ ဘာမှမရှိပါ။

သူ့အတွက် ကံဆိုးခဲ့သည်က သူ့အတွက် အရေးကြီးယှဉ်ပြိုင်မှု များမှာ သူမ က လက်နက်ကောင်းတစ်ခုဖြစ်နေခဲ့၏။ ပြေးလမ်းတစ်ခု ဖြစ်နေလျှင်လည်း ရင်းဖြတ်ပြေးသွားရမှာပဲဖြစ်သည်။

လက်နက်ဆိုတာကတော့ ကိုယ်လိုသလိုသုံးရမှာပဲမဟုတ်ဘူး လား ..။ ဒါပေမယ့် ရွှေလက်ဆက် ဟာ သူ့အတွက် အဆင်ပြေချောမွေ့ သည့်လမ်းတစ်လမ်းမဟုတ်၊ ထို့ပြင် လက်နက်တစ်ခုလိုလည်း လိုသလို အသုံးမတည့်ခဲ့ပေ။

သူ့မျက်လုံးထဲမှာ ရွှေလက်ဆက် ဆိုတဲ့မိန်းမဟာ ကြာလေစိတ် ဝင်စားဖွယ်ဖြစ်လာသည်။ လှအောင်ပြင်ဆင်နေတာမဟုတ်ဘဲ မြင်လိုက် တိုင်းလှနေ၏။ လှနေတာကို ထပ်မံခြယ်သထားတဲ့အခါ သူ့နှလုံးသား တွေတုန်ခါသွားတဲ့အထိ ရင်ခုန်ခဲ့ဖူး၏။ မျိုသိပ်ချုပ်တီးဖို့ခက်လောက် အောင် သူမ ကို ပွေ့ဖက်မွှေးကြူလိုခဲ့သည်။

ဒါပေမယ့် "ကျွန်မပြင်ထားတာ ရှင့်အတွက်မဟုတ်ဘူး" လို့ သူမ ကကြေညာသည်။ သိုက် ဆိုတဲ့ကောင်က အစကတည်းက လူရမ်းကား ပါ။ သူ့ဒွေး ဆိုတဲ့ဘဝမှာတောင်မှ ကွယ်ရာမှာ "မောက်မာတဲ့သူဒွေး" လို့ အတင်းအဖျင်းပြောတာတွေ ကြားဖူး၏။ ဤသို့သော သူ့ရင်ထဲမှာ ဘယ်လိုနူးညံ့မှုတွေ ထည့်ရမလဲ။

ဒေါ်သတို့ တစ်ဝက်လောက်အထိ ညှံ့သက်သွားစဉ်မှာ ဆက် ၏ ကိုယ်လုံးလေးကို သူ ဖွဖွလေး ပွေ့ယူလိုက်သည်။

"မင်းကို ငါ့ရင်ထဲမှာ နူးညံ့နိုင်မယ် ဆက်၊ ချစ်နေသည်ပြဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွင့်ရချင်လာတာဖြစ်စေ မင်း ဘယ်တော့မှ မသိစေရဘူး၊ ငါ့ပါးစပ်ကနေ ချစ်ခြင်းစကား ဘယ်တော့မှ ပြောလာမှာမဟုတ်ဘူး ဒါပေမယ့် ...”

ဆက် ကိုယ်လေးကို အိပ်ရာထက်မှာ ပက်လက်ကလေး ချသိပ်လိုက်သည်။ နှုတ်ခမ်းထောင့်မှာ စိမ့်ထွက်နေသည့် သွေးစလေးကိုလည်း လက်မနဲ့ သာသာလေး ပွတ်သုတ်ပေးလိုက်၏။

ပြီးတော့ ထိုနှုတ်ခမ်းသားလေးကိုငေးရင်း ခက်ထန်ခြင်းတို့ ကွယ်ပျောက်သွားခဲ့သောသူ့မျက်နှာ တဖြည်းဖြည်းငုံ့ကျသွားသည်။ လက်တစ်ဖက်သည် စားပွဲတင်ခလုတ်ဆီလှမ်းလိုက်တော့ ချောက်ချမီးမှောင်ကျသွား၏။

“မင်းကိုငါ ချစ်ပို့မကြိုးစားချင်ပေမယ့် တားဆီးမရနိုင်တာတွေရှိတယ်၊ အဲဒါကြောင့် မင်းကို ...”

သူ့ထံမှ တိုးသ သောစကားသံတို့ကို ရွှေလက်ဆက် ဆိုသည့်မိန်းကလေး မကြားပါစေနှင့် ...။





## အခန်း (၃၈)

“ဟင် ...”

မျက်လုံးတွေဖွင့်လိုက်သည်နှင့် ကိုယ့်အိပ်ရာမဟုတ်တာကို သတိထားမိကာ ဆတ်ခနဲ ထထိုင်လိုက်မိသည်။ ပြီးတော့ လက်နှစ်ဖက်သည် ရင်ဘတ်မှာ ဖျတ်ခနဲအုပ်ပြီးဖြစ်ကာ တစ်ကိုယ်လုံး ရှိန်းရှိန်းသွား၏။

လူယုတ်မာ ...။

နာကျင်နေဆဲပါးပြင်နှစ်ဖက်ထက် ပို၍စံခက်ဆိုးဝါးသော ကြေကွဲခြင်းကြောင့် မျက်ရည်တွေ ဝေ့သီလာခဲ့၏။ သက် မျက်ရည်မကျအောင် မျက်တောင်တွေခတ်ပစ်လိုက်ရင်း သူ့အိပ်ရာထက်ကဆင်းလိုက်သည်။

အချိန်က မနက်မိုးလင်းလုပြီဖြစ်၏။ သူမ သူ့အိပ်ခန်းထဲမှာ တစ်ညလုံးရှိနေသည့်အဖြစ်ဟာ ဟောက်တွင်းထဲမှာ တစ်ညလုံးနစ်မွန်းခဲ့သလို တွေးကာရှုံလေ ..။



www.burmeseclassic.com

www.burmeseclassic.com



ထိမထင်သောခြေလှမ်းဟို့နှင့် အခန်းထဲကလှမ်းထွက်ခဲ့စဉ် တံခါး လက်ကိုင်ဘုကို လက်အလှမ်း ...

"ချပ် .."

အပြင်ကနေ တံခါးဖွင့်လိုက်မှန်းသိတော့ နောက်ကိုခြေတစ်လှမ်း ပြန်ဆုတ်ပြီး စောင့်နေလိုက်သည်။ တံခါးက ခပ်ဖြည်းဖြည်းလေးဟ သွားတာကို ဆက် စူးစိုက်ကြည့်နေမိသည်။

တံခါးဟပြီး အထဲမှာ သူမ နိုးနေသလား၊ မနိုးဘူးလား လာကြည့် တာမှန်းသိလိုက်မှ အထဲကနေ တံခါးကို ဆတ်ခနဲ ဖွင့်ပစ်လိုက်၏။ အမှတ်တမဲ့မို့ သိုက် မျက်နှာ ရဲခနဲဖြစ်သွား၏။

"မင်း နိုးနေပြီလား"

ဟု ပြန်လည်ကြည်တင်းလိုက်ရသည့်မျက်နှာနှင့်မေးသဖြင့် ဆက် က မဲ့လိုက်ကာ ...

"သတိရပြီလားလို့ မေးစမ်းပါ၊ ရိုက်ပြီဆို ပါးတစ်ဖက်လောက်ရဲ့ အားမရတာတဲ့ရှင့်ကို သတိမေ့မျှောအောင်ရိုက်လဲ ကျွန်မ ကြိတ်ခံနိုင် တယ်၊ ဒါပေမယ့် ဒေါသနဲ့ပဲရိုက်ပါ၊ တဏှာရာဂနဲ့ မရိုက်ပါနဲ့"

ပါးစပ်ဟလိုက်ပြီး သိုက် ဘာပြေရမှန်း ရုတ်တရက်မသိ။ မျက်နှာ သည် နီသည်ထက်နီမြန်းလာခဲ့ပေမယ့် ...

"ရိုက်ပြီး သတိမေ့နေမှ ..."

"မင်းတော်တော့ ..."

"ကျန်သေးတယ်၊ အခု နင့်ကိုငါ မုန်းဟာထက် ရှုံသွားပြီ၊ နင်က တကယ်တော့ တဏှာရှူးပဲ၊ မိန်းမတစ်ယောက်ကို ဖောက်ပြန်ချင်ရက် နဲ့ မာနချရမှာ ဒီလောက်စိုးနေလဲ ငါအကြံပေးမယ်၊ လူတစ်ရပ်လောက် ရှိတဲ့ ရော်ဘာမိန်းမရုပ်တစ်ရုပ်ဆောင်ထား .."





"တောက် .."

သူ့လက်တစ်ဖက်မြောက်တက်သွား၏။ ဒါပေမယ့် လေထဲမှာပဲ ရပ်တန့်သွားလျှင် ...

"ဒီနေရာမှာကျတော့ အခွင့်အရေးက ကျွန်မဘက်မှာထင်တယ်"

ဆက် က မြန်သည်။ သူလက်မြောက်နေတုန်းမှာ သူ့ပါးကို အောင်းခနဲမြည်အောင် ရိုက်ပစ်လိုက်သည်။

"နင့်အသားကိုရှုံပေမယ့် ငါမကြည်ဖြူတာကို သူခိုးကျင့်သူခိုးကြံ သုတ်ယုတ်မာမာယူလို့ရိုက်တာ၊ နောက်ထပ်ပြီး ငါ့အသားကို တဏှာ စိတ်နဲ့ မထိမိအောင်ကြိုးစား ..."

သိုက် ဒီအတိုင်းရပ်လျက်ကျန်ရစ်၏။ ရိုက်မလို့ရွယ်ပြီးမှ သူမ ပါးပြင်ထက်မှာ တစ်ချို့တစ်ဝက်ကျန်ရှိနေဆဲရှိသည့် လက်ဝါးရာကို မြင်လိုက်လို့ အသိက ဖျတ်ခနဲ ဝင်သွားပြီး ခဏလေးညှို့သက်သွားခဲ့ သည်။ ခုတော့ ...။

အဲဒါ ပျော်ဝင်ခြင်းရဲ့ဂုဏ်သတ္တိပဲ သိုက်၊ မင်း အမြဲတမ်းမာကျော တတ်ခဲ့ပြီး ခုကျမှ ဘာဖြစ်သွားတာလဲ၊ ဒီလောက်ထိ ပက်စက်ရင့်သီးတဲ့ မိန်းမကို ...

မညာနဲ့၊ မင်း ဘယ်တော့မှ ငဲ့ညာဖို့စိတ်မကူးနဲ့ ..။

သူ ပါးတစ်ဖက်ကိုစမ်းမိရင်း၊ အံကြိတ်ရင်းနဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၉)

စည်းဝေးခန်းမကို လှမ်းဝင်လိုက်ကတည်းက သူ့ရဲ့ဘယ်ဘက် မှာ အကျအနထိုင်နေသည့် အရှိန် ကို လှမ်းမြင်လိုက်ရသည်။ အားလုံ လူစုံနေပြီမို့ သူဝင်လာတာနှင့် အသင့်အနေအထားတွေ ပြုပြင်ထို လိုက်ကြ၏။

"ကဲ .. ပြော၊ အဲဒီကိစ္စ .. မင်းနဲ့မသက်ဆိုင်ဘူးဆိုတဲ့သက်သေ .."

ကိုင်လာခဲ့သည့်ဖိုင်ကို အရှိန် ရှေ့မှာ ဘုတ်ခနဲပစ်ချပြီး မထိုင် စားပွဲမှာ လက်နှစ်ဖက်ရဲထောက်၍ အရှိန် မျက်လွှာပင့်လာတာ စောင့်သည်။

အရှိန် က နောက်မှီမှာ ခပ်တောင့်တောင့်မှီလိုက်ပြီး မျက်နှ မမော့ဘဲ မျက်ခုံးတစ်ဖက်ပင့်ရုံနှင့် မျက်လုံးချင်းဆုံစေသည်။

"အဲဒီကိစ္စကို ငါ့ကြောင့်ပါလို့ ဘယ်သူပြောနိုင်လို့ မင်းစွပ်စွဲရတာလဲ

ဒေါသနှင့် တစ်လုံးကြီးပြောမလို့ပေမယ့် အားလုံးရှေ့မှာ အထ





င်သေးဖွယ်တွေဖြစ်ကုန်မှာကြောင့် ပင့်သက်အရင်ရှိုက်၍ ထိန်းလိုက် သည်။

"ဒီမီတင်က အဲဒီပြဿနာကြောင့် အရေးတကြီးခေါ်လိုက်ရတာ ငါ့ရဲ့ဆားဗစ်ထဲမှာ ဘာပြဿနာရှိရှိ အပြင်ကိုမပေါက်ခဲ့ဖူးဘူး"

"အခု ငါနဲ့ဆိုင်နေတယ်လို့ပြောတာလား"

"ဟုတ်တယ်၊ မင်းနဲ့ငါ ဘယ်လိုဆက်သွယ်ချက်တွေနဲ့ အလုပ် တူလုပ်ဖြစ်နေကြတယ်ဆိုတာ မင်းနဲ့ငါပဲသိတယ်"

အားလုံးရိပ်မိကုန်လည်း မတတ်နိုင်။ သူငယ်ချင်းလို့ သူကပြော င်လာသည်။ ကိုယ်လည်း အစကမရှောင်သာလို့ ဒိတိုင်းထားခဲ့မိ ည်။ ဒါပေမယ့် သူငယ်ချင်းဆိုတဲ့မျက်နှာနဲ့မှ ကြည့်လို့မရဘဲ ..။ ကြောင့် ...။

"လက်ဒါက ပျက်သွားတဲ့ဖန်ရှင်အသစ်နဲ့ အဝတ်လျှော်စက်အလုံး းဆယ်က မွန်ဆွန်းလှကဲထဲကိုရောက်သွားတဲ့ကိစ္စမှာ မင်းက က်ဆိုင်သလို အက်တင်ခံနေတုန်းလား။ လုပ်စမ်းပါ။ မင်းနဲ့ မွန်ဆွန်း ထိ ဆွေမျိုးတော်တဲ့အကြောင်း ..."

"ငါ့ရဲ့ငွေနဲ့မကင်းတာကို မင်းက ဖော်ထုတ်နေတာပဲ သိုက်၊ ငါ့မှာ န်းတစ်ခုထူထောင်ဖို့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အများ ိုနေသေးပေမယ့် မိဘထားခဲ့တဲ့အမွေတွေ သုံးမကုန်ဖြုန်းမကုန် ယ်၊ ငါနဲ့မကင်းတာ မွန်ဆွန်းတစ်ခုတည်းဘယ်ကမလဲ၊ သုံးရာသီ ာမြေလုပ်ငန်း၊ တစ်ခေတ်ဦး၊ ပြီးတော့ ..."

"အသွင်ရှိန်း .."

"မင်း ငါ့ကိုဆက်ပြီး မစွပ်စွဲနဲ့ သိုက်၊ ငါက မင်းမကြည့်မြင်နိုင်နဲ့ ပညာလိုချင်လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ..မင်း တော် ..."

ဒေါသက ထိန်းမရချင်။ ဣန္ဒြေပျက်လို့မဖြစ်သည်မို့ ထိပ်ဆုံးခုံမှ
ပဲ ထိုင်ချလိုက်ရ၏။ ဂရုမစိုက်သည့်အလုပ်သမားတစ်ယောက်
ဖောက်ပြန်မှုကြောင့် တီထွင်ထားသည့်ဖန်ရှင်အသစ်တွေ အပြင်ပေါ်
ကုန်သည်။

လုပ်လက်စပစ္စည်းတွေအားလုံး မြောင်းထဲရောက်ကုန်၏။ ဒါ
ဦးကြူးတို့က ရသလောက်ပြန်ယူမယ်လို့ တိုင်ပင်လာသဖြင့် သူ ခွင့်
လိုက်သည်။ တကယ်ဆို ကိုယ်ပို့လိုက်တဲ့သူဆီ ဒါတွေရောက်သွားလျှ
ပြီးပြီ။ ခုတော့ တကယ့်ပြိုင်ဘက် မွန်ဆွန်းက ဘယ်လိုရအောင်
သွားသည်မသိ။

သတင်းစာထဲမှာ ဒီအရောင်းအဝယ်ကို အတိအလင်းကြေညာ
ထား၏။ ချိတ်ပိတ်တင်ဒါတွေတောင် ခေါ်ထားလိုက်သေးသည်။ ပစ္စည်
အားလုံးမှာ လက်ဒါတ်ဆိပ်တွေနှင့် သူ့လုပ်ငန်းကို ဘယ်လိုရှေ့ဆက်
..။ ဒီလောက်ယုတ်မာနေပြီး မွန်ဆွန်းကပဲ သူနဲ့မဆိုင်သလိုလို။

"မွန်ဆွန်းက ကျွန်တော်နဲ့ ရင်းနှီးပါတယ်၊ ခုနကပြောသ
ကျွန်တော်နဲ့မကင်းတဲ့ကုမ္ပဏီတိုင်း ရင်းနှီးမှုတော့ရှိတာပေါ့"

မဟုတ်ဘူး ...၊ အဲဒါ သူပိုင်ကုမ္ပဏီတွေလို့ပြောချင်တာ သိ
အံကြိတ်နေရ၏။ အရိုင်း ပြောတိုင်း ခေါင်းညိတ်ထောက်ခံခဲ့ကြသ
ဦးကြူးတို့လူစုလည်း ဒီတစ်ခါ မျက်နှာတွေမသာမယာနှင့် ခေါင်
မညိတ်နိုင်ရှာ ...။

ပြီးတော့ သိုက် ရဲ့စီမံမှုဖြင့် ဒီပြဿနာစဖြစ်ကတည်းက ပစ္စ
တွေ တိတ်တဆိတ်ထည့်ပေးလိုက်တဲ့အထိ သူတို့လူကြီးငါးယော
သိုက် ပဲသိသည်။ အလွန်အရေးကြီးသည့် ပါကြမ္မာလျှို့ဝှက်ချ





ဘို့ယ်အိမ်က မိန်းမတွေကိုတောင် ကုမ္ပဏီမှာ ဒီကိစ္စတွေဖြစ်နေသည်
ကု သူတို့မပြောပြခဲ့ပါ။

"ဒါပေမယ့် ဆန်းတော့ဆန်းတယ် မောင်ရိုင်းရဲ့၊ ခုဟာက ပစ္စည်း
ဘတ်ခံမယ့် ဟိုဘက်လူတောင် လမ်းခုလတ်မှာ ဘာတွေဖြစ်ပြီး သူတို့
ဆီ ရောက်မလာလဲဆိုတာ မသိကြဘူး၊ ဒီဘက်ကို လှမ်းမေးသေးတယ်
ဘူ။ ဈေးပိုပေးမယ့်သူကို ရောင်းလိုက်တာလားလို့တောင်မေးတာ .."

အရိုင်း က ခေါင်းညိတ်နေသည်။ အံ့သြတာလည်းမဟုတ်၊ အထူး
ဘလည် စိုးရိမ်ပြနေသည့်မျက်နှာမျိုးလည်းမဟုတ်ပေ။ သူ့ကိုစိုက်
ကြည့်နေသည့် သိုက် မျက်နှာက ပြတ်ထွက်တော့မည့်ကြိုးတစ်ချောင်း
နှင့်တူလာ၏။

"တို့တွေမှာ ဒီပြဿနာမျိုး မပေါ်ခဲ့ဖူးဘူး"

ပြောနေတုန်း ဖုန်းသံကနှောင့်ယှက်သဖြင့် စကားသံတွေ ခဏ
ဘိတ်သွားသည်။ ဖုန်းထုတ်ကိုင်လိုက်သူက အရိုင်း ...။

"ဆောရီးနော်၊ ခဏခွင့်ပြုပါ"

ဟုပြောပြီး အပြင်ထွက်သွားသဖြင့် ကျန်ခဲ့တဲ့လူတွေက သိုက် ကို
ကြည့်ကြ၏။

"မောင်သိုက် .. ဒီကိစ္စမှာ မောင်ရိုင်းနဲ့ပတ်သက်မယ်လို့ ထင်စရာ
တွေရှိနေလို့လား"

"သိပ်ရှိတာပေါ့၊ ခုနက သူရှုတ်ပြသွားတဲ့ကုမ္ပဏီတွေက သူပိုင်
တွေချည်းပဲ"

အားလုံးကိုယ်တွေ မတ်ခနဲဖြစ်သွား၏။ တံတွေးမျိုချတဲ့သူကချ
ယုံနိုင်သည့်မျက်လုံးများမှာ 'မင်းအထင်မှားတာဖြစ်ပါလိမ့်မယ်' ဟု
ပြောနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



အရိုင်း ဆိုတဲ့ကောင်က သူ့ဒွေးလို့ထင်စရာဖြစ်အောင် နေခဲ့ခြင်
မဟုတ်သည်မို့ ရုတ်တရက်ယုံဖို့ ခက်ခဲနေကြ၏။ ပြောထားခဲ့သမျှ
လည်း တွေးကြည့်လျှင် ယုတ္တိတန်တာပဲမို့ လိမ်ညာထားတာ ဘာမှမ
ဟု ထင်စရာပင်။

"ကျွန်တော့်မှာ ငွေလုံလောက်ပေမယ့် လုပ်ငန်းအတွေ့အကြ
မရှိသေးလို့ပါ၊ ပညာတတ်ပေမယ့်လဲ လုပ်ငန်းတစ်ခုမှာ တစ်ယော
နှစ်ယောက်တည်းနဲ့ တည်တံ့နိုင်မြဲအောင် လုပ်လို့မရဘူးမို့လား။ အဲ
ကြောင့် ကိုယ့်သူငယ်ချင်းဆီမှာ လက်တွဲကြည့်ဖို့ဆုံးဖြတ်ခဲ့တာ၊ သ
ကတော့ သူငယ်ချင်းချင်းမို့ မခိုင်းချင်ဘူး"

ဟု အစကတည်းက သေချာပြောပြထားတော့ ဒီလုပ်ငန်းတွေမှ
သူ့ 'မ' တည်ထားရပါတယ်ဆိုလည်း ဖြစ်နိုင်တာပင်။ သိုက် ပြောတာ
လည်း မဖြစ်နိုင်တာမရှိ။ သို့သော် အားလုံးယုံကြည်နေဆဲတစ်ရပ်က
အရိုင်း ဒီလောက်ထိလိမ်ညာခဲ့တာမဖြစ်နိုင်ဟု ...။

ပြဿနာတစ်ရပ်ကို မရှင်းနိုင်သေးဘဲ ဆွေးနွေးပွဲက ပြီးဆုံးသွာ
သည်။ ဘာမှ တိကျစွာ မဆုံးဖြတ်နိုင်သည့် သိုက် ရင်ထဲမှာ သံပုလ
ကြီး မျိုချထားရသလို ကျန်ရစ်ခဲ့၏။ ဟိုအစကတည်းက အရိုင်း ပြေ
ခဲ့သည့်စကားတစ်ခွန်းက သူ့ကို ဘာမှဆုံးဖြတ်ခွင့်မပြုဘဲဖြစ်နေခြင်းသာ

"ငါကလဲ မင်းထက်တော့မညံ့ဘူး သိုက်၊ ရွှေလက်ဆက်နဲ့ အထ
မြင့်လွဲပြီး မျက်ခြည်ပြတ်သွားလို့ မင်းယုတ်မာခွင့်ရသွားတဲ့အဖြစ်က
ရင် ငါလိုချင်တဲ့နေရာကို ရအောင် ငါယူပြီးပြီ၊ ဒါပေမယ့် ပိုင်နက်
မင်းရဲ့ပိုင်နက်ဆိုတော့ ငါ့နေရာကို ဖြုတ်ရေးထုတ်ရေးက မင်းလ
ထဲမှာမို့ အပေါ်ယံကြည့်ပြီးပြောနိုင်တယ်၊ တကယ်က မင်း အဲဒ
လုပ်လို့မရဘူး၊ မင်း ငါ့ကို ဖြုတ်ထုတ်လိုက်တဲ့နေ့ဟာ ငါ့ကို မင်းဘ





အလံဖြူပြတဲ့နေ့ပဲ၊ သတ္တိရှိတယ်ဆိုရင် ဘွာမခတ်နဲ့"

"တောက် ..."

ဒီစကားတွေပစ်ထည့်ပြီး ဒီကောင်ဝင်မွှေနေတာ ..၊ အရိုင်း ဆိုတဲ့
ကောင်ရောက်လာမှ အဆင်ပြေချောမွေ့သွားတာတွေ၊ အလုပ်ထဲမှာ
တင်းမွှေးနေပြီး ခုလို ပြဿနာတွေ ရှင်းမရဖြစ်လာတာကျတော့
ရိုင်း ကြောင့်လို့ ဘယ်သူမှမပြောနိုင်။

အလုပ်ကနေ အိမ်ပြန်ရောက်နေတာ ကြာပါပြီ။ ဒါပေမယ့် သူဆွဲ
သည့်အိတ်ကိုတောင်မှ စားပွဲပေါ်မှာ ဒီတိုင်းချထားခဲ့ပြီး သူ့မှာ
ချိုးရမှန်းမသိ၊ စားသောက်ဖို့သတိမရ။

ညှို့ခန်းမှာ လမ်းလျှောက်နေမိတာလည်း ဘယ်နှစ်ခေါက်လောက်
နေပြီမှန်းလည်းမသိ။ သိုက် ဆိုသော နာမည်တစ်လုံးနှင့်သူ့မှာ ဤမျှ
ခင်သောကရောက်ရခြင်းမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးပေ။

တနုံ့နုံ့ဖြစ်နေသည့်ဒေါသဟာ သူ ဘယ်လိုမှမထင်မှတ်ခဲ့သည့်
ရုပ်မျက်နှာမှ လူတစ်ယောက်ကြောင့်ဆိုသည့် မခံရပ်နိုင်ခြင်းပဲဖြစ်၏။

ထိုစဉ် သူ့မြင်ကွင်းထဲကိုရောက်လာသူက ရွှေလက်ဆက် ဖြစ်
သည်။ သူ့မျက်ခုံးနှစ်ဖက် တွန့်သွားခဲ့၏။ တစ်ကိုယ်လုံး ကျောက်စိမ်း
ရောင်တောက်နေလျက် ဆံပင်တွေ ဖြန့်ချထားသဖြင့် ဝင်းစိုသော သူမ
မျက်နှာလေးက စိတ္တဇဆန်အောင်လှနေ၏။

ငွေမှင်ရောင်အခက်ပါးလေးတွေပါသည့် မရိုင်းမယဉ်ဝတ်စုံလေး နှင့်
မျက်နှာမှာ အနည်းငယ်သောခြယ်သမှုတွေကိုလည်း တွေ့ရ၏။
တစ်ခါ ပန်းချီခန်းထဲမှာမြင်ရသည့် စိတ္တဇဆန်ခြင်းမျိုးနှင့် တော်တော်
တော ခုတစ်လော သူမ ကိုမြင်လိုက်ရတိုင်း လှလှပပလေး ဖြစ်နေ
တာ ကြည့်နေရင်း ထူးဆန်းလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဟားတိုက်ရယ်နေခဲ့သည့်ကာလမှာ မျက်ရည်နဲ့ မျက်နှာမပျက် ရှိနေခဲ့လျက် သူ စိတ်ရှုပ်မွန်းကျပ်နေကာမှ သူမ မျက်နှာမှာ ကြည်နူး လှိုက်ဆန်းခြင်းတွေနှင့် ..။

တွေးနေရင်း မကျေနပ်သမျှက သူမ ထံမှာ စုပြုံသွားခဲ့သည်။ မျက်လုံးထဲမှာ အရိုင်းနှင့်သူမ လက်ချင်းဆက်၍ သူ့ကိုလှောင်ပြောင် နေသလိုလို ..။

"မင်း ဘာလုပ်တာလဲ"

ကြည့်နေရင်း ပဟေဠိတွေပဲဖြစ်နေတော့ မေးလိုက်မိ၏။ ဆက် က ငှက်လှောင်အိမ်လေးတစ်ခုကို ကိုင်ထားတာဖြစ်ပြီး သူ မေးလိုက် တော့ သမင်လည်ပြန်လှည့်ကြည့်၏။ ပြီးတော့ လှောင်အိမ်ကလေးကို မြှောက်ပြသည်။ ဘာမှမဖြေဘဲပြန်လှည့်သွားတော့ သူမ ဘေးကို သူ ရောက်သွား၏။ သူမ ကလှည့်မကြည့်ဘဲ လှောင်အိမ်တံခါးက ကြိုးလေး ကိုဖြည်နေရင်း ...

"ဒီနေ့ မေမေ့မွေးနေ့ .."

"ဒါကို ဘယ်ကရတာလဲ"

"မနီကို ဝယ်ခိုင်းလိုက်တာ .."

သူမ ဘေးမှာရပ်လိုက်ရင်း မျက်တောင်ကော့လေးတွေ စိုက်ချ ထားသည့်အထက်မှာ သွယ်ရှူးနေသော မျက်ခုံးလှလှလေးကိုပါ စိုက် ကြည့်မိ၏။ ပြီးတော့ အပေါ်နှုတ်ခမ်းထောင့်ချိုးလေးတွေကို ငေးမိ သည်။ သူ့ရင်ထဲက သောကများစွာထဲမှာ ဒီမိန်းမက နံပါတ်ဘယ် လောက်လဲ ..။

"မင်းအဖေဆီက ဖုန်းလာတယ်"

ဆက် က လှောင်အိမ်ထဲက ငှက်ကလေးဆယ့်တစ်ကောင်ကို





တံခါးဖွင့်၍ လှောင်အိမ်လေးအတိုင်း မြှောက်တင်ပေးလိုက်၏။

ထို့နောက် မျက်ဝန်းမှာ မျက်ရည်တို့ပြည့်အိုင်နေလျက်နှင့် ပြုံး နေသေးသည်။ ငှက်ကလေးတွေ ဟူးခနဲ ဟူးခနဲ ပျံထွက်သွားတာကို ငေးနေရင်း သူ့ကို ရှိနေတယ်လို့တောင် မှတ်ရဲ့လားမသိ။ ဖအေ ဖုန်း ဆက်ပါတယ်ဆိုတာတောင် ဘာပြောသွားတာလဲလို့မမေး။

အားလုံးပြီးတော့မှ လှောင်အိမ်လေးကို ဖွင့်လျက်အတိုင်း ဘေး မှာချထားလိုက်ကာ ...

"ကျွန်မကိုတွေ့ချင်တယ်လို့ ဖေဖေ ပြောသွားတယ်မို့လား"

သိုက် က မှုန်ကုပ်ကုပ်မျက်နှာနှင့် မဖြေဘဲနေ၏။ ဆက် ကလည်း သူ့အဖြေကိုစောင့်နေခြင်းမရှိဘဲ မျက်ရည်စတို့ကို မျက်တောင်များတို့နှင့် ပုတ်ခတ်တားဆီး၍ ...

"မေမေ နေမကောင်းတာ ကျွန်မသိတယ်၊ ပြီးတော့ ..."

ဒီစကားရောက်မှ သူ့မျက်နှာကို ဖျတ်ခနဲ မော့ကြည့်ကာ ...

"ကျွန်မတို့မိသားစုရဲ့ ဝိုင်းဝန်းခယမှုကို ရယူပြီးရင်တော့ မေမေနဲ့ ကျွန်မတွေ့ဖို့ ရှင်ခွင့်ပြုမယ်ဆိုတာလဲ ကျွန်မသိတယ်၊ နေ့ပါစေတော့၊ ရှင်ထင်ထားသလို ကျွန်မက ဘစ်ခွေလုံးတစ်မျိုးလုံး ရှင့်ရှေ့မှာ ဒူး ထောက်ဖို့ လမ်းမထွင်ဘူး၊ ရှင့်လက်ထဲမှာ ကျရှုံးခံလိုက်ပြီးကတည်းက မေမေတို့ဆီကို ဘယ်တော့မှ မျက်နှာမပြတော့ဘူးဆိုတဲ့ သန္နိဋ္ဌာန်ချခဲ့ တာ၊ ကျွန်မရဲ့ အသုံးမကျတဲ့ ဆက်ခါဆက်ခါမှားယွင်းမှုတွေနဲ့ မိဘကို သောကမပေးတော့ဘူး၊ စောစော လွတ်ထွက်ပျံသန်းခွင့်ရသွားတဲ့ ငှက် ကလေးတွေလို ကျွန်မ ဖြစ်ခဲ့ရင်တော့ ..."

"ဘယ်တော့မှ ဖြစ်မလာမှာကို မျှော်လင့်မနေနဲ့ ဆက်၊ ငါ့ရင်ထဲ ကို မင်းကကြိုးမြင်နေပေမယ့် ထပ်ပြောမယ်၊ ငါတို့လက်ထပ်မှုအတွက်



www.burmeseclassic.com

www.burmeseclassic.com



လူမမာကြီးဘဝရောက်သွားတဲ့အထိဖြစ်တဲ့ မင်းအမေကို ငါ့ဘက်က ငဲ့ညှာမှုတစ်စုံတစ်ရာ ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူး”

“ရှင့်ရဲ့ငဲ့ညှာမှုကိုရော ဘယ်သူက တောင့်တနေလို့လဲ၊ ဟွန့် .. ကံကုန်တဲ့အခါ ပြန်မဆုံနိုင်တဲ့လမ်းပေါ်ကို သူ့အလိုလိုရောက်သွားကြမှာပဲ၊ ကျွန်မ မျှော်လင့်ခဲ့တာ အဲဒီအချိန် ..”

“ဆက် ...”

သူ က ဆက် ရဲ့ လက်မောင်းလေးကို ဆုပ်ခါပစ်လိုက်ပြီး သူ့ဘက် လှည့်လာမှ ..

“မင်းက မျောက်တစ်ကောင်လို ဟိုအပင်ဒီအပင် ကူးလူးမျော် ချင်တာလား”

“အင်း ..ကူးလူးချင်တာမှန်ရင်တောင်မှ မျော်လို့တော့မဟုတ်ဘူး နော်၊ ရှင်ပြောတာမှားနေပြီ၊ အဆိပ်ပင်မှာ အဆိပ်သီးစားမိမှာစိုးလို့ အဆိပ်မရှိတဲ့အပင်ကို ပြောင်းတာမျိုးပဲဖြစ်မှာ ...”

“မင်းပြောရဲလှချည်လားဟာ၊ ဆက်ပြောစမ်း .. မင်းနဲ့ဟိုကောင် ဘယ်လိုဆက်သွယ်ချက်တွေ ရှိနေကြသလဲ၊ ဒီလောက်ထိ အိမ်ထဲက အိမ်ပြင် ပေးမထွက်ခဲ့တာတောင်မှ မင်း ဖောက်ပြန်ရိုန်တွေရနေတာ ဘယ်ခွေးတိုးပေါက်ကနေ တိုးထွက်ခွင့်တွေရနေတာလဲ”

“စကားကို ကြည့်ပြောလေ၊ ကျွန်မက ခွေးတိုးပေါက်က တိုးရအောင် ခွေးတစ်ကောင်မှမဟုတ်တာ ..”

“ဘာမှမထူးဘူး”

“ဒါဆိုရင် ရှင်က ခွေးမတစ်ကောင်ကို အိမ်ထဲထည့်ပိတ်ထားပြီး မဟားဒရားကြံနေတဲ့လူပေါ့၊ ဒါကြောင့် ခွေးကျင့်ခွေးကြံ ကြံတတ်နေ တာထင်တယ်”





“မင်း .. မင်း .. တောက် ...”

သူ လက်သီးတဆုပ်ဆုပ်၊ တက်တခေါက်ခေါက်နှင့် ဘာမှလည်း မလုပ်ဖြစ်ပေ။ ကိုင်ထားသည့်လက်ကို ဆောင့်လွှတ်လိုက်လျှင် ပြတ ပေါက်ဘေးပေါင်မှာ ဆက် ကျောမှီကျသွား၏။

“မင်း အသားတွေ အသားမာတက်ကုန်လို့လား၊ ရှုံးနေတာလား ယောကျ်ားတစ်ယောက်ဆီက ရိုက်ချက်တွေ၊ ဒေါသတွေပဲ ထွက်လာအောင် ဘာဖြစ်လို့ ဒီလောက်လျှာစောင်းထက်နေတာလဲ”

“ကျွန်မက လျှာစောင်းမထက်ပါဘူး၊ ရှင်က မှန်တာပြောရင် နား မထောင်နိုင်တဲ့သူဆိုတော့ ပြောတဲ့ပါးစပ်ပိတ်အောင် အင်အားသုံးတာ လေ၊ ကျွန်မကလဲ အဲဒါကြောင့်ဆုံးဖြတ်ထားတာ၊ ရှင့်ရဲ့ လက်ဝါးရာ တွေ၊ အညိုအမည်းစွဲနေတဲ့ မျက်နှာနဲ့ ဖေဖေတို့ဆီကို ဘယ်တော့မှ မသွားဘူးလို့ ..”

မျက်နှာထက်မှာ ရှုပ်ထွေးစွာကျဆင်းနေသည့်ဆံပင်ရှည်တွေ က မြင်ခါစက သူ့ပုံစံနှင့် အလွန်စမတ်ကျပါ၏၊ ခုတော့ လက်ဖြာနေ သောမျက်လုံးတွေက ဒီဆံပင်ရှည်ရိုင်းတွေကြောင့် ပို၍ကြည့်ရဆိုးနေ၏။

သူ့စိတ်ဓာတ်ကြမ်းတမ်းခြင်းကို ဒီဆံပင် ဒီမျက်လုံးတွေက ဖော် ပြနေကြသည့်နှယ် ...။

“စိတ်ချ .. ငါ တစ်ခုခု အတိအကျဆုံးဖြတ်မယ်၊ အဲဒါက မင်းကို လွှတ်ပေးဖို့မဟုတ်ဘူး၊ သိချင်ရင်တော့ မင်းစောင့်ကြည့်လိုက်လေ ..”

ရင်ထဲကတိကျခြင်းတွေကို သေချာကြေညာပြီး သူ လှည့်ခဲ့မိ သည်။ ရွှေလက်ဆက် ဆိုသည့်မိန်းမကို သူ ကြာကြာရပ်ကြည့်မနေချင်။ စိတ်မဲ နှည့်လိုက်ခါသွားတဲ့ခံစားချက်တွေ ဖြစ်လာတော့ သူမ က မကြေပြီ။ ဒေါသနှင့်ရိုက်နှက်မိတော့ ဒီမှာ သူမ တစ်ခါပုံလဲကျသွား ရုံး သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးဆုံး၏။ ဒါက ဥပဒေမဲ့တိုက်ခိုက်ချင်းတွေ ဖြစ်နေတော့ ဘာမှမတုံ့ပြန်နိုင်ပေ။

"မင်း နှိပ်စက်လေ ..၊ သူ့ကို လက်ဖျားနဲ့မထိပါနဲ့ဆိုပြီး မင်းရှေ့ကံ ဒူးထောက်လာမယ့် ခပ်ပေါပေါအက်တင်တွေ ငါ ဘယ်တော့မှ ကြည့်ပ်ဘူး၊ ပြောပြီးသားပဲ၊ သွားတစ်ချောင်းဆို တစ်ချောင်းချင်း၊ လက်ချိဖက်ဆို တစ်ဖက်ချင်း၊ မင်း သူ့ကို သေကြောင်းကြံလိုက်ပြီဆိုရင်တော့ ပျက်စီးတဲ့ကားအရေအတွက်ထဲမှာ အလောင်းတစ်လောင်းနဲ့ အဆုံးသတ်ပေးလိုက်ရုံပဲ၊ မင်းယုံကြည်မယ်လို့ ငါထင်တယ်"

အရိုင်း ဆိုတဲ့ကောင် ပြောတဲ့အတိုင်းလုပ်နေသည်။ သူ ဘယ်လောက်ချမ်းသာနေသလဲမသိပေမယ့် ကိုယ့်မှာတော့ ကားတွေ တစ်စီးပြီးတစ်စီး ဆုံးရှုံးနေခဲ့၏။

အမြဲတမ်း အနိုင်ရလာခဲ့သည့်ကိုယ်ဟာ ဘာမဟုတ်တဲ့ကောင်ကြောင့် ...။





## အခန်း (၆၀)

"ထင်သားပဲ"

ကိုကိုလေးက တံခါးဝမှာကတည်းက စကားပြောရင်းဝင်လာ၏။

"မင်းရောက်နေတယ်ဆိုလို့ ငါ လက်ဖက်ရည်ဆိုင်တောင်မထိုင်ဘဲ ဝင်လာတာ ..."

"ကျွန်တော်နဲ့တွေ့ချင်လို့လား၊ သိုက်ရဲ့ပစ္စည်းကို ကိုင်နေမှန်းသိလို့လား .."

အရိုင်း က လှည့်မကြည့်ဘဲမေးတော့ ကိုကိုလေး မျက်နှာပျက်သွားကာ ရှေ့ကိုကပျာကယာတိုးလာပြီး ငုံ့ကြည့်သည်။ သူထိုင်သည့် စားပွဲမှာ အကျအနထိုင်ပြီး အရိုင်း က သိုက် ပို့ထားသဗျုဖုန်းတွေ၊ ကွန်ပျူတာတွေကို စိတ်ကြိုက်မွှေနှောက်နေ၏။

"ဟာ ...အဲဒါ မင်းပြောလိုက်မှ သတိရသွားတာ၊ မင်း ဘာထပ်လုပ်မလို့လဲ၊ တော်ပါတော့ကွာ၊ သိုက် သိသွားရင် ငါ ခွေးလုံးလုံးဖြစ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ဘူး၊ ဆော့ဖ်ဝဲအသစ်တစ်ခုကို စေတနာနဲ့ထည့်ပေးနေတာ ..."

ကိုကိုလေး မျက်နှာရှုံ့မဲ့သွားကာ ရေခဲသေတ္တာဆီ လှည့်ထွက်သွား၏။

"ဒီကောင် ကွန်ပျူတာကိုင်နေပြီး တစ် နှစ် သုံး လေး ဂဏန်းတွေပဲ သိလားမသိဘူး၊ အမှိုက်ထဲမှာ ငါထည့်ထားတာတွေကို ဖွင့်ကိုမကြည့်ဘူး၊ နေဦး၊ အမှိုက်ထဲမှာ ရှာတတ်ဖွေတတ်အောင် ပညာပေးလိုက်ဦးမယ်"

"အရိုင်းရာ ... မင်းနဲ့သိုက် ဘာတွေဖြစ်နေကြတာ ငါ သေချာမသိပေမယ့် မတည့်ကြတာကိုသိတော့ ငါ့မှာ ဟိုဘက်ဒီဘက် ခွစားသလိုကြီးဖြစ်နေပြီ၊ မကောင်းဘူးထင်တယ်"

တစ်ချက်မှမမော့သည့် အရိုင်းမျက်နှာမော့လာသည်။ တစ်စစီဖွင့်ထားသည့်ကော့စ်ကို အသာလေး ဘေးရွှေ့လိုက်ပြီးမှ ...

"ကျွန်တော် ဒီမှာလာပြီး ခင်ဗျားကို ကူနေကျပဲ၊ ခုကျမှ မသင့်တော်တော့ဘူးလား"

"မဟုတ်ဘူး၊ အဲဒီလိုမဟုတ်ဘူးကွာ၊ ဒါပေမယ့် .."

"ခင်ဗျားအသာနေပါ၊ ကျွန်တော့်ကိစ္စ ခင်ဗျားနဲ့ ဘာမှမငြိစေရဘူး"

"ဟူး ..."

ကိုကိုလေး သက်ပြင်းမောကြီးချလိုက်ပြီး ရေသန့်ဘူးကို ဒီအတိုင်းမော့သောက်၏။

အရိုင်းနဲ့သိုက် ဆိုရင် သိုက် က အသက်ပိုကြီးနိုင်ပေမယ့် လူငယ်ချင်းလို မတိမ်းမယိမ်းတွေပါပဲ။

ဒါပေမယ့် သိုက် ကတော့ သူ့ကို မင်းနဲ့ငါပဲ ပြောခဲ့သူပါ။ ဒါကြောင့်





လည်း အရိုင်း ကို သူ ညီငယ်တစ်ယောက်လို ပိုရင်းနှီးသည်။ နေရာတကာမှာ အလိုလိုက်မိတာတွေပဲများသည်။ ပြီးတော့ သိုက် ထက် အရိုင်း က ပို၍ဖြူစင်မှန်းသိသာ၏။

"ကျွန်တော့်ကို အရိုင်း လို့ပဲခေါ်တော့ .."

ဟု အသွင် လို့ခေါ်နေကျကိုပြင်ခိုင်းတုန်းက သူ့ရဲ့အတိတ်အကြောင်း တစ်စွန်းတစ်စကို ပြောပြခဲ့သေးသည်။

ဒီထဲမှာ သိုက် လည်းမပါ၊ ဘယ်လူကြီးမှလည်းမပါ။ ဒါပေမယ့် သိုက် နဲ့ အခု ကမ္ဘာ့ရန်တွေလိုဖြစ်နေကြ၏။ ဘာအကြောင်းဆိုတာကျတော့ ဘာမှသေချာမပြောခဲ့ပါ။

"ရန်သူမဟုတ်ပေမယ့် ပြိုင်ဘက်ဆိုတာလဲ တစ်နည်းအားဖြင့် ရန်သူပါပဲ မထူးဘူး"

လို့ ပြောသေးသည်။ ဒါကိုသိလိုက်ရကတည်းက သူမှာ စိတ်ညစ်ခဲ့ရ၏။

"မင်းတို့ ဘာကြောင့်ပြိုင်ဘက်ဖြစ်ရတာလဲ" လို့ မကောင်းတတ်လို့ မမေးဘဲနေခဲ့သည့်တိုင် ဒီလူငယ်နှစ်ယောက်ဟာ အလွန်စိတ်ပင်စားဖွယ်ဖြစ်နေ၏။ ထို့ပြင် သိုက်ရဲ့လက်အောက်မှာ အရိုင်း က ကြည်ဖြူကျေနပ်စွာ တာဝန်ထမ်းဆောင်နေသေးသည်။ ဘယ်လိုပြိုင်ဘက်တွေလဲ ...။ ထိုစဉ် ကိုကိုလေးရဲ့ဖုန်းက တမြည်မြည်လာသည်။

"ဟလို ..."

"... ... ..."

"ဪ .."

ဟုဆိုပြီး ကိုကိုလေးက အရိုင်း ကိုကြည့်ကာ ...

"အင်း .. ညနေလောက်ဆိုပြီးဖြီး ငါလာပို့မယ်လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

"ဖုန်းက ပြီးနေပါပြီ"

"... ... ..."

"မင်း အရေးကြီးလို့လား၊ တခြားဖုန်းတွေ မင်းမှာ အများကြီးပဲ ကွာ၊ ငါ အလုပ်ရှုပ်နေလို့ ကြာသွားတာပါ၊ ညနေကျမှ တစ်ခါတည်း ယူလာမယ်ကွာ"

"... ... ..."

"ဘာ .. ရောင်းမှာ ဟုတ်လား .."

"... ... ..."

ပြောနေရင်း အရိုင်း ကို ကြည့်မိပြန်သည်။ အရိုင်း က မချိုမချဉ် ပြုံးကာ သူ့ဘောင်းဘီအိတ်ထဲကဖုန်းကိုထုတ်ပြပြီး အဲဒီကရောင်းမှာကို သူဝယ်မယ့်ပုံစံ လုပ်ပြ၏။

"အေး ..အေးပါ၊ အမြန်ဆုံးဆိုရင်လဲ ငါလုပ်ပေးပါ့မယ်၊ ထပ်ယူ ရော .. ငါ့ရှာပေးရမလား"

"... ... ..."

ဟိုဘက်က ဘာပြောလိုက်မှန်းမသိပေမယ့် ကိုကိုလေး မျက်နှာ ပျက်သွားပုံအရ အခြေအနေကို အရိုင်း က တွက်လိုက်မိပြီးဖြစ်၏။ ဖုန်းချလိုက်ပြီး ကိုကိုလေးက သက်ပြင်းရှည်ကြီးချသည်။

"ပြောလို့မဆုံးသေးဘူး၊ သူ့ဘက်က မီးနီပြသွားပြီ"

"သူ မသက်သာပါ၊ ခင်ဗျားနဲ့ကျွန်တော် ရင်းနှီးမှန်းတော့ သူ မသိပါဘူး"

ကိုကိုလေး မျက်နှာမသာမယာနှင့် ခေါင်းညိတ်၏။

"ဆောရီးဗျာ၊ ကျွန်တော် ဒီရက်ပိုင်းမှာ လှုပ်ရှားတာ နည်းနည်း





များသွားတယ်၊ ဒါပေမယ့် ဒါက ဗိုင်နယ်လ်ဖြစ်နေလို့ပါ"

သူ စကားစလိုက်ကာမှ ကိုကိုလေးက ခုံခွဲပြီး ဘေးမှာ အား တက်သရောဝင်ထိုင်၍ ...

"လုပ်ပါ၊ စပ်စုတယ်လို့မထင်ဘူးဆိုရင် အဲဒါ တစ်စိတ်တစ်ပိုင်း လောက် ငါ့ကိုပြောပြစမ်းပါ၊ မင်းက သူ့ဆီမှာအလုပ်လုပ်နေပြီး တည့် ထဲမတည့်ကြဘူး၊ အလုပ်သွားလုပ်နေတာကိုက ..."

"အဓိပ္ပာယ်မရှိတာတွေ ကျွန်တော် လုပ်ချင်အောင် သူက မိုက်ရိုင်း တာ၊ အခု ခင်ဗျား ကျွန်တော့်ကြောင့် မိတ်ပျက်သွားရပြီဆိုတော့ နည်းနည်းပါးပါးတော့ ပြောပြပါ့မယ်၊ သူက ..."

အစချီလိုက်ပြီးမှ မဆိုင်တာတွေ များများပါမသွားအောင် ဖြတ် တောက်ရှင်း၍ ခေါင်းထဲမှာ စီစဉ်လိုက်ရသေးသည်။

ပြီးမှ ... ,

"သူက သန်းထွတ်တို့မိသားစုကို ဘဝနဲ့ချီပြီးနာကြည်းခဲ့တာ .."

"သန်းထွတ် .. အင်း.. ဟုတ်တယ်၊ သူ့စကားထဲမှာလဲ ပါလာဖူး တယ်၊ ဒီကိုတောင် အဲဒီတစ်ယောက်နဲ့ အတူလာဖူးတယ်ထင်တယ်၊ ပြောပါဦး .. အဲဒါ မင်းနဲ့ ဘယ်လိုဆက်ဖြစ်သွားတာလဲ"

"မဆက်ပါဘူး၊ သပ်သပ်စီပါ၊ ဒါပေမယ့် သန်းထွတ် အသေအလဲ ချင်တာပ်မက်တဲ့ မိန်းကလေးကို သန်းထွတ်နဲ့မင်္ဂလာပွဲသေချာနေ ကာမှ ... ဖွတ်ကားတင်ခဲ့တာ ..."

"ဟင် .. ခု .. ခု လက်ထပ်ထားတဲ့ ..."

"ဟုတ်တယ်၊ ပြီးတော့ ရွှေလက်ဇေက်က ကျွန်တော်သိပ်ချစ်တဲ့ ... သူငယ်ချင်းချစ်သူ ..."

"ဟာကွာ ... ဒီလောက်သပ်သပ်စီကြီးကို သွားပတ်သက်နေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ..."

"ဟုတ်တယ်၊ ဖြစ်ချင်တော့ ရွှေလက်ဆက်နဲ့ကျွန်တော် တစ်ယောက်ကိုတစ်ယောက် ရှာဖွေရင်း လွဲမှားနေကြရင်းနဲ့ သူ့ကိုကျွန်တော်မှတ် ပြီးပြီးသွားတာ ..."

ကိုတိုလေး ပါးစပ်အဟောင်းသားဖြစ်သွားခဲ့၏။ ဘယ်လိုမှ ယုံနိုင်ဖွယ်မရှိ။

အရိုင်း မျက်နှာကတော့ ပြန်ပြောပြတာလေးတောင်မှ လှသတ်ချင်လာသည့်မျက်နှာမျိုးဖြစ်နေလျက် ..။

"သူက သန်းထွတ်ရဲ့မင်္ဂလာပွဲကိုဖျက်ဖို့ ပြီးတော့ ရွှေလက်ဆက်က လူမှားမှန်းသိလို့နောက်ဆုတ်ဖို့ပြင်တော့ သူ အရှုံးမခံနိုင်ဘူး"

"ဒါတော့ မှားတာမှန်းသိရင် သူ ပြန်ဆုတ်ရမှာပေါ့"

"ဘယ်ကမလဲ၊ သူ့ကို မေတ္တာမရှိပါဘူးပြောလေ နိုပ်စက်လေ ကျွန်တော် သူ့ကို လုံးဝခွင့်မလွှတ်ဘူး"

"ပြဿနာက သေးသေးမဟုတ်ပါလား"

"ကျွန်တော် ဒေါသဖြစ်တာက မှားယွင်းပြီးစွန်းပြီးမှ အဖြစ်မှန်ပေါ်သွားတာဆိုရင် တော်သေးတယ်၊ အခု ရွှေလက်ဆက်ကို လုံးဝယုတ်ပြီး အပိုင်သိမ်းပစ်ခဲ့တာ ..."

"အဲဒါ မိုက်ရိုင်းတာ၊ သန်းထွတ်တို့ကို သူနိုင်ဖို့ ဒီမင်္ဂလာပွဲကိုဖျက်ရင်ပြီးတာပဲ၊ ဒါနဲ့ သူက ကောင်မလေးကို တကယ်မချစ်တာလားကလဲ့စားတွေ၊ နိုင်လိုမှုတွေနဲ့ပဲ အပိုင်စီးထားတာလား"

"မိန်းကလေးတစ်ယောက်ကို တစ်ပတ်မှာ ဆယ်ချက်လောက် ပါးရိုက်ပစ်နိုင်တာ ခင်ဗျားစဉ်းစားကြည့်၊ ရွှေလက်ဆက်ရဲ့ ပါးပေါ်လက်ဝါးရာပျောက်သွားတယ်မရှိဘူး"





"ကျွတ် ..."

အဲဒီလောက်ထိလား ..။ နားထောင်နေရတာနဲ့တင် ရင်ထဲမှာနင့်သွားသည်။

"ဒါဆို မင်း အခု တိုက်ခိုက်နေတာ ကောင်မလေးကို ပြန်လုယူဖို့လား" ဆိုသည့်မေးခွန်းကို ရင်ထဲမှာပဲမေးဖြစ်ခဲ့ပြီး တကယ်တမ်းမမေးရက်တော့ပေ။

နောက်ထပ် ရင်ထဲမှာဖြစ်လာတာက သိုက် ဟာ စိတ်ရောကိုယ်ပါ ပူကပ်ရောနှောပြီး မပေါင်းသင့်သည့်လူစားမျိုး ...ဟု ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၃)

ဟုတ်ပါတယ်၊ ငါက လူဆိုးပါ။ ငါကစပြီး တစ်စုံတစ်ယောက်
အပေါ်မှာကောင်းဖို့ ဘယ်တော့မှမကြိုးစားချင်တဲ့ကောင် ..။

ကိုယ့်စိတ်ကူးအတွေးတွေနှင့် အရက်ကို့ ဖိလို့မ့်သောက်ရင်း ဟာ
တိုက်ရယ်မိသည်။

သူ့အဖြစ်က ဘာလဲ၊ မိန်းမရထားပြီး အနားကပ်လို့မရ၊ အနိုင်
တယ်ထင်ရပေမယ့် သူ့ဘက်မှာချည်းပဲ ဆုံးရှုံးမှုတွေဖြစ်နေခဲ့သည်။ ဒီမှာ
ကားတစ်စီးဆုံးလို့ သူ့မှာလည်းတစ်စီးဆုံးတာဆိုရင် သူက အပြ
မပျက်နေနိုင်ရက်နဲ့ ကိုယ့်မှာပဲ မရှုနိုင်မကယ်နိုင်ဖြစ်နေရတာလား

မှုးယစ်ရီဝေနေသည့် မြင်လွှာရုံဝိုးတဝါးမှာ ရွှေလက်ဆက် သ
နတ်သမီးကဲ့သို့သော အဆင်တန်ဆာတွေ ပြိုးပြက်လက်နေလျ
ရင်သပ်ရှုမောအောင် လှနေခဲ့သည်။ ပြီးတော့ ကိန္နရီကိန္နရာချောင်း
ခဲ့သည့်ပြဇာတ်တွေ ကြည့်ဖူးခဲ့တဲ့အတိုင်း လှပမှုန်ညက်နေသ





မျက်နှာလေးမှာ မျက်ရည်တွေစိုလွှးကာ အရိုင်း ရှိရာကို မျှော်ငေးငို
ကြွေးနေ၏။

မှုန်ပျပျအဝေးမှာ အရိုင်း က သူ့မဆီကိုလာဖို့ ကြိုးစားအားသွန်
နေခဲ့ပြီး သူကတော့ မြားတပြင်ပြင်၊ ဓားတကိုင်ကိုင်နဲ့ လူကြမ်းမှဆိုး
ကြီးဖြစ်နေသည်။

ဒါ တကယ်ပဲ သူ့အဖြစ်လား ..။ အဟွန်း ...။

အရက်သောက်မိတိုင်း ဒီလိုပဲမြင်မြင်လာခဲ့သည်။ အသိစိတ်ပျောက်
လောက်အောင်ဖြစ်ခဲ့တိုင်း ကိုယ့်ကိုကိုယ် လူကြမ်းကြီးလို ခံစားမိ၏။
ရွှေလက်ဆက်၏ ကြည်ဖြူနှစ်သက်ခြင်းကို သူ လိုလားနေခဲ့ပြီမှန်း
ကိုယ့်ကိုယ်ကိုသိလာလေ၊ ဒေါသမာနများနှင့် ရင်ဘတ်ထဲမှာ ကျွမ်း
လောင်နေလေ ...။

ဒီမိန်းမကို ဖူးထောက်ခယခြင်းဖြင့် အရိုင်း ဆိုတဲ့ကောင်ကိုပါ
အရှုံးပေးပြီးသားဖြစ်တော့မည်။ ဒီလို ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ပါ။

တဆစ်ဆစ်နာကျင်နေသည့်ရင်ဘတ်သည် အရက်နှင့်မသင့်မြတ်
မှာ စစ်ခင်းနေကြလျက် မျိုချလေ ခံရခက်လေ ..။

"အစ်ကို ..."

"ဘာလာလုပ်တာလဲ .. သွား ..."

ရုံးဆင်းချိန်ရောက်နေပြီမို့ သူ့နားနေခန်းကို ဗလ ရောက်လာ
တာဖြစ်သည်။ သွား ဟုပြောလိုက်ပေမယ့် ဗလ က မျက်နှာမကောင်း
နှင့် သူ့ရှေ့ထိရောက်လာကာ ...

"ဒီလောက်ထိ မသောက်ခဲ့ဖူးဘဲနဲ့ အစ်ကိုရာ၊ စိတ်ညစ်စရာရှိရင်လဲ
ပြီ.. ကလပ်မှာသွားပြီး ..."

"ဟိတ်ကောင် .. မင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားစမ်း လို့ နောက်ထပ်ပြောဖို့က ဒေါသနှင့်မူးဝေနေတာရောကာ ပြောမထွက်တော့ဘဲ လက်ညှိုးတထိုးထိုးနှင့် ခေါင်းငိုက်စိုက်ကျ၏။

"အစ်ကို .. ဒီည အရေးတကြီး ဖုန်းလာဖို့ရှိတယ်ဆို၊ တော့်ကြာမပြောနိုင်ပဲနေပါ့မယ်"

"အဲဒါရော .. အေ့ .. အဲဒါ မင်းနဲ့မဆိုင်ဘူး၊ နောက်ထပ်ဝင်မလာနဲ့ကွာ .. သွား .."

စားပွဲပေါ်မှာ တစ်ပိုင်းတစ်စပုလင်းတွေနှင့် စားစရာတွေ မသေသပ်စွာရှိနေပုံကိုကြည့်ကာ ဗလ ခေါင်းကုတ်နေရင်း တော်တော်နှင့်မခွာဖြစ်။

ဒီလောက်ထိပြောရဲတာတောင် စိုးရိမ်စိတ်တွေလည်းဖြစ်၊ သိုက်တော်တော်မူးနေပြီမှန်း သိလို့ပါ။ ဒို့ထက်ပို၍ မပြောဝံ့တော့သည်မို့ဘာမှမတတ်နိုင်ဘဲ လှည့်ထွက်ခဲ့ရ၏။

သိုက် ကတော့ ရှုံ့မဲ့ယိမ်းထိုးနေသည့်ကြားကနေ ပုလင်းကိုလှမ်းကိုင်တုန်း ..။ ထိုစဉ် ဒီတိုင်းချထားသည့်ဖုန်းက စားပွဲပေါ်ကနေသူ့ကိုအူသံသံပေး၍ခေါ်၏။

"ဟာလို .."

"ကိုသိုက်၊ ကျုပ်ဖုန်းခေါ်တာ နှစ်ခါရှိပြီ"

"ဟင် .. အင်း .. သော် .. ဖုန်းက ကျွန်တော့်နားမှာပါ၊ ခုပဲ ထမြည်တာ .."

"မဟုတ်ဘူး၊ နှစ်ခါရှိပြီ တစ်ခါက ဝင်သွားပြီးမှ ပိတ်ပစ်လိုက်တာ.."

"ပိတ်ပစ်ဖို့ထိစိတ်ဝင်စားရင် ကိုင်ပြီးမှတော့ နားထောင်လိုက်မှာပေါ့ .. အေ့ ..၊ ကဲဗျာ .. ခင်ဗျားတို့ဘက်က ဆွေးနွေးမှုပြီးပြီလား





ပြောလို့ရပြီ"

"ခင်ဗျား မော့နေတယ်ထင်တယ်၊ လစ်မစ်လွန်နေတဲ့ပုံပဲ၊ မနက်မှပဲပြောကြတာပေါ့"

"အင်း .. ရတယ်လေ .. အိုခေ .. အိုခေ .."

သူ ဖုန်းချလိုက်ပြီးရယ်သည်။ ဖုန်းပိတ်ပစ်တယ်လို့များ စွပ်စွဲလိုက်သေးရဲ့ ..။ ပြောပုံက ပြဿနာကိုမရှင်းချင်လို့ မပြောချင်တာလိုလို ..။ ဝေးသေးတယ် ဦးပေါ်စံ ..၊ သိုက် ဆိုတဲ့ကောင်ရဲ့ရာဇဝင်မှာ ရှောင်ပြေးတယ်ဆိုတာ ဘယ်တုန်းကမှမရှိခဲ့ဘူး။

စိတ်ထဲမှာကြိမ်းဝါးရင်း အံကြိတ်မိပြန်သည်။ သူ့အတွက် ခုချိန်မှာအရေးကြီးဆုံးပြဿနာက နှလုံးသားနှင့်ရင်း၍ မာနကိုအရည်ကျိုရတော့မည့်ပြဿနာမျိုး ..။

ဒီအချိန်မှာ စီးပွားရေးပြဿနာတွေဆိုတာ အလကားပါ၊ ဒါပေမယ့်..။

ဒါပေမယ့် အဖက်ဖက်ကဝင်လာသမျှအကြောင်းအရာအားလုံးကသူ့အတွက် အှိုင်းနက်စ်ချည်းပဲဖြစ်နေသည်။ သူ ခေါင်းကို လက်နှစ်ဖက်နှင့်ဖိပြီးပွတ်ပစ်ရင်း စားပွဲပေါ်ကို မျက်နှာတစောင်းအပ်ကျသွား၏။

နှုတ်ဖျားမှ တဖွဖွရေရွတ်ရင်း တိုးလျှမပျောက်ကွယ်သွားသည်အထိ ခွဲထင်သွားခဲ့သော စကားလုံးတို့သည်...

"ရွှေလက်ဆက် .. မင်းကိုငါမချစ်ဘူး၊ တကယ်မချစ်ဘူး မင်းကိုလုံးဝမေ့တ္တာမရှိခဲ့ဘူး၊ တကယ် .. တကယ် .. အဲဒါတကယ်နော် .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၂)

"ပြဿနာက အဲဒီလောက်ထိဖြစ်သွားလား မောင်သိုက်"

"ဟုတ်တယ် ... ဖြစ်တယ်"

သူ့မျက်နှာခပ်အစ်အစ်က နီရဲသုန်မှုန်နေသည်။ ဒီရက်ပိုင်းတွေ မှာ အရက်သောက်ခြင်း၊ နိုးထခြင်းဖြင့် အချိန်ကုန်ခဲ့သည့်ဆိုးကျိုးက ခေါင်းထဲမှာ အချိန်ပြည့်နောက်နေလျက် ရှုပ်ထွေးနေတာတွေကို မကြားချင်။

သူများနားမလည်တာကိုလည်း စိတ်ကမရှည်နိုင်။ သူစားပွဲရှေ့မှာ ထိုင်နေကြသည့် ဦးမောင်ဦးနှင့်ဦးကြူးတို့ကို ဒီပြဿနာဘယ်လိုရှင်း ကြို တိုင်ပင်ဆွေးနွေးသင့်မှန်းသိလျက်နှင့် ကိုယ့်ဘာသာ ဖြစ်သလိုရင်ဆိုင် ပစ်လိုက်ဖို့ ဆုံးဖြတ်မိ၏။

ခေါင်းထဲမှာ အဓိကအလိုလားဆုံးက ရှုပ်ထွေးနေတာကိုမဖြေချင်။ "သူတို့က ဘာပြောသွားလို့လဲ၊ ဟိုက ကိုယ်စားလှယ်ဖောက်ပြန်တဲ့ကိစ္စ က တို့တွေမှာ တာဝန်လုံးလုံးရှိတယ်ဆိုတာတော့ သိပ်သဘာဝမကျ ဘူးထင်တယ်"





ဦးကြူးက ကုမ္ပဏီကအရေး ကိုယ့်အရေးလိုသဘောထားနေ သည်။ တကယ်က ကိုယ့်လူက ဖွဲ့ဖောက်သွားတာအမှန်ပဲဖြစ်၏။ တစ်ပြည်ရပ်ခြားမှာ စီးပွားရေးအုတ်မြစ်ချနိုင်ဖို့ အလှမ်းကျယ်ခဲ့ရင်း မိတ်ဆွေသစ်တွေရှာ၊ လက်တွဲမိဖို့ကြိုးစားရင်း သူကိုယ်တိုင် မျက်ခြည် မပြတ် ဦးစီးဦးဆောင်ပြုသွားဖို့ဖြစ်သည်။ ဖြစ်လည်းဖြစ်မြောက်ခဲ့ပြီးပြီ။

ဒါပေမယ့် အောင်မြင်မှုတွေရဲ့သရဖူဆောင်းနေဆဲမှာ လောဘ၊ မောဟမျှဉ်းပြိုင်တွေကြားမှာ အချစ်ကိုခလုတ်တိုက်ပြီး သူ ခြေလှမ်း မှားသွားခဲ့၏။

ရွှေလက်ဆက်ရှေ့မှာ မာနကိုဦးမချိုးချင်၊ အရှိန်း ဆိုတဲ့ကောင် ကို ချုံးနိမ့်စေရ။ ခုလည်း ဒီမောဟတွေကြားမှာပဲ မှန်းကျပ်နေတုန်း။

"ဒီလိုတွေဖြစ်ကုန်တာ ကျွန်တော့်ဘက်က လစ်ဟင်းမှုတွေလဲ ပါတယ်၊ ပြီးတော့ ..."

သူ့ဘက်က နိုင်ငံခြားကိုယ်စားလှယ်သည် သူ့ရဲ့အမေတူအဖေကွဲ ညီအရင်းဖြစ်နေသည့်အကြောင်းကို သူ ဆက်မပြောနိုင်။ ဒီအချက်ဟာ သူသာသိသောအချက်ဖြစ်၏။ ထို့ကြောင့် ...

"ကျွန်တော်တစ်ယောက်တည်းပဲသွားမယ်၊ ဆွေးနွေးကြည့်လို့မှ မရရင်တော့ ကိုယ့်ဘက်က ဝတ္တရားရှိတဲ့အတိုင်း ..."

"ဟာ .. မဟုတ်သေးဘူး မောင်သိုက်၊ ဟိုလူကိုလဲ ဘွတို့ဖမ်းမိ ထားပြီမို့လား။ အဲဒီလူကိုပဲ ရှင်းခိုင်းပေါ့၊ ဘာသဘောနဲ့ တို့ဆီကို ပြဿနာ လှည့်ရှာတာလဲ"

"ဒါက အလွဲသုံးစားမှုမဟုတ်ဘူး ဦးကြူး၊ မောင်မောင်က .."

"ဘယ်သူက တရားခံဖြစ်ချင်မှာလဲ၊ သူခိုးက ခိုးပါတယ်ဆို့ သူ့ ဘာသာဝန်ခံတာများရှိလို့လား။ မောင်မောင်က ဟိုရောက်သွားကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကာ မောက်ခတာ၊ အသုံးအစွဲကြီးတာ၊ ကြားရသမျှ သတင်းကောင်းဘာမှမရှိဘူး။ စက်ရုံကြီးတစ်ရုံလုံး ဆုံးရှုံးသွားတာကို မတော်တဆမှုလို့လက်ခံလိုက်ရင် ကိုယ်မဲ့ည့်ရာကျမယ်၊ မကောင်းမှုဆိုတာကပေါ်တာပဲ၊ ဒါလုပ်ရင် ဘာဖြစ်လာနိုင်တယ်ဆိုတာ သူမတွက်မိဘဲမနေဘူး။ ခံရဲလို့လုပ်ရဲတာလို့ ယူဆလိုက်ပါ။ ကိုယ်ပေးရမယ့်အလျော်အစားကိုလဲ မောင်သိုက် သိသားနဲ့ ကိုယ့်သွေးသားဆိုရင်လဲ ခါးဝတ်ခါးစားပဲ ချွတ်ပေးရ ပေးရ တော်သေးတယ်"

"သူက ကျွန်တော့်ညီအရင်းပဲ" ဟု စိတ်ထဲကပြောမိရင်း ရှည်ရှည်ဝေးဝေးလာပြောနေတာကို စိတ်မရှည်ခြင်းတွေ သိုက် မျက်နှာမှာ ပေါ်လာသည်။ သူ တစ်ခုခုပြောလိုက်တော့မလို ပါးစပ်ပြင်လိုက်စဉ် ဖုန်းစပီကာကနေ ထမြည်လာသဖြင့် သူ ကိုင်လိုက်ရ၏။

"စားစရာတွေရောက်ပါပြီ ဆရာ"

"ဝင်ခိုင်းလိုက်"

ဖုန်းချလိုက်ပြီး မျက်နှာမော့လိုက်သည်နှင့် အဝင်တံခါးပွင့်သွားတော့ မျက်လုံးက အလိုလိုရောက်သွား၏။ စိတ်က ထောင်းခနဲ ဖြစ်ကာ မျက်နှာကြီးပါတင်းသွား၏။ ဦးကြူးတို့ကလည်း သတိထားမိသွားလျက် နောက်လှည့်ကြည့်လိုက်ကြသည်။

"ဗလ ကျွန်တော့်မုန့်ပွဲတွေကို စောင့်နေရလို့ပါ"

အရိုင်း က လူကြီးတွေကြည့်ကြတာကို ပျာပျာသလဲရှင်းပြရင်း လက်ဖက်ရည်ပွဲတွေကိုကိုင်လျက် ဆက်လျှောက်လာ၏။

"နောက်ကမုန့်ပွဲကို မင်းကစောင့်ရမှာ၊ ဒီထဲကို ဗလတစ်ယောက်ပဲဝင်ထွက်ခွင့်ရှိတာ မင်းမသိဘူးလား"

စိတ်ထိန်းထားရသည့် သိုက် အသံက ဒေါသဖြစ်နေသည့်အတိုင်း





အတာကို ပြသနေသလိုပင်။ အရိုင်းက အပြစ်ရှိသည်လို့ အပြောခံလိုက်ရခြင်းကို အံ့သြသွားသည့်မျက်နှာနှင့် ...

"အနောက်ဆောင်က ဂျာကြီးကိုယ်တိုင် မင်းပဲသွားလိုက်ပါဆိုလို့ ဝါလာပို့တာပါ။ ဘာဖြစ်လို့လဲ၊ အခု လော်လော်ဆယ် ငါက မင်းရဲ့ အလုပ်သမားပဲဟာ၊ မင်းစားသောက်ဖို့ လာပို့တာ သဘာဝကျပါတယ်၊ သာအာနာတာတွေ တွက်မနေပါနဲ့"

ပြောပုံက သိုက်ကပဲ သူငယ်ချင်းအရင်းမို့ ဒီလိုမခိုင်းရက်လို့ ပြောနေသလိုလို ...။ လက်ဖက်ရည်ပွဲချပြီး စားပွဲစွန်းနားမှာကပ်ရပ်လိုက်တော့ ဦးကြူးတို့ကို ကျောပေးလိုက်သလို သုံးချိုးတစ်ချိုးအနေအထားဖြစ်သွားတာ သိုက်နှင့် မျက်နှာချင်းဆိုင်နီးနီးလေး။

"အဟွန်း ..."

နှုတ်ခမ်း တွန့်ခနဲ လွန်လူးရုံကလေးဖြစ်သွားလျက် အေးစက်စက်မျက်ဝန်းတို့မှာ မဲ့ပြုံးတစ်ချက် ရှပ်ပြေးသွား၏။ သိုက် ကျိခနဲ အံကြိတ်သည်။ အရိုင်း ပြန်ထွက်သွားတော့ ယိုယွင်းပျက်စီးကျွန်ရစ်သည့် သိုက်မျက်နှာကိုအကဲခတ်၍ ဦးမောင်ဦးတို့ တစ်ယောက်မျက်နှာတစ်ယောက် မသိမသာကြည့်၏။

ဒီခွေးနွေးမွဲ ရှေ့ဆက်လို့ရမရ ...။ တော်ကြာမှ ဦးကြူးက ချောင်းတစ်ချက်ဟန့်၍ ...

"ဒါဆို သူတို့ချိန်းသွားတဲ့ဆီကို မောင်သိုက် လိုက်တွေ့မှာပေါ့"

"ဟုတ်တယ်၊ ကိုယ်ကလျော်ရသည်ဖြစ်စေ၊ မလျော်ရသည်ဖြစ် စေ တိုက်ကျမှပဲ အခြေအနေအရ ..."

"လျော်ဖို့ကိစ္စကိုတော့ ခေါင်းထဲကိုထည့်မသွားနဲ့ မောင်သိုက်၊ ဒါ လွယ်လွယ်လေးပစ်ချပေးလိုက်ရုံနဲ့ ပြီးသွားမှာမဟုတ်ဘူး၊ ငါတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ဒါကုမ္ပဏီကိုပါ ထိခိုက်လာနိုင်တယ်၊ ပြီးတော့ ဒီနှစ်ဝက်မှာ အပျက်အစီးတွေနဲ့ထိုးဆင်းနေတာ သိတဲ့လူတွေသိတယ်"

"ကျွန်တော်သွားဖို့ကို သဘောမတူဘူးလို့ ကန့်ကွက်တာလား ဦးမောင်"

"စဉ်းစားဖို့ပါ၊ လူငယ်ဆိုတာ မာနစိတ်ပြင်းတယ်၊ နည်းနည်းလေး စိတ်လျှော့ပြီး ချိန်တွက်ကြည့်သင့်တယ်လေ၊ ကျုပ်တို့က မိတ်ကပ်နှုတ်ခမ်းနီတွေ ရောင်းဝယ်နေကြတာမဟုတ်ဘူး၊ လက်ဒါရဲ့ အီလက်ထရွန်းနစ်အင်ပါယာက အကြီးကြီး .."

"လူငယ်သဘာဝကို နားလည်တယ်ဆိုရင်လဲ လူကြီးဖြစ်တဲ့သူတွေက နားလည်ဖို့ပဲကြိုးစားပါ၊ လကုန်တဲ့နေ့ ဟိုကိုအရောက်သွားဖို့ ကျွန်တော်ဆုံးဖြတ်ပြီးပြီ"

ဦးကြူးတို့မျက်နှာတွေ တင်းကုန်ကြ၏။ ဒီမှာဝင်လုပ်နေကြတာက အကျိုးအမြတ်လည်းပါသလို ကိုယ့်လုပ်ငန်း ကိုယ့်ပိုင်ပစ္စည်းတွေလို သူတို့တန်ဖိုးထားခဲ့ကြတာပါ။ ထို့ပြင် ရှယ်ယာရာခိုင်နှုန်းအများဆုံးပိုင်ဆိုင်ထားသည့် အိမ့်မှတ်ပြည့်နှင့် သိုက် ဖြတ်သားမောက်မာခဲ့သမျှလည်း သည်းခံခဲ့ကြရတာတစ်လျှောက်လုံး။ ခုလို ကိုယ့်သဘောနဲ့ကိုယ်ဆုံးဖြတ်တာ မသင့်တော်ပေ။ ဒါပေမယ့် ..

"နယ်စပ်မှာပဲလား၊ မင်း ဟိုထိတော့ မလိုက်သင့်ဘူးထင်တယ်"

"နယ်စပ်ကနေ ဟိုထိရောက်ဖို့လဲရှိတယ်"

သိုက် ဖြေပုံက ရွဲ့နေသလိုမျိုး ...။ ဆွေးနွေးပွဲက သူ ဆုံးဖြတ်ချက်ချလိုက်တဲ့အတိုင်း ...။





## အခန်း (၆၃)

"ကျွန်မ မလိုက်ဘူး"

"မင်းဆုံးဖြတ်ဖို့မလိုပါဘူး၊ ငါထားသလိုနေ၊ စေရာသွားရမှာ မင်းအလုပ် .."

နိုင်ငံခြားအရက်မျိုးစုံကို တစ်မျိုးပြီးတစ်မျိုး ဆွဲချနေတာ၊ စားပွဲပေါ်မှာ ပုလင်းတွေ ဆိုဒ်စုံဝိုက်စုံ။ သူ ဆွဲချသမျှလိုက်ကြည့်နေပေမယ့် ဆက် က ပုလင်းတွေကို စိတ်ဝင်စားလို့မဟုတ်ပါ။

"မနီ .."

"ရှင် ... အစ်ကိုလေး .."

သူ ခေါ်လိုက်တာနှင့် မနီ အပြေးအလွှားရောက်လာ၏။

"အမြည်းနှစ်မျိုးလောက်လုပ်ခဲ့ .."

"ဟုတ် ..."

မနီ ထွက်သွားတော့မှ ဆက် က ထမင်းစားခန်းထဲကနေ ပြန်ထွက်ဖို့ပြင်သည်။ သို့သော် သိုက် က လှည့်မကြည့်ဘဲ ဆက် ရဲ့လက်ကောက်ဝတ်လေးကို နောက်ပြန်ဆောင့်ဆွဲထားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာထိုင် .."

ဆက် ဒယိမ်းဒယိုင်လေးပြန်ပါလာကာ စားပွဲစွန်းနှင့်တင်ပါး တိုက်မိသွား၏။

"ဖယ် .. လွှတ် .."

လက်ကိုပြန်ရုန်းရင်း သူ တွန်းပစ်လိုက်သည့်ခုံမှာပဲ ထိုင်လျက် သား ကျလာသည်။ နှုတ်ခမ်းလေးကိုဖိကိုက်ရင်း နာကြည်းစွာကြည့်နေသည့် ဆက် ၏မျက်ဝန်းလေးတွေကို သူက မျက်လွှာပင့်ကြည့်၏။ ပြီးတော့ နှုတ်ခမ်းမဲ့ကာ ...

"ငါရှိနေတာတောင် ဒီလောက်ဖောက်ပြန်ရဲနေတာ ..၊ ငါမရှိရင် မင်းဘာတွေလုပ်မလဲ"

"သိချင်ရင် ရှင်သွားကြည့်လိုက်လေ"

ဆက် က ဖားလျားဖြန့်ချထားသည့်ဆံပင်တွေကို မျက်နှာမော့၍ ခါထုတ်ပစ်လိုက်ရင်း ...

"ကိုယ့်ကိုကိုယ်လဲပြန်ကြည့်ဦး သိုက်၊ သူများပစ္စည်းကို ပိုင်ရှင်ရှိ မှန်းသိသိကြီးနဲ့ ခိုးယူထားပြီး တစ်ယောက်တည်း ထားစရာမရှိဖြစ်နေ တာ၊ ဘယ့်နှယ် .. သူများကိုချည်း သူခိုးစွပ်စွဲနေရတာလဲ၊ ကျွန်မ ရှင့်ကိုမုန်းလွန်းလို့ အဆိပ်တက်သေသွားပစေ၊ ရှင့်စနီ ်းနေရာက မလွှတ်မြောက်သရွေ့ ဘယ်တော့မှမဖောက်ပြန်ဘူး"

"ဘယ်တော့မှမှ လွှတ်ဖို့မရှိတာ .."

တစ်ခွက်လုံး တစ်ကျိုက်ကျိုက်မော့ချလိုက်ပြီး ဖန်ခွက်ကို ဆောင့်ချလိုက်သည်။ နောက်တစ်ခွက်ထပ်ဝင်တော့ မျက်လုံးတွေက အရင်ရီဝေလာခဲ့၏။

အဝါနုရောင်ဝတ်စုံလေးနှင့် ဆက် သည် သူ့ရှေ့မှာ ရွှေရုပ်လေး





ချထားသလိုမြင်လာခဲ့၏။ မဟုတ်ဘူး၊ မင်းမှားနေပြီ သိုက်၊ အဲဒါက မြွေဟောက်မ ..။

သူ မျက်လုံးတွေကိုမှိတ်ကာ ဆတ်ခနဲ ခေါင်းခါသည်။ နောက် တစ်ခွက်ထပ်ထည့်စဉ် ဆက် က ထရပ်လိုက်၏။

"ပြန်ထိုင် .."

သူက ပြန်ဆောင့်ဆွဲလျှင် ပုံခနဲ ခွေကျလာသည်က သူ့ရင်ခွင် ထဲကိုဖြစ်၏။

"ရှင်နော် .. လွှတ် .."

လူက စားပွဲနှင့်သူ့ရင်ဘတ်ကြားမှာညပ်ကာ ခါးကို သိမ်းကျုံးဖက် ထားလိုက်တော့ ဆက် ဘယ်လိုမှရုန်းမရဘဲ သူ့မျက်နှာက ကိုယ့်ရင်ညွန့် နားမှာ ပွတ်ကာပ်ထိစပ်နေလျက် ..။

"လွှတ်လို့ပြောနေတယ်နော်၊ ရှင် ကျွန်မကိုထိကိုင်လိုက်တိုင်း ကျွန်မနလုံးနာတယ်၊ ဖယ်ပေး .. ဟင့်အင်း .."

မခံချင်စိတ်တွေဖြစ်အောင် ရင့်သီးစွာပြောပေမယ့် မလွှတ်မြောက် ဘဲ ကြမ်းရှရှိန်းပျသည့်အနမ်းတွေနှင့် သိုက် က နှိပ်စက်သည်။ အား တန်လို့ မာန်လျှော့ခဲ့ရပေမယ့် ဆက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျကာ ...

"သူ့လက်ကလွှတ်သည်နှင့် နောက်ဆုံးထွက်သက်ဖြစ်ပါရစေ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၄)

ကားမောင်းနေရင်း ဝင်လာသည့်ဖုန်းသံကြောင့် လက်တစ်ဖက် နှင့်ထုတ်ကြည့်လိုက်၏။ သူ့မျက်နှာမှာ လှုပ်ရှားခြင်းတွေဖြစ်သွားခဲ့ပြီး ကားက လမ်းဘေးတစ်နေရာမှာ ဝေါခနဲ ထိုးရပ်သွားသည်။

"ရွှေလက်ဆက် .."

"အရိုင်း ... နင် .. နင် ဘယ်မှာလဲဟင်၊ ငါ သူနဲ့ ခရီးထွက်ရ တော့မယ် သိလား။ ငါမသွားချင်ဘူး၊ ငါလေ .. နင်နဲ့ ခြံချင်းကပ်ရက် နေရတယ်ဆိုတဲ့ အငွေ့အသက်လေးနဲ့ပဲ အသက်ရှင်နေရတာပါ။ ဒီတစ် ခါထပ်ဝေးရရင် ငါခံနိုင်ရည်ရှိမယ်မထင်ဘူး"

"ငါ အခု ..."

"သူ ဘယ်သွားမယ်ဆိုတာ ငါ့ကိုမပြောဘူး၊ နင်နဲ့ငါကြောင့်လား ငါ့ကိုထားခဲ့ရမှာ စိတ်မချလို့လား .. ငါ ဘာမှမသိဘူး၊ ပြီးတော့ ကြာ





လား၊ မြန်မာလား .. အဲဒါလဲမပြောဘူး၊ ငါ့ကို သူက ခွေးတစ်ကောင် လို သွားခါနီးမှ ကားပေါ်ကောက်တင်သွားမယ့်ပုံ၊ နင် .. ခုတစ်လော ဘယ်ရောက်နေလဲဟင်၊ ငါ့ကိုဖုန်းမေးပြီး ဆက်လဲမဆက်ဘူး"

နိုးချောင်နိုးဂှက်ပြောနေရသည့် အလောတကြီးသံလေးနှင့် အစ်ချက်မှမနားဘဲ ပြောနေသဖြင့် အရိုင်း သူမ ပြောလို့ပြီးသည်အထိ စောင့်လိုက်သည်။ ခဏနားသွားမှ ...

"ရွှေလက်ဆက်၊ ငါပြောမယ် နားထောင်၊ သူ ဘယ်သွားမယ်ဆို တာ ငါသိတယ်၊ ဘာပြဿနာဆိုတာသိတယ်၊ ဒီပြဿနာမှာ သူ့အတွက် ရှုပ်နည်းနည်းကြီးတယ်ဟ၊ ငါ နင့်ကို လုံးဝပစ်မထားဘူး၊ ဘာမှမပူ နဲ့ နင့်အဖေနဲ့အမေလဲ ကျန်းမာရေးကြောင့် ခရီးထွက်ကြမယ်လို့ ကြား တယ်"

"ဟင် .. ဘယ်ကိုလဲ၊ မေမေ ငါ့ကို အထင်လွဲပြီး လုံးဝစိတ်နာ သွားပြီ"

"ဒါက နင့်မျက်နှာကိုမြင်လိုက်ရင် အားလုံးပြီးသွားမှာပါ၊ သူတို့ ကျန်းမာရေးပြန်ကောင်းသွားပြီဆိုတော့ နင်စိတ်ချမ်းသာစရာပေါ့။ ဘာမှ င်းထဲမထည့်နဲ့၊ ငါ ..."

ဖုန်းထဲမှာ ပြတ်တောက်သွားသည့်မြည်သံလေး ပေါ်လာ၏။

"ကျွတ် ..."

သူ ပြန်ခေါ်မလို့လုပ်ပြီးမှ သူမ အခက်အခဲပေါ်လာလို့ ပိတ်ပစ် လိုက်တာလားဟုတွေးမိပြီး အိတ်ထဲပြန်ထည့်လိုက်ရ၏။ ထိုစဉ် ဖုန်း က ည်လာပြန်၏။ ထုတ်ကြည့်လိုက်တော့ စိတ်ပျက်သွား၏။

"အသွင်ရိုင်း ..."

"ဟုတ်ကဲ့ .. အန်ကယ်လ် ..၊ ပြောပါခင်ဗျာ ...."



www.burmeseclassic.com

www.burmeseclassic.com



"မင်း နှုတ်ထွက်စာတင်သွားတာ တို့တွေ ဘာမှမသိလိုက်ရပါလား"

"ဟုတ်တယ် အန်ကယ်လ်၊ ကျွန်တော်နဲ့သိုက်ရဲ့အခြေအနေကို အန်ကယ်လ်တို့လဲသိနေပါတယ်"

"ဒါက မင်းရဲ့သူငယ်ချင်းအရင်းပဲကွာ၊ ပြီးတော့ ဒီဘက်မှာ ရှုတ်ချော်လွဲမှားမှုတွေ ဆက်တိုက်ဖြစ်နေတာ မင်းလဲသိတယ်၊ တို့ဆီက အပျက်စာရင်းတွေ၊ မွန်ဆွန်းလက်ထဲရောက်တဲ့ကိစ္စကြောင့်သာ ..."

"ရှင်းမရတာ အဲဒီကိစ္စပါပဲ၊ အခု မွန်ဆွန်းကို ကျွန်တော်ပိုင်လွှဲပြောင်းတော့မှာဆိုတော့ နောက်ဆက်တွဲရင်ဆိုင်ကြဖို့က လုံးဝမဖြစ်နိုင်တော့ဘူး။ ကျွန်တော်က သူငယ်ချင်းလို့သဘောထားပေမယ့် သူ့ဘက်က ဟိုတုန်းကအွေးတွေးမှုမျိုးနဲ့ တစ်ချက်တောင်ဖွေမကြည့်ခဲ့ဘူး"

"ဒါဆို မောင်ရင်က အခု မွန်ဆွန်းကို လွှဲသူပြီးပြီပေါ့"

"ဒီနောက်လဆန်းလောက်မှ ဖြစ်မှာပါ"

ဟိုဘက်က ဦးမောင်ဦးအသံ တိတ်ကျသွားတော့ သူ နာရီငုံ့ကြည့်သည်။

"ကျွန်တော့်မှာ ကိစ္စလေးအရေးကြီးနေလို့ ခွင့်ပြုပါဦးခင်ဗျာ"

တစ်ဖက်မှာ ဖုန်းကိုင်ရင်း ငိုင်ငိုင်ကြီးကျန်ခဲ့လျက် မန်နေဂျာ ဦးသော် က လှမ်းကြည့်ကာ ...

"ဘာတဲ့လဲ ကိုမောင်ဦး"

"သူက မွန်ဆွန်းကိုတောင် လွှဲယူတော့မှာတဲ့"

"ဘာ .. ဘယ်လို .."

မေးရင်း ဦးသော် အနားရောက်လာသည်။

"ဟုတ်ပါ့မလား၊ မွန်ဆွန်းက နည်းတာကြီးမဟုတ်ဘူးနော်၊ ဘာလဲ တစ်ဦးတည်းပိုင်လား"





"ဟုတ်မယ်ထင်တယ်၊ သူပြောတာလဲ ဟုတ်လောက်ပါတယ်၊ ခေါင်သိုက်က သူရောက်လာကတည်းက ကြည်ကြည်လင်လင် ရှိခဲ့ ဘာမှမဟုတ်တာ ..."

"ဒါလဲ သူတို့ချင်းသိမှာပေါ့ဗျာ၊ မတွေ့ဘူးလား .. ဒီကောင် ဒီ လောက်ချမ်းသာတာ .. ကျုပ်တို့ဆီကို ဝင်လာပြီး သက်သက်နှိုက်ယူ သွားတာမျိုးဖြစ်မနေဘူးလား"

"ဖြစ်နေလဲ သူ့ဆီကနည်းပညာတွေ တို့ထဲကိုထည့်ပေးသွားတာ ဲ နည်းသလား။ ဒီလိုကောင်မျိုးကို လက်လွှတ်သွားတာတော့ စိတ် ကောင်းဘူး၊ ကိုသိုက်က အုပ်ချုပ်တယ်၊ ဆုံးဖြတ်ပေးတယ်၊ အလုပ် က ရှုပ်ထွေးမှုတွေမှာ ဘာမှမပါဘူး၊ ကျုပ်တို့တွေ အသွင်ရိုင်းရှိနေ ဘယ်လောက်အသက်ရှူချောင်ခဲ့သလဲ၊ အပြင်သွားဖို့ရှိလဲ သူပဲ၊ ာနာရှိတိုင်းလဲ သူပဲ၊ အေးပေါ့လေ ... သူတို့ချင်း ဘယ်လိုရှိခဲ့ကြ ယ်ဆိုတာ ကျုပ်တို့သိရတာမှမဟုတ်ဘဲ၊ ဒါနဲ့ ဒီနေ့ ကိုသိုက် ဘယ် န်ထွက်မှာလဲ"

"ခုလောက်ဆို ထွက်သွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၅)

"ဗလ ... နောက်ကကားကို မင်း သတိထားမိလား"

သူ ကပ်မေးလိုက်တော့ ဗလ က ချက်ချင်းခေါင်းညိတ်၏။ ဟိုင်းဝေးလမ်းမကြီးပေါ်မှာ ကားသိပ်မရှုပ်ဘဲ ကျော်လည်းမတက်၊ ချန်ရစ်ခဲ့တာလဲမဟုတ်။

အနက်ရောင်ဖိတ်ဖိတ်လက်နေသည့် ပရာဒိုကားကြီးက နေရောင်အောက်မှာ ကြွားရွှားလှပစွာရှိလျက် သူတို့ကားနှင့်အလှမ်းသိပ်မကွာ။

"တော်ကီ ..."

ကားထဲမှာ ဘယ်သူပါလာမှန်းသိလိုက်သဖြင့် သိုက် တက်ခေါက်လိုက်သည်။ နောက်ခုံအစွန်ဘက်မှာ အိပ်ပျော်နေသည်လား၊ စိတ်ဆင်းရဲကြီးစွာ ခွေခေါက်မိန်းမောနေသည်လားမသိသော ဆက် ကတော့ လက်ပိုက်လျက်လေးနှင့် ငြိမ်သက်နေ၏။

သိုက် ရင်ထဲမှာ မခံချင်စိတ်မှဖြစ်သော ဒေါသတွေက ခြသေ့်တစ်





ကောင်ဟိန်းသလို တစ်လောကလုံး သိမ့်သိမ့်တုန်အောင်အော်ပစ်လိုက်လျှင်တောင် ပြေမည်မထင်။ ဒီကောင် ဒီလောက်ထိ ဘာလိုက်လုပ်တာလဲ။

သူဘာလုပ်လုပ် ဒီကောင်သိနေတာ ဘာကြောင့်လဲ၊ လုပ်ငန်းထဲမှာလည်း ဘာမှလျှို့ဝှက်ထားလို့မရ၊ အပြင်ဘက်ကိစ္စမှာလည်း ခြေတစ်လှမ်းမဦးနိုင်။ ရွှေလက်ဆက်နှင့်ပတ်သက်၍ သူက လိုက်နှောင့်ယှက်နေတာပေမယ့် ကိုယ့်ဘက်မှာ စီးပွားရေးပရောဂျက်တစ်ခုလုံး ယိုင်နဲ့နဲ့ဖြစ်နေပြီ။

သိုက် ရဲ့ဘ၀အစက မကောင်းခဲ့သလို ဖေဖေ့ဆီကို သူရောက်တော့လဲ ဖေဖေက အထည်ကြီးပျက်ဘ၀ကို ရောက်နေတဲ့အချိန်ဖြစ်သည်။ အားလုံးထဲမှာ သူသာ လက်ဦးမှုမယူနိုင်ခဲ့လျှင် စီးပွားရေးအဆောက်အအုံတစ်ခုမှာ နိုကပ်မိဖို့ပင်မလွယ်။

ခုတော့ ကျားကုတ်ကျားခဲ ကြိုးစားလာခဲ့ရသမျှ ရွှေလက်ဆက်ကို သူ တစ်ခါနှာကျင်စေတိုင်း ကားတစ်စီးဆုံးသည်။ ဒါက အရိုင်းဆိုတဲ့ကောင် လက်သီးပုန်းထိုးတာမဟုတ်ပေ။ လမ်းမပေါ်မှာ ပြောင်ပြောင်တင်းတင်းလိုက်ချိတ်တာဖြစ်သည်။

"မင်းကားတစ်စီးဆုံးရင် ငါ့မှာလဲတစ်စီးပဲ၊ မင်းကားကောင်းသလို ငါဆုံးသွားတာလဲ ကားကောင်းပဲ၊ မမျှတတာ ဘာမှမရှိဘူးနော်၊ အဆုံးမခံနိုင်ဘူးဆိုရင် မင်း ရွှေလက်ဆက်ကို နီးဖျားနဲ့တောင်မရှူယ်နဲ့၊ မဟုတ်သို့ကတော့ ငါ့မှာ နှိုဆီခွက်ပဲကျန်ရင်လဲ မင်းကားကို နှိုဆီခွက်နဲ့ပေါက်ပြီး ကြို့စက်ထဲထည့်ပစ်နိုင်တယ်"

မျက်နှာချင်းဆိုင်ပြီး ဤသို့ကြိမ်းဝါးခဲ့သည်။ ပြောတဲ့အတိုင်း လုပ်နေခဲ့လို့ သူမှာ လူမသိသူမသိ သောကတွေ ကျိတ်ဖြစ်နေခဲ့ရ၏။

နီးဖျားနဲ့မရှူယ်ဘဲနေရအောင် ဒီမိန်းမမျိုးကို ဘယ်လိုရင်ဘတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျော့နပ်နိုင်မှာလဲ၊ တစ်နေ့တစ်နေ့ ကိုယ့်ကို ရှုံတာတွေ၊ မုန်းတာတွေ ရေရွတ်နေရျက် ယယ်ရှည်းစားကို ပြောင်ပြောင်လွှမ်းမြှနေတာ ..။

ကိုယ့်ရင်ခွင်ထဲကနေ တခြားတစ်ယောက်ကို တမ်းတနေသည် မိန်းမအပေါ်မှာ ဘယ်ယောကျ်ားက သည်းခံမှာလဲ။

"တောက် ..."

ရင်ထဲမှာ ကြိမ်မီးအုံးသလိုဖြစ်နေသဖြင့် ခဏခဏတက်ခေါက် နေသည့်သူ့ကို ဗလ က လှည့်ကြည့်ကာ ...

"ဆရာ့ကို ကျွန်တော် ပြောမလို့ဟာ၊ မပြောရဲလို့ မျိုသိပ်ထားတာ"

ဘာလဲ ဆိုသည့်အကြည့်နှင့် သိုက် က ဗလ ဘက်လှည့်လာသည်

"နောက်ကကားက ဘောဇြကလူမို့လား ဆရာ"

"အဲဒါ ဘာဖြစ်လဲ"

"အဲဒီလူနဲ့ဆရာတို့ အဆင်မပြေကြတာကို ကျွန်တော် နည်းနည်း ပါးပါးသိတယ်"

ကားကို တစ်လှည့်စီမောင်းနေတာမို့ သိုက် မောင်းသည့်အလှည့် မှာ ဗလ က စကားပြောခွင့်ရနေသဖြင့် ...

"ကျွန်တော့်ကိုခွင့်လွှတ်ပါ ဆရာ၊ မနီနဲ့ကျွန်တော်က ရင်းနှီးတော မနီဆီက ဆရာ့အိမ်ထောင်ရေးအတွင်းစကားတချို့ကို ..."

"မင်း ဘာရှည်နေတာလဲ၊ လိုရင်းကိုပြော .."

"ဘောဇြက အသွင် ဆိုတဲ့လူ၊ မမလေး အရိုင်း လို့ခေါ်နေတဲ့ ပေါ့ သူ့ကို ကျွန်တော် ဆရာ့မိတ်ခွေရဲ့ သားဖစ်စပ်တာမှာ နှစ်ခါတွေ့တယ်"

သိုက် မျက်မှောင်ကြုတ်သွား၏။ ဗလ က စကားကို လေသံ လောက်ထိနှိမ့်ချကာ ...

"ဦးကိုကိုလေးကိုပြောတာပါ"





"ဆက်ပြော ..."

"သူတို့ပြောနေတာတွေကို တစ်စွန်းတစ်စ ကြားရတဲ့နေ့က ကျွန်တော်က မိုးခိုနေတာ၊ သူတို့က နှစ်ယောက်အတူအပြင်ထွက်လာ ရင်း ဆရာ့ဖုန်းနဲ့ ကွန်ပျူတာကေ့စ်တွေကို 'မင်းနောက်ထပ်မကိုင်ပါ နဲ့တော့ကွာ' လို့ ဦးကိုကိုလေးက ပြောသံကြားတယ်"

သိုက် မျက်နှာကြီး ရဲခနဲဖြစ်သွား၏။

သူ့မျက်နှာကိုကြည့်ပြီး ဗလ ဆက်မပြောရဲဘဲဖြစ်သွားပြီးမှ မေးဆတ်ပြကာ ...

"ဆက်ပြော ..."

"အဲဒီလူက ကျွန်တော့်ကိုလှမ်းမြင်ပြီး တစ်ခုခုပြောဖို့ဟာ မပြော တော့ဘဲ ခပ်သုတ်သုတ်ထွက်သွားတယ်၊ ဟို .. ကျွန်တော်ထင်တာက ဆရာ့ဖုန်းကို သူတစ်ခုခုလုပ်ထားတာလား၊ ဒါမှမဟုတ် အလုပ်စားပွဲက ကွန်ပျူတာ ..."

"တော်ပြီ"

ကားကို အရှိန်ချဖို့သတိမရဘဲ ပါမြဲတိုင်းပါလာသည့်နောက်ကား ကိုလှမ်းကြည့်ကာ သိုက် အံတင်းတင်းကြိတ်၏။ သူ ဘယ်သူနဲ့ရှိန်းချိန်း ဘာလုပ်လုပ် သိနေတာ ဒါတွေနဲ့ သက်ဆိုင်နေပြီပေါ့။ သင်းက ဒီ လောက်ထိ စွမ်းနေတာလား ..။

ဒေါသက ကိုကိုလေးဆီကိုလည်း ချက်ချင်းဝေ့၏။ ဒါဟာ လူမှုရေး ဖောက်ပြန်ခြင်းပင်။

"သိုက် .."

နောက်က ဆက် ၏ခေါ်သံကြောင့် သူ့မျက်လုံးတွေ မှုံဆီရောက် သွား၏။ မှန်ထဲမှာ ဆက် နှင့် မျက်လုံးချင်းဆုံလျှင် ..



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အရမ်းညောင်းနေပြီ၊ အပေါ့အပါးသွားရင်း ခဏနား ချင်တယ်"

"ညောင်းရင် လှဲနေလိုက်"

"ဘာ..."

"အပေါ့ဖြစ်ဖြစ်၊ အလေးဖြစ်ဖြစ် အဲဒီမှာပဲလုပ်လိုက်၊ ရပ်မပေးနိုင်ဘူး"

ဆက် စကားတစ်လုံးမှ ထွက်မလာတော့ပေ။ ပြောလိုက်မှ ကား က ပိုပြေးနေသလားတောင်မသိ။





## အခန်း (၆၆)

"တောက် .. သွားစမ်းကွာ"

အိတ်နှစ်ဖက်ထဲက ဖုန်းနှစ်လုံးထွက်လာသည်။ နှစ်လုံးစလုံးကို ကိုင်ပေါက်ပစ်လိုက်မိ၏။ ပြီးတော့ လမ်းဘေးဖုန်းဆီရောက်အောင် သွားကာ ...

"ကိုကိုလေး ..."

"ဟင် .. သိုက်လား .."

"ဟုတ်တယ်၊ မင်းကိုကျေးရူးတင်လွန်းလို့ ဘယ်လိုဆုချရမှန်း မသိအောင်ဘဲ .."

တစ်ဖက်က အသံတိတ်သွား၏။ ပြီးတော့ သူ ဘာမှမပြောရ သေးဘဲ ...

"ငါ တောင်းပန်ပါတယ်"

"မရတော့ဘူး။ အားလုံးပြီးသွားပြီ၊ ငါလိုချင်တာ မင်းဆီက တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန့်တဲ့အသံ မဟုတ်ဘူး၊ အဲဒီကောင် အဲဒီလောက်ထိ တော်နေ တတ်
သလား၊ မင်း ငါ့ကိုသစ္စာဖောက်ပြီး ကိုးကွယ်ထားရတဲ့အထိ ဘယ်
လောက်တောင်လွှမ်းမိုးနေတာလဲ၊ ငါကတော့ မိဘိုင်းစင်တာ တွဲဖွင့်
အထိ စဉ်းစားခဲ့တာ၊ အဲလောက်ထိ မင်းကို ...”

“သိုက် .. နေပါဦး”

“မွန်ဆွန်းနဲ့ လုပ်ငန်းတူမှာလဲစိုးလို့၊ ငါ မကျွမ်းကျင်တာကို လု
ရဖို့အတွက် စွန့်စားရမှာသင့်ရဲ့လားလို့ ချင့်ချိန်နေတာ၊ တော်သေးတာ
ပေါ့ကွာ၊ ငါ့လုပ်ငန်းတွေ ခြကိုက်သွားတာ အောက်ခြေကျန်သေးလို့ ...

“ငါပြောတာကိုနားထောင်ပါဦး သိုက်ရာ၊ သူ့ကို ငါတကယ်ခင်တာ
အမှန်ပါ။ မင်းနဲ့ယှဉ်ပြီး ကြိုးစားကြတဲ့လူငယ်တွေလို့ မြင်မိလို့ ပိုခင်မိတာ
အဲဒီအထိ သူ ငါ့လုပ်ငန်းမှာ ဝင်ကူနေတာပဲရှိတယ်၊ မရိုးသားတာ ဘာ
မတွေ့ခဲ့ပါဘူး”

“ဟွန်း .. မရိုးသားတာ ဘယ်ကစသလဲ အထုပ်ဖြေမလို့လား။
စိတ်မဝင်စားဘူး။ ရင်နာမိတာက ငါ အဲဒီလောက်ညံ့ရသလားဆိုတာ

“ငါလဲ သူ့လောက်မတော်ပါဘူး သိုက် ရာ၊ ဒီကောင် တကယ်
ထူးချွန်တဲ့ကောင်၊ သူ့ဘာသာ အသံဖမ်းစက်ဆင်နိုင်တယ်၊ နာရီနဲ့ဖု
နဲ့ တွဲထားနိုင်တယ်၊ အခုနောက်ဆုံး မင်းရဲ့အလုပ်ခန်းထဲမှာ သူ အသံ
ဖမ်းစက်တပ်ပြီး သတင်းယူတဲ့အထိ လုပ်ရှားလာမှ ငါ ဒီအတိုင်းနေ
မရတော့ဘူးဆိုတာသိတယ်”

“ပြော ...”

သိုက် အသံက တုန်ခါနေသည်။ အံကြိတ်နေသည့်အသံကိုလည်း
ကိုကိုလေး ကြားမှာပါ။ ဘာဖြစ်ဖြစ် သူ့ဘက်က ဖုံးဖိမျိုသိပ်နိုင်စွမ်း
တော့တာအမှန်ပင်။





“အဲဒီလိုထိဖြစ်တာလဲ မင်းလာထားတဲ့ပစ္စည်းတွေကို မကိုင်ပါနဲ့
တော့လို့ ငါတားလိုက်လို့ဖြစ်သွားတာ၊ တကယ်ပါ။ ငါ့ကိုခွင့်လွှတ်ပါ။ ငါ
ဘယ်သူ့ဘက်ကိုပိုလို့ ဘယ်လိုလိုက်လျောတယ်ဆိုတာမျိုး မဟုတ်
ပါဘူး”

“အခု မင်းနဲ့သူ ဆက်ဆံရေးပျက်သွားသလား”

“သူ့ကိုယ်ရေးကိုယ်တာအတွက် သူ့ပညာပိုင်းနဲ့ လုပ်ယူသွားတာ
ဆိုတော့ မင်းအပေါ်မှာ ငါဂရုမစိုက်သလိုဖြစ်ခဲ့ပေမယ့် သူ့မှာ အပြစ်
မရှိဘူးလေ”

“ရပြီ”

ဖုန်းကို ငုပ်ခနဲချ၍ ပိုက်ဆံပေးနေစဉ် သူ့ခေါင်းမှ အရိပ်တစ်ရိပ်
ကြောင့် လှည့်ကြည့်လိုက်မိ၏။ အရိုင်း က စပို့ရှပ်အနက်ရောင်လက်
စကနှင့် ဂျာကင်လက်ပြတ်ခါးတိုကို အပေါ်ထပ်ဝတ်ထား၏။ ကော်ဖီ
ရောင်ဘောင်းဘီရှည်ပွပွ၏ဘေးအိတ်တွေထဲမှာ လက်နှစ်ဖက်ထည့်
ထား၍ ...

“ခလုတ်တိုက်ရင် တိုက်တယ်လို့မှတ်ပေါ့ကွ၊ ဓါးသွက်ပြီး ဝိတ်
တန်ရင် မင်းခြေမ ကွဲသွားမှာပဲ”

“မင်း ဒီအထိ ဘာလိုက်လုပ်တာလဲ”

အရိုင်း က ဟွန့်ခနဲ မဲ့ကာ ...

“သိရဲ့သားနဲ့ ဘာလို့မေးနေတာလဲ”

“သိပေမယ့်မထင်ဘူး။ ကောက်ရိုးပုံစောင့်တဲ့ခွေးလို အကျကောင်းမှ
ဘကောက်ကောက်လိုက်နေတာမျိုး။ မင်းအဆင့်အတန်းနဲ့ ဒီလောက်
ဆိုယ်ကျင့်သိက္ခာပျက်တာ မရှက်ဘူးလား”

“ဟား ဟား ဟား ...”



www.burmeseclassic.com

www.burmeseclassic.com



လှေစည်ကားသည့်လမ်းမကြီးဘေးမှာ အရိုင်း က ဟားတိုက်ရယ်သည်။

"ရှက်နေရုံနဲ့ပြီးသွားရင်တော့ ရှက်နေမှာပေါ့ကွ၊ မင်းက ရှေ့ကနေ ရှက်ကြောမပါသလို အခမ္မယူတဲ့နည်းတွေ လုပ်ပြသွားတော့ ငါရှက်နေရင် ငုတ်တုတ်မေ့သွားမှာပေါ့"

သိုက် မျက်နှာ ဇွေးဇွေးနီသွားသည်။ အရိုင်း က ဇေ့ဇေ့ကြည့်ပြီး ရယ်သည်။

"သားကို စွန့်ရှိသွားတဲ့အဖြစ် မင်းကြားဖူးတယ်မို့လား၊ သူ့သားလေး ပြန်ပြုတ်ကျနိုးနဲ့ မြေကြီးပေါ်ကနေ ခြောက်လှန့်ပြေးလိုက်တဲ့မိခင်ကို အကျကောက်ဖို့လိုက်တယ်လို့ ပြောနိုင်လား၊ ငါ့ရင်ဘတ်ထဲမှာ အဲ သောကမျိုးနဲ့ ပူပြင်းနေတယ် သိုက်၊ မင်းက ချိုမှန်းခါးမှန်းမသိ၊ ထို ဆိတ်စားသောက်ဖို့ ကုတ်ချီသွားတဲ့စွန်ရိုင်း .."

"မင်းက တစ်ဖက်သားကို ထိုးနှက်ဖို့၊ အချိန်ပြည့် ကြံစည်နေတဲ့ ကောင်ပဲ အရိုင်း၊ မင်းပါးစပ်ထဲမှာ ဥပမာရူပကတွေ အများကြီးရှိမှာ ပေ့ ငါကတော့ အတိတ်မှာရော၊ ပစ္စုပ္ပန်မှာရော၊ ငါ့ရဲ့အနာဂတ်အထိ မိန်း တစ်ယောက်အကြောင်းတွေးပြီး အချိန်ကုန်မခံဘူး"

"မခံချင်ယောင်ဆောင်နေတယ် လုပ်ပါကွာ၊ မင်းရင်ဘတ်ကြီးထဲ က မီးလောင်ပြင်က မျက်နှာကြီးထိ တက်လောင်နေပြီ၊ ကိုယ့်ရုပ်ကို မှန်ထဲပြေးကြည့်ပါဦး"

"အဲဒါလဲမလိုဘူး၊ သူများရဲ့အလှအပတွေကို ငါဖတ်ဖို့ စိတ်မဝင် စားသလို ငါ့ပုံစံဘာဖြစ်နေနေ ငါ့အထာနဲ့ငါ၊ မင်းသိထားဖို့က စွန့်ချီသွား တဲ့သားကို လိုချင်လို့ပြေးလိုက်နေပေမယ့် အဲဒီမိခင်လက်ထဲကို သူ့သား ပြန်ရောက်သွားတဲ့အဖြစ်မျိုး မရှိခဲ့ဘူးဆိုတာလဲမမေ့နဲ့ ရွှေလက်ဆက်





ကို မင်း ဘယ်တော့မှ ပြန်ရမှာမဟုတ်ဘူး"

"အဲဒါကြောင့် မင်းမှာ ရှက်ကြောပြတ်နေတယ်လို့ပြောတာ၊ လုပ် လေ၊ ငါကလဲ ရွှေလက်ဆက် ရောက်သွားတဲ့နေရာဟာ တာဝတိံသာ ဖြစ်ဖြစ်၊ အဝီစိငရဲဖြစ်ဖြစ် ထက်ကြပ်မကွာ လိုက်နေမှာပဲ၊ အဲဒါ မိန်းမ တစ်ယောက်ကြောင့် အချိန်ကုန်ခံပြီး ဖွန်ကြောင်နေတာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို ရှုးမှန်းမသိရှုးနေတဲ့ ကြောင်တောင်တောင်ကောင်ကြောင့် သူ့ကို မထိခိုက်စေချင်လို့ ..."

"ဟိုတ်ကောင် ..."

သိုက် က အရိုင်း ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။ အရိုင်း ခုံးတစ်ဖက်စောင်းကျသွားကာ ခြေတစ်လှမ်းဆုတ်ရင်း ယိုင်သွား၏။ ပေမယ့် နှုတ်ခမ်းမှာ မဲ့ပြုံးက ပျောက်ကွယ်မသွားခဲ့ဘဲ ...

"အဲဒီလိုရှင်းချင်တာလား၊ ဒါဆိုရင် အလျော်အစားပါမှဖြစ်မှာ၊ ဘယ့်နှယ့်လဲ"

"တောက် ..."

ပတ်ဝန်းကျင်လူတချို့၏မျက်ဝန်းတွေ စူးစမ်းလာကြသဖြင့် သိုက် ကာ်တစ်ချက်ခေါက်ပြီး လှည့်ထွက်လာခဲ့၏။ ရင်ထဲမှာ ဒေါသက တိုင်းအဆမဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၇)

"မောင်မောင်က မင်းရဲ့ညီပဲ၊ အဲဒါ ငါတို့သိတယ်၊ မင်းရောက်လာခဲ့တာလဲ ဒါကြောင့်ပဲမဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ကျွန်တော့်သွေးသားမို့လို့ လာတာမဟုတ်ဘူး၊ ဒါက လုပ်ငန်းကိစ္စ ကျွန်တော် ရှင်းသင့်တယ်ထင်လို့ .."

ဦးပေါ်စံက ကပြားတစ်ယောက်ဖြစ်နေသည်မို့ အသားဖြူဖြူ၊ မျက်ခုံးထူထူနှင့် လူက ဝဖိုင့်ဖိုင့်ကြီးဖြစ်သည်။ သွားလေရာမှာ အပျော့်ရှာသည်။ ယပ်တောင်ခပ်ပေးတာ၊ နှိပ်နယ်နေတာ၊ အနားမှာ ဘီယာ မပြတ်ထည့်ပေးနေတာကအစ မိန်းကလေးတွေ အနည်းဆုံး လေးယောက်လောက် ခြံရံထားခြင်းဖြင့် သူ့စည်းစိမ်ကို မဖုံးမဖိပြတတ်သည်။ ထိုပြင်သူ့ကျောနောက်မှာ၊ တံခါးဝတွေမှာ၊ လူမိုက်တွေ ဖြန့်ကြက်လျက် သူ့ကိုယ်သူ တစ်ထီးတစ်နန်းစံနေသည့် ဘုရင်တစ်ပါးလို့ မှတ်နေသလားမသိ။

"ဆက်ပြောပါဦး၊ မင်းဘက်ကကိစ္စတွေ .."

"ဒီမှာ ... ခင်ဗျားတစ်ယောက်ပဲရှိတာလား .."

"မင်းက ဘယ်သူ့ကိုတွေ့ချင်တာလဲ"





"ရှယ်ယာဝင်တွေ အကုန်လုံးရှိနေမယ်လို့ ကျွန်တော်ထင်ထားတာ၊ ဦးတော့ .. မောင်မောင် .."

"မောင်မောင့်ကိုတွေ့ချင်တယ်ပေါ့"

"မဟုတ်ပါဘူး၊ ဒါက ပြဿနာရှင်းသွားတာနဲ့ အလိုလိုပြီးသွားသို့ကိစ္စ .."

"ဟုတ်တာပေါ့"

ဦးပေါ်စံက ဒရင်းမ်ဘက်ထဲမှာ စန့်စန့်ကြီးစည်းစိမ်ခံရင်း ခေါင်းညိတ်ညိတ်နှင့်လုပ်နေသည်။ ထို့နောက် မိန်းကလေးတွေကို ထွက်သွားခိုင်းလိုက်ကာ ခါးပတ်ပတ် ဖြုပြင်ဆိုင်၍ ...

"ဦးသန့်ဇင်တို့က မင်းမှာ ဒီလောက်ရင်းနှီးခြုပ်နှံမှု မရှိတော့တာသိတယ်"

မျက်နှာချင်းဆိုင်ထိုင်နေတာမို့ သိုက် မျက်နှာပျက်သွားတာကို ပေါ်စံ စူးစိုက်ကြည့်နေ၏။ ပြီးမှဆက်၍ ...

"မင်းရောက်လာမယ့်ကိစ္စကို သူတို့စိတ်မဝင်စားဘူးဆိုပါတော့၊ ဒါတော့ မင်းညီအတွက်ဖြစ်ဖြစ်၊ မင်းဘာသာ တာဝန်သိလို့ဖြစ်စေ၊ ပြဿနာကို မင်းဖြေရှင်းဖို့ တစ်ခုခုပါလာမှာပဲလို့ တွက်ထားတာပါ၊ လုပ်ငန်းကလောက်မဟုတ်တော့ပေမယ့် ခုချိန်ထိ မင်းကို ငါအထင်ကြီးတုန်းပဲ၊ ဘယ်လိုဖြစ်သွားတာလဲ သိုက်၊ မြန်မာပြည်မှာ မင်းဟာ ရှားပါးသူတစ်ယောက်ပါ၊ မင်းရဲ့ ရဲရင့်မှု၊ လာဘ်မြင်တတ်မှုတွေကို ငါ အားအထင်ကြီးခဲ့တာ၊ ဘာတွေဖြစ်ကုန်တာလဲ"

"သိချင်လို့မေးတာလား၊ ကျွန်တော့်ကိုလှောင်နေတာလား ဦးပေါ်စံ"

"မေးတာလဲမဟုတ်ဘူး၊ လှောင်စရာလဲမလိုပါဘူး၊ လူတိုင်း အမှားလုပ်ခြင်းပြုသိတတ်ကြတာပဲ၊ မင်းခြေလှမ်းမှားတာကတော့ အံ့ဩလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုမြန်တာလေ၊ ငါကတော့ မြန်မာပြည်နယ်စပ်ကိုတောင် သုံးနှစ်လောက်နေလို့ တစ်ခေါက်ရောက်တာမဟုတ်ဘူး။ ဘာပြသနာမှမရှိရင် ရောက်ကိုမရောက်တာ၊ ငါ့မှာ စိတ်ချရတဲ့လူတွေရှိတယ်၊ ဒီအရွယ်အထိ ရှန်းကန်လှုပ်ရှားခဲ့တာလဲ နားသင့်တဲ့အချိန်ရောက်ပြီလေ၊ လောကနိဗ္ဗာန်မှာစံရင်း အေးဆေးပဲဖြတ်သန်းသွားမယ်လို့ ဆုံးဖြတ်တော့တယ်၊ ငါ့စိတ်ချမ်းသာဖို့ဆိုရင် ဘာဖြစ်ဖြစ် ငါဂရုမစိုက်ဘူး၊ ဒါပေမယ့် စိုက်တဲ့လူတွေက စိုက်နေတော့ ဒီနေ့ ဒီထိလာခဲ့ရတာပေါ့၊ ဦးသန့်ဇင်တို့သားအဖက မင်း ဒီငွေအမောင့်ကိုမလျော်နိုင်ရင် မင်းရဲ့ညီကိုလဲနှိပ်စက်မယ်၊ မြန်မာပြည်ထဲမှာ မင်းရပ်တည်ခွင့်ဆုံးရှုံးသွားလောက်အောင် ကိုယ်ကျင့်သိက္ခာတွေ အပိုင်းပိုင်းကျိုးစေမယ်"

ပြောနေရင်း သိုက် ကိုလည်းအကဲခတ်သည်။ သိုက် သည် မျက်နှာမပျက်အောင် အတည်ငြိမ်ဆုံးထားနေပေမယ့် သိုသိုသိပ်သိပ်မဖြစ်။

"ဒီနှစ်ခုစလုံးကို မင်းကာယ်ဖို့နည်းက မင်းတတ်နိုင်သလောက် ထိုးလျော်လိုက်ပါ"

"ကျွန်တော့်မှာ ရင်းနှီးမြှုပ်နှံမှုမရှိတော့ဘူးလို့ သိထားတယ်ဆို ကျွန်တော်က ဒီအမောင့်ကို မတတ်နိုင်ဘူးဆိုရင် ..."

"တကယ်မတတ်နိုင်တော့တဲ့အထိ မင်းခွာပေးရမှာပဲ၊ အဲဒီအခါ သူတို့လဲ ရသလောက်နဲ့ကျေနပ်သွားလိမ့်မယ်"

"ကျွန်တော့်မှာ စီးစရာဖိနပ်တစ်ရံစာပဲကျန်တဲ့အထိလား"

"ဖြစ်သွားနိုင်တယ်၊ ဒါက သိက္ခာနဲ့ရိက္ခာ လဲယူရမယ့်သဘောလေ မင်းလို မာနကြီးတဲ့လူတစ်ယောက်က ဖြစ်သင့်တဲ့အတိုင်း ရဲရဲဖွံ့ဖွံ့ ဖြေရှင်းသွားမှာပဲလို့ ငါယုံကြည်တယ်"

သိုက် က တစ်စုံတစ်ရာပြောမလို့ မျက်လွှာပင့်လိုက်တော့ ဦးပေါ်





က လက်ကာ၍ ...

"ကျန်သေးတယ်၊ မင်း အချိုးကျလျော်ပေးရမှာမဟုတ်ဘူးနော်၊ ဆုံးရှုံးသွားသမျှအားလုံး လျော်ရမှာ၊ ဒါပေမယ့် ငါနဲ့သက်ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ငါ ထည့်တွက်မထားဘူး"

ဒီစကားကြားလိုက်ရတော့ သိုက် မျက်နှာမှာ အံ့သြခြင်းတွေ ဖြစ်သွားလျက် အနည်းငယ်သောဝမ်းမြောက်ခြင်းလည်း ဖြစ်သွားခဲ့သည်။ အကာယ်ကိုမထင်ခဲ့ပါ။

"ဒါက ငါ မင်းအပေါ်မှာ အထင်ကြီးမှုရှိနေသေးတာကို လက်တွေ့ပြတာပဲ၊ သူတို့မကျေနပ်တဲ့ငွေကြေးအတိုင်းအတာ မကြာခင် မင်းဆီ ရောက်လာလိမ့်မယ်၊ ငါကတော့ အကဲဖြတ်လူကြီးပေါ့"

သိုက် ပင့်သက်ရှည်ကြီးချကာ ..

"ကျွန်တော် ဒီနေ့ပဲသိချင်တယ်၊ မောင်မောင်နဲ့ စကားပြောချင်တယ်၊ အဲဒါ ဦးပေါ်စံ စီစဉ်ပေးနိုင်မလား"

"နှစ်ခုစလုံးဖြစ်မှာမဟုတ်ဘူး သိုက်၊ ဘာဖြစ်လို့လဲဆိုတော့ ငါက လုပ်ငန်းထဲမှာ ထိန်းမတ်ကွပ်ကဲရုံပဲနေလာခဲ့တာ မင်းသိသားပဲ၊ ငယ်သားတွေ အများကြီး ခေါင်းထဲမထည့်ချင်တော့ဘူး။ ငါတို့က မင်းရဲ့ ရှေ့ရေးအတွက် သွားပြီး နိုင်ငံခြားဖက်စပ်လုပ်ငန်းတွေမှာ အခြေချနိုင်အောင် ကူညီခဲ့ကြတာ၊ မင်းကိုယ်တိုင် မင်းရဲ့ညီကို ကိုယ်စားလှယ်ထားပြီး ပြန်မကြည့်ဘဲနေခဲ့တာလေ"

"ဒါက ..."

"လူတိုင်းမှာ အကြောင်းဆိုတာတော့ ရှိကြတာပေါ့ကွာ၊ ကိုယ့်အကြောင်းချည်းပဲ မမြင်ဖို့တော့လိုတာပေါ့၊ အခု သူတို့က သူတို့ပိုးဝင်မှတ်တဲ့သူက ဒုက္ခပေးသွားတာကို မကျေနပ်တာ၊ အရင်းအနှီး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးတာထက် ခံပြင်းဒေါသတွေက ပိုနေတာ"

"ကျွန်တော်တလဲ အတတ်နိုင်ဆုံး ရှင်းပေးမလို့လာတာပါ"

"ဒါဆိုပြီးပြီလေ၊ မင်း အခုတည်းတဲ့ဟိုတယ်လ်ကို သူတို့သိတယ် ကြာကြာမစောင့်ရပါဘူး၊ ရောက်လာမှာပါ"

"မောင်မောင့်ကိုတွေ့ဖို့ရော .."

"တွေ့ကြရင် မင်းပြောပေါ့၊ တစ်ခုရှိတာက မာနနဲ့ဒေါသဆိုတာ ချသင့်တဲ့နေရာမှာ ချရတယ်၊ မင်းစကားပြောမများစေနဲ့ပေါ့၊ အားလုံး ပဲ မင်းထက်မလျော့တဲ့မာနတွေ ရှိကြတယ်"

သူ ဘာမှမတတ်နိုင်ပါ။ ခေါင်းငိုက်စိုက်နဲ့မဟုတ်ပေမယ့် ထိုနေရာ ကအထဲမှာ သူ စကားတစ်ခွန်းမှ ဟန်ဆောင်မပြောနိုင်တော့ပေ။

အိမ်ရှေ့ကိုရောက်တော့ ကားပေါ်မှာကျန်ခဲ့သည့် ဆက် က ကားအောက်မှာရောက်နေကာ ဒီခြံထဲကဖြစ်ပုံရသည့် အယ်လ်ဖေးရှင် ခွေးပေါက်တစ်ကောင်ကို တယုတယပိုက်ထွေးထားလျက် ...။

ဒီခွေးမျိုးကိုမြင်လျှင် ဒေါသက အလိုလိုထွက်နေတတ်သည့် သိုက် မျက်လုံးထဲမှာ မီးပွင့်သွား၏။ တော်ရုံဆို လူစိမ်းအကပ်မခံသည့်ခွေးမျိုး သူ့မလက်ထဲမှာ ငြိမ်ငြိမ်သက်သက်လေး ဦးမော့လျက်ရှိနေတော့ပို၍

"ခွေးတွေနဲ့မင်းက တော်တော်ရေစက်ရှိတဲ့ပုံပဲ"

"ဟုတ်တယ်၊ အထူးသဖြင့် အယ်လ်ဖေးရှင်းမြင်ရင် ကျွန်မ မ နိုင်အောင်ချစ်တယ်"

"တောက် .. ချထားလိုက်စမ်း"

တကယ်ဆို အနက်ရောင်ပြေးနေသည့် ရှားစေးရောင်ကိုယ်က လည်ဟိုက်လေးနှင့် ဆံပင်တွေ ဝေ့ဝဲနေသည့် ဆက် ရင်ခွင်ထဲ မွေးစုတ်ဖွားနှင့် ခွေးလေးပိုက်ထားပုံက အလင်္ကာတစ်ပုဒ်ဖြစ်သွား



www.burmeseclassic.com



လောက်ပါ၏။ ဒါပေမယ့် သူ့မှာ ဒေါသတွေဖြစ်နေရတာ အတိုင်းအဆမဲ့ ..။

"ညီလေး ..."

ဆက် လက်ထဲကခွေးကို ဆွဲချပစ်တော့မည့်လက်တွေက နောက် ကခေါ်သံကြောင့် လှည့်ကြည့်လိုက်မိသည်။ အဝင်ဝတံခါးနားမှာ စောင့် နေသည့် ဦးပေါစံ၏လှုယံ့ပါ။

"မင်းကို ဆရာကြီးက ပြောစရာကျန်နေလို့ ခဏလောက်ကြွပါဦးတဲ့"

သိုက် မျက်နှာ မှုန်ကုပ်ကုပ်နှင့်ပြန်လှည့်လာတော့ ဦးပေါစံ မျက်နှာကြီး မှာ ပြုံးမြရိုအီလျက် ..။ သူ့လက်ထဲမှာ မှန်ပြောင်းရှည်လေးတစ်လက်နှင့်..။

"လေးစားတယ်ကွာ၊ မင်းကို နည်းနည်းပါးပါးအထင်ကြီးနေသေး တဲ့စိတ်က အကြီးအကျယ်ကို အထင်ကြီးသွားတယ်"

"ဘာဖြစ်လို့လဲ"

ဦးပေါစံက ပြတင်းတံခါးကနေ သူကားရှိတဲ့ဆီကို မေးဆတ်ပြ၍..

"မင်းအတွက် နတ်သမီးတစ်ဖက်ငါးရာစီ ရံထားစရာမှမလိုတာ၊ စောစောက ငါ့ခွေးလေးကိုပိုက်ထားတဲ့မိန်းကလေးက မင်းရဲ့ဇနီးမို့လား"

သိုက် မျက်ခုံးတွေ ပို၍ကုတ်ကျသွား၏။ ဦးပေါစံက ကားဆီကို မျက်လုံးဝင်းဝင်းကြီးတွေနှင့် စိုက်ကြည့်နေဆဲဖြစ်ကာ တဟဲဟဲရယ်နေ သာမပြီးနိုင်။

"စိတ်တော့မရှိနဲ့ကွာ၊ အလှအပကို ငါက စိကာပတ်ကုံးခံစားတတ် တယ်ကွ၊ ရွှေစင်ရွှေသားနဲ့ ထုဆစ်ထားသလို ဝင်းဝင်းစက်စက် တင်းတင်း ပြည့်ပြည့်နဲ့ သူ့ရဲ့ကိုယ်က ကောက်ကွေ့ကြောင်းလေးတွေက အသက်ရှူ ရလောက်တယ်၊ တကယ်ပါ"

"ဦးပေါစံ ... ခင်ဗျား ယောကျ်ားတွေရဲ့ဒေါသကို ဘယ်လိုနေရာ အပြင်းထန်ဆုံးလဲဆိုတာ နားလည်ဖို့ကောင်းတယ်"

ရွှေအမြုတေ

www.burmeseclassic.com



"မဖုံးနိုင် မဖိနိုင် ပွင့်အံကျလောက်တဲ့အထိ သိပ်လှနေလို့ ချီးမွမ်းတာ၊ မင်းကိုချီးမွမ်းနေတာပါ သိုက် ရာ၊ ငါ ကမ္ဘာပတ်ခဲ့ပြီးပြီ၊ ဒါမျိုးလေး မတွေ့ဖူးဘူး"

သိုက် ဆတ်ခနဲ ကျောခိုင်းလိုက်တော့ လက်ကိုလှမ်းဆွဲထားကာ ...

"ငါက လိုချင်ပြီဆို ကျောက်သံပတ္တမြားတွေကိုဖြစ်ဖြစ် ငါးကျပ် တစ်ဆယ်ပိုပေးသလို ပုံပြီးလဲယူတတ်တယ်၊ မင်းသိအောင်ပြောတာပါ မင်းဆီမှာ တကယ့်ရတနာပုံကြီးရှိနေတယ်ဆိုတာ သတိထားမိအောင် .."

"ဦးပေါ်စံ .. ခင်ဗျား ..."

"ဒေါသမကြီးပါနဲ့၊ ငါက မင်းအစက်အခဲကိုသိနေလို့ အားပေးချင်တာ၊ ပိန်းကြာဖက်ပေါ် ရေမတင်ခဲ့သလို မင်းအတွက် အားလုံးငြိမ်းချမ်းသွားစေရမယ်"

"ဟောက် ..."

"ဒီမှာ ..."

သူ ဖျတ်ခနဲ လှည့်ရင်ဆိုင်လိုက်တော့ ပခုံးတစ်ဖက်စီမှာ ဦးပေါ်စံ၏လွှနှစ်ယောက်က ညှပ်ပိတ်ရပ်လာပြီး ရီသဲ့သဲ့နှင့် ...

"ပါးစပ်ဆိုရင် ပါးစပ်ချင်း၊ လက်ပါပြီဆိုရင် လက်ချင်းရှင်းပေါ့ စိတ်မကောင်းစရာတွေဖြစ်ကုန်ပါ့မယ် .. ဟဲဟဲ ..."

သိုက် ဦးပေါ်စံကို ရှုရှာစွာရူးစိုက်ကြည့်ရင်း လှည့်ထွက်လာခဲ့သည်၊ ရင်ထဲကဒေါသက ဘယ်သူ့ကိုမှန်းမသိ ...။





## အခန်း (၆၈)

"ဆရာရယ် .. အရက်တွေ ဒီလောက်မသောက်ပါနဲ့ ဆရာရယ်၊ ပြဿနာဆိုတာရှိလာရင် ရှင်းဖို့နည်းလမ်းတစ်ခုခုတော့ ..."

"ဟိတ်ကောင် .. မင်း .. မင်းထွက်သွားစမ်း .."

ပါးစပ်နဲ့တင်မဟုတ်ဘဲ ဖန်ခွက်နဲ့ဖစ်ပေါက်တော့မလို့ရွယ်လိုက်သဖြင့် ဗလ တွန့်ခနဲ ဖြစ်သွားသည်။ ဒါပေမယ့် ချက်ချင်းထွက်သွားသေးဘဲ သိုက်ရဲ့နောက်ကျောမှာကပ်လျက်ရှိသည့် ပြတင်းပေါက်ကို ပိတ်ပေးသွားသေး၏။

အပြင်မှာ မိုးက ဝုန်းဒိုင်းကြဲရွာနေသဖြင့် လေသံနှင့် တဝေါဝေါ ညည်နေသည်။ ဟိုတယ်၏အကောင်းဆုံးအခန်းထဲမှာ အရက်ပုလင်းတွေ၊ အမြည်းတွေနှင့် ဖြစ်ချင်တိုင်းဖြစ်နေသည့် သိုက် ကတော့ ရာသီဥတုသိုယ့်ဘက်မပါတာကို ဒေါသဖြစ်နေသည်လား၊ လွန်ခဲ့သည့် နာရီပိုင်းလေးအမှ ပြန်သွားကြသည့်လူတစ်စု၏ ပြောဆိုဖိနှိပ်မှုတွေကြောင့် ဒေါသကို အရှုံနှင့်စိမ်နေတာလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာတစ်ခုက သူ့ရင်ဘတ်တစ်ပြင်လုံး ပူလောင်မွန်းကြပ်နေခြင်းဖြစ်၏။

"ကိုကြီး .. ကျွန်တော် အလွဲသုံးစားလုပ်ခဲ့တာ ဘာမှမရှိဘူးနော်၊ အဲဒါ ကိုကြီးသိတယ်၊ ကျွန်တော်ညံ့လို့ မှားကုန်တာပါ။ ကျွန်တော့်ကို ပစ်မထားပါနဲ့၊ ကိုကြီး မရက်စက်ခဲ့ပါနဲ့နော်"

ညီဖြစ်သူ မောင်မောင့်မျက်နှာမှာ ဒဏ်ရာအနာတရတွေက မြင်မကောင်း။ လုပ်ငန်းဆိုင်ရာ မှုတွေကို အလွဲသုံးစားမှုနှင့် ထောင်ချပစ်မှာက သေချာနေလျက်နှင့် ဒီလိုနှိပ်စက်ထားကြတာ ကောင်းလား ..။

ညီကိုမြင်လိုက်တော့ ဒေါသက ထောင်းခနဲဖြစ်သွားသည်။ ဒါပေမယ့် သူ မတတ်နိုင်ခဲ့ပေ။ တစ်သက်လုံး လက်မထောင်ခေါင်းမော့လာခဲ့သမျှ ...

"တစ်ခုတော့ မင်းကို ချိန့်စ်ပေးမယ် သိုက်၊ ဒီအလွဲသုံးစားဖြစ်ခဲ့တဲ့ ငွေကို အကြေမဆပ်နိုင်ရင် မင်းဆီမှာ အခုကျန်နေသမျှကို ပေးရမယ့်အပြင် ကျန်တဲ့ငွေအမောင့်ကို လျှော့ချပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း ဝန်ခံချက်စကားကို တစ်နိုင်ငံလုံးသိအောင် ကြေညာပေးရမယ်၊ ဒါဆို မင်းအတွက် အေးချမ်းသွားမှာပါ"

"ခွမ်း ..."

တက်ခေါက်ခြင်းနှင့် ဖန်ခွက်ကွဲသံက တစ်ထပ်တည်းဖြစ်သွား၏။ ဗလ ထွက်သွားပြီးမှ လှစ်ခနဲ ပြန်ပေါ်လာ၏။ ပြီးတော့ ရွှေလက်ဆက်အယ်ရောက်နေလဲဆိုသည့်အတွေးနှင့် မျက်လုံးက ဟိုရှာဒီရှာ ..။

ထို့နောက် သိုက် ဒယီးဒယိုင်ထရပ်လိုက်တော့ ကမန်းကတန်းပြန်ပြေးသွားခဲ့၏။ သိုက် ခြေလှမ်းတွေမမှန်ဘဲ အိပ်ခန်းတံခါးဖွင့်ထားတာကို ဆောင့်တွန်းပစ်လိုက်သလိုဖြစ်သွားသည်။



"ဆက် ..."

အိပ်ရာထက်မှာ ဆက် က စောင်းစောင်းလေး အိပ်ပျော်နေ၏။ မငြိမ်သက်သော ဒေါသမီးသည် ဟိုတယ်လ်တွေမှာ ခုတင်အပိုထည့်ထိုးထားသည့် တစ်ယောက်အိပ်ခုတင်လေးထက်မှာ မွေ့ရာမပါ၊ အခင်းမပါနှင့် ခေါင်းအုံးလေးတစ်လုံးနှင့် ဒီတိုင်းအိပ်နေသည့် သူမကြောင့် ...

"ဆက် .. ဟိတ် .. ရွှေလက်ဆက် ..."

ရင်ထဲမှာ ပူလောင်နေသည်။ သူမ ကိုမြင်တော့ ငိုချင်သလိုလို၊ ရယ်ပစ်ချင်သလိုလို ..။ အရက်သမားတွေ ဒီလိုပဲ ဖောက်ပြန်တတ်ကြသလား ..။

ရင်ထဲကမာနတွေ အရက်နဲ့မျောကုန်ပြီထင်၏။ သူခေါ်လိုက်လို့ သူက တုတ်တုတ်မျှမလှုပ်ဘဲ မျက်တောင်ကော့တို့ ဖြန့်ကြက်သွားသော ချက်ဝန်းညိုလေးတွေက မီးရောင်အောက်မှာ တဖျပ်ဖျပ်လက်နေသလား။

စိုရဲသောနှုတ်ခမ်းလွှာတို့က နုနုညံ့ညံ့လေး ပြုံးပြနေတာလား၊ ခပ်မှုမှုလှောင်ရယ်မလို့လား ..။ ဘာတွေဝေဝါးနေမှန်းမသိဘဲ သူ့ခြေလှမ်းတွေက သူမ၏ဘေးကို တစ်လှမ်းချင်းတိုးကပ်သွားခဲ့၏။ မျက်ဝန်းထဲမှာ ရွှေလက်ဆက် ဟာ မှုန်းတီးဖွယ်ရုပ်သွင်ဖြစ်သွားလိုက်၊ နတ်သမီးတစ်ပါးလို အားပြင်းစွာ ညှို့ငင်နေသလိုထင်လိုက် ..။

"ဘာလဲ"

သူ့ကိုစူးစိုက်ကြည့်နေရာမှ ရွှေလက်ဆက်က အလန့်တကြားထ၍ဖြစ်သွားကာ ဖျတ်ခနဲ ငုတ်တုတ်ထိုင်၏။ ဖားလျားဖြန့်ဝေနေသော ဆံထုံးသည့်ဆံနွယ်များနှင့် သူမသည် လှချင်တိုင်းလှနေလျက် ..။

"ရွှေလက်ဆက် ..."

www.burmeseclassic.com

www.burmeseclassic.com



အို .. ဘာလဲ

မင်း

"ဟင့်အင်း .. မကိုင်နဲ့"

သူ သံခုတင်အစပ်မှာ ခေါက်ခနဲ ပုံကျသွား၏။ တကယ်တော့ လူကယိုင်သွားလို့သာ ..။ ဒါပေမယ့် ရွှေလက်ဆက်က ထိုင်လျက်လေး ကနေ ခေါင်းရင်းကို ဆုတ်ပစ်လိုက်ပြီးဖြစ်ကာ ...

"ရှင် မူးမူးရူးရူးနဲ့ ဘာဖြစ်လာတာလဲ၊ ကိုယ်အိပ်ရမယ့်နေရာ သွားအိပ် .."

"မင်း .. မင်းက ငါ့မိန်းမ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အို .. မထိနဲ့"

သူလက်လှမ်းတိုင်း ပုတ်ချပစ်ကာ ဆက် က ခုတင်ပေါ်ကနေ ဒရောသောပါး ဆင်းရပ်၏။ မျက်ဝန်းတို့သည် စူးရဲပြိုးပြက်လျက် ..။

"ရှင့်မှာလဲ မာနနဲ့ပဲ၊ ကျွန်မကလဲ ရှင့်ခြေထောက်အောက်က မြူ တစ်မှုန်ပါ၊ ရှင်နဲ့ကျွန်မ ဒီတိုင်းပဲရှိနေကြမှာဆို ..၊ ရှင်ပဲ ကျွန်မကို မေတ္တာ စိတ်ဖြစ်လာဖို့ မမျှော်လင့်နဲ့ဆိုပြီး ထင်သလိုရိုက်နှက်နှိပ်စက်ခဲ့တာ .."

"မဟုတ်ဘူး၊ အဲဒါတွေအားလုံး .. အေ့ .. အားလုံးကို မြောင်း ပြန်မှတ်လိုက် ..."

သိုက် ၏မျက်တောင်ဖျားတို့ စင်းကျနေကြသည်။ စကားတစ် ခွန်းကို လျှာကအလုပ်မလုပ်ဘဲ ဘယ်လမ်းကြောင်းက လေသံတွေနဲ့ ပို့လွှတ်နေသည်မသိ။ တစ်ခွန်းမှ ပီပီသသမရှိပေ။ ပြီးတော့ ယိုင်ထိုးနေ သည့်ခြေလှမ်းများနှင့် ဆက် ဆုတ်ရှောင်နေသမျှ ရှေ့တိုးလိုက်ရင်း ...

"အပြင်မှာ .. မိုး .. မိုးတွေ .. အေ့ .. မိုးတွေရွာနေတယ်၊ ဒါပေ မယ့် ဒီရင်ဘတ်ကြီးထဲမှာ ပူနေတာ မင်းသိရဲ့လား၊ မင်း .. မင်း ငါ့ကို



နည်းနည်းဖြစ်ဖြစ် ချွေးသိပ်ပေးပါလား ဆက်ရယ်၊ ငါလေ .. ငါ မင်းကို သိပ်ချစ်ခဲ့တဲ့ကောင်ပါ"

"ဘာပြောတယ် ..."

"ဟုတ်တယ်၊ ငါ့ရဲ့အမှန်တရားတွေအားလုံး .. အေ့ .. အစ ကတည်းက မှားယွင်းခဲ့တာ ..၊ အဲဒါ မင်းမသိဘူး"

ပြီးတော့ သူရင်ဘတ်သူ ပုတ်ပြရင်း ...

"ငါလဲမသိခဲ့ဘူး၊ မင်းကို ရယူခဲ့ခြင်းမှာ အနိုင်မခံ အရှုံးမပေးစိတ် တွေဖြစ်ခဲ့တာကသပ်သပ်၊ မင်းကို .. မင်းကို ငါ အဆုံးရှုံးမခံနိုင်တာက တခြား၊ အဲဒါက တကယ့်ကို ရင်ထဲမှာ သီးသီးသန့်သန့်ရှိနေခဲ့တာ .."

"ရှင်မူးနေရင် သွားအိပ်ပါတော့၊ ရှင့်စကားတွေ ရှင်ပြန်သတိရတဲ့ အခါ မနက်ကျရင် ကိုယ့်ရင်ဝကို ဓားနဲ့ပြန်ထိုးပြီး သတ်သေချင်သွားမယ်၊ ကျွန်မလဲ ကြားလိုက်တယ်လို့မမှတ်ဘူး၊ ရှင်လဲ ပလုတ်သွားကျင်းလိုက်၊ အားလုံးမေ့ပစ်လိုက်စမ်းပါ"

"ဟာ .. မင်းကိုချစ်နေတာ တကယ်ပဲ၊ ဘာလို့ ကိုယ့်ကိုယ်ကို သတ်သေရမှာလဲ၊ ငါပြောနေတာ မူးလို့မဟုတ် .. ဘူး .. အေ့ ..၊ မှီသိပ်မရတော့လို့ပါ၊ ရင်တွေပူပြီး ငါ့စိတ်တွေ ဆောက်တည်ရာမရ တဲ့အခါ လင်နဲ့မယားဆိုတဲ့ ရိုင်းပင်းမှုကို ငါလိုချင်လာတယ်"

ပြောနေရင်း သူ့အသံက တမ်းတမ်းတဲတဲ ဖြစ်လာခဲ့၏။ ရှေ့ကို ဆက်တိုးမလာဘဲ တီဗီထောင့်စွန်းမှာလက်တင်၍ မျက်ကြောစင်းစင်း နှင့်ပဲ နှစ်ချို့ဝေဒနာတွေကို သွန်ချပြနေခဲ့သည်။

"ငါက မင်းယောကျ်ားပါ ဆက်ရယ်၊ မင်း .. မင်း ဟိုကောင့်ကို ခေ့ဝစ်လိုက်ပါ၊ ငါနဲ့အတူတူ ပျော်ပျော်ရွှင်ရွှင်ပေါင်းရအောင်နော်၊ ငါ မင်းကို မြတ်မြတ်နိုးနိုးချစ်မယ်၊ ပူပင်သောကမှန်သမျှကို ငါတို့လက်တွဲဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မင်း ငါ့နားမှာ နူးနူးညံ့ညံ့ ကြည်ကြည်ဖြူဖြူနဲ့ ရှိနေပေးမယ်ဆိုရင် ငါ .. ငါ ဘာအခက်အခဲကိုမှ ဂရုမစိုက်တော့ဘူး"

ပြောချီရှေ့ကိုထပ်တိုး၏။ ရှုပ်ပွပွေလီနေသည့် ဆံပင်ရှည်တို့နှင့် ကုတ်အင်္ကျီရှည်ကြီး ဖိုးရိုးဖားရားဝတ်ထားသဖြင့် သိုက် ၏တည်ကြည်ချောမွေ့ခြင်းတွေ ဒီအချိန်မှာ ဘယ်ကမှဆုပ်ဖမ်းဖို့မလွယ်ပေ။

ပြီးတော့ မူးနေသည့်အသံမှာ ငိုနေသည့်အသံဖြစ်သည်။ ရန်တွေ့မလို ပါးစပ်ရောက်လာသည့်စကားလုံးတွေကို ဆက် ပြောဖို့မေ့နေခဲ့၏။ အချစ် ဆိုသည့်စကားကို မဆိုထားနှင့်၊ နူးညံ့ညင်သာစွာ မဆိုခဲ့ဖူးသော ထိုသူ၏နှုတ်ဖျားကပြောနေတာတွေက ဘာတွေလဲ ..။

ဘယ်လိုနတ်ဖမ်းစားပြီး ပူးဝင်ပြောဆိုနေသည်လဲ ..။ ယုံကြည်နေတာမဟုတ်ဘဲ တအံ့တသြနားထောင်နေခဲ့မိ၏။ ဖြူနုသော သိုက် ၏မျက်နှာတစ်ပြင်လုံးက အရက်ရှိန်နှင့် အဝတ်စနီကဲ့သို့ နီစွေးကာ ...

"ငါလေ ... အသွင်ရိုင်း ဆိုတဲ့ကောင် နှိပ်စက်သမျှ လိုမ့်ခံနေခဲ့တာ၊ အရှုံးမပေးနိုင်ဘဲ အနိုင်ပြန်တိုက်ချင်ခဲ့တာ၊ အားလုံးက မင်းကို မပေးနိုင်လို့ပါ ဆက် ရယ်၊ တကယ်ဆို ငါ့ဘက်မှာ ထောက်ခံမဲမရှိဘဲနဲ့ 'ငါကွ' လို့အော်ပြီး လက်သီးလက်မောင်းတန်းနေခဲ့တာ ငါအရူးပါ၊ ရွှေလက်ဆက်"

ဆက် နောက်ဆုတ်စရာမရှိတော့ပါ။ ကျောနောက်မှာ နံရံဝဲရှိတော့ကာ ရှေ့လက်တစ်ကမ်းလေးမှာ သူ ရောက်လာလျက် ...

"ရွှေလက်ဆက် .. မင်း ငါ့ကို နည်းနည်းလေး နူးညံ့ပေးပါ၊ ငါ့ကို ပြန်ချစ်မယ်ဆိုရင် ငါ မင်းကို ..."

"အို .. ဟင့်အင်း ..."

ရှေ့မှာ ဒူးထောက်ဖစ်လိုက်တော့ ဆက် အလန့်တကြားလေးဘေးကိုရွှေ့ရပ်သည်။ သိုက် က ဆက် လက်ဖဝါးလေးတစ်ဖက်ကို





ဖျစ်ဆုပ်လိုက်ကာ ...

"အပြင်မှာ မိုးအေးပါတယ်၊ ကိုယ့်ရင်ခွင်ထဲကိုလာပါ၊ မင်း ဒီည တိုယ့်ကို နွေးထွေးမှုပေးပါ၊ ကိုယ် .... ငါ .. ငါလေ တစ်လျှောက်လုံး စိတ်ဆင်းရဲခဲ့သမျှ ဒီညလေးတစ်ညကို ရပါရစေ၊ လာပါ ဆက်ရယ်"

"တကျော့ရှူး .. ရှင် .. ကျွန်မကိုမထိနဲ့"

"ဆက် .."

"လွှတ်နော် ..."

"မလွှတ်ဘူး၊ မရဘူးကွ၊ အရမ်းချစ်တယ် .."

"ရှင့်ကိုမုန်းတယ်၊ ကျွန်မရဲ့ပါးပြင်တွေက ရှင်ရိုက်နှက်ဖို့၊ ကျွန်မရဲ့ကိုယ်ခန္ဓာက ရှင်တို့ရဲ့ဖြိုင်ကွင်းထဲက ဒိုင်းတစ်ခု၊ ကျွန်မ ခံယူထားတာ ဒီအတိုင်းပဲ၊ ရှင် တကျော့ရှူးပြီး စိတ်ရိုင်းဖြေဖို့မဟုတ်ဘူး၊ ဖယ်နော်.. လွှတ်.."

မိုးတွေက ပို၍သည်းမည်းလာသည်။ သိုက် က မူးနေပေမယ့် ဆုပ်မိဆွဲမိထားသည်နှင့် တင်းကျပ်စွာ သိမ်းပိုက်ဖို့ကြိုးစား၏။

လင်နဲ့မယားမို့ အပြင်ကိုထွက်ပြေးဖို့က မဖြစ်နိုင်မှန်းသိကာ ဆက် အံကြိတ်ရှန်းကန်ရင်း တီဗီခုံဘေးမှာ အလှတင်ထားသည့် ခရုရုပ်လေးကို သမ်းဆွဲလိုက်၏။ ပြီးတော့ သူ့နဖူးစောင်းကို တအားထုပစ်လိုက်မိလေသည်။

"ဒုတ် .."

"အား .. မင်း .. မင်း .. ငါ့ကို ..."

မဟားတရားပွေ့ဖက်ထားခဲ့သည့် သိုက် ၏ကိုယ်က နံရံပေါ် လဲ၍ ကျသွား၏။ ထိုစဉ် ...

"ခွမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဟင်း.. ဆက် ထိတ်ခနဲ ဖြစ်သွား၏။ လမ်းမရှေ့ဘက်က ပြတင်းမှန်သည် တစ်စုံတစ်ရာနှင့် ပစ်ခတ်ထိမှန်ကာ မွမွကြေကျသွားခဲ့ပြီ။

"သြော် ..."

သိုက် မျက်ဝန်းတွေ မှတ်သိပ်တမ်းတသော နူးညံ့ခြင်းများမှ နာကျင်အေးစက်ခြင်းသို့ ပြောင်းလဲသွားခဲ့ပြီး ကိုယ်ကိုအနိုင်နိုင်ထူသည်။ ထို့နောက် ပြတင်းပေါက်ဆီကို လှမ်းသွားပြီး တံခါးဖွင့်၍ လမ်းမကို ငုံ့ကြည့်၏။

"အသွင်ရိုင်း ..."

သူ ရေရွတ်လိုက်သည့်အသံကြောင့် ဆက် မျက်လုံးပိုင်းသွား၏။ နားထင်ဆီသို့ စိမ့်ယိုကျလာသော သွေးသံရဲရဲနှင့် သိုက် က မိုးနှင့်မီးတိုင်မှုန်ဝါးဝါးအောက်ကအရိပ်ကို စူးစိုက်ကြည့်နေရင်း ပြုံ့ခနဲ မဲ့သည်။

"မင်းက ဒီကအရိပ်တွေကို မှန်အပြင်ကလှမ်းမြင်ပြီး လက်စွမ်းပြလိုက်တာကိုး"

ဘယ်သူ့မှမပြောတာမဟုတ်ဘဲ အံကြိတ်ရေရွတ်ရင်း ဒီဘက်ကို ခပ်ဖြည်းဖြည်းလှည့်လာခဲ့သည်။ ဆက် သည် သူကြည့်လိုက်ကာမှ ခရုရှပ်ကို အသိမဲ့သူလို လွှတ်ချပစ်လိုက်ပြီး ပင့်သက်ရှိုက်၏။ မျက်ဝန်းလေးတွေမှာ ကြောက်ရွံ့နေပေမယ့် နှုတ်ခမ်းတို့မှာ ရဲဆေးတင်ထားသလို တင်းတင်းစေ့လျက် တစ်ဖက်လှည့်နေသည်။

"ရွှေလက်ဆက် ..."

သူခေါ်ပေမယ့် ဆက် က လှည့်မကြည့်။ ထိုအချိန်မှာ မိုးသံနည်းနည်းပါးခဲ့ပြီဖြစ်၏။

"မင်းကို ငါ တကယ် ..."

စကားသည် ရှေ့ဆက်မလာခဲ့ဘဲ ...





"ငါပြောခဲ့တာတွေ၊ ငါ့စကားတွေကို ငါမမေ့ဘူး၊ မူးလို့ပြောတာမဟုတ်သလို ငါတဏှာရူးမှမဟုတ်ဘဲ၊ ဒါပေမယ့် မင်းမေ့လိုက်ပါ၊ မင်း ငါ့ကို ဘယ်တော့မှ လက်ခံနိုင်မှာမဟုတ်သလို မင်းကိုငါ ခါးမိုက်ထောင်ရှိ ထဲယည့်ထားသမျှ ငါ့အတွက် အန္တရာယ်ကြီးလွန်းတယ်ဆိုတာ အခု ပိုရှင်းသွားပြီ၊ ဒါပေမယ့် ထပ်ရှင်းအောင် မင်းပါးစပ်ကပြောစမ်းပါ၊ မင်းအသားကို ငါက လုံးဝထိခွင့်မရှိတော့ဘူးလား"

"အဲဒါ ရှင်ပေးတဲ့အတိုင်းပဲလေ၊ အရိုင်းမဟုတ်ဘဲ အရိုင်းလို ကျွန်မကို လိမ်ညာလှည့်ဖျားယူခဲ့တာ၊ ယူခဲ့ပြီးတော့လဲ လိုချင်လို့မဟုတ်ဘူးလို့ ရှင်ပဲကြေညာတာမဟုတ်ဘူးလား၊ ကျွန်မက ရှင်ပြုသမျှ နခဲ့ရတဲ့သူ၊ အရိုင်း က ပိုင်ရှင်ဖြစ်ပြီး ပြန်လုမယူနိုင်လို့ တော်ရာကနေခဲ့တယ်၊ ကျွန်မတို့သုံးယောက်မှာ ကျွန်မတို့ရှုံးပြီး ရှင်ပဲနိုင်နေတာပါ၊ အဲဒါ ဘာတွေမကျေနပ်စရာကျန်နေသေးသလဲ"

"ငါနိုင်ခဲ့တယ် .. ဟုတ်လား ..၊ ဟား ဟား ဟား .. အပြောကောင်းတယ်နော် ရွှေလက်ဆက်၊ မင်း .. မင်းဟာ ရုပ်ကလေးလှသလောက် မြင်တဲ့သူတိုင်းကိုလဲ ရူးသွပ်စေနိုင်တဲ့မိန်းမပါ၊ ငါက မရူးချင်တဲ့ကောင်ဆိုတော့ မရူးချင်ယောင်ဆောင်ခဲ့တာလေ၊ ငါ ရူးနေခဲ့တာကိုဝန်ခံတော့ မင်းက ရှုံတယ် .. ဟုတ်လား၊ ဒါဆို မင်းက ဒီတစ်သက်လုံး .. တစ်သက်လုံး .. ငါ့ကို ဒီအတိုင်းပဲ ..."

"ဟုတ်တယ်" လို့ မပြောသော်လည်း ဆက် က နှုတ်ခမ်းချင်းဖိတ်ပြီး ဆတ်ခနဲလှည့်ပစ်၏။ သူ ဒီဘက်ပြန်ကြည့်လိုက်တော့ မိုးကာအင်္ကျီဖားဖားကြီးနှင့်အရိပ်က မှောင်ရိပ်ထဲကို တစ်လှမ်းချင်း လျှောက်ပြီး ပျောက်ကွယ်သွား၏။

"အဲဟွန်း .. ဘယ်တော့မှမငြိမ်းမယ့်မီးကို ငါမမွေးဘူး၊ ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါပိုင်နေရတယ်ဆိုပြီး ဘာတစ်ခုမှမရခဲ့ဘဲ စိတ်ရောလူရော ဆင်းရဲခြင်းများစွာနဲ့ ဘာဆက်လုပ်ရမှာလဲ"

နှဖူးထောင့်ကသွေးကို လက်ဝါးနဲ့ပွတ်သုတ်လိုက်ပြီး သူ တံခါးဆီ လျှောက်သွား၏။ တံခါးကို လှမ်းအဆွဲမှာ လူက ယိုင်ခနဲဖြစ်သွားကာ တံခါးနဲ့နဖူး နောက်ထပ်ဆောင့်တိုက်သွားပြန်သည်။

"အား ...."

သူ ရှုံ့မဲ့ညည်းညူရင်း ထောင့်မတ်စွာရပ်ကြည့်နေသည့် ဆက် ကို ငဲ့ကြည့်၏။ မျက်လုံးချင်းဆုံမိစဉ် ဆံပင်ရှည်တွေ ဖရိုဖရဲ အုပ်ဆင်းနေသည့်ကြားမှ သူ့မျက်လုံးတွေမှာ မျက်ရည်တွေပြည့်နက်လျက် ..။

"မင်းကို ငါ ..."

ဟု နောက်ထပ်ပြောပြန်ကာ နောက်ထပ်ဒီနေရာမှာပဲ ရပ်ဖစ် လိုက်ပြန်၏။ ပြီးတော့ နှုတ်ခမ်းစေ့ပြုံးရင်း အပြင်ကိုထွက်သွားလေ သည်။

"ဟာ .. ဆရာ .. ဆရာ ဘယ်လိုဖြစ်တာလဲ"

"ဖယ် ..."

"ဆရာရယ် ... သွေးတွေ လည်ပင်းထဲထိ စီးနေတဲ့ဟာကို .."

"ထားလိုက်၊ ငါ့ကို ပုလင်းနဲ့ဖန်ခွက်ပေး .."

"ဟာ .. ဆရာ .."

"ဟိတ်ကောင် ... သွားထုတ်လာခဲ့"

"ဆရာရယ်.."

"ပြီးရင် ဟိုတယ်ကဖုန်း ငါ့နားကိုယူပေး .."

ပြောနေသမျှကို ဆက် အားလုံးကြားသည်။ ပြီးတော့ တံခါးဖွင့် ကာနီးကြည့်သွားသည့် သိုက် ၏မျက်ဝန်းထဲက မျက်ရည်တွေကို နှား





မလည်နိုင်။ ထို့ပြင် ...

"မင်းကို ငါ ..." ဆိုပြီး ရှေ့မဆက်တဲ့စကားက 'ချစ်တယ်' လို့ ပြောချင်တာလား ..။

မဖြစ်နိုင်ပါ၊ မျက်ရည်ကျတယ်ဆိုရင်တောင် ဘီလူးငိုတဲ့မျက်ရည် မျိုးမို့ ဘယ်လိုခံစားချက်မျိုးတွေ ဖြစ်နိုင်မှာလဲ ..။

ထိုစဉ် မိုးခြိမ်းသံတစ်ချက်နှင့်အတူ ပြိုးပြက်လက်သွားသည့် လျှပ် ရောင်ကြောင့် မှန်ကွဲဖြစ်ထားသည့်ပြတင်းတံခါးကို ထင်းခနဲ မြင်လိုက် ရ၏။

ထိုအခါကျမှ ဒီကနေ့ကြည့်ပြီး သိုက် ပြောသွားခဲ့တာကို သတိ ရသည်။ အရိုင်း တကယ်ပဲ ဒီကိုရောက်နေသည်လား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆၉)

မိုးတွေ တဝေါဝေါသွန်ချနေပြန်သည်။ ဒီအသံတွေချည်းပဲ ရှိ‌ေ ချင်ကာမှ ရွှေလက်ဆက် ၏အသံစူးစူးလေးက မိုးထဲမှထွင်းဖောက်၍ သူ့ကိုခေါ်နေခဲ့၏။

"သိုက် .. သိုက် .. ရှင်လှေ့ယုတ်မာ၊ ရှင် .. ကျွန်မကို တစ်ချက်လောက်တွေက်ကြည့်စမ်းပါ"

"ပုန်း .."

"ခွမ်း .."

ကွဲရှသ်တွေနှင့်အတူ ရှန်းကန်အော်ဟစ်နေသည့်အသံတို့သည် သူ့ရင်ဘတ်ထဲကို သံတိုသံစတွေ အဆုပ်လိုက်ပစ်သွင်းနေသည်နှင့် တူ၏

"မင်း ဘာလို့ ဒီလောက်အော်နေတာလဲဟေ့၊ သိုက် က အားလုံးသဘောတူပြီးပြီ၊ ဒီဟိုတယ်လ်က ငါတို့ဆရာကြီးပိုင်တဲ့ဟိုတယ်၊ ဒီနား ပတ်လည်မှာ ဆရာကြီးရဲ့လူတွေချည်းပဲ၊ မင်းကို ဘယ်သူမှ ခေါင်းပြူကြည့်မှာမဟုတ်ဘူး"





"မသိဘူး၊ လွှတ် .. သိုက် ကိုပဲ ကျွန်မမြင်ချင်တာ၊ သိုက် .. နင်အခုထွက်ခဲ့နော်၊ နင့်ကိုမြင်ရပြီးမှ ငါသွားမှာ၊ သိုက် .. နင်ထွက်ခဲ့စမ်းပါ"

ယောကျ်ားဆိုသည့်မာနနှင့်ရက်စက်တို့သည် မသိကျိုးကျွန်ပြုထားလိုက်ဖို့ကို ခွင့်မပြုဘဲဖြစ်လာ၏။ ဖန်ခွက်ကိုဆုပ်ကိုင်ထားရင်း အရှိန်လွန်ကာ ဖျောက်ခနဲ ကွဲထွက်သွား၏။

"ဆရာ ..."

ဘေးမှာအမြဲတမ်းရှိနေသည့် ဗလသည် ပြင်ဆင်မိုင်းထားသည့် အဝတ်အိတ်နှင့်ဖိုင်ဟုပ်ကြီးနားကနေ ထရပ်မလို ပြောက်ခနဲဖြစ်၏။

အပြင်မှာဆူညံနေသလောက် အသံမထွက်သော ဆရာဖြစ်သူ၏ မျက်နှာပြင်ကို သူ စေ့စေ့ပင်မကြည့်ရက်အောင် ဖြစ်လာခဲ့၏။ ညက ရွှေလက်ဆက်ဆီကို အခန်းကူးသွားသည်။ ခေါင်းမှာ ဒဏ်ရာပါလာခဲ့၏။ ဒဏ်ရာကိုဆေးမထည့်ဘဲ အရက်ကွေ့ပဲလောင်းချသည်။ သူ့ကို အနားကပ်ခွင့်မပေးခဲ့ဘဲ ဖုန်းဆက်ခေါ်လိုက်တော့ မကြာမီမှာ ဤလူတစ်စုရောက်လာခြင်းဖြစ်သည်။

အဖြစ်သနစ်တွေကို သူသိလိုက်ချိန်သည် ဘာကိုမှ တားဆီးရယူဖို့မဖြစ်နိုင်တော့သည့်အချိန်ဖြစ်၏။ ဆရာ ဒီမိန်းမကိုချစ်နေတာ သူသိသည်။ အမြဲတမ်း အတူတူမြင်နေ၊ တွေ့နေကျဖြစ်သည့် ဆရာ့မျက်နှာကို သူသာလျှင် အဖတ်တတ်ဆုံး ..။

ပြောသမျှမညင်သာ၊ မာနကြီးစွာ နေထိုင်ခြင်းအားလုံးက ဆရာ့အတွက် အဆိပ်တွေဖြစ်နေခဲ့၏။ သူဟာ အမိုင်းခံဘဝနှင့်ရှိနေရသည့် သူတစ်ယောက်ပါ။ ဒါပေမယ့် ဆရာနှင့်ပတ်သက်လျှင် သုံးပွင့်ဆိုင်ဖြစ်ရပ်ဆန်းတစ်ခုကို အားလုံးသိသည်။

ကာယကံရှင်တွေ မသိမီ၊ မတွေးမိတာတွေအထိ သူ တွေးထား



www.burmeseclassic.com

www.burmeseclassic.com



တာရှိ၏။ ဒါပေမယ့် သူဟာ ပြောရေးဆိုခွင့်ရှိသူမဟုတ်ပေ။ သိုက် ၏ လက်ဖဝါးပြင်မှ သွေးတွေကိုကြည့်ရင်း ထိုင်ရမလို၊ ပြေးသွားရတော့မလို ဘာလုပ်ရမှန်းမသိ။

"ခုန်း ..."

အပြင်မှာ ဘာတွေထပ်ကွဲပြန်ပြီမသိ၊ သွေးကျနေသည့်လက်တို့ ဆတ်ဆတ်တုန်လျက် သိုက် နေရာမှထရပ်လိုက်၏။

"ကျွန်တော် တံခါးဖွင့်ပေးမယ် ဆရာ"

"နေစမ်း .. မင်း ..."

ရှေ့ကသွားဖို့ခြေလှမ်းက တုံ့သွားပြန်သည်။ ဒါပေမယ့် သူ မပြောရဲ ပြောရဲနှင့် ..

"ဆရာရယ်၊ ဟိုလေ .. သူ့ကို ဆရာ့ကိစ္စကြောင့် ထိုးကျွေးလိုက်တာမဟုတ်မှန်း ကျွန်တော်နားလည်တယ်၊ ဒါပေမယ့် ဒီလိုကြီးလုပ်လိုက်ရင် အရမ်းကို အဆင်ဆိုးသွားမှာပဲ ဆရာ၊ သတ္တိနည်းရာကျတယ်၊ ယုတ်မာရာကျမယ်"

တံခါးရှေ့ကျမှ ယိုင်ခနဲဖြစ်သွားသည့်ကိုယ် .. သူဘက်ငဲ့ကြည့်လိုက်တော့ ဗလ စကားသံရပ်သွား၏။

"ဆက်ပြော .. ပြော ..."

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ ဆရာ၊ ဒီကိစ္စကို အသွင် ဆိုတဲ့လူ သိသွားရင် ဒါမှမဟုတ် သိချင်လဲသိနေမှာပါ၊ ဒါ မအောင်မြင်ဘဲ ပွထကုန်ရင် ဆရာ့အတွက် အရမ်းအပြစ်ကြီးတယ်"

"အဟွန်း .. ပြောပါဦး၊ ငါက အခုသွားတားလိုက်ရမယ် .. ဒီလိုလား၊ ငါ အခု သွားတားတော့မလို့ ထတာလို့ မင်းထင်လို့လား"

"ဆရာ ..."





"ငါ့စိတ်ကိုငါ အဲဒီလောက်ထိ အရှုံးမျိုးဖြစ်စေမယ့်ကောင်လား"

"မဟုတ်သေးဘူး ဆရာ..."

"ငါ .. ငါ သူ့ကို ချစ်နေတယ် ..."

ဟုပြောပြီး ခေါင်းငိုက်စိုက်ကျသွားသည်။ ထောကြာမှ မဖွင့်ဖြစ်ဘဲရှိနေသည့်တံခါးပေါ် ကို ပက်ခနဲ မှီကျသွား၏။

"ဆိုရင်တောင် ငါ့ကို ရှုံးရာမှန်းတီးနေတဲ့မိန်းမအတွက် သူ့ဒုက္ခကို ကျကျနနကြီး လက်ပိုက်ကြည့်နေလိုက်မယ်၊ ဒီလိုဖြစ်အောင် ငါ ဒီအတိုင်းလုပ်လိုက်တာလေ"

"အခု အပြင်မှာ ဆူညံနေတာ ဆရာကြားလား ဆရာ၊ သူ အသာတကြည့်မလိုက်ရင် ပြဿနာတွေဖြစ်သွားနိုင်တယ်"

သူတို့ပြောနေကြတုန်းမှာ တံခါးကို ခပ်ပြင်းပြင်းတုနက်သံ ထွက်လာပြီး ...

"ကိုသိုက် .. ခင်ဗျား ခဏထွက်လိုက်ပါ။ သူ ဒါကိုပဲတောင်းဆိုနေတာ၊ ခင်ဗျားကိုတွေ့ရပြီးရင် အေးဆေးလိုက်ခဲ့မယ်တဲ့"

အသံသြသြနှင့် ယောကျ်ားသံကြောင့် သိုက် မျက်နှာမှာ မဲ့ပြုံးတစ်ချက်ဖြစ်သွားသည်။ ပြီးတော့ တံခါးကို သူကိုယ်တိုင်ဖွင့်လိုက်စဉ် ...

"လူယုတ်မာ ..."

"ဟာ ..."

ယောကျ်ားနှစ်ယောက်၏နောက်မှာရပ်နေသည့် ရွှေလက်ဆက်သည် လက်ထဲမှာ တစ်စုံတစ်ခုကိုကိုင်၍ ရှေ့ကိုပြေးတက်လာခဲ့ပြီး ..

"ဆရာ .. ဆရာ နောက်ဆုတ် .."

မျက်လုံးထဲမှာ လက်ခနဲ အရာတစ်ခုကိုမြင်လိုက်ကာ ဗလ မျက်လုံးတွေပြာသွားသည်။ ရွှေလက်ဆက်နှင့် ရင်ချင်းကပ်လျက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သိုက် သည် တဖြည်းဖြည်းကုန်းညွတ်ကျသွားခဲ့ပြီး တစက်စက်ဆင်း ကျလာခဲ့သော သွေးတို့သည် ...

"ဆရာ .. မင်း ... ဟေ့ ... မင်းဘာလုပ်လိုက်တာလဲ၊ သူ့ကို ဝိုင်းဖမ်းထားပေးပါ၊ ဖမ်းထားကြပါ .. ဆရာ ..."

ဆရာ ဆိုသည့် စူးစူးဝါးဝါးခေါ်သံကြောင့် သိုက် မျက်လုံးတွေ ပွင့်သွား၏။

"ဗလ .. ဟိတ်ကောင် ..."

"ဟင် .. ဗျာ ..."

ဗလ ခေါင်းထောင်လာကာ ဟိုကြည့်ဒီကြည့် ပြူးပြူးပြဲပြဲနှင့် သူ ခေါင်းထောင်ကြည့်နေတုန်း သိုက် က စားပွဲပေါ်ပြန်၍ မှောက်ကျသွား ကာ ...

"သူတို့ ခုပဲ ထွက်သွားကြပြီ"

"ဗျာ .. ဆရာ .. ဟို .. ရွှေလက်ဆက်က .. အေး .. အေးဆေး ပါသွားလား"

သိုက် က ခေါင်းညိတ်ပြီး မျက်နှာကို ပွတ်ပစ်လိုက်သည်။ ဗလ အိပ်မက်ထဲမှာလို ဘာမှမဖြစ်ခဲ့ခြင်းအတွက် ဒိတ်မချမ်းသာနိုင်ဘဲဖြ သွား၏။

သိုက် စီစဉ်ထားတာကို သူကြားခဲ့သည်။ မနက်သုံးနာရီမှာ သို ဟိုမှာရောက်နေသည်ဟုပြောပြီး ဖုန်းဆက်ခေါ် ရန်ဖြစ်သည်။ ထိုအ လာခေါ်သည့်လူတွေနောက်ကို ရွှေလက်ဆက် အသာတကြည့်ပါသွ လိမ့်မည်။

"ဆရာ .. ဒီ .. ဒီကိစ္စကို အသွင် ဆိုတဲ့လူ မသိဘဲနေ့ပါ့မလား"

သူ မရဲတရဲမေးတော့ ဟန်ဆောင်ဖုံးကွယ်ထားဖို့ မေ့သွားသ





ထင်၏။ မျက်ရည်တွေစိုလူးနေသည့် သိုက် မျက်နှာ နီရဲခက်ထန်မြင်း တို့ အားဖြည့်လျက်မော့လာ၏။

"မင်းလဲ ဒီကောင့်ကို တော်တော်အထင်ကြီးနေပါလား"

ဗလက နာရီကို တစ်ချက်လှမ်းကြည့်လိုက်ကာ ဖျာဖျာသလဲ ခေါင်းခါ၏။ ဟိုကိုအထင်ကြီးမိတယ်ဆိုရင်တောင် ကိုယ့်ဆရာအတွက် မိုးရိမ်ခြင်းသက်သက်ရယ်ပါ။ မိုးနှင့်ရောသည့် လေပြည်တသုန်သုန်နှင့် အေးမြနေသည့် အရုဏ်တက်ချိန်ကြီးမှာတောင် သူ့လည်ပင်းမှာ ချွေး တွေ စုထိရှိနေတုန်း။

ဒါဟာ ဆရာ့အပေါ် မှာ သူတကယ်ထားတဲ့စေတနာပဲဖြစ်၏။ သိုက် တော့ ဟိုတုန်းက တည်ကြည်ချောမောခဲ့သော သိုက် ဆိုသည့် လူရွယ် တစ်ယောက် မဟုတ်တော့သလိုပင်။

အရက်တွေလောင်းချထားသဖြင့် သွေးမစင်သော ဆံပင်စိုရွဲရွဲက ထက်ဝက်လောက်အထိဖုံးကျနေသည်။ ထိုဆံပင်တွေကို မျက်နှာ တော်ခါရင်း လက်နဲ့သပ်ဖို့ပင့်လိုက်တော့ ဗလ မျက်လုံးပြူးသွား၏။

ဆရာ့လက်မှာ သွေးတွေ ချင်းချင်းနီနေလျက် ..။ ဒါဆို သူ အိပ်မက် နေတာမဟုတ်ဘူးလား ..။ ကိုယ့်မျက်နှာကို ပြန်စမ်းလိုက်၊ ခေါင်း လိုက်နှင့် လည်ချောင်းထဲမှာ ခြောက်သွေ့လာ၏။ သိုက် က လက် ကြည့်လျက် ဆံပင်တွေကိုမကိုင်တော့ဘဲ အံကြိတ်သည်။

"ဒီလိုအေးဆေးပြီးသွားတယ်ဆိုရင် ဆရာလဲ ဘာပြဿနာမှ ဆေးရတော့ဘူး၊ အရင်အတိုင်းပြန်နေရုံပဲပေ့။ ဒါဆို သွားကြမယ်လေ မိုးလင်းမှဆိုရင် လူသိ ..."

"ဘုန်း ..."

"ဆရာ ..."



www.burmeseclassic.com

www.burmeseclassic.com



သိုက် သည် သူစကားမဆုံးသေးခင် ထိုင်ခုံပေါ်ကနေ ဘေးတိုက်လဲပြို့ကျသွား၏။

"ဆရာ .. ဆရာရယ်၊ ဒဏ်ရာတွေနဲ့ ..."

သူ သိုက် ကို ပွေ့ထုတ်ခဲ့ပြီး ခုတင်ပေါ် ပြန်တင်လိုက်သည်။ အကျီလဲဖို့လုပ်တော့ သိုက် က လက်တကာကာနှင့် ဖယ်ချပစ်၏။

"နေ .. နေပစေ၊ သိုက် ဆိုတဲ့ကောင်က လူတော်လူကောင်းမှ မဟုတ်တာ၊ ဒီတိုင်းပဲရှိနေသင့်တာ .."

"ဆရာရယ် ..၊ ခေါင်းကဒဏ်ရာကလဲ သွေးတွေစိမ့်နေတာ .."

"သေမှာ .. ငါ .. ငါ့ကို အရက် ..."

"ကုန်ပြီ ဆရာ၊ ဟိုတယ်ထဲမှာလဲ အရက်ဘားမှာ ရောင်းပေးမယ့် လူတွေမရှိကြဘူး"

"ဒါဆို ကိုယ့်ဘာသာဆွဲယူခဲ့၊ ငါ သောက်ရဦးမယ်၊ မြင်နေ ကြားနေတာတွေ ပျောက်ကုန်အောင် သောက်ပစ်မှ ..."

အိပ်ရာထက်မှ အတင်းလူးလဲထရင်း ပြန်ပြိုရင်းနှင့် သိုက် သတိလက်လွတ်ဖြစ်နေ၏။ ပြီးတော့ ဗလုံးဗထွေးပြောနေတာတွေက စိုးဖြင့်လာလိုက်၊ လုံးထွေးသွားလိုက် ..။

"ရွှေ .. လက်ဆက် .. မင်း .. က .. ငါ့ကိုမှမချစ်တာ ..၊ မင်းက ဆုပ်ဖမ်းထားသမျှ ငါ .. ငါက .. မင်းအချစ်ကိုမရဘဲ .. ဟိုကောင် ဒုက္ခပေးသမျှ .. ကွာ .. မထူးဘူး၊ ဘာမှမထူးတော့ဘူးလေ ..၊ ဟိတ်ကောင် .. ဟုတ်တယ်မို့လား၊ အေ့..ငွေ..ငွေနဲ့မဆိုင်ဘူး၊ ငါ ..ဟင်..ဗလ..ဗလ..."

"ဆရာ .. ဖြည်းဖြည်းအော်လေ၊ ကျွန်တော် ဆရာ့ရှေ့နားမှာပဲ"

"ဟုတ်လား .. အေး .. နာရီ .. ဘယ်နှစ်နာရီရှိပြီလဲ"

"လေးနာရီခွဲတော့မယ် ဆရာ"





"သူတို့ .. သူတို့ ထွက်သွားကြပြီလား"

"ဦးပေါစံရဲ့လူတွေလား .. ဆရာ"

"ဟုတ်တယ်လေ၊ သူတို့ .. သူတို့တွေ ဘာပြောသွားလဲလို့၊ ရွှေလက်ဆက်ကို ခေါ်သွားကြပြီး ဘာပြောသွားလဲကွာ၊ မြန်မြန်ပြော .."

"ဘယ် .. ဘယ်သိမလဲ ဆရာရယ်၊ သူတို့လာတာကို ..."

"ဘာကွ၊ ဘာလို့မသိရမှာလဲ၊ သိရမယ် .. ဖြေ၊ ခုဖြေ .."

သိုက် အိပ်ရာထဲမှာ ခုနစ်တွေကနေသလို ဘယ်လူးညာလှိမ့်နှင့် ဘာတွေပြောနေ မေးနေမှန်းလည်းမသိ။ ဗလ မျက်ရည်ဝေလာမိသည်။ သိုက်ကို သူ သံယောဇဉ်ကြီးလွန်းလို့တော့မဟုတ်ပါ။ ဒါပေမယ့် မျက်ရည်ကျလောက်အောင် သနားစရာမြင်ကွင်းဖြစ်နေသည်။

သူ့အိပ်မက်ထဲမှာ ဖွင့်ဟဝန်ခံခဲ့တဲ့အတိုင်း ဆရာ တကယ်ပဲ ရွှေလက်ဆက်ကို သည်းကြေပြုန်းအောင် ချစ်နေခဲ့၏။ ချစ်လို့ အမျက်ကြီးတာဖြစ်လေသည်။ ပါသွားတာကို သူမသိလိုက်သော်လည်း ဒီကိစ္စမှာ ငွေကြေးပြဿနာထောက်နှင့် ဆရာ ဒီလိုမလုပ်ဘူးဆိုတာ ဘယ်သူသိသိ မသိသိ သူသိသည်။

ထို့ကြောင့် 'ချစ်လို့သတ်တယ်' ဆိုသည့်အဖြစ်တွေကိုလဲ ယုံကြည်သွားခဲ့မိသည်။ ရွှေလက်ဆက် ကို ဦးပေါစံ လက်ထဲထည့်လိုက်ပြီးမှ ရူးသုဘဒ္ဒါလို ရင်ကွဲနာကျသေတော့မည်လား ..။

"ဗလ .. ဆို ..."

"ဗျာ .. ဗျာ .. ဆရာ .."

"မင်း ဒီနားမှာရှိတယ်ဆိုပြီး ဘာလုပ်နေတာလဲ"

"ရှိပါတယ် ဆရာ ..၊ ဟို ..."

"မင်းကိုငါ ဘာမေးထားတုန်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"ရွှေလက်ဆက် ဘယ်မှာလဲ"

ပိုဆိုးပြီ ..။ မေးခွန်းတွေ ဟိုရောက်ဒီရောက်နှင့် ဗလ တံတွေး မျိုချရင်း ခေါင်းကုတ်မိလေသည်။

"ဟိုကောင်တွေ .. ဟိုကောင်တွေနဲ့ ရွှေလက်ဆုံက်လေ .."

"ခေါ်သွားတဲ့လူတွေကိုတော့ ကျွန်တော်မသိဘူး ဆရာ၊ မနေ့ညနေ က ဆရာ့ကို ဦးပေါစံပြောတာ ဒီမနက်မိုးလင်းတာနဲ့ ထွက်ကြမှာဆို"

"မိုးလင်းမှ ..."

သိုက် က ခေါင်းကဒဏ်ရာကို ဖိနှိပ်ပြီး ထထိုင်ဖို့ကြိုးစား၏။ လက်ဖဝါးတစ်ဖက်မှ သွေးစေးတို့နှင့်ကပ်နေသောကြောင့် ဘယ်ကို ကိုင်လို့မှအဆင်မပြေဘဲ တက်ခေါက်ပြီး လက်ကို မျက်နှာရှေ့မှာ ဖြန့် ကြည့်သည်။ ပြီးတော့ ဒဏ်ရာမရှိသည့်လက်နှင့် ကိုယ်ကိုပြန်လဲမသွား အောင် ထောက်ထားကာ ...

"မိုးလင်းမှ .. ဟုတ်လား ..၊ သုံးနာရီလောက်က ခေါ်သွားကြတာ ဟင် .."

မေးစင်းနေသည့်မျက်လုံးတွေက ပြူးပြူးပြက်ပြက် လက်သွား၏။

"ဒါဆို .. ဆက် .. ရွှေလက်ဆက် ... မင်း .. တောက် .."

သွားပြီ ဆိုသည့်အသိနှင့် သိုက် ခေါင်းထဲမှာ ဝုန်းခနဲ ထပွင့်သွား သည့်နယ် ...။

ဒီမိန်းမမျိုး .. သွားစမ်းဟာ.. ဆိုပြီးစွန့်ပစ်ခဲ့သော်လည်း ... ... ...





အခန်း (၇၀)

"ဘယ်မှာလဲ၊ သိုက်က ဘယ်တော့လာမှာလဲ"

"ဘယ်တော့မှမလာဘူး"

"ဘာ ..."

မျက်ဝန်းလေးတွေ စူးရဲကျဉ်းမြောင်းလျက် ...

"ရှင်တို့ .. ဒါ ဘာသဘောနဲ့လုပ်ကြတာလဲ"

ရုပ်ရှင်ထဲက လူကြမ်းမျက်နှာမျိုးတွေနဲ့ နှစ်ယောက်သား ရှုံ့တွတွ နဲ့ကြည့်ကာ ပါးစပ်ထဲရောက်ပြီးသားအရက်တိုတောင် ထွီခနဲ လှည့် ထွေးပစ်၏။

"ခုချိန်ထိ ကိုယ့်ကိုယ်ကို ဘယ်ဘဝရောက်မှန်းမသိသေးဘူး၊ ဘာတွေမှန်းကိုမသိဘူး"

"အေးကွာ၊ ငါတို့ဆရာကြီးကလဲ နာမည်တစ်လုံးနဲ့နေလာပြီးမှ [illegible] .. နာမည်ပျက်ခံလို့ .."



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ခွန်းဝေဖန်တာကျတော့ တိုးတိုးကြိတ်ကြိတ် ဆက် နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ ညသန်းခေါင်ကျော်ကြီးမှာ သိုက် ကားအက်ဆီးဒင့်ဖြစ်ပြီး ဟိုမှာရောက်နေပါတယ်ဆို ဖုန်းဆက်သည်။ အချိန်မတော်မို့လို့ သူတို့ပဲလာခေါ် ပါမည်ဟုပြောကာ တကယ်လာခေါ် ကြ၏။

စိတ်ထဲကပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သိုက် က ကိုယ့်ယောကျ်ား ဖြစ်တော့ ညဦးပိုင်းက သူ့ခေါင်းကို ကိုယ် ရိုက်ပစ်လိုက်မိသေးသည်။ ဒါ ကြောင့် ဒေါသဖြစ်ပြီး ရှူးရှူးရှားရှားနှင့် ကားမောင်းထွက်သွားတာ လည်းဖြစ်နိုင်သည်မို့ သူတို့လာခေါ် တဲ့နောက်ကို လိုက်ခဲ့မိ၏။

"ဒီမှာ ..."

ရင်ထဲမှာ ဖျတ်ခနဲ တွေးမိလိုက်၏။ ဒါပေမယ့် မဖြစ်နိုင်ဟုပဲ တွက် မိသည်။ ထို့ကြောင့် အရက်သောက်နေကြသည့်လူနှစ်ယောက်အနား ကို ရဲရဲတင်းတင်းတိုးသွားလိုက်ကာ ...

"ရှင်တို့က ကျွန်မကို ပြန်ပေးဆွဲလာကြတာလား"

"ဘာ ..."

"အဲဒါ ..."

နှစ်ယောက်စလုံး ခါးခါးသီးသီး ..။

"ဟော့ .. မင်းတို့သွားကြ .."

အမိန့်သံတစ်ရပ်က တံခါးမကြီးမှမဟုတ်ဘဲ ဆက် ရဲ့နောက်က ဖြစ်နေ၏။ လှည့်ကြည့်လိုက်တော့ မိုက်အရွဲသားနှင့် ပါးဖောင်းဖောင်း ထိပ်ပြောင်ပြောင်လူကြီးကို မြင်ရသည်။ ဘယ်သူမှန်း ဆက် မသိပါ။ သိုက် နှင့်ပတ်သက်တာများမှာ ဆက် ဘာမှမသိတာတွေချည်းပဲဖြစ်နေသည်။

မသိတာကိုမေးဖို့နေနေသာသာ တွေ့နေ မြင်နေတာတောင်မှ





ဖြူတာနီတာ မျက်လုံးထဲမှာ ဘာမှမှတ်မှတ်သားသား ခဖြစ်ခဲ့ပေ။ ထို့ကြောင့် ဒီလူကြီးက ဒိတ်ဒိတ်ကြဲသူဌေး ဦးပေါစံ ဆိုတာလည်းမသိနိုင်။

ဦးပေါစံ က ဆက် ကို အပြုံးမပျက်ကြည့်လျက် ဘယ်ကထွက် လာမှန်းမသိသောခြေလှမ်းတွေက ရဲတင်းစွာ ...။

"မင်းသိချင်တာတွေ ကိုကြီး ပြောပြမယ်"

ကိုကြီး ဆိုပါလား ..။ ရင်ထဲမှာ ဖျင်းခနဲ ဖြစ်သွား၏။ လည်ပင်း နှင့်လက်တွေမှာ ပိဿာချိန်လောက်ထိရှိနိုင်သော ပလက်တီနမ်တွေ ဝတ်ထားပြီး ပြုံးဖြဲလက်နေသော လူကြီး၏ပုံစံသည် ...

"မင်းကို တို့က ပြန်ပေးဆွဲစရာလား ကလေးရာ၊ ဒီရုပ်ကြီးကို ကြည့်ပါဦး၊ မချောမလှပေမယ့် တခမ်းတနားခံ့ညားတဲ့ရုပ်ကြီးပါ"

အနားရောက်လာတော့ ဆက် နောက်ကို တဖြည်းဖြည်းဆုတ်မိ သည်။ ထိုစဉ် ချောက်ခနဲ လော့ခ်ကျသံကြားသဖြင့် လှည့်ကြည့်လိုက် တော့ တံခါးကို အပြင်ကနေ ပိတ်သွားခြင်းဖြစ်၏။

"ဒါ ဘာလုပ်တာလဲ၊ ဟင် .. ရှင်တို့ဘာလုပ်ကြတာလဲ"

"တစ်ခုခုဆိုတာမှန်ပေမယ့် အဲဒီတစ်ခုခုက မင်းကို ပြန်ပေးဆွဲ တာမဟုတ်တာတော့ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြန်ရွေးစရာ သိုက် မှာ ဘာမှမရှိတော့ဘူးလေ၊ သူ့ဘဝဆက်ပြီးရပ်တည်လို့ရအောင် မင်းကို သိန်းထောင်ပေါင်းများစွာနဲ့ ကိုကြီးလက်ထဲကို ..."

"တော်တော့ .. ရှင်မမိုက်ရိုင်းနဲ့၊ လူယုတ်မာတွေ ..."

တကယ်မခံမရပ်နိုင်တာက ဒေါသတွေဖြစ်ပေမယ့် မျက်ရည်တွေ ပဲ ခုန်ပေါက်ပြီး ဆင်းလာခဲ့၏။ အကြွင်းနာတရားခေါင်းပါးမှန်းသိပေမယ့် ရက်စက်တတ်သူမှန်းလည်းသိထားတာတောင် ဒီလောက်သိတော့ မထင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ မသက်သာသလိုဖြစ်လာတာရှိသော်လည်း ရေးရေးပဲ မြင်သည်။ ဒီလိုမထင်ခဲ့ပေ။ ကြားလိုက်ရသည့်စကားဟာ တကယ်လား လို့ပြန်မေးစရာမလိုအောင် ဖြစ်နိုင်မှန်းသိလိုက်၏။ ဆက် စကားတစ်ခွန်း မှမထွက်တော့ဘဲ နှုတ်ခမ်းတင်းတင်းစေ့လျက်နှင့်ရှိက်သည်။ ရင်ဘတ် ထဲမှာ ဆို့ကျပ်အောင့်တက်လာ၏။

ဒါက နယ်စပ်ဒေသဖြစ်သည်။ သိုက် ဒီလိုလုပ်ဖို့ သူမကို ခုလို တမင်ခေါ် လာခြင်းပဲဆိုတာ ...။

"မင်း နောက်ဆုတ်ရှောင်မနေပါနဲ့ ကိုကြီးက မင်းကို မဟားတရား မစော်ကားပါဘူး"

ပြောပြီး ရယ်နေသေးသည်။ ဖဲသားမီးခိုးရောင် ညဝတ်အင်္ကျီပြောင် ပြောင်ကြီးနှင့် ရယ်နေပုံက ဗိုက်သားတုန်တုန်တက်တက်နှင့် ရွံစရာ ကောင်းလှသည်။

"ဟဲဟဲ .. မိန်းမမမြင်ဖူးတဲ့သူမှမဟုတ်တာ ချာတိတ်ရာ၊ ကိုကြီး လိုချင်တာဆိုရင် ရွှေ ငွေ၊ စည်းစိမ်ဥစ္စာ၊ မိန်းမ ဘာမှမရတာမရှိဘူး၊ အားလုံး အလွယ်လေးပဲ၊ ခက်ခဲခဲ့တာက မင်းကိုရဖို့ ..."

"တော့တ် .."

"တကယ်ပြောတာ၊ မင်းက သိုက်ရဲ့မိန်းမဖြစ်နေတယ်လေ၊ ကိုကြီး မျက်စိထဲမှာလဲ နတ်သမီးလေးလေးငါးရာ ကိုယ်ထင်ပြရင်တောင် မင်းကိုမြင်လိုက်ရသလို ရူးသွပ်ပုံမိလားမသိဘူး"

ပြောနေရင်း ရှေ့ကိုလာရှေ့ရှေ့တိုးလာ၏။ လက်တစ်ကမ်းသာသာ အကွာမှာရပ်သွားပြီး ဆက် တစ်ကိုယ်လုံးကို အလွန်နှစ်သက်သော စားသောက်ဖွယ်တစ်ခုခုကိုကြည့်သကဲ့သို့ စူးစူးရဲရဲ စုန်ချည်ဆန်ချည် ကြည့်လျက် ...





"ဒါတောင် မင်းကို မှန်ဘီလူးထဲကနေမြင်ရတာ၊ မင်းရဲ့ အသား အရေတွေက ထိကိုင်ကြည့်ချင်စရာကောင်းအောင် ဝင်းဝင်းနှစ်နှစ် လင်း လက်နေတယ်၊ မျက်တောင်ကော့တာ၊ နှာတံလေးချွန်နေတာ၊ နှုတ်ခမ်း လှလှလေးတွေကအစ ခေါ်တစောင်းအလှမှာ ဘယ်လိုမှ မျက်လုံးမလွှဲနိုင် ဘူးကွယ်၊ ပြီးတော့ ဆံပင်ရှည်ကြီးတွေက လှလိုက်တာ၊ တစောင်းမြင် နေတာကောင် အသက်ရှူမှားလောက်အောင်လှတဲ့ ကိုယ်လုံးကို အရှိန် တိုင်းမြင်ပြီး ကိုကြီး ..."

"ရှင် .. ရှင်ကြီး တော်တော့ .."

"ခွမ်း ..."

"ဟာ .. ချာတိတ် .. ချာတိတ်က ကြမ်းလှချည်လား"

ဆက် လှည့်ထွဲလိုက်ကတည်းက ပစ်ပေါက်တော့မယ်မှန်းသိနေ သဖြင့် ဦးပေါ်စံက မင်္ဂလာမောင်နှံရုပ်လေးကို လွတ်အောင်ရှောင်လိုက် နိုင်၏။

ပြီးတော့ အပြုံးမပျက်နှင့် ...

"ကိုကြီးက ဒီပုံစံမဖြစ်ခင်ကဆို ဂျူဒို၊ ကရာတေးမှာ အဆင့်နှစ် ထိ ကျွမ်းကျင်အောင်မြင်ခဲ့ဖူးတာ၊ မကြိုးစားပါနဲ့ ကလေးရယ်၊ မင်းကို ကိုကြီးက ကိုကြီးရဲ့မဟေသီအဖြစ် လက်ထပ်ယူမှာ၊ ဟိုကိုမရောက် သေးခင် မင်းကို လက်ဖျားနဲ့မထိဘူး၊ အဲဒါကိုယုံ၊ လူက ကြမ်းပုံကြမ်းတမ်း ပေမယ့် နှလုံးသားက ဒဿဂီရိထက်တော့ နောက်မကျနိုင်ပါဘူး၊ မင်းကို တဏှာရာဂသက်သက်နဲ့ လိုချင်တာမှမဟုတ်တာကွ၊ မင်းအလှတွေကို တစိမ့်စိမ့်ငေးပြီး ရင်ခုန်ချင်တာ ..."

"ရှင် .. ရှင် ..."

ဆက် ပတ်ဝန်းကျင်မှာ ပ ပေါက်ကာဆီးစရာလည်း မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှမလွတ်မြောက်နိုင်တော့သည့် ကိုယ့်အဖြစ်ကိုလည်း နားလည်လိုက်သဖြင့် မျက်လုံးထဲမှာ ပြာခနဲ မိုက်ခနဲ ထိုးဆောင့်လာပြီး ...

"ဟာ .. ချာတိတ်၊ ရွှေလက်ဆက်လေး၊ ဟော့ .. လာကြစမ်း။ လာကြစမ်း .. မြန်မြန် .. ဘာလုပ်နေကြတာလဲ"

ရွှေလက်ဆက်သည် မဟူရာရောင်ပုံခဲနေသည့် သူမ၏ဆံနွယ်များကိုဖြန့်ခင်းလျက် တစ်လောကလုံးကို မေ့လျော့သွားလေသည်။ ခန္ဓာကိုယ်မှ တဒင်္ဂမျောလွင့်သွားခဲ့သော အသိစိတ်တို့သည် ဘယ်ဆီကိုပြေးလွှားနေသည်မှန်းမသိ။

ဒါပေမယ့် ရှာဖွေနေခဲ့တာတော့ အမှန်ပဲဖြစ်လေရာ ...။





## အခန်း (၇၁)

"အရိုင်း ..., အရိုင်း ..."

"ဟင် ..."

မေးခနဲ ဖြစ်သွားသည့်မျက်လုံးတွေက သားရဲကဲ့သို့ ဖျတ်ခနဲ အပွင့်မှာ ငိုက်မြည်းခြင်းလုံးဝကင်း၏။ အရိုင်း ကိုယ်ထဲမှာ ဖျင်းခနဲ ဖြစ်သွားသည်။ ကြားလိုက်ရတာ တကယ်ပီပြင်၏။

သူ စိတ်စွဲနေသည်လား ..။ လက်ကနာရီကိုကြည့်လိုက်တော့ လေးနာရီလေးဆယ့်ငါး။ ဟိုတယ်လ်၏အပေါ် ထပ်ဝရန်တာမှာ ကြမ်းခင်းတွေသည်း မိုးရေတွေဝနေ၏။ တံစက်မြိတ်လွတ်ရုံနေရာလေးမှာ သူနေတာမို့ သူ့ကိုမစိုပေမယ့် မိုးကာအင်္ကျီမှာတော့ ရေတွေစိုရွှဲနေလေသည်။

ဒီနေရာမှာနေမှ ဒီမြို့က အကြီးဆုံးဟိုတယ်လ်ကြီးကို လှမ်းမြင်ရမှာဖြစ်သည်။ ဒီနဲ့ဟို အလယ်မှာ လမ်းကျဉ်းကလေးတစ်ခုခြားနေပေမယ့် ဟိုတယ်လ်၏အပေါ်ပိုင်းကို ဒီကနေ လှမ်းမြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်မှုန်မွှားတွေစိုနေသည့်မျက်နှာကို တစ်ချက်သပ်ကာ နေရာမှထရပ်လိုက်ရင်း မှန်ပြောင်းကို တစ်ပါတည်းယူလိုက်သည်။ မိုးရေလေပါ လုံးဝတိတ်ကျသွားပြီမို့ သူ ရှေ့ကိုထပ်တိုး၍ကြည့်၏။

မီးလင်းလျက်လှုပ်ရှားမှုကင်းမဲ့နေသော အခန်း၏တစ်ဖက်ထောင့်မှ လှုပ်ရှားလာတာတစ်ခု သူ ဗိုးတဝါးမြင်လိုက်ရ၏။ ညဥ့်သန်းခေါင်ကျော်မသက်ာစရာအချိန်မှာ မိုးတွေကသည်းနေသည့်အပြင် မီးက ပျက်သွားလိုက်သေးသည်။ သူ့မျက်စိအောက်က ပျောင်းတွက်သွားသည့် ကားအဖြူကြီးဟာ ညထဲမိုးထဲမှာပေမယ့် ဒီကားက သူ့ဒွေးဦးပေါ်စံရဲ့ကားမှန်း သူသိသည်။ သိလို့လည်း ဟိုတွေးဒီတွေးနှင့် ဘယ်လိုမှအိပ်မရတော့ဘဲ ဒီနေရာမှာ ငုတ်တုတ်ထိုင်နေမိခြင်းဖြစ်သည်။

သိုက် လာသည့်ကိစ္စကိုရော၊ အဆင်မပြေတာတွေရော သူ အားလုံးသိပြီးပြီမို့ ရှေ့လာ ဆက်ကို စိတ်ပူနေမိသည်။ နယ်စပ်ကို သိုက် သွားမည်ဆိုလို့ သူမကို တစ်ခါတည်းခေါ် ထွက်သွားမည့်စိတ်ကူးတွေများ ရှိနေလားဟု တွေးပူမိလို့လည်း လိုက်ခဲ့မိတာဖြစ်သည်။

ခုကျမှ ကိုယ့်ကြောင့် သူမ ဒုက္ခပိုရောက်နိုင်သည့်အဖြစ်ကို တွေးမိပြီး နောင်တရချင်၏။ တစ်ကိုယ်လုံး အသားတွေအေးပြီး ရင်ထဲမှာ ပူလောင်လာသည့်ကိုယ့်အဖြစ်ကိုလည်း သတိမရ။

အချိန်မတော် ဟိုတယ်ဘက်ကနေ ဦးပေါ်စံ ကားကြီးထွက်လာတာကို မျက်လုံးထဲကမထွက် ဖြစ်ရင်း မှန်ပြောင်းနဲ့ လှမ်းကြည့်နေမိ၏။

"ဟင် ..."

အံ့ဩလွန်းသဖြင့် မှန်ပြောင်းကို အမှတ်တမဲ့ ဖယ်လိုက်မိသည်။ ပြီးမှ ကမန်းကတန်း ပြန်ကပ်ကြည့်မိ၏။ ဟုတ်သည်။ တံခါးဖွင့်၍ ဗလ ဆိုတဲ့ကောင် ဝရန်တာကိုခွဲထုတ်လာတာ သိုက် ပဲဖြစ်သည်။





ဟိုတယ်လ်တွေမှာ ဝရန်တာတွေက ခေါင်မိုးတစ်ဝက်နီးပါးပဲ ရှိကြတာပါ။ ဗလကို အတင်းတွန်းထိုးလွှတ်ကာ သိုက် က တစ်ယောက်တည်းကျန်ရစ်၏။ ပြီးတော့ ဝရန်တာတန်းမှာ မိုက်ကပ်မှီကာ မျက်နှာမော့၍ တစ်ခုခုအော်နေသည်လား။ မီးရောင်ဖြာကျနေသလောက်ပဲ မြင်ရကာ မြင်ရတာလောက်ကို စိတ်ကအားမရ။ ကြည့်နေတုန်းမှာ သိုက် ကိုယ်ကြီးက တအိအိလဲပြို ကျသွားခဲ့ပြီး ...

"ဟင် ..."

ဖုန်းမြည်သံ ...။ သူ ဆတ်ခနဲဖြစ်သွားပြီးမှ အတွင်းအိတ်ထဲက ဖုန်းကို ထုတ်ယူလိုက်သည်။ ဖုန်းနံပါတ်ကိုကြည့်ပြီး တွေးဖို့တောင် စိတ်ကမအားဘဲ ...

"ဟဲလို ..."

"အသွင်ရိုင်း .. ဟိတ် .. ကောင် .."

"ဟင် ..."

ခေါ်သံကမပီဘဲ ဟိတ်ကောင်က ဟိတ်ရောင်ဖြစ်နေ၏။

"သိုက် .. သိုက် ဘာလဲ"

"မင်း .. မင်း .. မအိပ်ဘူးမို့လား"

မေးခွန်းက တိုတိုတုတ်တုတ်ဖြစ်ပေမယ့် တစ်ဖက်မှာဖုန်းကိုင်နေသည့် သိုက် ရဲ့လက်တွေ တဆတ်ဆတ်တုန်လို့ပါ။ ရင်ထဲမှာနင့်နေတာ အားချက်တွေလား၊ သွေးသားဖောက်ပြန်လာသည့် ဝေဒနာတစ်ခုခုလား။

ဘာမှန်းမသိပေမယ့် သူ့ကိုယ်ခန္ဓာကို ဘယ်လိုမှ မတ်မတ်ထိန်းထားနိုင်တော့တာက သေချာပါသည်။ ဗလ ထွက်မလာနိုင်အောင် ဝရန်တာတံခါးချပ်ကို ခြေထောက်တစ်ဖက်နှင့် လှမ်းကန်ထားသဖြင့် သူက ဝရန်တာကျဉ်းကျဉ်းလေးမှာ ကန့်လန့်ဖြတ်ခြေဆန့်လှဲနေသလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားခဲ့၏။ စိုစွတ်ခြင်းနှင့် လေတဖြူးဖြူးက တစ်ကိုယ်လုံးကို စားနဲ့မွှန်း၍ ရေတွေနဲ့ပက်ခံနေရသလိုပင်။ အသက်ရှူရတာကျပ်လာ၏။ လေတိုက် နေတာကို ဟုတ်ချေ၊ ဓားတွေ ပြေးမှန်နေသလို ခံစားနေရသည်။

ကိုယ့်ကိုယ်ကို ဘာဖြစ်နေပြီကို စိတ်မဝင်စားဘဲ သူ့မျက်လုံးထဲမှာ ဆက် ငိုနေတာကိုမြင်နေသည်။ နားထဲမှာ သူမ ၏ရှိုက်သံတွေကိုပဲ ကြားနေခဲ့၏။ ပြီးတော့ ဆံပင်တွေလွင့်အောင် မောကြီးပန်းကြီး ပြေးလိုက်နေသည့် အသွင်ရိုင်း ..။

ဆက် ကို သူ လက်ဆွဲပြေးနေသည်က သူရာချောက်ကမ်းပါးကြီး ဆီကိုဖြစ်လျက် အသွင်ရိုင်း က မမိမိအောင်ပြေးဆွဲဖို့ အမောသို့အောင် လိုက်နေတဲ့သူ ..။

ဟုတ်သည် ..။ သူ ဒီအချိန်အထိမမိုက်သင့်ဟု ကိုယ့်ကိုယ်ကို ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

"အသွင်ရိုင်း ..."

"သိုက် .. မင်း ဘာပြောချင်တာလဲ၊ အဲဒီမှာ ဘာတွေဖြစ်နေကြတာလဲ၊ မြန်မြန်ပြောကွာ .."

"ငါ ..."

ပြောချင်တာတွေများနေသည်။ ဒါပေမယ့် ဘာမှပြောလို့မရတော့ဘဲဖြစ်နေ၏။

"မင်း .. မင်း ... ရွှေ .. ဆက် .. ဆက် .. သူ့ကိုကယ်ပါ၊ သူ ဦးပေါ်စံ .. ငါ .. ငါ့ကြောင့် ..."

"သိုက် ..."

အသွင်ရိုင်း၏ခေါ်သံတွေ စူးစူးဝါးဝါးကြီး ထွက်ပေါ်နေသည်။ ဒါပေမယ့် တအိအိပြို့ဆင်းသွားသည့်လက်ထဲမှာ မှုန်းကပါသွားသဖြင့် ..





ဘာမှမကြားတော့ပါ။

"ဆရာ .. ဆရာ ..."

တံခါးချပ်က သူ့ခြေထောက်ကို တစ်ချက်တိုက်သွား၏။ ဗလ ၏ခေါ်သံနှင့်အတူ တံခါးကိုမတွန်းတော့ဘဲ ကပ်ကပ်သပ်သပ် ထိုးထွက်မနေသည့်ပုံရိပ်ကို ဝိုးတဝါးမြင်ရလေသည်။

"ဆရာ ..."

ပြီးတော့ သူ့ကို ပြေးကိုင်လိုက်သည်လား ..။

"သိုက် ... ဟိတ်ကောင် .."

ဒါက အရိုင်းအသံ ..။ နားထဲမှာခါးသွားသည်က ဆေးခါးရည်ကို မျိုချလိုက်ရသည့်အတိုင်း ..။ အရိုင်းအပေါ်မှာ သူ ဘယ်တော့မှ ကျေနပ် ပြေလည်သွားမှာမဟုတ်ပေ။ ပြောရမည်ဆိုလျှင် ခုချိန်မှာ သူ လဲကျမေ့မှူး နေခြင်းဟာ ဤနေရာမှ ပြန်လည်နိုးထရန် ဘယ်လိုမှမလွယ်ကူနိုင်တော့သည့်အခြေအနေဖြစ်နေသည်။ ပြီးတော့ မိနစ်ပိုင်းနဲ့အမျှ အရေးကြီးနေသော ရွှေလက်ဆက်၏ဘဝ မနစ်မွန်းရအောင် သူမှမဟုတ်လျှင် ဘယ်တင်နိုင်မည့်သူဟာ အရိုင်း တစ်ယောက်သာရှိ၏။

ထို့ကြောင့် သူ ဖုန်းဆက်ခဲ့ရသည်။ အနားကိုရောက်လာမှန်းသိတော့ ကိုယ့်ကိုထိကိုင်တာလည်းမကြိုက်။ မာနကြီးခဲ့သော ယောကျ်ားတစ်ယောက်၏ အံကြိတ်ထားသောမျက်နှာကို မီးရောင်အောက်မှာ တစ်ချက်ကြည့်လိုက်တာနှင့် ဗလ ကာသိသည်။

"ဖယ်ပေးပါ"

သိုက် တေးမှာ အရိုင်း ထိုင်ပြီး ပွေ့မယ်လုပ်တော့ သူ့ကိုယ်နှင့်ခံ့ညားပြစ်သူကို သူပဲပွေ့၏။ ဒါပေမယ့် သိုက်က ခေါင်းခါလျက်

"လိုက် .. လိုက်သွားပါ .. ရွှေ .. လက် .."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာ ..."

သိုက် မျက်နှာ တစ်ဖက်ကို သာသာလေးငဲ့ကျသွား၏။

"မင်း .. ဖယ် .."

ဗလ က လူကောင်သေးသည်။ ထို့ကြောင့် သိုက် ကို အရှိန်း က ပွေ့ယူလိုက်ပြီး အိပ်ခန်းထဲကိုပြန်သွင်း၏။ အခြေအနေမကောင်းနိုင်သည်ကိုသိပေမယ့် ...

"မင်း သူ့ကို အကျီနိုးနေတာတွေ လဲပေးလိုက်၊ အောက်မှာ ဟိုတယ်လ်ဝန်ထမ်းတွေကိုပြောပြီး ဆရာဝန်လွှတ်ပေးလိုက်မယ်"

"ကိုသွင် ..."

သူ အပြင်ထွက်ဖို့ပြင်လိုက်တော့ ဗလ ကခေါ်ကာ ...

"မရွှေလက်ဆက်ကို ဦးပေါ်စံတို့ခေါ်သွားကြတာ၊ မိုးလင်းရင် ဟိုဘက်ကူးကြတော့မှာ .."

"သိတယ် .."

သိုက် ဆီက ဒီလောက်ထိကြားလိုက်ကတည်းက သူ တွက်မိပြီးဖြစ်သည်။ ဗလ ကလည်း သူ့ဆရာဖုန်းဆက်နေတာကြားလို့သာ ပြည့်စုံအောင်ပြောပြတာဖြစ်မှာပါ။

သူ အပြင်ကိုရောက်တော့ မိုးစက်တွေ တဖျောဖျောသွန်ကျလာကြ၏။ မိုးရိပ်မိုးသားများကြောင့် ရောင်နီဖျို့လာတာကိုလည်းမမြင်ရ အလင်းရောင်လည်းမလာ ..။

ဒါပေမယ့် သူ ဝမ်းမနည်းပါ။ မနက်ဖြန်ဆိုတာ အလင်းရောင်ရဲ့ အတူရောက်လာမှာမို့ မှောင်မိုက်နေဆဲ မိုးစက်တွေထဲမှာပဲ ...။





## အခန်း (၇၂)

"ဟုတ်ပါတယ်ခင်ဗျ၊ အတိအကျပါ"

"......... ............."

"တိုယိုတာတောင်းအေ့စ်အဖြူ၊ နံပါတ်က ၉က ..........နဲ့ အနီရောင်ရုပ်ဆလွန်း၊ ၄က .......... တစ်စီးမှာ အဲဒီမိန်းကလေးပါပါတယ်"

"........... ............."

"ဟုတ်ကဲ့၊ ဒီဘက်လမ်းသွယ်တွေရှိသမျှ ကျွန်တော့်လူတွေနဲ့ လိုက်ပိတ်ထားပါတယ်၊ လစ်ဟာမှုမရှိအောင် ကူညီပါ"

ဖုန်းကို ဆိုဖာပေါ် ပစ်ချလိုက်ပြီး ကားကို အရှိန်ထပ်မြှင့်သည်။ အချိန်က မိုးလင်းနေပြီဖြစ်လျက်နှင့် မှုန်ဝါးဝါးအလင်းရောင်သေးပဲရှိနေ၏။ ထိုပြင် မိုးစက်မဟုတ်ဘဲ မိုးမှုန်တွေတဖွားဖွားကျနေတာ မီးခိုးငွေ့တွေနှင့်တူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်မြို့ဖြစ်သော်လည်း ကားတွေ လူတွေရှုပ်နေသောကြောင့် ကိုယ့်ကားကိုအရှိန်မြှင့်လိုက်၊ ပြန်ချလိုက်နှင့် ခရီးကလည်းမတွင်။

"ဘယ်ရောက်သွားတာလဲ"

ကားနှစ်စီးစလုံး မျက်စိအောက်ကပျောက်သွားသဖြင့် တက်ခေါက်လိုက်မိသည်။ ဖုန်းကိုပြန်ကောက်ယူလိုက်ပြီး ...

"ဖိုးကျွန်း .. အတူးတို့ဘာပြောလဲ"

"သူတို့ အစ်ကို့ကို သိသွားကြတယ်ထင်တယ်၊ ကားနှစ်စီးကွဲသွားတယ်"

"အဲဒါသိတယ်ကွ၊ အနီက အရင်ပျောက်သွားတာ၊ အခု အဖြူလဲပျောက်သွားတယ်"

"အနီက ကျွန်တော့်ရှေ့ဝင်လာတာ အစ်ကို၊ အဖြူမသိဘူး၊ အတူးနဲ့ တင်ထွတ်တို့ဆီက ဘာမှမကြားဘူး"

"မင်း ဆက်လိုက်၊ ငါ အခုတည့်တည့်ပဲလိုက်တော့မယ်"

ဖုန်းကို ကိုင်လျက်နှင့်ပဲ စတီယာရင်ကို ထိန်းလိုက်သည်။ ကိုယ်လိုက်နေတာကိုသိသွားပြီဆိုတော့ ဒီလူတွေ တည့်တည့်ကြီးဆက်လစ်မှာမဟုတ်တာ သေချာသည်။

နယ်စပ်ဂိတ်ကို ဖြတ်ရဦးမှာမဟုတ်တော့ သူထင်တာမှန်လျှင် ကားအဖြူ ဒီလမ်းအတိုင်းဝင်လာရမည်။ ရှေ့လက်ဆက် ပါသွားတာလည်း အနီမှာမဟုတ်ဘဲ အဖြူမှာဖြစ်နိုင်၏။

စိတ်ထဲမှာ ယုံကြည်ချက်ထားကာ ကားရှင်းသည်နှင့် လီဗာကိုနည်းနည်းဖိထားလိုက်သည်။ ထိုစဉ် မျက်လုံးထဲမှာ အဖြူရောင်တစ်ချက် လှစ်ခနဲ ဖြတ်ပြေးသွားသလို ခံစားလိုက်ရသဖြင့် ကလပ်နှင့်ဘရိတ်ကို ကျွမ်းကျင်စွာ ကစားပစ်လိုက်သည်။





ကားကို ဒီဘက်ပြန်လှည့်လိုက်တော့ သူ့မျက်လုံးတို့သည် ကျော်လွှားကျန်ရစ်သော လမ်းတစ်သစ်ချိုးထောင့်က အစိမ်းရောင်ခြံဝန်းနှင့် ခေါင်မိုးနီနီကြီး ထိုးထွက်နေသည့်အဆောက်အအုံဘက်သို့ ပြန်၍ဦးတည်ပြီးသားဖြစ်သွား၏။

မြင်လိုက်ရသည့်အဖြူရိပ်ဟာ ခြံဝန်းထဲမှာ ကားရပ်ထားခြင်းဖြစ်သည်။ ဒီကားဟာ သူလိုက်နေသည့်ကားမှန်လျှင် အလျင်စလို ပြေးလွှားနေရာကနေ ခြံထဲရောက်နေသည့်အဖြစ်ဟာ ဘာလဲ ..။

ခေါင်းထဲမှာ လင်းခနဲဖြစ်သွားသည်နှင့်အရိုင်း ချက်နှာ မဲ့ပြုံးတစ်ချက်ပေါ်လာသည်။ ထို့နောက် ကားကို လမ်းမဟုတ်သော ချုံပုတ်စပ်စပ်နှင့် အဆောက်အအုံပျက်ကြီးတစ်ခုကြားထဲသို့ ဘက်ခ်ဆုတ်ဝင်ပစ်လိုက်၏။

"ဂျွတ် .. ဖြောင်း .. ဂျလွတ် .."

လမ်းပေါ်ကနေ အစအနပျောက်သွားအောင် ဖျောက်ဖျက်ပစ်တာမို့ အတင်းဆုတ်ဝင်လိုက်တော့ နောက်မီးလုံးကွဲသံက ရဲရင့်စွာနှုတ်ဆက်၏။ ထို့ပြင် နောက်တစ်ပိုင်းလုံးမှာ စိတ္တဇပန်းချီကားတစ်ချပ်လိုဖြစ်သွားပြီဆိုတာလည်း ဆင်းကြည့်ဖို့မလိုပေ။ ဒါပေမယ့် သူစွန့်စားလိုက်ရကျိုးနပ်ပါသည်။

သိပ်မကြာလိုက်သောအချိန်လေးမှာပဲ ကားအဖြူကြီး ခြံထဲကထွက်လာကာ ယောကျ်ားကြီးနှစ်ယောက်ပဲပါသွား၏။

ပျောက်ကွယ်သွားသည့်ကားနောက်ပိုင်းကိုကြည့်ကာ သူ ဒီဘက်ကို ချော်ထွက်သွားပြီအထင်နှင့် ဆန့်ကျင်ဘက်လားရာအတိုင်း ရှေ့ကိုကြောင်းကို ပြန်ခေါက်သွားတာမှန်း နားလည်လိုက်၏။

ဒီကားနောက်ကို သူလိုက်ခဲ့တဲ့တောက်လျှောက်မှာ ဦးပေါက်စ၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးဝကြီးက ဘယ်ရှုထောင့်ကကြည့်ကြည့် ပျောက်ကွယ်သွား ခဲ့တာမဟုတ်၊ ခုကျမှ ...

"အေး .. တင်ထွတ် .. ကားအဖြူ နောက်လမ်းပြန်ရောက်လာ လိမ့်မယ်"

"... ......"

"လှည့်ကင်းရဲ့စခန်းကို ငါအကြောင်းကြားပြီးသား၊ တံတားဂိတ်ကို မင်းအရင်ဦးအောင်သွားလိုက်"

"............."

"ဟုတ်တယ်၊ လူတွေတော့မပါဘူး။ ငါ ရပ်ကွက် (၂) နောက်ကျော မှာ ဒါ ဗိုင်နယ်လ်ပဲ"

သူ ကားပေါ်ပြန်တက်ရင်း စက်နှိုးရင်းပဲဖုန်းပြောတာဖြစ်ကာ လမ်းပေါ်ပြန်ရောက်သည်နှင့် ဖုန်းကို ကုတ်အင်္ကျီအိတ်ထဲ ပြန်ထည့် လိုက်သည်။

ဒါမှန်သည်ဟု တစ်ထစ်ချတွက်လိုက်ပြီး သူ့စိတ်ထဲမှာ ဘယ်လ စိုးရွံ့မှုမျိုးမှမရှိတော့ဘဲ ခြံတံခါးပြန်ပိတ်နေသည့်လူကြီးနှင့်တံခါးဆိ အရှိန်မသတ်ဘဲ ကွေ့ဝင်လိုက်၏။

"ဟာ .. ဟေ့ ..."

အေးအေးလူလူလှုပ်ရှားနေသည့်လူကြီးမှာ တံခါးမပိတ်နိုင်တော ဘဲ ကိုးရိုးကားရားပြေးလွှားရှောင်သည်။ ကားက တံခါးရွက်နှစ်ခုကို ထိုး သလို ဂျိမ်းခနဲဆောင့်ဝင်ကာ တိုက်ကြီး၏မျက်နှာစာကျမှ တုံ့ခနဲရပ်၏

ဟင်ခနဲ ဟာခနဲ အသံပင်မထွက်နိုင်ကြဘဲ ဧည့်ခန်းကျယ်မှာရှိ ကြည့်လူတစ်စုလုံး မျက်လုံးတွေအပြူးသားနှင့် ထိုင်နေသူတွေက ထ ထလျက်ရှိနေသူတွေက ပြေးလာတော့မလိုလို၊ ရပ်နေတော့မလိုလို။





သူတို့မျက်စိရှေ့ကိုတိုးဝင်လာသည်က ခဲပုပ်ရောင်ခပ်မွဲမွဲ တိုရို တာနှစ်ဆန်းကားလေးတစ်စီးနှင့် လူရွယ်တစ်ယောက်။

ဒီကားကို တစ်လမ်းလုံးမြင်လာခဲ့ပေမယ့် လူကို ခုမှမြင်ကြရသည်။ ခပ်သွယ်သွယ်မျက်နှာက တိုကပ်ကပ်ဆံပင်တွေရှင်းနေသဖြင့် ရှည် သည့်ဘက်ကိုပါနေသည်။

မိုးကာလည်းဟုတ်သော၊ အကောင်းစားကုတ်အင်္ကျီရှည်ကို ထပ် ဝတ်ထားလျက် ကားပေါ်ကမဆင်းဘဲ အားလုံးကို မျက်မှောင်ကြုတ် ကြည့်နေပုံက သူများခြံဝင်းထဲ ကျူးကျော်ဝင်လာသည်နှင့်မတူ။

ဦးပေါစံက အားလုံး၏ရှေ့ကို တစ်လှမ်းချင်းထွက်လာရင်း ...

"မင်းက ..."

"အသွင်ရိုင်း .."

"ဪ .. ဪ .."

တိုက်က ကြီးမားထည်ဝါစွာဆောက်ထားပြီး ဧည့်ခန်းဆိုတာမှာ ပရိဘောဂပစ္စည်း ဘာမှတခမ်းတနားမရှိပေ။ ဆိုဖာတွေနှင့် စားပွဲအပြင် ခွေးကော့စ်တစ်ခုပဲရှိသည်။

ဒါပေမယ့် ဟိုးနောက်ထိ တောက်လျှောက်အကျယ်ကြီးမို့ ဟောလ် တစ်ခုနှင့်တူကာ အပေါ် ထပ်ကဆင်းသည့်လှေကားကြီးကို ဒီတိုင်းမြင်နေရ၏။

အရိုင်း က သူ့ကိုယ်သူမိတ်ဆက်ခြင်းနှင့်အတူ ကားပေါ်ကဆင်း သည်။ ပြီးတော့ သူ့မျက်လုံးတွေက ကားပေါ်ကနေကြည့်လို့ မမြင် နိုင်သည့်နေရာမှန်သမျှကို ပြေးလွှားသွားလျှင် ...

"အရိုင်း ..."

ရှေ့လက်ဆက်ကို သူတွေ့လိုက်ရ၏။ လှေကားကြီး၏အဆင်း၊ ဟိုဘက်ထောင့်ကွယ်အခန်းတစ်ခုရှေ့မှာဖြစ်လျက် သူ့ကိုချုပ်နှောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားသူက ရှေ့ကိုသွားနေရင်း ဒီဘက်မှာ အံ့ဩဖွယ်တွေဖြစ်နေလို့ ပြန်လှည့်ကြည့်နေတာဖြစ်မည်။

တာကယ်တော့ ကားထွက်သွားပြီး သူ ချက်ချင်းဝင်လာမည်ဟု ဘယ်လိုမှထင်မှတ်မထားကြတာကြောင့် အားလုံး ဘာမှမလှုပ်ရှား။ မဖျောက်ဖျက်နိုင်ကြဘဲ ကွက်တိမိသွားခဲ့ခြင်းဖြစ်သည်။

နောက်ကနေ အသွင်ရိုင်း ဆိုတဲ့ကောင်လိုက်လာသည်၊ သူမှာ အစ်အားရှိသည်၊ ဒါတွေကိုသိသွားပြီး သူတို့အဖြစ်က ဥပဒေနှင့်မလွတ်ကင်းတော့သည့်အဖြစ်ကိုရောက်နေမှန်းလည်း သိကြသောကြောင့် ဟိုဘက်ကို တစ်ခါတည်းမကူးတော့ဘဲ ဒီမှာလူတွေချန်ခဲ့ပြီး ကားကို အယောင်ပြထွက်ပေးလိုက်ခြင်းဖြစ်၏။

သူတို့တွက်လိုက်သည်က စောစောက ဒီကောင် ခြံရှေ့ကနေ ချော်ထွက်၍ လမ်းလွှဲပြီဟု ...။

"အားလုံးအေးချမ်းသွားအောင် ရွှေလက်ဆက်ကိုထားခဲ့လိုက်ပါ"

"ဘာကွ ..."

အရိုင်း က ဝိုက်၏အဝင်တံခါးမှာ ခြေချရပ်ရင်း အမိန့်ပေးသလို ပြောသည်။ ဦးပေါ်စံမျက်နှာကြီးမှာ ဟန်ဆောင်မဲ့ပြုံးလေးတောင် မတင်နိုင်ဘဲရှိကာ ...

"မင်းက ဘာကောင်လဲ၊ ငါကလဲ အသက်ကြီးပေမယ့် လိုအပ်လာရင် လူငယ်တွေထက်ပိုပြီး မိုက်ရူးရဲလုပ်တတ်တယ်"

"ခက်တာက မှန်ယိုနေတဲ့ဆင်ရိုင်းမျိုး ကျွန်တော်က မကြောက်တတ်ဘူး"

"ဘာ ..."

"ဟွန်း ..."





သူ နောက်ထပ်ကြည့်လိုက်တော့ ကိုမ်းခနဲ ဆောင့်ပိတ်သွားသည့် တံခါးချပ်ကြီးကိုပဲတွေ့ရတော့သည်။ ဆက် ကိုပါးစပ်ပိတ်၍ဆွဲသွင်း ဝစ်လိုက်သည်ထင်သည်။ တံခါးပိတ်လိုက်ကာမှ ဆက် ၏ရှူးရှူးဝါးဝါး အော်သံတွေ အပြင်ထိ ပျံ့လွင့်လာ၏။

အရိုင်း မျက်နှာ အနီရောင်ရင့်သန်နေရာမှ ညိုရဲသွားခဲ့ပြီး ...

"မိန်းမတစ်ယောက်ကိုလိုချင်လို့ ယောကျ်ားတစ်ယောက်က မရရအောင်ယူတာ သဘာဝကျပါတယ်၊ ဒါပေမယ့် မိန်းကလေးက အမျိုးမှ မဟုတ်ဘဲ၊ ခင်ဗျား နိုင်ငံခြားမှာ အနေကြာခဲ့ပေမယ့် မြန်မာလူမျိုးပဲ ဦးပေါ်စံ၊ တရုတ်ပုံပေါက်နေနေ .. ကုလားနဲ့တူနေနေ ခင်ဗျား မြန်မာလူမျိုး ဆိုတာ ကျွန်တော်သိတယ်၊ ကိုယ်မှာလဲ လက်ညှိုးထိုးတိုင်းရနေတာပဲ"

"မင်းပါးစပ် နို့နံ့မစင်သေးဘူး ကောင်လေး၊ စကားကြီးစကားကျယ် တွေပြောနေမယ့်အစား မင်းပြန်တော့၊ သိုက်နဲ့ငါ ..."

"သိုက် က အစုလွှတ်လိုက်တာ .."

"အပိုတွေပြောမနေနဲ့ .. မင်း ..."

"ပြောရတဲ့စကားတွေထဲမှာ အပိုပြောရတာလောက် စိတ်ပျက်ဖို့ ကောင်းတာမရှိဘူး၊ အထူးသဖြင့် ခေါင်းဖြူစွယ်ကျိုးနဲ့ မှန်ယိုနေတဲ့ ခင်ဗျားလိုလူ ..."

"တော်တိတ် ..."

"ဟား ဟား ဟား ..."

အရိုင်း က ဟားတိုက်ရယ်ပစ်လိုက်တော့ ဦးပေါ်စံ သူ့နောက်ကို ပြန်လှည့်ပြီး အမိန့်ပေး၏။

"နေဦး ..."

အရိုင်း က ရှေ့ကိုတစ်လှမ်းတိုးပြီး လှုပ်ရှားလာသည့်နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို စိုက်ကြည့်၏။ ပြီးမှ ဦးပေါ်စံဘက်ပြန်လှည့်ကာ ...

"သိုက်နဲ့ရွှေလက်ဆက် ဘယ်လိုပတ်သက်ပတ်သက်၊ သိုက် ဘာကောင်ဖြစ်နေနေ၊ မိန်းကလေးသဘောမတူဘဲခေါ်သွားရင် ခင်ဗျား ဘာပြစ်မှုမြောက်သွားမလဲ၊ သိတယ်နော်"

ဦးပေါ်စံ ဖေါ်သတကြီးပြန်ပြောဖို့ ပါးစပ်ပြင်လိုက်တော့ အရိုင်း ကမိုရွှဲကာ ...

"ခင်ဗျားကို အပေးအယူလုပ်ဖို့ လာညှိနေတာမဟုတ်ဘူး။ ခင်ဗျားနောက်လိုက်လာကတည်းက ဦးပေါ်စံရဲ့ စီးတော်ယာဉ်ပေါ်မှာ ရွှေလက်ဆက် ဆိုတဲ့မိန်းကလေးပါသွားတဲ့အကြောင်း၊ နယ်စပ်ကင်းထောက်စခန်းတွေအားလုံးကို သတင်းပို့ပြီးသား ..."

"အံမာ ... မင်းလိုကောင်တောင် ဒီလောက်လက်တံရှည်ရင် ပေါ်စံဆိုတဲ့ငါ့ပါဝါကို နည်းနည်းပါးပါး တွေးမကြည့်မိဘူးလား"

"မတွေးပါဘူး၊ ခင်ဗျားရဲ့လက်တံတွေ ပါဝါတွေ ဘယ်လောက်ရှည်နေနေ ဥပဒေကွန်ရက်ထဲက ခင်ဗျားမလွတ်ဘူး"

"ဟိတ်ကောင် ..."

လူမိုက်ပုံစံနှင့်နှစ်ယောက်က ကြည့်ရှုမကောင်းသည့်ပုံတွေနှင့် ခပ်ရိုင်းရိုင်းခေါ်ပြီး ရှေ့ဆက်လာကြ၏။ အရိုင်း ကလည်း မလှုပ်ရှားပါ ထိုနှစ်ယောက်ကို တစ်ချက်ပဲငဲ့ကြည့်ကာ ...

"ခင်ဗျားနေပူမှာကြောက်ရင် လက်ဝါးနဲ့ကာ၊ ထီးဆောင်း ဒါမှမဟုတ်ရင်လဲ နန်းတော်ကြီးလောက် အဆောက်အအုံကြီးနဲ့နေ၊ နေကြည့်လိုက်လေ၊ အဟွန်း .. ဥပဒေဆိုတာ နေမင်းကြီးနဲ့တူတယ်၊ ရွှေ တိုင်း ကျူးကျော်စော်ကားခွင့်ရှိတယ်ဆိုတဲ့ ခင်ဗျားရဲ့စိတ်ယုတ်တွေ ခုကစပြီး ဆုတ်လိုက်တော့ .."





"လေလုံးကထွားလှချည်လား ဆာမှုရိုင်း .."

အသံကြားလိုက်ကတည်းက သွေးထဲမှာ ဖျင်းခနဲ ကြမ်းရှသွား၏။ သူ ကြည့်လိုက်တော့ ဦးပေါ်စံ၏နောက်မှာ ခုချိန်ထိ ထိုင်ရာမထရှိနေသေးသော ကောင်းဘွိုင်ဦးထုပ်ကြီးနှင့်လူ ..။ ထိုသူကို သူ ချက်ချင်းသိလိုက်၏။

ထောင်ကျသွားပြီဟု သိထားခဲ့ပြီး လုံးဝမေ့လျော့ပြတ်တောက်နေခဲ့သည့် သွင် ရတနာမြဲကြီးထဲက ကိုကြီးမင်းမော် ..။

"အဟွန်း .. အဟွန်း .."

သူက ဦးထုပ်ကို ဟန်ပါပါချွတ်လိုက်ရင်း ဦးပေါ်စံကိုအဓိပ္ပာယ်ပါပါ ငဲ့ကြည့်သည်။ ပြီးမှ သူ့ရှေ့နားထိ လျှောက်လာကာ ...

"မင်းတို့ဖယ်နေစမ်း"

အဲရိုင်း က သူ့အတွက်ငယ်နိုင် ..။ ထို့ကြောင့် အောင်နိုင်သူအပြုံးချိုးနှင့် ကျားကျားလျားလျား တိုးတက်လာခြင်းဖြစ်၏။ သူ့လက်ထဲမှာ သားရေအိတ်နှင့် စွပ်ထည့်ထားသည့် ဓားမြှောင်တစ်ချောင်းကို ကစားရာလို ကိုင်ထားလျက် ...

"မင်းရုပ်ဘယ်လောက်ပြောင်းထားထား ခွေးတစ်ကောင်နဲ့အတူ သွား၊ အတူစားရင်း ကြီးပြင်းလာတဲ့ကောင်ပဲ၊ ဘယ်အချိန်ဖြစ်ဖြစ် မှတ်မိတယ်"

"ဟုတ်တယ်၊ ကျွန်တော်က ခွေးတစ်ကောင်နဲ့အတူ ကြီးပြင်းခဲ့ရတာပါ။ ဒါပေမယ့် ကျွန်တော်ကခွေးရဲ့သခင်၊ ခွေးနဲ့ နှစ်ဘဝပဲရှိတုန်းကလဲ သခင်၊ အခု ဘဝတွေအများကြီး စုရုံးနေနိုင်တော့လဲ အားလုံးရဲ့ သခင်၊ သူ့လူချင်း ဘုရားထူးပြီး ရှူးတိုက်တိုင်းကိုက်ဖို့ အသင့်ရှိနေတဲ့ ဘဝမျိုး ဘယ်တုန်းကမှမရောက်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးဝဲစားလေး .. ကဲကွာ .."

ဘယ်လိုထုတ်လိုက်မှန်းမသိအောင်မြန်ဆန်ကာ လက်စနဲ တစ်ချက်ဝီခေါ်ပြီး ပြေးဝင်လာ၏။ အရိုင်း က တွက်ပြီးသားပါ။ ထို့ကြောင့် ဒီစကားကိုပြောပြီးဆိုကတည်းက အသင့်ပြင်ထားပြီးဖြစ်သည်။

ဓားနှင့်ခြေကန်ချက် တစ်ပြိုင်နက်ပေမယ့် တစ်ချိန်တည်းမှာပဲ လွဲသွားခဲ့၏။ ပြတ်တောက်ပေးကွာခဲ့ကြသော နှစ်ကာလတွေမှာ မင်းမော် ပညာတွေတိုးတက်ပြောင်းမြောက်လာပေမယ့် သူထင်သလိုဖြစ်မလာသောအခါ ...

"မင်းကလဲ ... ဒီလိုကိုး၊ အေးလေ .. ငါကိုတောင် ခံတိုက်ရဲနေပြီပဲ"

နောက်ထပ် ဟန်ပြင်လိုက်သည်နှင့် ...

"ကိုကြီး .. နေဦး .."

အသံရှင်ကိုလှည့်ကြည့်လိုက်တော့ အရိုင်း အံ့ဩသွားတာ ဟန်မဆောင်နိုင်ပေ။ မော်မော်သွင်သည် ခုနတော်မှာ အတုစိုးလွယ်တတ်ကြသည့် မိန်းမငယ်လေးတွေအတွက် ဖက်ရှင်ဖြစ်နေသည့်ပုံစံမျိုးနှင့် ဘယ်လိုပုံကြီးပြင်ဆင်ထားမှန်းမသိ။

ဆံပင်တွေကို နောက်မှာ ဂငယ်ပုံဝိုက်၍ မေးရိုးနှစ်ဖက်နားမှာ အရှည်ကြီးချွန်ထွက်ထား၏။ ဟိုတုန်းကလို ကိုယ်လုံးမျိုးမဟုတ်တော့ဘဲ ပိန်ချုပ်ချုပ်ပါးလျှခြင်းက လည်ပင်းရိုးတွေ ထောင်နေတာပင်မြင်ရ၏။

ကြောင်ကြောင်ကျားကျား ဝတ်စုံကျပ်ကျပ်ကို ကျောပြင်မှာ ဟင်းလင်းပြင်လုပ်ထားသည့်ပုံမှန်း ရှေ့ကကြည့်တာနှင့် သိသာသည်။ မျက်နှာနှင့်တစ်ကိုယ်လုံးမှာ မြန်မာဆန်တာဘာမှမရှိတော့ဘဲ ပြင်ဆင်ထားတာတာ ဘယ်နေရာကကြည့်လို့မှအဆင်မပြေ။





"သေချာကြည့်ပါဦး၊ ငါက ဘယ်သူလဲလို့ ..."

အရိုင်း အံ့ဩသည့်စိတ်နှင့် ငေးခနဲဖြစ်သွားခြင်းကို ကိုယ့်ကိုယ်ကို ချက်ချင်းပြန်ထိန်းသည်။ ဘာမှမထူးခြားသည့် ခပ်စူးစူးအကြည့်နှင့် ခေါင်းခါလိုက်ရင်း ...

"မင်း ဘယ်သူဖြစ်ဖြစ် နောက်ထပ် ဘယ်လိုပုဂ္ဂိုလ်တွေပဲထပ်ရောက်လာလာ ငါ့အတွက် စိတ်ဝင်စားဖို့မရှိပါဘူး၊ ဒီမှာ .. ဦးပေါ်စံ .."

တင်းခနဲဖြစ်သွားသည့် မော်မော်သွင့်မျက်နှာကို ဂရုမစိုက်ဘဲ အရိုင်း က ဦးပေါ်စံကိုလှည့်ကြည့်ကာ ...

"ဒီအုပ်စုတွေထဲမှာ ဘယ်သူကဆရာလဲ၊ အဲ .. သခင်ဘယ်မှာလဲ၊ သြဇာအာဏာတွေကြီးတဲ့ ဦးပေါ်စံက ခင်ဗျားပဲလို့ ကျွန်တော်ထင်ခဲ့တာ .."

အရိုင်း စကားနဲ့ကလိလိုက်တော့ ဦးပေါ်စံ မျက်နှာကြီး နီသွားသည်။ သို့သော် မော်မော်သွင်က သူ့ရှေ့ကိုပြေးတက်လာကာ ဓါးကို အားရှိပါးရှိ လွှဲရိုက်ပစ်လိုက်၏။

"မော်မော်သွင် ..."

အင်အားနှင့်လွှဲကျလာသည့်လက်ကို ဖတ်ခနဲဖမ်းဆုပ်လိုက်ကာ အံကြိတ်သံနှင့်ခေါ်သည်။ ပြီးတော့ ခေါက်တစ်ချက်ခေါက်လိုက်ပြီး..

"ငါ သာမှုရှိင်းဆိုတဲ့ကောင်လေး မဟုတ်တော့ဘူး"

"အား ..."

သောင့်တွန်းပစ်လိုက်သဖြင့် မော်မော်သွင့်ကိုယ်လုံး ပိန်ကပ်ကပ်လေးက အရုပ်တစ်ရုပ်လို မြောက်ခနဲ လွင့်ထွက်သွားသည်။

"ကြည့်စမ်း .. အရိုင်းအစိုင်းကောင်၊ ငါတို့က နင်နဲ့ ချွေးတော်သေးတယ်၊ နင် နားလည်ရဲ့လား"

"မလည်ဘူး၊ ချွေးသားဆိုတာလဲမရှိဘူး၊ အသွင်ရှိမ်း ဆိုတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



မွေးကတည်းက အဖေက တစ်ယောက်တည်းမွေးခဲ့တာ၊ နေပါဦး၊ မင်းတို့ မောင်နှမက ဒီလှကြီးနဲ့ဘာလဲ"

နှစ်ယောက်စလုံးကိုကြည့်၍မေးလိုက်သဖြင့် မာထန်နေသည့် မျက်နှာနှစ်ခုမှာ မျက်တောင်ဖျားတွေက မသိမသာ ယှက်ကျသွား၏။ မော်မော်သွင်က ဦးပေါ်စံကို လှမ်းကြည့်ပေမယ့် ဦးပေါ်စံထံမှ ဖြေသံတစ်စုံတစ်ရာမှ ထွက်မလာခဲ့ပေ။

"ငါက သူလက်ထပ်ထားတဲ့ဓနိုး .."

ဟုဖြေရင်း လဲကျနေရာကနေ ပြန်ကျုံးထ၏။ အရိုင်း က လှစ်ခနဲ ပြုံး၍ မျက်နှာလွှဲလိုက်တော့ မော်မော်သွင် ဆတ်ဆတ်ခါဖြစ်သွားသည်။ သို့သော် ...

"ဟေ့ .. မင်းတို့ဆွေမျိုးစပ်နေရမယ့်နေရာမဟုတ်ဘူး၊ နောက်ဆုတ်စမ်း ..."

ဦးပေါ်စံ က အခြေအနေကိုသုံးသပ်ကာ အသံဩကြီးနှင့် ဖြတ်အော်ပစ်လိုက်၏။

"ဒီမှာ အသွင်ရိုင်း၊ မင်း သူတို့ကိုဂရုမစိုက်ဘူးဆိုရင် ငါနဲ့ဘယ်လိုပတ်သက်နေတယ်ဆိုတာ စုံစမ်းမနေဘဲ လိုရင်းတိုရှင်းပြောရအောင် .."

"ဘယ်သူက ဆွေမျိုးစပ်တာလဲ၊ ကျွန်တော်က ခင်ဗျားအဲဒီလိုဆွေမျိုးစပ်နိုင်းပြီးတော့များ အားကိုးရှာသလားလို့ .."

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါ၊ ငါ့ရဲ့လောကမှာ မိန်းမနဲ့အရက်က တန်ဖိုးအတူတူပဲ"

"ဒါနဲ့များ ဘာဖြစ်လို့ သူများဓနိုးမယားကိုမှ ကိုယ်ကျင့်တရားအပျက်ခံပြီး ခိုးယူရတာလဲ"

"ငါ သိုက်နဲ့စကားပြောမယ်"





"ခင်ဗျား ဖုန်းခေါ်ပြီးပြီမို့လား"

ဦးပေါ်စံ မျက်နှာက အရိုင်း၏မျက်ဝန်းတွေမှာ မယုံသင်္ကာခြင်း …ားစွာနှင့် ...

"သိုက် နဲ့စငြိကတည်းက ငါတို့ကြားထားတယ်၊ သူ့ရဲ့ပြိုင်ဘက်ဆိုတာ ..."

"ဟုတ်တယ် .. အဲဒါ ကျွန်တော်ပဲ ..."

"အခု သူနဲ့ပူးပေါင်းသွားတာက ဘာလဲ"

"ဘယ်သူပြောတာလဲ၊ သိုက် ကဲ အခု ဆေးရုံပေါ်မှာလား၊ ရေခဲ…ိုက်မှာလား တစ်ခုခုပဲ"

"ဘာ ..."

ဦးပေါ်စံ မျက်နှာမှာ ချောက်ချားခြင်းတွေ ဖုံးဖိမရတော့ပေ။

"သိုက် ..."

"ဟုတ်တယ်၊ အဲဒါ ခင်ဗျားတို့ ဖိအားပေးမှုတွေကြောင့်ပဲ၊ အစက …သနာကို ကျွန်တော်မသိပေမယ့် ရှေ့လက်ဆက် ကိုလိုချင်တာတော့ …များပဲ. ပြဿနာကိုပိုရှုပ်အောင် လုပ်ပစ်လိုက်တာ ..."

"မဆိုင်ဘူး၊ သူကိုယ်တိုင် စပြီး ဖုန်းဆက်တာ၊ ငါ ဘာမှကမ်းလှမ်း…တာမဟုတ်ဘဲ သူဖုန်းဆက်ပြီး လာခေါ်ဖို့ပြောတာ၊ ခေါ်ပြီး ချက်ချင်း …ခံပါတော့တဲ့"

"ငွေကြေးကိစ္စတွေကရော ..."

"အဲဒါတွေ သူ ဘာမှမမှာဘဲ ငါ အားလုံးပြီးစီးကြောင်း လက်မှတ်…ပေးလိုက်တယ်"

"ဒါဆို ဆုံးပြီ"

ဦးပေါ်စံက အံကြိတ်၏။ ပြီးတော့ အရိုင်း ကို စူးစူးဝါးဝါးစိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာ စက္ကန့်များစွာ ကြာလေသည်။

"မင်း သိပ်တော်တယ် အသွင်ရိုင်း .."

"အဟွန်း ..."

အရိုင်း က မှန်းတီးနေသူတွေ အံကြိတ်လို့မဆုံးနိုင်အောင် ဆံပင်သပ်၊ မျက်နှာမော့လျက် နှုတ်ခမ်းတွေစေ့လျက် ပြုံးနေကာ ...

"စောစောကသဘောပေါက်ရင် ဒီလိုစကားတွေအများကြီး ပြောနေရမှာမဟုတ်ဘူး"

"ကိုကြီး ဘာလို့ အရှုံးပေးဖို့စိတ်ကူးတာလဲ၊ ဒီကောင်က ဘာကောင်မို့လို့လဲ"

မော်မော်သွင်သည် ဟိုတုန်းကအတိုင်း ရိုင်းစိုင်းစွာရှိနေဆဲအသံနှင့် လက်သီးတွေဆုပ်ထား၏။

"ဆရာကြီး ... ဒီကောင်နဲ့ကျွန်တော့်ကို ..."

"မင်းတို့ ဒီထက်ရှေ့ကပိုကဲပြီးပြောနေရင် မြန်မာပြည်က ဖရုပ်တစ်ခုခုပေါ်မှာ ကျွန်ရစ်ခဲ့မှာနော်"

ဦးပေါ်စံ က အားလုံးကိုဝေ့ကြည့်ပြီး သတိပေးသလိုပြော၏။ မော်မော်သွင်နဲ့မင်းမော်တို့မျက်နှာတွေကို အထက်စီးဆန်စွာကြည့်၍ အရိုင်း က အပြုံးမပျက်။

သံယောဇဉ်ဆိုတာ ဘယ်တုန်းကရှိလို့လဲ ..။ သွေးသားတွေပဲ ဆိုသည့် အချုပ်အနှောင်တစ်ခုကြောင့် သူ့ပေးဆပ်ခဲ့ရတာတွေ၊ ကျောမှာ ရှာမလား၊ ရင်ဘတ်မှာကြည့်မလား .. သေရာပါဒဏ်ရာတွေ ခုထိ ထင်ကျန်နေဆဲပါ။

သွင်ရတနာခြံကြီးကို သူပြန်ဝယ်လိုက်နိုင်သည့်အချိန်အထိ မင်းမော်တို့ညီအစ်ကို ဘယ်ရောက်လို့ဘယ်ပေါက်မှန်းမသိ၊ မော်မော်သွင် ဘယ်





ဘဝရောက်သွားပြီဆိုတာလည်း မကြားမိခဲ့ပေ။ ကံကြမ္မာက ဘယ်လိုကကြိုးနှင့် ဖန်တီးပစ်လိုက်မှန်းမသိနိုင်ပေမယ့် မော်မော်သွင်သည် ဦးပေါ်စံ၏ စီနီယာတွေထဲမှာဖြစ်နေခဲ့ပြီး အစ်ကိုကြီးဆိုတဲ့ မင်းမော်က လူမိုက်ကြီးလုပ်နေသည်။

လင်းမော်ကိုမတွေ့ပေမယ့် သေပြီလား၊ ရှင်နေသေးသည်လား သိချင်စိတ်လည်း မပြင်းပြမိပါ။ ဘယ်လိုမှမထင်မှတ်သည့်အချိန်၊ မထင်မှတ်ခဲ့သောနေရာမှာ လာ၍ပြန်ဆုံရခြင်းအတွက် အံ့သြခြင်းကလည်း ခဏတဖြုတ်မှာပဲဖြစ်လျက် ...

"ခင်ဗျား ဆုံးဖြတ်ပြီးရင် ရွှေလက်ဆက်ကို လွှတ်လိုက်ပါ"

သူ့ပြန်စတော့ ဦးပေါ်စံ ရုတ်တရက်ခေါင်းမညိတ်နိုင်။ သူ့ရင်ထဲက လိုချင်တပ်မက်ခြင်းတွေ ဘယ်လောက်ပြင်းထန်ခဲ့မှန်း သူ့ကိုယ်သူ အသိဆုံး ..။ ဒါပေမယ့် ...

"ကိုကြီး ..."

မော်မော်သွင်က မျက်နှာကြီးသုန်မှုန်နေသည့် ဦးပေါ်စံကိုခေါ်၍ တောင်းပန်သလိုကြည့်၏။ သူမ မျက်ဝန်းမှာ ဝမ်းနည်းခြင်းနှင့်မသက်ဆိုင်သော မျက်ရည်ရောင်တွေလက်နေ၏။ ဒီမျက်ရည်စတွေက ဝေဒနာကြွက်ခြင်းမဟုတ်၊ ရက်စက်ယုတ်မာလိုခြင်းသာဖြစ်၏။ ဒါကို အရိုင်း က သိလည်နေပေမယ့် တစ်ခွန်းတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်းမပြုပါ။

သူမ သည် ဦးပေါ်စံအနီးသို့ရောက်အောင်သွားကာ ...

"မော် ကိုကြီးကိုလက်ထပ်ခဲ့ပေမယ့် ကိုကြီးထားသလိုနေ၊ ပေးသမျှနဲ့ ကျေနပ်ခဲ့တာပါ၊ ဒီတစ်ခါတော့ မော့်ကို အခွင့်အရေးတစ်ခု ထောက်ပေးပါ ကိုကြီးရယ် .."

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ဘယ်မှာ ဘယ်လိုပဲအပျော်ရှာနေနေ၊ ဒီခြံ ဒီအိမ်ထဲကို ရောက်လာတဲ့အခါ မော့်ရဲ့ခင်ပွန်းပါပဲ၊ ကိုယ့်ရဲ့ခင်ပွန်းက တခြားမိန်းမ တစ်ယောက်ကို ရူးသွပ်စွာတပ်မက်နေတဲ့အဖြစ်ကို ဘယ်မိန်းမမှ မကြည်ဖြူနိုင်ဘူး ကိုကြီး"

ဦးပေါစံ၏ဒေါသအနိုးအငွေ့တွေက မျက်နှာမှာ တလူလူထွက်နေသည့်အတိုင်းဖြစ်လာ၏။ သို့သော် သူကိုယ်တိုင် မော်မော်သွင်၏ လိုရင်းကိုသိချင်နေသဖြင့် ဒီတိုင်းနားစိုက်ထောင်နေခဲ့၏။ မင်းမော် လည်း ဘာဝင်ပြောရမှန်းမသိ။ သူသိနေတာက ဦးပေါစံ၏ ဒေါသလစ်မစ် ကုန်လွန်နေခြင်းပင်။

"အခု ကိုကြီး ဒီမိန်းမကိုခေါ်လာတာ မော် ဘာမှမပြောခဲ့ဘူး၊ မပြောတဲ့အပြင် ဒါမရိုးသားတဲ့အမှုကိစ္စမှန်းသိရက်နဲ့ ဝိုင်းကူခဲ့ပါသေးတယ်"

"ပြော .. မင်းဘာပြောချင်တာလဲ"

"ရွှေလက်ဆက် ဆိုတဲ့ မိန်းမရှုပ်က မော့်ရဲ့အမုန်းဆုံးရန်သူ .."

"တိတ်စမ်း ..."

တားမြစ်ချက်နှင့်ရိုက်ချက်က တစ်ပြိုင်တည်း ..။ မော်မော်သွင် ခွေခနဲ ပုံကျသွားကာ မင်းမော် ခြေမကိုင်မိလက်မကိုင်မိဖြစ်လျက် ..

"သ .. သူဌေး ..."

"ဘာလဲ .. မင်းမော်၊ မင်းညီမကိုခေါ်သွား ..၊ မဟုတ်ရင် ငါ ရိုက်သတ်မိမှာနော်"

မင်းမော်မျက်နှာကြီး နီမြန်းလျက် ငေးခနဲ ပြန်ကြည့်တော့ ဦးပေါစံ လက်သီးက ရိပ်ခနဲ ..။

"ခွပ် .."

"အို .. ကိုကြီး"





ကိုယ့်ပြဿနာနဲ့ကိုယ် စိတ်ညစ်နေရသည့်ထဲမှာ နောက်ထပ်စိတ် မသက်သာစရာတွေ မြင်နေရသဖြင့် အရိုင်း ဈွတ်ခနဲ စုတ်သပ်၍ မျက်နှာ လွှဲဝစ်၏။ ပြီးတော့ စိတ်မရှည်တော့သလို နာရီငုံ့ကြည့်လိုက်တာကို ဦးပေါစံက သတိထားမိကာ ...

"တောက် ..."

မကျေမချမ်းတက်ခေါက်ပြီး ခါးနှစ်ဖက်ပါထောက်၏။ ဒေါသမှာ တပည့်လက်သားတွေ ဝိုင်းဝိုင်းလည်နေလျက်ရှိသော်ငြား သူ့မှာ လက် ကျိုးခြေကျိုးကဲ့သို့ ဘာမှမတဲ့ပြန်၊ မလှုပ်ရှားနိုင်သည့်အဖြစ်နှင့် တစ် ယောက်တည်းသောရန်သူရှေ့မှာ ဒီအတိုင်း ...။

"တစ်စက်မှ အလိုက်ကန်းဆိုးမသိကြဘူး၊ မင်းတို့က ဘာတွေမို့လို့ ငါ့အလုပ်၊ ငါ့ကိစ္စမှာ ဝင်စွက်ချင်တာလဲ၊ မင်းကိုငါ ထောင်ထဲကထုတ် လာခဲ့တာ မင်းညီမကို မင်းတို့ရဲ့လက်ရှိအခြေအနေနဲ့ မမျှော်မှန်း၊ မတောင့် တရဲတဲ့ဘဝမျိုးနဲ့ ငါထားပေးတယ်၊ အဲဒါ ဘာလဲ .. ငါက ကျေးဇူးပြန် တင်နေရဦးမှာလား .. ထွီ .."

ဦးပေါစံ တံတွေးကို ထွီခနဲထွေးပစ်လိုက်ပြီး အရိုင်း ကို တစ်ခုခုပြော တော့မလို လှည့်ကြည့်၏။ ပြီးတော့ မပြောဖြစ်ဘဲ တစ်ယောက်ကို တစ် ယောက် တွဲထူနေကြသည့် မင်းမော်တို့မောင်နှမဘက်ကို ပြန်လှည့်၍..

"သွား .. မင်းတို့မောင်နှမ ငါ ဒီကမထွက်မချင်း ငါ့ရှေ့ကို မလာ ကြနဲ့ လုံးဝမမြင်ချင်ဘူး"

ဦးပေါစံက တစ်ချက်လွှတ်အမိန့်နှင့် စိုက်ကြည့်နေသဖြင့် ရှက်ရွံ့ နာကြည်းသောမျက်နှာများနှင့် ခြေလှမ်းပြင်ကြရှာ၏။ သြော် .. ဘဝ တွေက ဒီလိုပါလား ..။

တကယ်တော့ လောက၏ပြောင်းလဲတတ်သော သဘာဝတရား



www.burmeseclassic.com

www.burmeseclassic.com



ကို လက်မခံနိုင်သည့်မာန်မာနများကြောင့်ပဲဖြစ်လေသည်။

"အသွင်ရိုင်း .. မင်းနိုင်ပါတယ်၊ ငါက အသက်ကြီးမှ အချစ်ကြောင်ကြောင်သွားတဲ့လူကြီးဖြစ်ခဲ့တယ်၊ အဲဒီတော့ ဒီပြဿနာကို ဒီမှာပဲပြီးချင်တယ်၊ မင်းဖြစ်မလား"

ဦးပေါ်စံ အသံတွေတုန်ကာ စူးရဲသည့်မျက်ဝန်းတွေက ဝန်မချချင်ဘဲချခဲ့ရသော မာနရိပ်တွေထင်နေဆဲ ..။ အရိုင်း က တည်ငြိမ်သည့်မျက်ဝန်းများနှင့် ပြန်၍စိုက်ကြည့်ကာ ..

"အဲဒါ မသေချာဘူး၊ မျက်တောင်တစ်ဖျား .. အဲ .. မျက်စိတစ်ဆုံးမှာ ဘာဖြစ်လာတယ်ဆိုတာ ဘယ်သူမှကြိုမသိတော့ ကျွန်တော်က ပြေးလုတဲ့သူကို မမီမီအောင်လိုက်ခဲ့ရတဲ့သူလေ၊ နည်းမျိုးစုံ လမ်းကြောင်းမျိုးစုံနဲ့ဆိုတော့ ..."

"အသွင်ရိုင်း ..."

ခုကျမှ ဘယ်ဘက်မှာမှ ပြေးပေါက်မရှိတော့သည့်သူ့အဖြစ်ကို နားလည်ရမှန်းသိကာ ဦးပေါ်စံ စိတ်လှုပ်ရှားသည့်အသံနှင့် ...

"ငါက ရုပ်ရှင်ဆန်ဆန် ရန်းကန်လှုပ်ရှားဖို့တွေ စိတ်မဝင်စားလို့ပါ ငါဆက်လှုပ်ရှားမယ်ဆိုရင် မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် တစ်ယောက်ယောက်ကျရှုံးမယ်"

"ကျွန်တော်က မရှုံးပါဘူး"

"ထားလိုက်ပါ၊ ငါကိုယ်ငါတော့ ညံ့တယ်လို့ဝန်မခံနိုင်ပေမယ့် မင်းဘာတော်နေတာကို လက်ခံတယ်၊ ဘာပဲဖြစ်ဖြစ် ငါ ဆက်လက် ရပ်တည်သွားရမယ့်အနာဂတ်မှာ တင့်တယ်ရှင်သန်ဖို့အတွက် ငါအလိုချင်ဆုံးဆန္ဒတစ်ခုကို ဆုံးရှုံးခံရမယ်၊ ငါခြေလှမ်းမှားသွားတယ်ပဲထားပြီး မင်းနည်းနည်းလှုပ်ရှားလိုက်ပါလို့ ငါတောင်းဆိုချင်တယ်"





"တောင်းပန်ရမယ့်ကိစ္စကို တောင်းပန်ပါတယ်လို့ မပြောနိုင်သေးဘူးလား ဦးပေါ်စံ၊ ကျွန်တော်က ဒီပြဿနာကို ဒီနေရာမှာ ဖုံးဖိဖျောက်ဖျက်ပေးဖို့ တတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်ဘူးဖြစ်စေ ဒါမှမဟုတ် တတ်နိုင်လျက်သားနဲ့ ခေါင်းခါမှာပဲဖြစ်ဖြစ်၊ ခင်ဗျားဘက်မှာ ဘာအခွင့်အရေးမှမရှိဘူးနော်၊ ရွှေလက်ဆက်ကို ခင်ဗျားထားခဲ့ရမှာပဲ၊ ပြီးတော့ ခင်ဗျားလုပ်ရပ် ဘယ်လိုပြစ်မှုမြောက်သွားတယ်ဆိုတာ ..."

"ငါတောင်းပန်ပါတယ်၊ မင်းကျေနပ်ပါ၊ သိုက် ကသဘောတူတဲ့ကိစ္စဖြစ်တော့ ပြဿနာကို ဒီလောက်ကြီးကြီးဖြစ်သွားမယ်လို့ မထင်ခဲ့မိတာ .."

"ကိုယ့်ကိုယ်ကိုအထင်ကြီးလွန်းတာဆိုတော့ ခင်ဗျားလိုလူ ..."

"ငါ့ကိုချည်းမပြောနဲ့ အသွင်ရိုင်း၊ မင်းလဲ နာမည်တစ်လုံးနဲ့လူပါ၊ ဒီလိုအဖြစ်အပျက်တွေထဲကနေပြန်ပြီး ခွဲထုတ်သွားတဲ့မိန်းကလေးကို ..."

"အဲဒါ ခင်ဗျားကိစ္စမဟုတ်ဘူး"

"မှုမှုတတတွေးပါ၊ မီးပွင့်ပြီဆိုရင် မာကျောတဲ့အရာဝတ္ထုနှစ်ခုထိခတ်မိလို့ဖြစ်တာ၊ ဘာကြောင့်လဲဆိုတာအဖြေရှာလာရင် ငါတစ်ယောက်တည်း လူတွေပါးစပ်ထဲရောက်မှာမဟုတ်ဘူး။ သိုက် က ရှောရှောရှူရှူပေးလို့ ငါယူတာပါလို့ ဝန်ခံပြီးပြီပဲ"

ပြောနေတုန်းမှာ ဖုန်းသံဝင်လာတော့ ဘယ်သူ့ဆီကလဲဆိုသည့်နားစွင့်ခြင်းတွေကြောင့် ပတ်ဝန်းကျင်မှာ တိခနဲ တိတ်ကျသွား၏။ အရိုင်းက ဖုန်းထုတ်လိုက်ပြီး ...

"ပြော .. ဖိုးကွန်း .."

"သိုက် ဆုံးသွားပြီ"

သတင်းဆိုးပေမယ့် သူ မအံ့ဩပြီပါ။ သိုက် ကိုပြန်ချထားခဲ့ကတည်း

www.burmeseclassic.com



က သွားပြီဆိုတာ သူတွက်မိခဲ့သည်။ မိုးရေစိုစို၊ လေတိုက်ကြီးထဲမှာ အရက်တွေအလွန်အကျွံသောက်ထားသည့်သူ၊ ဒီလိုရှော့ခ်ရပြီး ဆုံးသွား ကြတာတွေ ကြားဖူးနားဝမရှိဘူးလား ..။

ပိုဆိုးသည်က နောက်ဆုံးအချိန်မှာ သိုက် ရင်ထဲမှာ ဘာတွေ ကပြောင်းကပြန်ဖြစ်ပေါ် ခံစားသွားရသည်ကို ဘယ်သူမှမသိပေမယ့် သူ သိသည်။

ကိုယ်တိုင်ကိုကသေချင်နေတဲ့သူဟာ သေဖို့အဖြစ်ထဲကိုပဲ မကြောင်း မရှု တိုးဝင်မှာဖြစ်၏။ ရွှေလက်ဆက်ကို ပြန်လိုက်ခေါ် ပါဟု သူ့ကို လှမ်း ပြောလာသည့် မေတ္တာစိတ်၏ထုထည်ပမာဏကရော နည်းလို့လား

ဒါပေမယ့် မစာမနာပြောရမည်ဆိုလျှင် 'စောစောကတည်းက သင့်တာ' လို့ ကျူးအော်ပစ်ချင်သည်။ ကိုယ့်ဒေါသနဲ့ကိုယ်၊ မာနတွေ ပိုးပြီး မိန်းကလေးတစ်ယောက်ရဲ့ဘဝကို နှမသားချင်းမစာနာစွာ ရွေး ကျီးစာကျွေးသလို သေလုမြောပါးမကြိုးစားခဲ့လျှင်၊ ကြိုးစားပေမယ့် မအောင်မြင်ခဲ့ဘူးဆိုလျှင် ရွှေလက်ဆက် ဘယ်ဘဝရောက်သွားပြီလဲ

"ဘာလဲ အသွင်ရိုင်း ..၊ မင်းလူတွေလား၊ ငါဘာလုပ်ရမှာလဲ၊ ကြိုက်တာပြောပါ၊ မင်းလိုလူ စည်းစိမ်ချမ်းသာထပ်မလိုတော့ပေမယ့် ငါ ဒါပဲပြောစရာရှိတော့တယ်၊ မင်းဘာလိုချင်လဲ"

သူ ဖုန်းကိုင်ပြီးတိတ်နေတာကိုကြည့်၍ ဦးပေါစံ ပျာယာ လာ၏။ အစကတော့ မာနကြီးတစ်ခွဲသားနှင့် ဦးပေါစံ ..။

အကြောင်းကြောင်းကိုထောက်ချင့်ပြီး သူဆုံးဖြတ်လိုက်သည်။ ရွှေလက်ဆက် အတွက်ပါ ..။





## အခန်း (၇၃)

လက်ိုနှစ်မစားသေးပေမယ့် ရက်ကို လစားသွားခဲ့သည့်အချိန် တွေကို ဖြတ်သန်းခဲ့ရတာပဲ မချိမဆန့် သေလုမြောပါးပင်။

လူတွေအားလုံး လေယာဉ်ဆီထွက်ခွာမည့်ကားဆီကိုသွားနေကြ ပြီဖြစ်ကာ ဦးဆက်သူ ကတော့ ရေသန့်ဘူးဝယ်ရင်း ပိုက်ဆံပြန်အမ်း တာစောင့်နေသဖြင့် ခေါ်ခိုင်လွှာရွှေနှင့်သမီးနောက်ကို မလိုက်နိုင်သေး ပေ။ ထိုစဉ် ...

"အန်ကယ်လ် ..."

"ဟင် ..."

အရိုင်း ဆိုသည့်ရေရွတ်လိုက်သံက လည်ချောင်းမှာပဲကျန်ရစ်ခဲ့ သည်မို့ ဘယ်သူမှမကြားနိုင်။ အရိုင်း က ခေါ်ခိုင်လွှာရွှေကိုထွေး၍ ထွက် သွားနေသော ဆက် ၏ကျောပြင်လေးကို လှမ်းကြည့်လိုက်ပြီး ...

"ကျွန်တော့်ကို ဆက် နဲ့အတူ ကလောကိုလိုက်ခွင့်ပြုပါ"

www.burmeseclassic.com



"ဟင် .. အဲဒါက ..."

"အန်ကယ်လဲပဲ ဆုံးဖြတ်ပေးပါ၊ သူဆုံးဖြတ်တဲ့အတိုင်း တစ်ခါ အတည်ဖြစ်ခဲ့ပြီးပြီ၊ ကျွန်တော် နောက်ထပ်ဘယ်လောက်အထိ နောက်ဆုတ်နေရဦးမှာလဲ၊ အန်ကယ်လ် စဉ်းစားပေးပါဦး"

ရိုးတိုးရှတသွားနေကြသည့် လူတွေနောက်ကို တုံ့နှေးစွာလှမ်းနေရင်း ဦးဆက်သူ သတိထားမိသည်က သူ စဉ်းစားမပေးသေးပေမယ့်လည်း အရိုင်း ဆိုသည့်လူငယ်က ပန်းမှာ အိတ်လေးတစ်လုံးနှင့် လေယာဉ်ကွင်းထဲကို ပါလာပြီဖြစ်၏။

ကိုယ့်ဘာသာဆုံးဖြတ်ပြီး လိုက်လာပြီးမှ ...

"ကျွန်တော်တို့သံယောဇဉ်ကို အန်ကယ်တို့ သိနေလောက်ပါပြီ၊ သူ ကျွန်တော့်ကိုမုန်းလို့ ငြင်းနေတာမဟုတ်ဘူး၊ အကြောင်းကြောင်း တွေ ခုလောက်ဆို တော်သင့်ပြီထင်ပါတယ်"

"နေဦး မောင်ရင်၊ ဒါတွေက ကာယကံရှင်ဆုံးဖြတ်မှ သဘာဝကျမှာ၊ အခု မင်းလဲ ဒီဖလိုက်နဲ့လိုက်မယ့်ခရီးသည်မို့လား၊ ဒီခရီး အတွက် ခွင့်တောင်းဖို့မလိုပါဘူး၊ ဟိုရောက်တော့ သမီးနဲ့မင်းတို့ ဆွေးနွေးကြလေ"

ကားဆီကို အတူသွားနေကြခဲ့ကြရင်း အရိုင်း ကခေါင်းညိတ်တာရော၊ ခေါင်းခါတာရော စုံကာ ...

"မှန်ပေမယ့်မဟုတ်ဘူး အန်ကယ်လ်၊ အခု လေယာဉ်ပေါ်မှာ ကျွန်တော် သူ့ကို ခွင့်တောင်းမှာ၊ ကလေးရောက်ရင် လက်ထပ်ချင် တယ်၊ အဲဒါတွေကို အန်ကယ်ခွင့်ပြုမှ အန်တီခွင့်ပြုမှာ၊ အဲဒါကြောင့် ခုဆုံးဖြတ်ဖို့ အရေးကြီးပါတယ်၊ ကျွန်တော့်ကို ဆက် နဲ့အတူ လိုက်ခွင့် ပြုပါ"

ဦးဆက်သူ အလွယ်တကူ ခေါင်းညိတ်လေသည်။ ဒီလူငယ်လေး





ဟာ သမီးရဲ့ဘဝကို ကယ်တင်ခဲ့တာ နှစ်ကြိမ်ရှိပြီဖြစ်၏။ နှစ်ကြိမ်စလုံးဟာ လမ်းပေါ်မှာ လမ်းသရဲနှောင့်ယှက်လို့ ဟီးရိုးဝင်လုပ်ပေးခဲ့တာမျိုးမဟုတ်ဘဲ ကြောက်ခမန်းလိလိ သွေးပျက်ဖွယ်များထဲမှ အသက်စွန့်ကိုယ်ကျိုးအပျက်ခံခဲ့တာမျိုးတွေဖြစ်သည်။

ထို့ပြင် ဤသူကို သမီး ဘယ်လောက်သံယောဇဉ်ကြီးခဲ့တာလဲ၊ တစ်ဘဝလုံးကိုယ်ကျိုးနည်းခဲ့တဲ့အထိ မဟုတ်ဘူးလား ..။ သူ့အတွက် ဒီတိုင်းသာဆို တစ်ပင်လဲလို့တစ်ပင်ထူတာ မသင့်တော်တာမရှိဟု လမ်းဖွင့်ပေးပြီးသားပင်။

ဒါပေမယ့် ဓနီးသည်က သဘောမတူ၊ သမီးက တွင်တွင်ငြင်း၏။

"မုန်းနေတဲ့သူနဲ့ ပေါင်းနေရတုန်းက ချစ်တဲ့သူဆီကို ပြေးသွားချင်ခဲ့တာ အမှန်ပဲ ဖေဖေ၊ လှောင်အိမ်ထဲကငှက်လို ထွက်ပေါက်တွေ့တာနဲ့ ပြေးမှာပဲလို့ အမြဲတမ်းဆုံးဖြတ်ပြီးသားဖြစ်နေခဲ့တာ၊ ဒါပေမယ့် တကယ်တမ်းကျတော့ မိန်းမတစ်ယောက်အတွက် ဆုံးဖြတ်ခွင့်မရှိတာတွေအများကြီးပဲ၊ ဆက် လက်မခံနိုင်ဆုံးက သူ့ရဲ့အောင်မြင်ကျော်ကြားနေတဲ့အရှိန်အဝါတွေ ဆက် ကြောင့်မထိခိုက်စေချင်တာ" တဲ့ ..။

မအေဖြစ်တဲ့သူကျတော့ ဒီလိုနည်းနဲ့ တွေးတောဆင်ခြင်တာမဟုတ်။

"သူတို့နှစ်ယောက်စလုံးက နည်းတဲ့အရှိန်အဝါတွေမဟုတ်ဘူး၊ အလိုလိုကမှ ဟိုတစ်ယောက်သေသွားတာကို လူတွေက ဘာလိုလို ပြောခဲ့သေးတယ်၊ ယောကျ်ားလေးနှစ်ယောက်ကြားမှာ ကိုယ့်သမီး ဘယ်လိုပုံစံဖြစ်သွားမလဲဆိုတာ ပြန်တွေးကြည့်ပါဦး၊ လက်ထပ်ဖို့က လုံးဝမဖြစ်နိုင်ဘူး" တဲ့ ..။

ထိုစဉ်ကတည်းက သူ့သဘောက ဤလူငယ်ဘက်မှာမို့ ..။ သူ သက်ပြင်းချလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားချင်းလဲဖြစ်တော့ အန်ကယ်လ်က မင်းကိုနားလည်ပါတယ်၊ အေးလေ .. ကြိုးစားကြည့်ပေါ့၊ သူ့အမေဘက်ကို အန်ကယ်လ် ထိန်းထားပေးမယ်"

အရိုင်း မျက်နှာ ကြည်လင်သွားသည်။ ကားပေါ်ကိုတက်လိုက်တဲ့အထိ နောက်ကိုတစ်ချက်မှလှည့်မကြည့်တဲ့ ဆက် က သူပါလာတာကိုမသိ။ လေယာဉ်ပေါ်ရောက်မှ ...

"ဖေဖေ အဲဒီမှာထိုင်လေ၊ မေမေနဲ့ဆက် ဒီမှာအတူထိုင်မလို့ .."

"ဖေဖေက သမီးမေမေကို စိတ်မချလို့ ..."

ဦးဆက်သူက ဆက် ကိုဂရုမစိုက်ဘဲ ဇနီးဖြစ်သူကို ဟိုဘက်နှစ်ယောက်တွဲခုံမှာ သူနဲ့အတူ ထိုင်စေလိုက်၏။ ဆက် အံ့သြသလိုလေးဖြစ်လျက် ဒီဘက်မှာ သူမ တစ်ယောက်ပဲကျန်တော့သည်ဆိုလျှင် မေမေ့ကိုဦးစားပေးစနစ်ဖြင့် ပြတင်းမှန်ဘက်မှာ နေရာချန်ထားတာ မလိုတော့ဟု သတ်မှတ်လိုက်၏။

ထို့ကြောင့် နောက်လူဝင်မထိုင်ခင် ဟိုဘက်ကို ဖျတ်ခနဲ ရွှေ့ထိုင်လိုက်သည်။ စိတ်ထဲမှာတော့ လေယာဉ်ပေါ်ကျမှ ဖေဖေ ထူးထူးဆန်းဆန်းလုပ်သွားတာကို တွေးနေတုန်းဖြစ်၏။

မေမေ့ကျန်းမာရေးသိပ်မကောင်းပေမယ့် မေမေ့နားမှာ ဆက်ပြန်ရောက်ပြီဆိုကတည်းက ဖေဖေ ဘာမှပြန်ကြည့်ဖို့မလိုခဲ့တာ ..။ ဒီလောက်ထိလည်း ဖေဖေကိုယ်တိုင် သည်းသည်းလှုပ်မှုပန်ခဲ့တာ မရှိပေ။ ခုကျမှ ...။

"အို .. ဘယ်လိုဖြစ်တာလဲ"

စိတ်ကူးတွေပျက်လောက်အောင် ဘေးမှာ အိခနဲ ပွတ်ကပ်ထိုင်ပစ်လိုက်သဖြင့် ရန်တွေ့သံတော့ပါသွားပြီထင်သည်။ ဘာပါပါ မတတ်





နိုင်။ ဆက် က သူ့တင်ပါးအောက်မှာ ဖိမိသွားသည့်လက်ကို ပြန်ဆောင့်ဆွဲသည်။ ပြီးတော့ စိတ်ဆိုးမှန်းသိသာအောင် ပွတ်သပ်ခါပစ်လိုက်ပြီး ဟိုဘက်ကို ပခုံးကျုံ့သွားတဲ့အထိ ကပ်ပစ်၏။ စိတ်ထဲမှာ လူလတ်ပိုင်း ယောကျ်ားတစ်ယောက်ဆိုတာကို မီးခိုးရောင်ဘောင်းဘီရှည်၊ ကုတ်အင်္ကျီမီးခိုးရောင်ရှည်၏ အောက်ဖျားစနှင့် ရေမွှေးနံ့ကြောင့် အပေါ်ယံ သတ်မှတ်လိုက်ခြင်းဖြစ်သည်။

မျက်နှာကိုလည်း မော့မကြည့်၊ မော့ကြည့်ဖို့လည်း စိတ်မဝင်စား။ ဒါပေမယ့် လေယာဉ်ပြေးလမ်းမှာ စတင်ရွေ့လျားသည်နှင့် လက်ပိုက်လေးမှီနေလျက် မှန်ဘက်ကို မျက်နှာလွှဲထားသည့် သူမ၏လည်တိုင်နားမှာ နွေးခနဲ လေငွေ့လေးတစ်ချက် လာဆော့သွား၏။ ကြည့်စမ်း ..။

"ဟင် ..."

ဒေါသက လူကို ဝုန်းခနဲထခုန်မိမတတ်ဖြစ်သွားပေမယ့် ဆက်ရဲ့လက်မောင်းလေးတစ်ဖက်ကို ကျုံးထလို့မရအောင် သူက ဖိဆွဲထားလိုက်ပြီး ...

"ရွှေလက်ဆက် ..."

"အရိုင်း ..."

မျှော်လင့်မထားသူမို့ ဆက် ကြောင်ငေးငေးလေးဖြစ်သွားခဲ့၏။ အရိုင်း က ဆက် ကိုယ်လေး ဟိုဘက်ယိမ်းသွားတဲ့အထိ ဖိကပ်ထိုးကာ..

"အန်ကယ်လ်ဆီမှာ ကိုယ် ခွင့်တောင်းပြီးပြီ .."

"..............."

"လက်ထပ်မယ်နော်"

"အရိုင်း .. ဟို ..."

"မဖြစ်တာတွေ အားလုံးပြီးသွားပြီ၊ ကလောရောက်တာနဲ့ လက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်မယ်၊ ကိုယ်ပြုပြင်ထားတဲ့ သွင်ရတနာ မှာ အကြီးအကျယ်မင်္ဂလာဆောင်မယ်၊ ဘာတွေပါးစပ်ပြင်နေတာလဲ၊ မဖြစ်နိုင်တာတွေ ထားခဲ့လိုက်တော့ကွာ၊ ကိုယ်ထပ်မစောင့်နိုင်တော့ဘူး”

ဆက် ဘာမှမပြောနိုင်ခင် သူက သူ့ကိုယ်ကြီးနဲ့ကွယ်ကာ အံ့ဩမပြေနိုင်ဘဲ နှုတ်ဆိတ်နေဆဲရှိသည့် နှုတ်ခမ်းလွှာလေးတွေကို ဖျတ်ခနဲ နမ်းပစ်လိုက်၏။

“မဖြစ်နိုင်သေးဘူးလို့ထပ်ပြောရင် ဒီလေယာဉ်ကို စီးလုံးမှားပြီး နိုးပြေးသွားတော့မယ်၊ တစ်ခါတည်းဆုံးဖြတ်ခဲ့တာ ..”

ဆက် သူ့ကိုကျော်၍ ဖေဖေတို့ကိုလှမ်းကြည့်တော့ သူက မျက်နှာကြီးတယမ်းယမ်းနှင့် ရှေ့ကလိုက်ကွယ်နေလျက် ...

“သဘောတူတယ်၊ Let's go! တဲ့ ..”





အခန်း (၇၄)

“ဒါဆို အစော သွားမယ်နော်၊ ရွှေ တို့ကို Hill Top ကို သမီးတို့ လင်မယား လိုက်ပို့မယ့်အကြောင်းကို ပြောလိုက်မယ်”

“ဟုတ် ... အစော ..”

ဒေါ်စောသဂီက လှည့်ထွက်သွားပြီးမှ ဘာကိုမြင်သွားမှန်းမသိဘဲ ပြန်လှည့်လာကာ ...

“ဒီလောက်ကြီးတဲ့ ကိုနှုရာချောင်းခြားပန်းချိကားမျိုး အန်တီ တစ်ခါမှမတွေ့ဖူးဘူး၊ မျက်နှာကြက်တစ်ဝက်တောင်ကျော်သေးတယ်၊ လက်ရာအလဲမြောက်တော့ တော်တော်ကုန်မှာပဲ”

သူ့ကိုတည့်တည့်ကြည့်ကာ မေးလိုက်တာမို့ အရှိန်းက ပန်းချီကားကိုကြည့်ပြီး ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com



ပြီးတော့ ဆက် ကိုပြုံးကြည့်ကာ ..

"သူကြိုက်တယ်ဆိုလို့ပါ။ တန်ဖိုးကြီးပေမယ့် တန်ပါတယ်"

"ဘယ်လောက်တောင်လဲ"

"နှစ်ရာသုံးဆယ် .."

"မြတ်စွာဘုရား ..."

ဒေါ်စောသီဂီ မျက်လုံးပြူးခြင်း၊ ရင်ဘတ်ဖိခြင်းနှင့်မပြီးဘဲ တံတွေး မျိုချလိုက်ကာ မျက်တောင်တွေပါ တဖျပ်ဖျပ်ခါ၏။ ဆက် ကိုယ်တိုင် ခုမှ ဈေးသိရပုံပေါ်ကာ ...

"နှစ်ရာသုံးဆယ်တောင် ..."

"ဘာဖြစ်လို့လဲ၊ မင်းစိတ်ချမ်းသာဖို့က အဓိကမဟုတ်ဘူးလား"

ပြောပြီး ယှဉ်တွဲထိုင်နေရာကနေ ဆက် ရဲ့လက်ဖဝါးလေးကို ဆွဲယူလိုက်၏။

"ဒါပေမယ့် အရိုင်း ရယ် ..."

"တော်ပြီ၊ ငါ့ဘဝမှာ အဓိကအရေးကြီးဆုံးဆိုတာ အမြတ်တမ်း တစ်ခုပဲထားတယ်၊ အဲဒီတစ်ခုကလွဲပြီး ကိုယ့်အတွက်အရေးမပါတာအားလုံး ဖွဲဆန်ကွဲပဲ"

"သြော် ..."

ဒေါ်စောသီဂီ 'သြော်' သံရှည်နှင့် မျက်နှာလွှဲသွား၏။

ပြောချင်တာတွေရှိသေးပေမယ့် ယောက်ျားဖြစ်တဲ့သူက သူ့မိန်းမ မျက်နှာကို ရီဝေရွှန်းလဲ့စွာငေးကြည့်နေတော့ ဆက်ရှိနေလို့မှမဖြစ်တော့ တာ ..။

"သြော် ... ဟို .. မနက်က ကားကြီးတစ်စီးနဲ့အပြည့် သယ်လာတဲ့ ရှိုးကေ့စ်တွေ၊ ဧည့်ခန်းဆက်တီကြီးတွေက ..."





"ဟုတ်ကဲ့ .."

"အန်တီ လှမ်းမြင်လိုက်တယ်"

တံခါးဝရောက်မှ ပြန်လှည့်လာကာ ...

"အလတ်ကြီးတွေပဲရှိသေးတာ၊ အိမ်ကြီးလဲ အကျယ်ကြီးပဲကို၊ ဘာလို့ရောင်းပစ်လိုက်တာလဲ၊ အဲဟောင်းဈေးဆိုတာက ဆယ်ရာခိုင် နှုန်းလောက်ပဲရတာ၊ အရမ်းရှုံးတယ်၊ အပေါ်ထပ်မှာပဲဖြစ်ဖြစ် တင်ထား လိုက်ရင်ပြီးတာပဲ"

"အဲဒါတွေက ဘာဘလက်ထက်ကတည်းက ဖျောင်ထိုးထားတာ တွေပါ၊ သိပ်မဟောင်းတာလဲ အဲဒါကြောင့်ပဲ"

ရှင်းပြရင်း အရိုင်း က ဆက် ကိုကြည့်၍ မြတ်နိုးသည့်အပြုံးနှင့် နှုတ်ခမ်းတစ်ချက်တွန့်သွား၏။

လူငယ်တွေပီပီ ချစ်စခင်စလည်းဖြစ်တော့ နေလိုင်ပုံတွေမှာ လူကြီး တွေအတွက် အမြင်မတော်တာမျိုးတွေ ရှိနေတာပင်။ ဒါပေမယ့် ဒေါ်စော သီဂီ မျက်နှာပုပုနဲ့ပဲ စပ်စပ်စုစုတွေ မေးနေမိသည်။

အားလုံးသင့်မြတ်ပြေလည်သွားကြတာနှင့် ချက်ချင်းလက်ထပ် ပါရစေဆိုလို့ ပေးစားခဲ့ကြတာဖြစ်၏။ မင်္ဂလာကိစ္စတွေ၊ နေရေးထိုင်ရေး တွေ ပြောဆိုစီစဉ်ရင်း တစ်ခါမှ စကားလက်ဆုံမကျခဲ့ဖူးပေ။ စိတ်ထဲမှာ သိတာက ဟိုဘက်ခြံ ဒီဘက်ခြံကို ဟိုတုန်းကတည်းက အတူကပ်လျက် နေလာကြတဲ့ အကြောင်းသိ စိတ်သိချင်း။ တကယ်တမ်းကျတော့ ဒီ ကောင်လေးအကြောင်း သူမတို့ ဘာမှမသိကြသေးပါ။ ရွှေ ကိုယ်တိုင် ဒီနေ့အထိ သိချင်တာတွေများနေတုန်း။

"ကိုယ်က ကျလူ၊ သူတို့က တက်လူတွေလေ၊ လူပ်တိုင်းရွှေဖြစ် နေတော့လဲ တော်ရုံကိုသွားပြောရင် မိကျောင်းမင်း ရေခင်းပြသလို ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲစိုးတယ်၊ တိုကောင်လေးတုန်းက ရိုင်းလဲရိုင်းလွန်းတော့ ရွှေ က မလို လားခဲ့တဲ့သူလေ၊ အဲဒီအရှိန်နဲ့ ဒီကောင်လေးကိုလဲ ကိုယ့်သမက်ရယ်လို့ သိပ်စကားဟဟမပြောချင်ဘူးဖြစ်နေတယ်၊ မမစောပဲ မကြာခဏ သွား ကြည့်ပေးစမ်းပါ၊ ဘာလိုသလဲ၊ ဘာတွေဖြစ်နေလဲ အကဲခတ်ဆုံးမခဲ့ပေါ့၊ ရွှေ လဲ ကိုယ့်သမီးကို တော်တော်မြတ်နိုးပုံပေါက်နေတာ သိသာနေလို့ စကားပြောမိလိုက်တာနဲ့ တစ်ခါတည်း ပေးစားပစ်လိုက်တာ၊ ဘယ်လို ကောင်စားလေးဆိုတာ သိပ် ဂုဃနဏ သိတာမဟုတ်ဘူး"

လို့ ပြောနေသေးသည်။ ထို့ကြောင့် သူမ မျက်နှာပူပူနဲ့ပဲ ဟိုမေး ဒီမေးမေးနေရတာပါ။ ကိုယ့်ကိုယ်ကိုဖြေတွေးရင်း အရိုင်း ဆက်ပြော လာမှာကို နားစိုက်ထောင်နေမိ၏။

ဒါပေမယ့် သူမ သိချင်နေတာကို ဆက် က ဝင်ထောက်ပေးသလို မေးလိုက်သဖြင့် ...

"ဟုတ်သားပဲ၊ နင့်ကိုငါ ထားလိုက်ပါလို့ ပြောသားနဲ့ .."

"ပြောပေမယ့် မထားချင်လို့ပါပေါ့ ဆက် ရာ၊ ဟိုတုန်းကအတိုင်း ရှိချင်တာက မင်းနဲ့ငါ့ရဲ့ရင်ထဲက ဓမ္မတာကွန်ရက်တွေ၊ ကျန်တာ ဘာ အဟောင်းအနွမ်းမှ တစိုးတစိလေးတောင် မမြင်ချင်ဘူး၊ အထူးသဖြင့် မင်းပြန်လှန်တွေးပြီး ဆွေးမြေ့ခံစားနေမှာကိုပဲ .."

ပြောသည့်စကားမပြီးသေးဘဲ ဒီတိုင်းရပ်နေသည့် ဒေါ်စောသိင်္ဂီ ကိုမော့ကြည့်ကာ ...

"ကျွန်တော် ဒီခြံကြီးကို ရအောင်ပြန်ဝယ်ခဲ့ရတဲ့ ခံစားချက်ရယ်၊ ကျွန်တော်တို့ စတင်ဆုံစည်းခဲ့တဲ့ ခြံမြေမို့လို့ အစွဲအလမ်းဖြစ်ခဲ့တာရယ်၊ အခု လက်ထပ်ပြီး ဒီမှာလာနေဖြစ်တဲ့အထိပေါ့၊ အားလုံးက ရှိခဲ့တဲ့ ကျွန်တော့်ခံစားချက်သပ်သပ်ဖော်ပါ။ အဲဒါတွေကို ဆက် နဲ့ ဘာမှမသက်





ဆိုင်စေချင်တဲ့ ဆုံးဖြတ်ချက်က သီးခြား။ ဒါကြောင့် ကျွန်တော့်ရဲ့အတိတ် ကို ကျွန်တော် မစွန့်နိုင်သေးတာအားလုံး ဆက် နဲ့လက်ထပ်ပြီးတဲ့နေ့က စပြီး သူ ပြောပြော မပြောပြော သူမျက်လုံးတွေ ရီဝေဝေးမောသွားတဲ့ အထိတောင် မခံစားစေရဘူးဆိုတဲ့ ဆုံးဖြတ်ချက်တွေခိုင်မာခဲ့တာ .."

ကိုယ့်တူမကိုချစ်မြတ်နိုးတာတွေ သိကုံးနေတော့ သဘောတော့ ကျမိပါရဲ့၊ နားထဲမှာလည်း ခပ်ရှက်ရှက်ရယ်ပါ။ ကိုယ် စပ်စုမိလို့များ ရွှဲပြောနေလေသလားဟု တွေးမိလာတော့ ခေါင်းညိတ်ရတာ သိပ်မလုံ ချင်။

အရိုင်း က ထိုင်ရာမှထရပ်လိုက်ပြီး သူ ပြင်ဆင်ဖြည့်စွက်ထား သည့်ဧည့်ခန်းကို ပြန်၍လှည့်ပတ်ကြည့်ရင်း ..

"အားလုံးက သူစိတ်ချမ်းသာဖို့ အဓိကပါ၊ အဲဒီအတွက် ဘာနဲ့ ဖွဲ့ဖြစ် လဲယှဉ်နိုင်တယ်"

"အင်း ... ဒီလိုကြင်ကြင်နာနာရှိကြတာကို ကြားရတော့ အန်တီ တို့က ဝမ်းသာပါတယ်၊ ဒါပေမယ့် စီးပွားဥစ္စာဆိုတာ လသာတုန်း ဗိုင်း ငင်ရတာမျိုးမို့လား၊ ယူသလောက်ရနေတဲ့အချိန်မှာ မကုန်ခန်းသင့်တာ တွေကုန်ရအောင် ..."

"မကုန်ပါဘူး အန်တီ၊ စောစောကထည့်ပြောဖို့မေ့သွားတာ အဲဒီ ခြံဘောဂတွေ ကျွန်တော် ရောင်းပစ်လိုက်တာမဟုတ်ဘူး"

"ဟင် ..."

"မိတ်ဆွေတစ်ယောက်ဆီမှာ မပြည့်စုံလို့ ဖြည့်ဆည်းပေးလိုက် တာ အရောင်းအဝယ်လုပ်လိုက်တာမဟုတ်တော့ ရှုံးတာမြတ်တာ၊ ကြာခန်းတာတွေလဲ တွက်ဖို့မလိုတော့ဘူးလေ၊ အလှူကြီးတစ်ခု ပြီးတော့တော့ပေမယ့် ဒါလဲ ဒါနမြောက်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါစေ့ ... အမလေး .. သုမိတ္တာအလောင်းမင်းသားရယ်။ ရင်ဘတ်ထဲမှာ စည်ကြီးတီးလိုက်သလို ဗုန်းဗုန်းမြည်သွားပေမယ့် ခေါင်း တဆတ်ဆတ်ညိတ်၍ ...

"အေး .. အေး .. မြောက်ပါတယ်၊ ကောင်းပါတယ်"

ဘာပဲလက်ညှိုးထိုးမေးလိုက် မေးလိုက် ဆက် အတွက်၊ ဆက် ဆို တာကို မျက်လုံးကလည်းမလွှဲ၊ ပါးစပ်ကလည်း မချ၊ နောက်ထပ် ဘာမေး မေး ဆက် အတွက်တွေ အများကြီးထွက်လာနိုင်သေးသည်မို့ မမေးရဲ ဘဲ တော့ပါ။ ရှိပါစေတော့ ...။





## အခန်း (၇၅)

"ဟာကွာ ... ဆွဲသီးကလဲ ပါသေးတယ်၊ မလုပ်ပါနဲ့ ယောကျ်ား လေးနဲ့ ဘာမှမဆိုင်တာကို .."

"မရဘူး၊ ဆွဲထားဆိုဆွဲထား၊ ဘာလဲ၊ နင် ဒီထက်တန်ဖိုးကြီးတာ တွေ အများကြီးဝယ်နိုင်တယ်ဆိုပြီးတော့လား .."

ဆွဲကြိုးကို လည်ပင်းလိုက်ချိတ်ဖို့တမြှောက်မြှောက် တပြင်ပြင်နှင့် အရိုင်း က ထပြေးတော့ ဆက် ကလိုက်၏။ ခုတင်ခြေရင်းရောက်မှ အရိုင်း က ဆွဲကြိုးကိုင်ထားသည့် ဆက် ရဲ့လက်ကောက်ဝတ်လေး တစ်ဖက်ကို လှမ်းဆုပ်ထားလိုက်ကာ ...

"မဟုတ်တာတွေ လျှောက်လျှောက်မတွေးနဲ့၊ လင်မယားချင်း အဲဒီလိုကြွားတော့ ငါက ဘာရမှာလဲ"

"ပြောလို့ရမလား၊ နင်က ဟိုက်ဘော့စ်တစ်ယောက် .."

"အဲဒီလိုအထင်ကြီးတာ ကျေးဇူးတင်ပါတယ်၊ အဖွားနှ ..."



www.burmeseclassic.com

www.burmeseclassic.com



အရိုင်း ကရယ်ရင်း ဆက် လက်ကလေးနှစ်ဖက်ကို သာသာလေး ဆွဲယူလိုက်ပြီး နဖူးချင်းတိုက်၏။

"ကလေးကျနေတာပဲကွာ၊ ဂျစ်တိဂျစ်ကန်နဲ့ .."

"အရိုင်း .. နင် စပ်ဖြဲဖြဲနဲ့ လျှောမချနဲ့၊ ဒီဆွဲကြိုးကို နင် နှစ်ပေါင်း များစွာ သိမ်းထားတာမဟုတ်လား"

"ဟုတ်တယ်လေ၊ သိမ်းလာတာက ဆွဲကြိုးရဲ့သခင်မကို အလွမ်း ပြေအောင်လို့၊ လည်ပင်းမှာဆွဲထားဖို့က ..."

"ဘာဖြစ်လဲ၊ ငါ အရှမ်းမြင်ချင်လို့ပါဆို၊ စောစောက အစောကို ပြောနေတာတွေကျတော့ ငါ့မျက်လုံးတွေ ရီဝေဝေးမောသွားလောက် အောင် ခံစားချက်ဖြစ်သွားမှာကိုတောင် မလိုချင်ဘူးဆို .."

"တကယ့်ကျိုင်ပဲ ဆက် ရာ .."

အရိုင်း မျက်နှာရှုံ့မဲ့မဲ့နှင့် လက်ကိုချုပ်ကိုင်ထားသည့် သူ့လက် နှစ်ဖက်စလုံးကို တွဲလွဲချပစ်လိုက်သည်။

"ကဲ .. ရပြီ၊ စွပ်ချလိုက်တော့ .."

"မစွပ်ဘူး၊ မစွပ်ဘူး၊ မဆွဲနဲ့တော့၊ လူကိုရွဲ့ပြီးတော့များ .."

ဆက် က ဆွဲကြိုးကို စုလုံးကိုင်ပစ်လိုက်ပြီး ဆတ်ခနဲ လှည့် သွား၏။

"ရွှေလက်ဆက် .."

"မကိုင်နဲ့ .."

"စိတ်မကောက်ပါနဲ့ကွာ .."

"မကိုင်နဲ့ဆိုနော် .."

"ကိုင်မှာပဲ .."

"အား ..."





အရိုင်း က ဆက် ဒီဘက်လှည့်လာအောင် ပခုံးလေးနှစ်ဖက်က နေ ဆွဲယူကာ တင်းကျပ်စွာဖက်ထားလိုက်၏။ ပြီးတော့ ဆွဲကြိုးဆုပ် ထားသည့်လက်ကို ပြန်ဆွဲကိုင်၍ ...

"ဆွဲသီးလေးတော့ ဖြုတ်လိုက်နော်၊ လင်မယားဖြစ်နေပြီဆိုတော့ သေမှပဲခွဲကြမှာလေ၊ မင်းကို ဒီကြိုးနဲ့ဆင်တူတာ ထပ်လုပ်ပေးမယ်၊ အဲဒီတော့ ဆွဲကြိုးကို ကိုယ်ဆွဲမယ်၊ မင်းက ဆွဲသီးလေးနဲ့ပေါ့၊ တစ် ယောက်တစ်ခြမ်းယူထားသလိုလဲဖြစ်တယ်၊ နော် .. အဲလိုဆိုရတာယ်မို့ လား"

"သွားစမ်းပါ၊ အဲဒီမျက်နှာကြီး ..."

ဆက် က သူလုယူလိုက်သည့်ဆွဲကြိုးကို လွှတ်ပေးလိုက်ပြီး တိုးကပ်လာသည့်မျက်နှာကိုပါ တွန်းပစ်၏။

"ကြည့်လို့ကိုမရဘူး၊ ဟွန်း ... လူကို မာနကြီးတစ်တင်းလောက် နဲ့ အမြဲတမ်းဆက်ဆံခဲ့တာ .."

"မာနတစ်ခွဲသားနဲ့ဆိုရင်ပဲ များလှပါပြီကွာ၊ တစ်တင်းတဲ့ .."

"အရိုင်း နော် ..၊ ငါ ဒေါသထွက်နေတာ .."

"ဟုတ်လား ..၊ ရယ်ချင်နေတာလားလို့ ပြစမ်း .. မျက်နှာ .."

"ကြည့်ပါလား .."

ရှန်းနေလေ .. တင်းတင်းကျပ်ကျပ်ဖက်ထားလေမို့ မဟားတရား ကပ်နမ်းနေတာကိုလည်း ရှောင်နေရင်းနှင့်မလွှတ်နိုင်၊ အရိုင်း ကလည်း စိတ်မရှည်တော့သလို ဟွန့်ခနဲ မဲ့လိုက်ကာ ဆက် ရဲ့မေးဖျားလေးကို လက်ဖဝါးလေးတစ်ဖက်နှင့် ဖိညှပ်ကိုင်ပြီး မော့ယူလိုက်၏။

"တော်တော်ရယ်ချင်နေတာကိုး၊ နှုတ်ခမ်းလေးတွေက ပြုံးရိနေ တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဟုတ်ကယ် .."

"ဟာ .. ဟိတ် .."

ဆက် က စကားသံဆုံးသည်နှင့် ငိုချပစ်လိုက်တော့ အရိုင်း မျက်နှာက အပြုံးတွေ ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်၏။ မျက်ရည် သုတ်ပေးသည့်လက်နှစ်ဖက် ဆက် ရဲ့ပါးလေးတွေပေါ်မှာ ရှုပ်ယှက် ခတ်သွားလျက် ...

"ရွှေလက်ဆက် .. မငိုကြေးလေကွာ၊ ဒုက္ခပါပဲ .. ကောက်ထမ်း ပြီးပြေးရရင် မြင်မကောင်းဖြစ်ကုန်တော့မယ်"

"ဖယ်ပေး .. ဖယ် ..."

"ကျန်ခဲ့တာတွေကို ဘာဖြစ်လို့တူးဆွနေတာလဲကွ၊ ဒီလိုဒီပုံတွေ ဘာ့ကြောင့်ဖြစ်ခဲ့ရပါတယ်ဆိုတာ အားလုံးပြောပြပြီးသားကို၊ ပြီးတော့ မင်းကို ကိုယ်သိသိကြီးနဲ့ မှားကုန်တဲ့အထိ ပါးစပ်ပိတ်နေခဲ့မိလေခြင်း ဆိုတဲ့နောင်တနဲ့ ရင်ဘတ်ထဲမှာ ခုထိ တမြေ့မြေ့လောင်နေတုန်း .. သိရဲ့လား"

"မသိဘူး .."

"သိသင့်ပါပြီကွာ၊ တော်ပါတော့၊ မင်း ကိုယ့်ကိုရှာဖွေနေတာမှန်းလဲ တကယ်ကိုမသိခဲ့တာပါ။ အဲဒါကိုယုံပါ၊ ကိုယ်ပဲ တစ်ဖက်သတ်စွဲလမ်း ခံစားနေရပြီးတော့ မင်းက သူ့ကိုအချစ်ဆုံး ဘာညာနဲ့ ... ကျွတ် .."

မျက်လုံးတွေမှိတ်၍ ရှုံ့မဲ့သွားရင်း ခေါင်းခါပစ်သည်။

"မပြောချင်တော့ဘူးကွာ၊ ကိုယ် ဒီလောက်တုန်နေအောင်ချစ်နေ တာ မင်းနည်းနည်းမှမခံစားမိသေးဘူးလားဟင် ..."

"ဘာဆိုင်လဲ၊ ငါလဲ ငါ့ခံစားချက်နဲ့ရှိနေတာ၊ ဒီပစ္စည်းတွေကိုပြ မယ်ဆိုလို့ ငါ့ဘဝ မှောင်ကျခဲ့တာ နင်သိရဲ့လား၊ အဲဒီဆွဲကြိုးကို နင်





လည်ပင်းမှာ ငါကြည့်ချင်တာ သဘာဝမကျတာဘာရှိလဲ"

"မဟုတ်ဘူးလေ ရွှေလက်ဆက် .."

"ဟုတ်တယ်၊ အဲဒါလဲဟုတ်တာပဲ၊ အဲဒီလိုပဲ အပြည့်အစုံခေါ်၊ နင်နဲ့ငါပဲပြော .."

အရိုင်း မျက်နှာက .. ပြန်၍ကြည်လင်လာ၏။ ဆက် ရဲ့အကျင့်က ကိုယ့်မျက်ရည်ကိုယ်သုတ်ပြီးဆို ငြိမ်းချမ်းသွားတဲ့သဘောပေါ့ .."

"နင် ငါနဲ့ ပြောနေကြတာပဲ၊ ဒါပေမယ့် လူကြားသူကြားမှာကျ တော့..."

"သိပြီ .."

"မဟုတ်ပါဘူး၊ ငါက .. ကဲ .. ကဲ .. ပြောကွာ၊ ဒီတိုင်းပဲပြော၊ လူတွေရှေ့မှာဖြစ်ဖြစ် ဘာရှေ့မှာဖြစ်ဖြစ် ဒီကောင့်ကိုဆံပင်ဆွဲပြီး ငယ် ထိပ်ပဲခေါက်ခေါက် ..."

ဆက် မျက်နှာလေးမှာ အပြုံးတစ်ချက်ပေါ်လက်သွား၏။ ဒီလောက်ထိ ၂၈နိုင်ယူဖို့ စိတ်ကူးတွေထဲမှာမရှိခဲ့ပါ။ ဒါပေမယ့် အဲဒီလိုလိုက်လျော ပေးလိုက်တာကို လိုချင်သေးလို့ ...။

"ရွှေလက်ဆက် ..."

"ဟင် ..."

"ငါ့ကိုချစ်လား ..."

"အဲဒါ ငါက မေးရမှာ၊ ငါမေးနေခဲ့တာ၊ စိတ်ကူးထဲမှာ အကြိမ် ပေါင်းများစွာပဲ၊ ငါ .. ငါ အားငယ်သလိုကြီးခံစားနေရတာ ခုထိ ..."

"မလိုပါဘူး၊ ကိုယ်တို့ဖောက်ပြန်ခဲ့ကြဒွတာမှမဟုတ်တာ၊ မင်း။ အနိုင်ကျင့်စော်ကားခံရတာ။ ဒါပေမယ့် မင်းရဲ့စိတ်အာရုံ ချစ်ခြင်းမေတ္တာ တွေက ကိုယ့်ဆီမှာပဲ၊ တန်ဖိုးအကြီးဆုံးကို ဂျထားခဲ့တဲ့ကောင်က အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တမ်းကို မြောက်ကြွနေခဲ့တာ မင်းမသိလို့ ...”

“တကယ်ဟုတ်လို့လား ..”

“မယုံရင်ပြမယ်”

“ဟင် .. ဘာ .. အရိုင်းနော် .. သွား ..”

“ဘာဖြစ်လို့ အတင်းရှောင်နေတာလဲ၊ နှုတ်ခမ်းချင်းကပ်ပြီး တိုးတိုးပြောမလို့ ...”

“မပြောနဲ့ ..”

“ပြောချင်နေတာ ဘယ်လိုလုပ်ရမလဲ”

နှစ်ဦးသား၏ရယ်သံတွေ တိတ်ဆိတ်သွားခဲ့၏။ ချစ်ခြင်းရနံ့တွေ ထုံသင်းကြိုင်လှိုင်နေသည့် ရောင်စုံဥယျာဉ်ကြီးထဲမှာ အရိုင်းနဲ့ဆက်ရယ်. ပြီးတော့ .. အနမ်းများနှင့်အတူ ...။





အခန်း (၇၆)

“ဟင် ...”

မျက်လုံးမဖွင့်ပေမယ့် ကိုယ် သိမ်းကျုံးပွေ့ဖက်ထားတာပဲ ဖက်လုံးဖြစ်နေမှန်းသိတော့ လက်ကိုဆန့်လိုက်ပြီး ဘေးမှာလျှောက်စမ်းကြည့်မိသည်။

“ရွှေလက်ဆက် ...”

ဆက် အိပ်ရာထဲမှာ မရှိမှန်းသိလိုက်သဖြင့် အပြာရောင်ညအိပ်မီးလုံးလေးဘေးကနာရီကို မော့ကြည့်မိသည်။ ညဉ့်နှစ်နာရီမထိုးသေးပေ။ ရေအိမ်တံခါးပွင့်နေတာကိုလည်း လှမ်းမြင်နေရသဖြင့် သူ အိပ်ရာမှထထိုင်လိုက်မိသည်။ ဝိုစဉ် ...

“ကျွီ ...”

တာရှည်စွာလူမနေခဲ့သဖြင့် တံခါးကြီးတချို့က အဖွင့်အပိတ်တိုင်း မြည်သံပေးတတ်၏။ တံခါးပွင့်သွားတာကို မော့ကြည့်လိုက်တော့ ညဝတ်

www.burmeseclassic.com



အကျီပွပွ၊ ဆံနွယ်ရှည်တွေ ဖြန့်ချထားလျက် ဆက် က သူ့ရှေ့မှာ တင်ပါးလွှဲလေးထိုင်ချလိုက်၏။

"အရိုင်း ..."

"ဟင် .. ဘယ်ထွက်နေတာလဲ၊ အိပ်မပျော်ဘူးလား။ တစ်ခါမှ မအိပ်ရသေးဘူးလားဟင် .."

"အိပ်တာယ်၊ တစ်ရေးနိုးလို့ထသွားကြည့်တာ ..."

"ဘာသွားကြည့်တာလဲ"

"အရိုင်း ... ဝရန်တာဘေးက ရေကန်ဟောင်းမှာ ကြာနှစ်ပွင့်ပွင့်နေလို့ ငါတို့ ညနေက ကြည့်နေကြသေးတယ်နော်"

"အင်းလေ ... ကန်ကဟောင်းပေမယ့် ရေမပြတ်တော့ ကြာနွယ်လက်ကျန်တွေထဲကပွင့်နေတာ၊ ဒါပေမယ့် အပွင့်တွေက ညှက်ညှက်လေးတွေပါ"

ဆက် က သူပြောသည့်စကားကို စိတ်ဝင်တစားနားထောင်ရင်း ခေါင်းညိတ်လိုက်၊ ဝင်ပြောမလို့ပါးစပ်ပြင်လိုက်နှင့် ပါးပြင်တစ်ဖက်က ဆံနွယ်တွေကို လက်နဲ့ ခဏခဏသိမ်းသပ်ပစ်နေရင်း ...

"အဲဒီတုန်းက ... အဲဒီတုန်းက နင်ဘာတွေ့သေးလဲ"

"ဟင် ..."

ဘာမေးမှန်းမသိတော့ အရိုင်း က စားပွဲတင်မီးအုပ်ကို လှမ်းဖွင့်လိုက်၏။ အခန်းထဲမှာ မီးရောင်ဖွေးသွားလျှင် ဆက် ရဲ့နဖူးပြေပြေလေးထက်မှာ ချွေးစလေးတွေနှင့် ပြောင်နေတာကိုမြင်လိုက်ရ၏။

"ဘာကိုမေးတာလဲ၊ ကန်ထဲမှာ ဘာမြင်ခဲ့လို့လဲ၊ မြန်မြန်ပြောစမ်းပါ"

ဆက် ကို အားမလိုအားမရဖြစ်ကာ သူ ထွက်ကြည့်မလို့ပြင်တော့မှ သူမ က လက်မောင်းကို ပြန်ဆွဲထားလိုက်ပြီး ...





"ကြာနှစ်ပွင့်နားမှာ အဖူးတွေဘာတွေလေ ..၊ မရှိဘူးမို့လားဟင်၊ ငါတို့ သေချာရပ်ကြည့်ခဲ့တာမို့လား၊ ဒါ အမြင်မှားစရာမှမလိုတာ .."

"အခု .. အဖူးရှိနေလို့လား"

"ဟုတ်တယ်၊ အဖူးမဟုတ်ဘူး၊ ပွင့်တော့မှာ ..၊ ပွင့်ကိုပွင့်တော့မှာ၊ ကြာ .. ကြာသုံးပွင့် .."

"ဟုတ်လား ..."

ဟု သံယောင်လိုက်ပြောရင်း တကယ်အံ့သြသွားသဖြင့် ကိုယ်တိုင်သွားကြည့်ဖို့ စိတ်ကူးမိလိုက်သေးသည်။ ဒါပေမယ့် ဆက် မျက်နှာလေးက တစ်ခုခုကို ချောက်ချားနေသလိုဖြစ်နေသောကြောင့် သူ လှုပ်လှုပ်ရှားရှားဖြစ်ပြဖို့မသင့်တာကို သတိရကာ ...

"အဖူးအင့်တွေထပ်တွေ့ရင်လဲ အစက ငါတို့မတွေ့ခဲ့ကြတာဖြစ်မှာပေါ့ကွာ၊ ကန်ထဲမှာ ကြာပွင့်တာ ဘာဆန်းလို့လဲ"

ဆန်းတယ် ..။ ဆန်းနေတာကို ကိုယ်သာသိသည်။ အိပ်မက်မှန်းသိပေမယ့် ခုထိ ရင်ထဲမှာတုန်နေဆဲပါ။ အရိုင်း ရဲ့ရင်ခွင်ထဲမှာ အိပ်ပျော်နေတုန်း မျက်လုံးဖွင့်ကြည့်လိုက်တော့ ကိုယ့်ကိုဖက်ထားတဲ့သူက သိုက် ဖြစ်နေသည်။

"ဟင် .. သိုက် .. နင် .. နင် ထွက်သွား၊ ဘာလာလုပ်တာလဲ .. သွား ..."

အဲဒီအချိန်မှာ မှန်နေတာတွေပဲစိတ်ထဲမှာဖြစ်လျက် သူသေသွားခဲ့တဲ့အဖြစ်ကိုလည်း သတိမရ။ သူ့ရင်ခွင်ထဲကနေ လူးလဲရုန်းထွင်းခုတင်ပေါ်ကနေ ပြုတ်ကျသွားအောင် အတင်းတွန်းချပစ်လိုက်သည်။ သိုက် က ဘုန်းခနဲ အုန်းခနဲ ပြုတ်ကျမသွားဘဲ သူ့ဘာသာဆင်းလိုက်သလို ခုတင်ပေါ်ကနေ အောက်ကိုရောက်သွားလျက် တံခါးဘက်ကို

www.burmeseclassic.com



မျက်နှာမူလိုက်ပြီးမှ သူမဘက်ကို ပြန်လှည့်ကြည့်၍ ...”

“ထွက်သွားဖို့မဟုတ်ဘူး၊ ငါပြန်လာတာ ...” တဲ့။

ပြောသွားတာ တကယ့်ဝိဝိသသ ..။ လှည့်ထွက်သွားတာလည်း အဖြင်ထွက်သည့်တံခါးနှစ်ပေါက်ကိုမဟုတ်ဘဲ ဝရန်တာတံခါးကြီးဘက်ကိုဖြစ်၏။

“ဘယ်ကိုလဲ၊ နင် မနေရဘူး”

ဆက် နောက်ကပြေးလိုက်သွားခဲ့ပြီး နှင်လွှတ်ဖို့ဖြစ်သည်။ ဒါပေမယ့် သူမရှေ့မှာတင် ကျောခိုင်းသွားခဲ့သော ကုတ်အင်္ကျီရှည်အနက်၊ ဘောင်းဘီအနက်နှင့် လည်ပင်းမှာ တစ်စွန်းတစ်စမြင်ရသော ရှပ်အင်္ကျီအဖြူ၏ကော်လံ၊ အားလုံးသောမြင်ကွင်းတို့က ပြောင်းလဲသွား၏။

သူမ ဝရန်တာကိုရောက်တော့ သိုက် မဟုတ်တော့ဘဲ ကြာကန်လေးထဲမှာ တစ်နှစ်သားအရွယ်လောက် ကလေးငယ်လေး ငုတ်တုတ်ထိုင်နေ၏။ ဆက် မျက်လုံးအစုံပြူးကျယ်ကာ ကလေးကို ကန်ထဲမှာ နစ်သွားမှာစိုးတာလား၊ ကြောက်လန့်သည့်စိတ်ထား ဘာမှမခွဲခြားနိုင်မီ ခုံ့အသွားခဲ့၏။

ထိုစဉ် ကလေးက ကန်ရေထဲကို စွပ်ခနဲ မြုပ်ဆင်းသွားသည်။

“အမလေး ...”

ဆက် လှမ်းဆွဲမိတော့မလိုဖြစ်ကာ ကန်နားအထိ ပြေးသွားတော့ ရေပြင်က မကတိငြိမ်သက်လျက်ရှိကာ ကလေးထိုင်ခဲ့သောနေရာမှာ ကြာငုံလေးတစ်ငုံ ..။

ဒီကန်က တမင်တကာ ဖန်တီးထားခဲ့သည့် ရေကန် ဖြစ်သည်။ ငါးပေရှစ်ပေသာကျယ်ပြီး အနက်လေးပေတိတိရှိသည်တဲ့။ ညနေကမှ ဒီနားမှာရပ်ကြည့်ရင်း အရိုင်းက ရှင်းပြခဲ့သေးသည်။





“ဒီကန်ကို မငယ်အတွက် ကိုကြီးလုပ်ပေးထားတာ၊ နောက်ပိုင်း မှာ လူမနေတော့ပေမယ့် ခြံစောင့်ရှိတော့ ရေတော့မပြတ်ဘူးပေါ့၊ ဒါပေမယ့် ကြာမပွင့်တာကြာပါပြီ၊ ပွင့်နေတုန်းကတောင် သိပ်လှလှကားကားကြီးတွေမဖြစ်ဘူး၊ ဒါက အစစ်မှမဟုတ်တာကို ...”

“ဟုတ်တယ်နော်၊ ကြာပန်းလေးတွေက ဘဲဥလောက်လေးတွေ ဒါပေမယ့် ချစ်စရာလေးတွေပါ”

ဒီကြာပန်းလေးတွေကို လှမ်းတောင်ကိုင်နေမိသေးသည်။ အိပ်မက်ကနီးတော့ ဆက် အိပ်ရာထဲမှာပဲ ငုတ်တုတ်ထိုင်လျက်ဖြစ်နေ၏။ ရင်တွေတဒိန်းဒိန်းခုန်ကာ ပြာလဲ့လဲ့ညအိပ်မီးရောင်က ပို၍ ချောက်ချားစရာဖြစ်နေသလိုပင်။

ပြီးတော့ ကုပ်ပိုးစပ်မှာ အဖြူရောင်ကော်လံစပေါ်လျက် ကုတ်အင်္ကျီအနက်ရောင်ရှည်ကြီးနှင့် သိုက် ထွက်သွားသည့်ကျောပြင်ကြီး က မျက်လုံးထဲမှာစွဲနေ၏။

နောက်ဆုံး သိချင်စိတ်တွေပိုများလာကာ ဆက် တစ်ယောက်တည်း ဝရန်တာ ထွက်သွားခဲ့မိသည်။ ကန်ထဲကိုကြည့်လိုက်မိသည်နှင့် ‘ဟယ်’ ခနဲဖြစ်ကာ လန့်ဖျပ်အော်မိမတတ်ပင်။

အိပ်မက်အကြောင်းကိုပြောပြပြီး ဆက် မျက်ရည်တွေလည်နေတော့ အရိုင်း က ပန်းလေးကိုဖက်၍ ရင်ခွင်ထဲသွင်းထားလိုက်ကာ ...

“ကိုယ်နဲ့ ဒီလောက်ထိပတ်သက်ခဲ့ဖူးတဲ့သူပဲ ဆက် ရယ်၊ အိပ်မက်ထဲမှာပါလာတာ မဆန်းပါဘူး၊ သေပြီးတဲ့သူဆိုတော့ ညဘက်မှာ လန့်သွားတာပေါ့၊ ခဏနေဦး၊ ငါ ရေသွားယူလိုက်မယ်၊ ရင်တုန်ပြေအောင် သောက်လိုက် ..”

“ဟင့်အင်း ... အဲဒီလိုမဟုတ်ဘူး၊ နင်မယုံရင်သွားကြည့်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ကြာင့်လေးတကယ်ရှိတာ"

"ယုံပါတယ်၊ အဲဒါဖြစ်နိုင်တာပဲဟာ၊ မင်းက ဘယ်လိုထင်လို့လဲ"

"သူ .. သူ ငါ့ဗိုက်ထဲမှာ ဝင်စားမလားမသိဘူး"

"ဟော.. လုပ်ပြီ"

"တကယ် အဲဒီလိုပဲခံစားရတယ်၊ အရိုင်း .. ငါ .. ငါတို့ ကလေး မယူသေးဘူးနော်"

"မဟုတ်တာ ရှေ့လက်ဆက်ရယ်၊ ဒီမှာ ကလေးလိုချင်လွန်းလို့ ရူးနေတာ သိလား ..၊ လက်ထပ်ထားတာ သိပ်မကြာသေးလို့ မပြောတဲ့နေတာ .."

"ဟင့်အင်း .. မဖြစ်ဘူး။ သူ .. သူ ငါ့ဆီပြန်လာမယ်ဆိုတာ အဲဒါပဲ၊ ငါ သူ့ကို .."

"ဆက်ပြောလေ .."

"ငါ အရမ်းမုန်းတီးနာကြည်းတာ သိရက်နဲ့ အရိုင်း ရယ် .."

"သိုက် ကိုမုန်းခဲ့တာပဲ၊ ကိုယ်တို့ကလေးက သိုက်နဲ့တစ်ပုံစံတည်း ထွက်လာရင်တောင် ကိုယ့်ရင်သွေးဖြစ်လာရင် ချစ်ရမှာပဲ"

"ဟင် ..."

အရိုင်း ဖက်ထားတာကို တွန်းဖယ်၍ ဆက် က မယုံနိုင်သလို ငေးမော့ကြည့်သည်။ အရိုင်း က တောင့်တောင့်လေးဖြစ်နေသည့် ကိုယ်လေးကို အတင်းပြန်ဆွဲဖက်၍ ...

"တကယ်တမ်းကျတော့ အပြိုင်အဆိုင်တွေရှိခဲ့ပေမယ့် သိုက် က လူတော်တစ်ယောက်ပါ၊ သူ ဆုံးခါနီးတော့ မင်းကိုလဲသိပ်ချစ် .."

"အရိုင်း ..."

ဆက် က သူ့လက်တွေကို အတင်းဖြုတ်ချပစ်လိုက်ပြီးအော်သည်။





အရိုင်း က နားလည်သည့်သက်ပြင်းတစ်ရှိုက်နှင့်အတူ အိပ်ရာထဲမှာပဲ လှဲချပစ်လိုက်၏။ ပြီးတော့ ခေါင်းအောက်မှာ လက်ဖဝါးနှစ် ဖက်သွင်းလိုက်ပြီး ပက်လက်ကနေ ဆက် မျက်နှာလေးကိုငေးသည်။

"ငါပြောချင်တာက ကိုယ့်ရင်သွေးဆိုတာပဲ တို့ခေါင်းထဲမှာထည့်ဖို့ပါ။ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် တစ်ဘဝက ဆုံးသွားရင် နောက်ဘဝကိုကူးကြတာပဲ၊ ဒီမှာ ဝိညာဉ်ချုပ်ဘဝနဲ့ ပဋိသန္ဓေတစ်ခုမှာတွယ်တယ်၊ တရားသဘောတွေလဲ သိနေသားနဲ့ကွာ၊ ဒီဘဝက ဒီလူကို နောက်ဘဝအထိ အစွဲအလမ်းကြီးပြီး မုန်းနေမှာလား"

"မုန်းတယ်"

"ဟုတ်ပါပြီ၊ မုန်းပါ။ မနက်ကျမှ ရန်ဆက်ဖြစ်ရအောင်၊ အခု အိပ်လိုက်တော့နော်"

"ဟင့်အင်း ..."

"လာပါကွာ ..."

"အရိုင်း နော် .."

အရိုင်း က ပက်လက်လှဲနေရာကနေ ဆက် ကို အတင်းဆွဲဖိချသည်။ ဆက် က ပြန်ရုန်းရင်း အိပ်ရာထဲမှာ နားလည်မှုတွေ မညီမညွတ်ဖြစ်နေခဲ့ကြ၏။

"နင်နော် ... ငါ့ခံစားချက်ကို အလေးအနက်မထားဘဲနဲ့ ဘာရယ်တာလဲ၊ မုန်းတယ် .. သွား ..."

"အလေးအနက်ထားပြီး လင်မယားနှစ်ယောက် ထိုင်မုန်းနေကြတော့လဲ သူက သေသွားပြီ"

"သေသင့်တယ်လေ၊ တစ်သက်လုံး မကောင်းတာလုပ်နေခဲ့တာ၊ သူ့ရှင်နေလဲ ဒီ့ထက်ပိုပြီး ဒုက္ခများမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ တကယ်သေသင့်တဲ့ကောင်၊ အဲဒါမှန်တယ်၊ မိန်းမ အိပ်တော့နော်၊ မောင်ဖက်ထားမယ်"

"ဘာမောင်လဲ၊ လူကို မင်းတွေငါတွေနဲ့ .. ဟွန်း ..."

"ပြဿနာပါလား၊ လင်မယားဖြစ်သွားကြပြီဥစ္စာ၊ သူငယ်ချင်း အဆင့်ထက် နည်းနည်းတော့ပိုရမှာပေါ့၊ သူငယ်ချင်းချစ်သူမိန်းမရယ်"

"သွား ..."

သူ့အတင်းပွေ့ဖက်ပြီးနမ်းနေတော့ အိပ်မက်နဲ့ကြောက်စိတ်တွေ နည်းနည်းပါးပါး ပြေသွားသလိုဖြစ်နေခဲ့ပြီး ...

"တီ .. တီ ..."

ဖုန်းသံက ထူးဆန်းစွာပေါ်လာသည်။ နှစ်ယောက်သား ဆတ်ခနဲ ငြိမ်ကျသွားကြပြီး အရိုင်း က လှမ်းကိုင်သည်။

"ဟလို ..."

"အသွင်ရိုင်းလား .. အန်ကယ်ပါ"

"ဩော် .. အန်ကယ်လ်၊ ဟုတ်ကဲ့ .. ပြောပါ"

အန်ကယ်လ် လို့ပြောပြီး ငုံ့ကြည့်လိုက်တော့ နားစွင့်နေသည့် ဆက် က လှုးလဲထ၏။

"ခင်ဗျာ .. ဒီဘက်မှာလား၊ ကျွန်တော်တို့က အိပ်နေတာ အန်ကယ်လ် .."

"ပေး ..."

တစ်ခုခုထူးခြားနေပြီမှန်း သိလိုက်သဖြင့် ဆက် က သူ့ရင်ခွင်ထဲ ကနေ ဖုန်းကိုလုယူ၍ နားထောင်လိုက်၏။

"မင်းတို့ မအိပ်သေးဘဲ ခြံထဲဆင်းလာကြတယ်မှတ်လို့ ကြည့် နေတာ ..."





"ဖေဖေ .. ဘာလဲဟင်၊ ဘာတွေ့လို့လဲ"

ဆက် ရင်ခုန်သံတွေ တစ်ကနေ ပြန်စပါပြီ။

"ဩော် .. သမီးလဲ မအိပ်သေးဘူးလား"

"မဟုတ်ဘူး ဖေဖေ၊ တစ်ရေးနိုးနေကြတာ၊ ဘာဖြစ်လို့လဲ၊ ခြံထဲ မှာ လူတွေ့လို့လား"

"ဟုတ်တယ်၊ အရိုင်း မဟုတ်ဘူးဆိုတော့ ဖေဖေ မျက်စိမှားတာ ဖြစ်မှာပါ"

"ဟင် .. ခြံထဲမှာ ..."

"အရိုင်း လို့ထင်လိုက်တာ၊ ကုတ်အင်္ကျီလိုမျိုးအရှည်နဲ့ ခြံထဲက နေ ဒေါ်တီကိုအောက်ဝင်သွားတော့ ..."

ဘုရား .. ဘုရား ...။ ဆက် မျက်လုံးလေးပြူးနေတော့ အရိုင်း က ဖုန်းကိုပြန်လုဖို့ကြိုးစား၏။ ဆက် က အတင်းဖိဆုပ်ထားကာ ...

"ပြီး .. ပြီးတော့ ... အဲဒီကနေ ဘယ်ရောက်သွားလဲ ဖေဖေ .."

"အရိုင်း လို့ထင်တော့ အိမ်ထဲဝင်သွားပြီမှတ်တာပေါ့၊ မိုးသက်လေ တွေလဲတိုက်နေတော့ အရိပ်တွေဘာတွေဖြစ်မှာပါ၊ စိုးရိမ်မနေနဲ့ သမီး၊ အိပ်ကြတော့၊ သမီးမေမေနဲ့ဖေဖေ ဂရန်တာမှာ စကားပြောနေကြတာ၊ ဒီကနေလှမ်းမြင်တယ်၊ သူခိုးဘာညာပူပြီး အရိုင်း ကို ဆင်းကြည့်ခိုင်း မနေနဲ့ ကြားလား ..၊ ဖေဖေတို့ရှိတယ်၊ ခြံထဲမှာ တစ်ညလုံးနေကြမှာ စိုးလို့ဆက်တာ ..."

ဟုတ်ကဲ့ ပြောဖို့တောင် သတိမရသဖြင့် ဖေဖေ အကြာကြီးအသံ တိတ်စောင့်နေပြီးမှ ဖုန်းချသွားသည်။ ဆက် ငုတ်တုတ်ကြီးနေလျှင် အရိုင်း က ဖုန်းကိုဆွဲယူပြီး နေရာမှာပြန်ထားလိုက်ကာ ...

"မနက်ဖြန် ဒီကနေ အမြန်ဆုံးပြန်လစ်ဖို့လုပ်ရတော့မယ်၊ ငါ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကို ချမ်းသာမှုမပေးတဲ့နေရာ ..”

“အရိုင်း ...”

အရိုင်း က ဆက် တစ်ကိုယ်လုံးကို ခြေရောလက်ရော ဆွဲချုပ် ဖက်ထားလိုက်ကာ ကိုယ်ပေါ်မှာ စောင်အတင်းဆွဲခြုံပစ်၍ ...

“အိပ်တော့၊ မင်းအတွက် ဒီရင်ခွင်ရှိနေသရွေ့ ဆူးတစ်ချောင်း တောင် မစူးစေရဘူး”

ဆက် အားလုံးကိုမေ့သွားအောင် သူ့ အတင်းပြားယောင်းညို့ငင် သွားတာက အနမ်းတွေနဲ့ပါ။

ဒါပေမယ့် ချစ်တဲ့သူကို ကြည့်ဖြူလိုက်လျောခြင်းက သပ်သပ်။ သူ့မျက်ဝန်းထဲမှာ ကုတ်အကျီအနက်ရောင်ဖားဖားကြီးနှင့် သိုက် က စူးစိုက်ကြည့်နေ၏။

နောက်တစ်ခါ ပြန်မလာပါနဲ့ ...။

# လရောင်ကျူးရင့်



BURMESE CLASSIC

www.burmeseclassic.com